The VOICE Daily
Vol. 5 / No. 163
Established in 2004
၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့၊ (Thursday, October 19, 2017)

# ရခိုင်အရေးကိစ္စတွင် တရုတ်နှင့် အိန္ဒိယ ဘာကြောင့် မြန်မာဘက်က ရပ်တည်သလဲ

ရခိုင်ပြည်နယ်တွင် အကြီးအကျယ် ရင်းနှီးမြှုပ်နှံထားသော နိုင်ငံနှစ်နိုင်ငံသည် ဒေါ်အောင်ဆန်းစုကြည်၏ ရန်သူပတ်လည်ဝိုင်းနေသော အစိုးရအပေါ် ဖိအားပေးမေးခွန်းထုတ်နေကြသည့် အနောက်အင်အားကြီးများနှင့် အစ္စလာမ်မစ်နိုင်ငံများနှင့်ဆန့်ကျင်သော ချဉ်းကပ်ပုံဖြင့် ရပ်တည်ပေးလျက်ရှိသည်။

ယင်းနှစ်နိုင်ငံ၏ တပ်ဖွဲ့များသည် အငြင်းပွား ဟိမဝန္တာနယ်စပ်တွင် အခါအားလျော်စွာ ထိပ်တိုက်တိုးတတ်ကြသလို မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးရေးအတွက် ပြိုင်ဆိုင်နေကြသော်လည်း ဘင်္ဂါလီအရေးတွင်မူ အိန္ဒိယနှင့်တရုတ်တို့သည် ဘက်တစ်ဖက်တည်းမှ ရပ်တည်နေသည်။ စာ 5

## ကလေး ၁၄ သန်းခန့်ကို ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးမည်


ဓာတ်ပုံ – မြင့်မိုးညို
စာ 6

ဒေသန္တရဆေးခန်းတစ်ခုတွင် ကာကွယ်ဆေးထိုးနေသည့် ကလေးငယ်တစ်ဦး

## ထားဝယ်မှ ဘန်ကောက် လေးနာရီသာ မောင်းနှင်ရမည့် လမ်းဖောက်မည်

ရန်ကုန်၊ အောက်တိုဘာ ၁၈

မြန်မာနိုင်ငံ၏ တတိယမြောက် အထူးစီးပွားရေးဇုန်ဖြစ်လာမည့် ထားဝယ်အထူးစီးပွားရေးဇုန်မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့အထိ လေးနာရီသာကြာမြင့်မည့် အမြန်လမ်းမ ဖောက်လုပ်မည်ဖြစ်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဖြိုးဝင်းထွန်းက ပြောကြားသည်။

လက်ရှိအချိန်တွင် အဆိုပါ စာ 2

## မုန်တိုင်းအရှိန်ကြောင့် ရန်ကုန်နှင့် ဒေသအချို့ မိုးများမည်

စာ 2

## မြန်မာ့ပထမဦးဆုံး ဒရီးကြမ်းစီး ဆိုင်ကယ်မောင်းပြိုင်ပွဲ မန္တလေးတွင်ကျင်းပမည်

စာ 11

## ရဲမှူးကြီး ၉ ဦးကို ပြောင်းရွှေ့တာဝန်ပေးအပ်၊ ဒုရဲမှူးကြီး လေးဦး ရာထူးတိုး

စာ 2

## နေပြည်တော်နှင့် ရန်ကုန်ရှိ ACE ဟိုတယ်များတွင် လက်နက်များထပ်မိ

စာ 4

## ပုသိမ်တွင် LED မီးလုံး သန်း ၇၀ ဖြင့် မီးအလှပွဲတော် ကျင်းပမည်

ပုသိမ်၊ အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အမှတ် ၃ ရပ်ကွက်ရှိ ကန်သုံးဆင့် Royal Lake Amusement Park ပန်းဥယျာဉ်တွင် LED မီးလုံးပေါင်း သန်း ၇၀ ကို အသုံးပြု၍ မီးအလှပွဲတော်ကို လာမည့် နိုဝင်ဘာလ ၁ ရက်နေ့မှ ဇန်နဝါရီလ ၁ ရက်နေ့အထိ နှစ်လကြာ ခင်းကျင်းပြသမည်ဖြစ်ကြောင်း ယင်းပွဲတော်ကျင်းပ စာ 28



# ရဲမှူးကြီး ၉ ဦးကို ပြောင်းရွှေ့တာဝန်ပေးအပ်၊ ဒုရဲမှူးကြီးလေးဦး ရာထူးတိုး

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နေပြည်တော် ရဲမှူးကြီးအပါအဝင် ရဲမှူးကြီး ၉ ဦးကို သက်ဆိုင်ရာဌာနအလိုက် ပြောင်းရွှေ့တာဝန်များ ပေးအပ်ခဲ့ပြီး ဒုရဲမှူးကြီးလေးဦးကို ရဲမှူးကြီး ရာထူးအဆင့် ယာယီတိုးမြှင့် ခန့်အပ်လိုက်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သည်။

လက်နက်ခဲယမ်းများ ဖမ်းမိသည့် ဟိုတယ် ACE အမှုကိစ္စနှင့် ပတ်သက်၍ မီဒီယာထံ ဖြေကြားပေးနေသော နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ နေရာတွင် ရဲလေ့ကျင့်ရေးဌာနကြီး ဒုတိယ ရဲလေ့ကျင့်ရေး အရာရှိချုပ်ရဲမှူးကြီး ထက်လွင်ကို ပြောင်းရွှေ့ခန့်အပ်လိုက်ပြီး နေပြည်တော် ရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့မှူး ယာယီ ရဲမှူးကြီး ရွှေသောင်း၏ နေရာတွင် အမှတ်(၄) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးကြီး စိုးလင်းအောင်ကို ပြောင်းရွှေ့ခန့်အပ်ခဲ့သည်။

ရဲမှူးကြီး ဇော်ခင်အောင်မှာ ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးအဖြစ်လည်းကောင်း၊ ယာယီ ရဲမှူးကြီးရွှေသောင်းမှာ မှုခင်းဌာန၊ ရဲဦးစီးဌာနကြီး ညွှန်ကြားရေးမှူး အဖြစ် လည်းကောင်း ပြောင်းရွှေ့တာဝန် ပေးအပ်ခံရသည်။

“ဒီအပြောင်းအရွှေ့က အခြားကိစ္စတွေနဲ့ မဆိုင်ပါဘူး။ အစောကတည်းက ပြောင်းရွှေ့ဖို့ လုပ်ထားတာ အခုမှ အမိန့်စာ ထွက်လာတာ” ဟု နေပြည်တော်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ဇော်ခင်အောင်က ပြောသည်။

အားကစားဝန်ကြီး ဟောင်း၏ သားဖြစ်သူ ဖြိုးကိုကိုတင့်ဆန်းနှင့် အပေါင်းအပါများထံမှ လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ ဖမ်းမိသည့်ကိစ္စနှင့် ပတ်သက်၍ မီဒီယာများကို ဖြေကြားခဲ့မှုနှင့် ယခုအပြောင်းအရွှေ့မှာ သက်ဆိုင်မှုမရှိကြောင်း ရဲမှူးကြီး ဇော်ခင်အောင်က ဆိုသည်

“စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီး လူလူသန်းကို ရဲအရာရှိအတတ်သင်ကျောင်း ကျောင်းအုပ်ကြီးအဖြစ်လည်းကောင်း၊ မှုခင်းဌာန၊ ရဲဦးစီးဌာနကြီး ညွှန်ကြားရေးမှူး ရဲမှူးကြီးလေးစိုးကို စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးအဖြစ် လည်းကောင်း၊ ရဲအရာရှိ အတင်သင်ကျောင်းအုပ်ကြီး ရဲမှူးကြီး မင်းအောင်ကို ရဲလေ့ကျင့်ရေးဌာန ဒုတိယ ရဲလေ့ကျင့်ရေး အရာရှိချုပ်အဖြစ် လည်းကောင်း ပြောင်းရွှေ့ခန့်အပ်ခဲ့သည်။

အမှတ်(၁၂) လုံခြုံရေးရဲ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး သန်းဝင်းကို အမှတ်(၂) လုံခြုံရေးရဲ ကွပ်ကဲမှုအဖွဲ့ခွဲ ဒုတိယ ကွပ်ကဲရေးမှူးအဖြစ် လည်းကောင်း၊ အမှတ်(၁၀) လုံခြုံရေးရဲ ကွပ်ကဲမှုအဖွဲ့ခွဲနှင့် အမှတ်(၁) နယ်ခြားစောင့်ရဲ ကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီး ဇော်မင်းဦးကို ရဲဦးစီးဌာနကြီး ညွှန်ကြားရေးမှူး(ထောက်လှမ်း)အဖြစ် လည်းကောင်း ပြောင်းရွှေ့ခန့်အပ်ခဲ့သည်။ ရဲမှူးကြီးရာထူးအဆင့် ယာယီတိုးမြှင့်ခံရသူများမှာ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီးမှ ဌာနခွဲမှူး ဒုတိယရဲမှူးကြီး ခင်မောင်သော်၊ မန္တလေးတိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယ ရဲမှူးကြီး ဝင်းချွန်၊ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ဦးစီးအရာရှိ ဒုတိယရဲမှူးကြီး စိုးမြင့်ဦးနှင့် သတင်းရဲတပ်ဖွဲ့ အမှတ်(၃) တပ်ဖွဲ့ခွဲမှူး ဒုတိယ ရဲမှူးကြီး ဆန်းကိုတို့ဖြစ်သည်။ ယာယီရာထူးတိုးမြှင့်ခံရသည့် ရဲမှူးကြီး ခင်မောင်သော်ကို အမှတ်(၄) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး၊ ရဲမှူးကြီး ဝင်းချွန်မှာ အမှတ်(၁၂) လုံခြုံရေးကွပ်ကဲမှုအဖွဲ့ခွဲမှူး၊ ရဲမှူးကြီး စိုးမြင့်ဦးမှာ အမှတ်(၁၀)လုံခြုံရေးရဲ ကွပ်ကဲမှု အဖွဲ့ခွဲမှူးနှင့် အမှတ်(၁) နယ်ခြားစောင့်ရဲ ကွပ်ကဲမှု အဖွဲ့ခွဲမှူး၊ ရဲမှူးကြီး ဆန်းကိုမှာ မန္တလေးတိုင်းလေကြောင်းရဲတပ်ဖွဲ့ ကွပ်ကဲမှုအဖွဲ့ခွဲမှူးတို့အဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့သည်။

ယင်းအပြင် နေပြည်တော်ရဲတပ်ဖွဲ့ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယ ရဲမှူးကြီး ဝင်းသိန်းမှာ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့သို့ ဦးစီးအရာရှိ(ပထမတန်း) အဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သတင်း ရဲတပ်ဖွဲ့မှူးရဲမှူး သက်လွင်အောင်ကို ဒုတိယရဲမှူးကြီး ရာထူးအဆင့် ယာယီတိုးမြှင့်၍ အမှတ်(၃) တပ်ဖွဲ့ခွဲမှူးအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့သည်။

ယခုလဆန်းပိုင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ထိပ်ပိုင်းအဆင့် ရဲမှူးချုပ်များကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပြီး လက်ရှိ ရဲချုပ် အောင်ဝင်းဦး၏ ယခင်တာဝန်ထမ်းဆောင်ခဲ့သော ဒုရဲချုပ်နေရာတွင် အစားထိုးခန့်အပ်ထားခြင်း လတ်တလော မရှိသေးကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

■ S-03

# မုန်တိုင်းအရှိန်ကြောင့် ရန်ကုန်နှင့် ဒေသအချို့ မိုးများမည်

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်နေသည့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသည့် မုန်တိုင်းအရှိန်ကြောင့် နောက်သုံးရက်အတွင်း ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးများနိုင်ပြီး နေရာကွက်၍ မိုးသည်းထန်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောကြားသည်။

ယင်းမုန်တိုင်းအရှိန်ကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးများနိုင်ပြီး မိုးရေချိန်စုစုပေါင်း ငါးလက်မ မှ ခြောက်လက်မအတွင်းရရှိနိုင်ကြောင်း ၎င်းက ပြောဆိုသည်။

“ကမ်းရိုးတန်းဒေသတွေမှာ နေရာကွက်ပြီး မိုးသည်းထန်တာနဲ့ပင်လယ်ပြင်မိုးလေဝသ ဆိုးရွားနိုင်တာကို သတိပြုသင့်ပါတယ်” ဟု ဦးကျော်လွင်ဦးက ဆိုသည်။

ထို့ပြင် လေထုမတည်ငြိမ်မှုများနှင့် အားကောင်းသည့်မိုးတိမ်တောင်ကြီးများ ဆက်လက်ဖြစ်ပေါ်နိုင်သည့်အတွက် အောက်တိုဘာလကုန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်ဖွယ်ရှိနေကြောင်း ၎င်းက ခန့်မှန်းပြောဆိုသည်။

ဘင်္ဂလားပင်လယ်အော်မုန်တိုင်း သတိပေးချက်များစောင့်ကြည့်ထုတ်ပြန်ပေးသည့် အိန္ဒိယနိုင်ငံ၊ မိုးလေဝသဌာနက မုန်တိုင်းဖြစ်နိုင်မှု အခြေအနေနှင့် ခန့်မှန်းချက်များ၊ အကြံပြုချက်များအရ အဆိုပါ မုန်တိုင်းသည် အိန္ဒိယကမ်းခြေမြောက်ပိုင်းကို ဦးတည်ရွေ့လျားမည့်အခြေအနေရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ယင်းအရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ရာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လှိုင်းအမြင့် ခြောက်ပေမှ ၁၀ ပေ ခန့် ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးထားသည်။

အဆိုပါမုန်တိုင်းသည် အိန္ဒိယနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည်ဖြစ်သော်လည်း မြန်မာနိုင်ငံသည် မုန်တိုင်းညာဘက်ခြမ်းတွင်ရှိနေပြီး မုန်တိုင်းတိမ်စွယ်တန်းအရှိန်ကြောင့် မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသများ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးအားများနိုင်ကြောင်း ရာသီဥတု၊ မိုးလေဝသနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ လေ့လာတင်ပြနေသည့် MMweather Page တွင် ဖော်ပြထားသည်။

■ E-03

## မျက်နှာဖုံး - ထားဝယ်မှ ဘန်ကောက် လေးနာရီသာ မောင်းနှင်ရမည့် မှ အဆက်

အမြန်လမ်းတည်ဆောက်ရန်အတွက် ထိုင်းနိုင်ငံမှ ပညာရှင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများက လေ့လာဆန်းစစ်မှုများ လုပ်ဆောင်လျက်ရှိပြီး ယင်းလမ်းတည်ဆောက်မှုသည် ၂ နှစ်ခွဲခန့်ကြာမြင့်နိုင်ကြောင်း ၎င်းက ဆိုသည်။

“စီးပွားရေးဇုန်အတွက်က လမ်းပန်းဆက်သွယ်ရေးတွေ၊ လျှပ်စစ်မီးလို အခြေခံအဆောက်အဦတွေလိုတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းကနေ ဒီလမ်းပြီးသွားရင် ထိုင်းနယ်စပ်ကို နှစ်နာရီပဲ ကြာ မယ်။ ဘန်ကောက်အထိကို လေးနာရီနဲ့ ရောက်နိုင်မယ်” ဟု ၎င်းက ရှင်းပြသည်။

ယင်းလမ်းတည်ဆောက်မှုအတွက် ထိုင်းနိုင်ငံမှ ချေးငွေ ဘတ်သန်း ၄၅၀၀ ချေးယူရန်အတွက် နှစ်နိုင်ငံအစိုးရ တာဝန်ရှိသူများအကြား သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း၊ အဆိုပါချေးငွေရယူရန်အတွက် ပြည်သူ့လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း၊ ယင်းသို့လုပ်ငန်းစဉ်အဆင့်ဆင့်များ ပြီးစီးပါက အဆိုပါလမ်းမအတွက် ကုမ္ပဏီများကို တင်ဒါခေါ်ယူသွားမည်ဖြစ်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန်သည် မြေဧက ၄၈၀၀၀ ခန့် ကျယ်ဝန်းမည်ဖြစ်ပြီး အဆိုပါအမြန်လမ်းမသည် ထားဝယ်အထူးစီးပွားရေးဇုန်၏ ပထမအဆင့်စီမံကိန်းဖြစ်ကာ အထူးစီးပွားရေးဇုန် ဒုတိယအဆင့်စီမံကိန်းကို ထိုင်းနိုင်ငံအပြင် ဂျပန်နိုင်ငံနှင့်ပါ ပူးပေါင်းအကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ရန် ၂၀၁၀ ပြည့်နှစ်တွင် အီတာလျံထိုင်းကုမ္ပဏီနှင့် မြန်မာအစိုးရတို့အကြား လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး ကုမ္ပဏီက ၂၀၁၂ ခုနှစ်တွင် အထူးစီးပွားရေးဇုန်စီမံကိန်းတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှုကိုရပ်ဆိုင်းလိုက်ကြောင်း ကြေညာခဲ့သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ရေနက်ဆိပ်ကမ်းစီမံကိန်းပါဝင်သော အထူးစီးပွားရေးဇုန်စီမံကိန်း သုံးခုကို လုပ်ဆောင်လျက်ရှိပြီး ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်တစ်ခုသာ လုပ်ငန်းလည်ပတ်လျက်ရှိကာ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်မည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့ကိုလည်း လုပ်ငန်းများ စတင်အကောင်အထည်ဖော်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

■ J-01






# ဆန္ဒပြမည့် ထားဝယ်လယ်သမားများကို ရဲတပ်ဖွဲ့ တားမြစ်

**ထားဝယ်၊ အောက်တိုဘာ ၁၈**

ထားဝယ်တွင် မြေယာပြဿနာနှင့် ပတ်သက်ပြီး ဆန္ဒပြမည့် သူများကို အောက်တိုဘာလ ၁၈ ရက်နေ့ မနက်ပိုင်းတွင် ရဲတပ်ဖွဲ့က တားမြစ်သည့်အတွက် ဆန္ဒပြမည့် အစီအစဉ် ပျက်သွားခဲ့သည်။

ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်၊ စုဝေးပြောဆိုခွင့်ရှိသော်လည်း ဝန်ကြီးချုပ်နှင့် ဝန်ကြီးနုတ်ထွက်ပေးရေး အစရှိသည့် ပုဂ္ဂိုလ်ရေးအရ ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ပိုစတာ၊ ကြွေးကြော်သံများ ပါနေသည့်အတွက် တားမြစ်ခြင်းဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးက ဆိုသည်။

“လက်ရှိလုပ်နေတဲ့ ဝန်ကြီးတွေကို ဒီလိုမျိုးပြောတာကတော့ သိပ်မသင့်တော်ဘူးပေါ့နော်၊ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်၊ ဒါကတော့” ဟု ရဲမှူးကြီးနေမျိုးက ပြောသည်။

လမ်းလျှောက်ဆန္ဒပြရန် တန်းစီနေချိန်တွင် ရဲတပ်ဖွဲ့ဝင်များက သံဆူးကြိုးတပ် ဘယ်ရီဂိတ်များဖြင့် လမ်းပိတ်ဆို့ထားပြီး လယ်သမားများ ကိုင်ဆောင်ထားသည့် ဆိုင်းဘုတ်များကို ခွင့်မပြုနိုင်ဟုဆိုကာ ရဲတပ်ဖွဲ့က တားမြစ်ခဲ့ခြင်း ဖြစ်သည်။

ကိုင်ဆောင်မည့် ပိုစတာများကို ဖယ်ပေးမည်ဆိုပါက ဆန္ဒပြခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

“ငြိမ်းချမ်းရေးကို သွားချင်တာဖြစ်တဲ့အတွက် ဒေသတွင်းမှာ ဆူပူပြီး ဖြစ်လာမည့်ကိစ္စတွေကို ရှောင်ပြီး လောလောဆယ် ဒီလောက်နဲ့ပဲ ကျေနပ်လိုက်တယ်” ဟု ဆန္ဒပြခေါင်းဆောင်တစ်ဦးဖြစ်သည့် ထားဝယ်ခရိုင် တောင်သူလယ်သမားသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဒေါ်ရီရီထွေးက ပြောသည်။

သို့သော် ယင်းကိစ္စကို လာမည့် အချိန်တစ်လအတွင်း စကားဝိုင်းပေါ်ရောက်အောင် တွန်းတင်သွားမည်ဖြစ်ပြီး အစိုးရဘက်က ညှိနှိုင်းမှုကို လက်မခံပါက လက်ရှိ အခြေအနေထက် ပိုဆိုးသည့်ပုံစံဖြင့် ဆက်လုပ်သွားရန် လယ်သမားများအကြား သဘောတူညီချက်ဖြင့် နောက်ဆုတ်လိုက်ခြင်းဖြစ်ကြောင်း ဒေါ်ရီရီထွေးက ဆိုသည်။

‘အစိုးရမလုပ်တတ်သော တိုင်းဝန်ကြီးချုပ် နုတ်ထွက်ပေး’၊ ‘မြေယာအရေး ဖြေရှင်းပေး မဖြေရှင်းနိုင်က တိုင်းလယ်ဆည်ဝန်ကြီး နုတ်ထွက်ပေး’၊ ‘ဥပဒေမဲ့ သိမ်းဆည်းမြေယာပေါ်တွင် ဥပဒေမဲ့ဆောက်လုပ်ခွင့်ပေးသော တိုင်းစည်ပင်ဝန်ကြီး အလိုမရှိ’ အစရှိသည့် ပိုစတာများကိုင်ဆောင်မှုကြောင့် တားမြစ်ခံရသည်။

အစိုးရနှင့် ပြည်သူအကြား နှစ်ဦးနှစ်ဖက် ပြေလည်အောင် ညှိနှိုင်းယူရမည်ဖြစ်ပြီး ယခုကဲ့သို့ အဓိကရုဏ်းဖြိုခွဲသည့် လက်နက်များဖြင့် တားဆီးသည့်အဆင့်ထိ မလိုအပ်ကြောင်း မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးကျော်ကျော်ဦးက ဆိုသည်။

“ဥပဒေကြောင့် တာဝန်အရ ဖမ်းမယ်ဆိုလည်း အေးအေးဆေးဆေး ဖမ်းလို့ ရတာပဲ၊ အဓိကရုဏ်းလက်နက်အဆင့်ထိ မလိုအပ်ဘူးလို့ ထင်တယ်” ဟု ဦးကျော်ကျော်ဦးက ပြောသည်။

ပဲခူးတိုင်းဒေသကြီးတွင်လည်း အောက်တိုဘာလ ၁၀ ရက်နေ့က ပဲခူးတိုင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး နုတ်ထွက်ပေးရန် ဆန္ဒထုတ်ဖော်ခဲ့ဖူးသည်။

ပြီးခဲ့သည့် အောက်တိုဘာလ ၁၄ ရက်က တိုင်းအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် တိုင်းအစိုးရနှင့် လယ်သမားကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းခဲ့သော်လည်း အဖြေတစ်စုံတစ်ရာမရခဲ့သည့်အတွက် ယင်းကဲ့သို့ ဆန္ဒပြရန် စီစဉ်လာခြင်း ဖြစ်သည်။

လက်ရှိတွင် ထားဝယ်မြို့ပြ စီမံကိန်းဧရိယာအတွင်း တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နေသည့် ဌာနများ၊ ကုမ္ပဏီများနှင့် ထားဝယ်လယ်သမားများ ထိတ်တိုက်တွေ့ အခင်းဖြစ်မှုများကြောင့် လယ်သမားအချို့ ထောင်ကျခံခဲ့ရခြင်း၊ အမှုရင်ဆိုင်နေရခြင်းများ ဖြစ်ပေါ်လျက် ရှိသည်။

ထားဝယ်ခရိုင်အတွင်းမှ လယ်သမားများသည် ယခင် သမ္မတဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် လယ်ယာမြေအရေးအတွက် စီတန်းလှည့်လည်ဆန္ဒပြပွဲ ၃ ကြိမ် ပြုလုပ်ဖူးသည်။ ■Dawei Watch

# ကထိန်အတွက် အလှူခံရာမှ ဓားထိုးမှုဖြစ်

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

ကြည့်မြင်တိုင်မြို့နယ်ရှိ စံပြငါးဈေးတွင် အောက်တိုဘာလ ၁၇ ရက် နံနက်ပိုင်းက ကထိန်အတွက် အလှူခံနေသည့် အမျိုးသားတစ်ဦး၏ ရင်အုံကို အခြားအမျိုးသားတစ်ဦးက ဓားမြှောင်ဖြင့် နှစ်ချက်ဆင့်ထိုးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဓားထိုးခံရသူ အသက် ၃၃ နှစ် ငါးခြစ်လုပ်သားအမျိုးသားမှာ ကထိန်အတွက် ငါးဈေးအတွင်း လှည့်လည်၍ အလှူခံနေစဉ် ၎င်းနှင့် စကားများ ရန်ဖြစ်ဖူးသည့် ငါးလှည်းဆွဲအလုပ်သမား မဲ့ကြီး(ခ) ခင်ထွန်းနှင့် တွေ့ဆုံခဲ့ရာမှ ဓားဖြင့်ထိုးခံရခြင်းဖြစ်ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ သိရသည်။

“နှစ်ယောက်လုံးက အေးရွာမှာ နေသူတွေ။ ရန်ငြိုးရန်စရှိတာကြောင့် ဓားနဲ့ထိုးသွားတာ။ တရားခံကို ဖမ်းမိထားတယ်”ဟု ရဲအရာရှိက ပြောသည်။

ဘယ်ညာရင်အုံနှစ်ဖက် ဓားထိုးခံရသူကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် တင်ပို့ထားပြီး နာကျင်ဒဏ်ရာရရှိအောင် ပြုလုပ်ခဲ့သည့် မဲ့ကြီး(ခ) ခင်ထွန်းကို ကြည့်မြင်တိုင်မြို့မ ရဲစခန်းက (ပ) ၃၇၇/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03




# မော်လမြိုင် သံလွင်ငါးဈေး ပြောင်းရွှေ့ရန် ထပ်စီစဉ်

**မော်လမြိုင်၊ အောက်တိုဘာ ၁၈**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် အောက်လမ်းမကြီးရှိ သံလွင်ငါးဈေးကို ရပ်ကွက်နေပြည်သူလူထုတို့၏ ဆန္ဒအတိုင်း နေရာပြောင်းရွှေ့ရန် ပြည်နယ်အစိုးရက စီစဉ်လျက်ရှိသည်ဟု ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

ကနဦးက အဆိုပါငါးဈေးကိုကျောက်တန်းစက်ရုံစုမြေသို့ ပြောင်းရွှေ့ရန် စီစဉ်ထားသော်လည်း မြေနေရာအရှုပ်အရှင်းရှိနေ သောကြောင့်ဟုဆိုကာ မပြောင်းရွှေ့ဘဲ လက်ရှိဈေးကို အဆင့်မြှင့်တင်ရန် စီစဉ်ခဲ့သည်။

သို့သော် ရပ်ကွက်နေပြည်သူများက ပြောင်းရွှေ့စေလိုပြီး ယင်းဈေးသည် ရပ်ကွက်အတွင်းထားရန် မသင့်တော်သည့်အတွက် အခြားတစ်နေရာဖြစ်သည့် မုပွန်ရပ်ကွက် ကျောက်မီးသွေးရုံနေရာရှိ မီးရထားဌာနပိုင်မြေနေရာသို့ ပြောင်းရွှေ့ရန် စီစဉ်ခြင်းဖြစ်သည်။

“မြေနေရာရရှိဖို့အတွက် ပြည်ထောင်စုကို တောင်းခံထားတယ်၊ ပြည်ထောင်စုကလည်း ပေးမယ်လို့ ပြောထားပြီးပြီ၊ ပြည်ထောင်စုက ခွင့်ပြုရတာနဲ့ ချက်ချင်းအကောင်အထည်ဖော်မယ်” ဟု မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အောက်တိုဘာလ ၁၇ ရက်က ပြောသည်။

သံလွင်ဈေးမှထွက်သည့် ငါးညှီပုပ်နံ့များသည် ပတ်ဝန်းကျင်နေ ရပ်ကွက်ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်နေသည့်အပြင် ဆယ့်နှစ်ဘီးတပ် ငါးပုံးတင် ကုန်ကားကြီးများ ၂၄ နာရီ ဝင်ထွက်သွားလာနေသဖြင့် လမ်းတစ်လျှောက် ငါးအနံ့များပိုထွက်လာကာ ယာဉ်အန္တရာယ်လည်း ဖြစ်ပေါ်စေနိုင်သည့်အတွက် ရပ်ကွက်နေပြည်သူတို့က အဆိုပါငါးဈေးကို ပြောင်းရွှေ့ပေးရန် ယခင်အစိုးရ လက်ထက်ကတည်းက တောင်းဆိုတိုင်ကြားခဲ့ကြသည်။

“ရပ်ကွက်နေပြည်သူတွေကတော့ ငါးဒိုင်ကထွက်တဲ့ အနံ့ဆိုးတွေကို နေ့တိုင်းခံစားနေရတယ်ဗျာ၊ ညဆိုရင်လည်း တစ်ညလုံး ငါးတွေတင် ချလုပ်၊ မနက်ဆိုကားလမ်းက ပိတ်၊ ဒါ ရပ်ကွက်က နေ့စဉ်ခံစားနေရတာတွေပါ၊ ရပ်ကွက်နေပြည်သူတွေရဲ့ ဆန္ဒကတော့ အနံ့အသက်ဒဏ်မခံနိုင်ကြတော့လို့၊ ဒီငါးဒိုင်တွေကို ပြောင်းစေချင်တယ်” ဟု ဘိုကုန်းရပ်ကွက်နေ ဦးတင်ထွန်းက ပြောသည်။

သံလွင်ဈေးသည် ၁၉၈၉ ခုနှစ်က ကုန်ခြောက်မျိုးစုံ ရောင်းချရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၆ ပေပတ်လည် ဆိုင်ခန်းများ ပြုလုပ်ကာ ဈေးစတင်ရောင်းချခဲ့သော်လည်း နောက်ပိုင်းတွင် အဆိုပါ ၆ ပေပတ်လည်ဆိုင်ခန်းများကို ဖျက်ပြီး ငါးဈေးဒိုင်အဖြစ် ယနေ့ထိ ပြောင်းလဲအသုံးပြုခဲ့သည်။

■ Dawei Watch

# အခြေခံပညာကျောင်းသားများ မြန်မာစာ စွမ်းရည်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

တစ်နိုင်ငံလုံးရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့တွင် အဆင့်အလိုက် မြန်မာဘာသာစကား စွမ်းရည်ပြိုင်ပွဲများ ယခု အောက်တိုဘာလကုန်ပိုင်းမှစ၍ ဒီဇင်ဘာလအထိ ကျောင်း အဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်၊ ဗဟိုဟူ၍ ကျင်းပမည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာနထံမှ သိရှိရသည်။

တိုင်းရင်းသားကလေးငယ်များ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာစာ ဝေါဟာရတို့၏ အနက်အဓိပ္ပာယ်၊ သဒ္ဒါအသုံးအနှုန်းတို့ မှန်ကန်တိကျစွာ ရေးသားအသုံးပြုနိုင်စေရန် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကား ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်သည်။

ကျောင်းအဆင့်ကို နိုဝင်ဘာလကုန်တွင် စစ်ဆေးမည်ဖြစ်သည်။ မြို့နယ်အဆင့်ကို နိုဝင်ဘာလဆန်းတွင် စစ်ဆေးမည်ဖြစ်သည်။ ခရိုင်အဆင့် နိုဝင်ဘာလကုန်၊ တိုင်းအဆင့်ကို ဒီဇင်ဘာလဆန်း၊ ဗဟိုအဆင့်ကို ဒီဇင်ဘာလကုန်တွင် အဆင့်အလိုက် ပြုလုပ်မည်ဖြစ်သည်။

ပဲခူးတိုင်း ကဝမြို့နယ် အထက(ခွဲ) အေးမွန် အလယ်တန်းကျောင်းအုပ်ဆရာ ဦးအောင်ကျော်သူက မြန်မာစာ စွမ်းရည်ပြိုင်ပွဲကို လွန်ခဲ့သည့် သုံးနှစ်ခန့်မှစတင်ပြုလုပ်ခြင်းဖြစ်ပြီး အင်္ဂလိပ်စာ၊ သင်္ချာပြိုင်ပွဲများကို လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကတည်းက ပြုလုပ်ခဲ့သည်ဟု မှတ်မိကြောင်း ပြောကြားသည်။

“ကလေးတွေ မြန်မာဘာသာစကားကျွမ်းကျင်မှု အားနည်းလာတာကြောင့် ပိုအားကောင်းလာစေမှာပါ။ ကျွန်တော်တို့ ကျောင်းကိုတော့ ညွှန်ကြားစာ ရောက်မလာသေးပါဘူး”ဟု ဆရာဦးအောင်ကျော်သူက အောက်တိုဘာလ ၁၈ ရက်တွင် ပြောကြားသည်။

မြန်မာစာ စွမ်းရည်ပြိုင်ပွဲကို အဆင့်ဆင့်ပြုလုပ်ပြီးနောက် ဗဟိုအဆင့်ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အထက(၂)တွင် ကျင်းပမည်ဖြစ်ပြီး ပြည်လမ်းရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာနက ပေးပို့သည့် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားစာအရ သိရှိရသည်။

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ဘူးကုန်းကျေးရွာ အလယ်တန်းကျောင်း အလယ်တန်းပြ ဆရာမတစ်ဦးက ၎င်းတို့ထံ ယင်းညွှန်ကြားစာ မရောက်ရှိသေးကြောင်း၊ ယခင်နှစ်များက မြန်မာစာစွမ်းရည်ပြိုင်ပွဲဟူ၍ သီးသန့်မရှိကြောင်း၊ အင်္ဂလိပ်၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲများသာ ရှိကြောင်း ပြောကြားသည်။

■ မြဇာခြည်သင်း

# EDITORIAL

## ကိုယ့်အကျိုးကို တကယ်လိုလားသည့် မိတ်ဆွေကို ရှာထားပါ

လက်ရှိရခိုင်နှင့် ဘင်္ဂါလီအရေးကိစ္စတွင် မြန်မာအစိုးရကို တိုက်ရိုက်ဖိအားပေးဝေဖန်နေသည့် ပြည်ပအုပ်စုနှစ်စုရှိရာ တစ်စုမှာ ဘင်္ဂါလီဘက်မှ ရပ်တည်ကာ မျိုးဖြုတ်ရှင်းလင်းနေသည်၊ လူ့အခွင့်အရေးချိုးဖောက်နေသည်ဟု စွပ်စွဲလျက်ရှိသည့်အုပ်စုဖြစ်ပြီး နောက်အုပ်စုမှာ ဘင်္ဂါလီပြဿနာကြောင့် နိုင်ငံတကာအစွန်းရောက်အကြမ်းဖက်အုပ်စုများက မြန်မာအပေါ် ပစ်မှတ်ထားလာမည်ကို အထူးစိုးရိမ်သည့် အုပ်စုတို့ဖြစ်ကြသည်ကို The Voice Daily ကလေ့လာတွေ့ရှိထားပေသည်။ (မှတ်ချက်။ အဆိုပါ ပြည်ပအုပ်စုဟု ဆိုရာတွင် နိုင်ငံခြားအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်း၊ လွတ်လပ်သော ပညာရှင်များနှင့် လေ့လာစောင့်ကြည့်သူလူပုဂ္ဂိုလ်များကို ဆိုလိုပေသည်)

ပထမအုပ်စုက ဘင်္ဂါလီထောင်ပေါင်းများစွာ ဘင်္ဂလားဒေ့ရှ်ဘက်သို့ထွက်ပြေးတိမ်းရှောင်နေရမှုသည် လွန်စွာအရုပ်ဆိုးအကျည်းတန်သော ဖြစ်ရပ်အဖြစ်သတ်မှတ်ကာ မြန်မာအစိုးရအနေနှင့် ၎င်းတို့ကို နိုင်ငံသားအဖြစ် လက်ခံပေးရန် နည်းလမ်းမျိုးစုံဖြင့် ဖိအားပေးသည်။ ဒုတိယအုပ်စုကမူ မြန်မာသည် နဂိုကတည်းက ပြည်တွင်းစစ်နှင့် နပန်းလုံးခဲ့ရပြီး ယနေ့အချိန်အထိ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အကဲဆတ်လွန်းသည့် လုပ်ငန်းစဉ်များကို ကိုင်တွယ်နေရသည်ဖြစ်ရာ ဘင်္ဂါလီမွတ်ဆလင်ဒုက္ခသည်များနှင့်ပတ်သက်၍ အလွန်အမင်းဖိအားပေးခြင်း၊ ရေးသားဖော်ပြခြင်းတို့ကြောင့် မြန်မာအပေါ် ပြည်ပမှ ဂျီဟတ်ဝါဒီများ ပစ်မှတ်ထားလာမည်ကို ထောက်ပြခြင်းဖြစ်ပေသည်။

ပထမအုပ်စုမှာ ဘင်္ဂါလီပြဿနာတစ်ခုတည်းကိုသာ အလေးပေးဖိုးကပ်စ်လုပ်ပြီး ဒုတိယအုပ်စုက ဘင်္ဂါလီပြဿနာနှင့် ဆက်စပ်၍နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်ခြေရှိသည့် ပြဿနာများကို သမိုင်းကြောင်းသာမက လက်ရှိရထားသည့် အခြေအနေများကိုဆင်ခြင်ကာ ဘင်္ဂါလီဘက်ရော မြန်မာဘက်ပါ အဆင်ပြေစေမည့် နည်းလမ်းဖြင့် ချဉ်းကပ်ပေသည်။ သို့သော် အဆိုပါအုပ်စုနှစ်စုတွင် တူညီသည့်အချက်မှာ မြန်မာ့တပ်မတော်အပေါ်ထားရှိသည့် သံသယဟူသော အမြင်ပင်ဖြစ်ပေသည်။ အကြောင်းပြချက်မှာကား ကာလကြာရှည်စွာ ဆန့်ကျင်ဘက်အင်အားစုများကို ဖိနှိပ်ခဲ့ဖူးသည်ဟူသော အတွေ့အကြုံကို အခြေခံပါသည်။

သို့သော်လည်း ဒုတိယအုပ်စုက နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်(ဒီမိုကရေစီခေါင်းဆောင်) ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်အကြားခဲရာခဲဆစ်တည်ဆောက်ရယူလျက်ရှိသော အပြန်အလှန်ယုံကြည်မှုကို လက်ခံသလို ဒေါ်အောင်ဆန်းစုကြည်၏ အကန့်အသတ်တို့ကို ပို၍နားလည်ဟန်ရှိပေသည်။ ဒုက္ခသုက္ခမျိုးစုံနှင့် ကာလကြာရှည်စွာရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် မြန်မာနိုင်ငံသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဘင်္ဂါလီကိစ္စတစ်ခုကြောင့် လှပကောင်းမွန်သည့် အနာဂတ်အတွက် ဒီမိုကရေစီဖော်ဆောင်နေချိန်တွင် ယခင်အခြေအနေဆိုးထဲသို့ပြန်ရောက်သွားမည်ကို နိုင်ငံတကာအသိုင်းအဝိုင်းနားလည်လက်ခံလာအောင်လည်း ကြိုးပမ်းပေးလျက်ရှိသည်။

မှန်လည်းမှန်ပါသည်။ မြန်မာနိုင်ငံသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကြုံတွေ့ခဲ့ရသည့် ဒုက္ခများကို ကိန်းဂဏန်းဖြင့်ပြရလျှင် ကိုလိုနီလက်အောက်ရောက်ခဲ့သည့်ကာလမှာ နှစ်ပေါင်း ၁၀၀ ကျော်၊ အာဏာရှင်ဆန်သည့် အုပ်ချုပ်ရေးစနစ်အောက်ရောက်ခဲ့သည့်ကာလမှာ နှစ် ၅၀ ကျော်၊ ပြည်တွင်းစစ်မှာ နှစ်ပေါင်း ၇၀ ကျော်၊ မိမိဘာသာသီးခြားရပ်တည်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်၊ ပြည်ပနိုင်ငံများ၏ ဒဏ်ခတ်အရေးယူခံခဲ့ရသည့်ကာလမှာ နှစ် ၂၀ ကျော်ရှိသည်ကို တွေ့ရပေမည်။ ဤမျှလောက်ဆိုးရွားသည့် ကိန်းဂဏန်းများရှိနေခဲ့သော်ငြား ပြိုလဲပျက်ယွင်းသည့် နိုင်ငံတစ်နိုင်ငံမဖြစ်ခဲ့သည်မှာ လွန်စွာကံကောင်းလှသည်ဟုပင်ဆိုရမည်။ ထို့အတူ ဤမျှလောက်ဆိုးရွားခဲ့သည့်အခြေအနေများ၏ နောက်ဆက်တွဲဂယက်များသာမက ဘင်္ဂါလီဟူသည့် ပြဿနာသစ်တစ်ခုနှင့်ပါ ထပ်တိုးရင်ဆိုင်နေရသည့် မြန်မာအစိုးရနှင့် တပ်မတော်တို့အနေနှင့် မိတ်ဆွေကောင်း(မိမိအကျိုးကိုလိုလားသူ) နှင့် မိတ်ဆွေတု(မိမိအကျိုးကို အရေးမစိုက်သူ)တို့ကို ကောင်းစွာခွဲခြားပြီး နိုင်ငံနှင့် နိုင်ငံသားများ ခက်ခဲကြမ်းတမ်းခဲ့သည့် ယခင်ဘဝမျိုးသို့ပြန်မရောက်အောင် အသိဉာဏ်ရှိရှိလုပ်ဆောင်ကြရမည်ဖြစ်ကြောင်းဖော်ပြလိုရင်းဖြစ်ပေသည်။

**အယ်ဒီတာ (၁၈ - ၁၀ - ၂၀၁၇)**

# နေပြည်တော်နှင့် ရန်ကုန်ရှိ ACE ဟိုတယ်များတွင် လက်နက်များထပ်မံ

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

အားကစားဝန်ကြီးဟောင်း၏ သားဖြိုးကိုကိုတင့်ဆန်း အမှုကွင်းဆက်အဖြစ် နေပြည်တော်ရှိ ဟိုတယ် ACE နှင့် ရန်ကုန်ရှိ ACE ဟိုတယ်တို့မှ လက်နက် ၁၂ လက်၊ ကျည်နှင့်အခြားဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနထံမှ သိရသည်။

အောက်တိုဘာလ ၁၇ ရက်နေ့တွင် ဖြိုးကိုကိုတင့်ဆန်း ပိုင်ဆိုင်သည့် နေပြည်တော်ရှိ ဟိုတယ် ACE ၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုတယ်ဝင်းထဲရှိ စိုက်ခင်းနှင့် မြင်းခြံဘေး ထော်လီနောက်တွဲပေါ်တွင် ဝှက်ထားသည့် သေနတ် ၉ လက်၊ ကျည်ဆန်၊ ကျည်အိမ်များနှင့်အခြားဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ လက်နက်ခဲယမ်းများကို ဟိုတယ်လုံခြုံရေးတာဝန်ခံဖြစ်သူဦးအောင်နိုင်နှင့် ရန်အောင်စိုးတို့က ဝှက်ထားကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ရဲမှူးကြီး ဇော်ခင်အောင်က ရှင်းပြသည်။

အလားတူ ယင်းနေ့တွင် ရန်ကုန်၊ သာကေတမြို့နယ်ရှိ ဖြိုးကိုကိုတင့်ဆန်း ပိုင်ဆိုင်သည့် ACE ကုမ္ပဏီရုံးရှေ့တွင် ရပ်ထားသော Hummer အနက်ရောင် ယာဉ်လေးစီးကို စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်တစ်စီးအတွင်းမှ ပစ္စတိုသေနတ် တစ်လက်တွေ့ရှိခဲ့ပြီး ကုမ္ပဏီရုံးခန်းထဲရှိ အခန်းအမှတ် (၆၀၁)ထဲမှ Gas ပစ္စတို နှစ်လက်၊ ကျည် ၁၀ တောင့်နှင့် အခြားဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ လက်ရှိတွင် ယင်းအမှုမှ လက်နက် စုစုပေါင်း ၃၃ လက်နှင့် ကျည်များ သိမ်းဆည်းရမိထားပြီး ကွင်းဆက်တရားခံများနှင့် လက်နက်များကို ထပ်မံဖမ်းဆီးနိုင်ရေး အစွမ်းကုန်ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော်ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဝန်ကြီးဟောင်း၏ သားဖြစ်သူ ဖြိုးကိုကိုတင့်ဆန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းများကို လတ်တလော သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းစိစစ်နေပြီး ယင်းအမှုကို ဥပဒေအရ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုဝန်ကြီး ဗိုလ်ချုပ် အောင်စိုးက ပြောသည်။

ဖြိုးကိုကိုတင့်ဆန်း အပါအဝင် အမှုကွင်းဆက်မှ ဖမ်းဆီးစစ်ဆေးနေသူ အချို့ကို နေပြည်တော်ရှိ အေလာ၊ ဒက္ခိဏနှင့် ရန်ကုန်ရှိ သာကေတ၊ ဗဟန်းမြို့မှ ရဲစခန်းများတွင် လက်နက်မှု၊ မူးယစ်မှုများဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ S-03

The VOICE Daily CARTOON



The VOICE Daily
The Product of Myanmar Partners Think Tank Group
(A Sister Publication of Living Color Magazine)

**Editorial Consultant**- Kyaw Min Swe.
**Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ရခိုင်အရေးကိစ္စတွင် တရုတ်နှင့် အိန္ဒိယ ဘာကြောင့် မြန်မာဘက်က ရပ်တည်သလဲ

ဇေဝင်းနောင်



ဓာတ်ပုံ- မြင့်မိုးညို

ရခိုင်ပြည်နယ်တွင် အကြီးအကျယ် ရင်းနှီးမြှုပ်နှံထားသော နိုင်ငံနှစ်နိုင်ငံသည် ဒေါ်အောင်ဆန်းစုကြည်၏ ရန်သူပတ်လည် ဝိုင်းနေသော အစိုးရအပေါ် ဖိအားပေးမေးခွန်းထုတ်နေကြသည့် အနောက်အင်အားကြီးများနှင့် အစ္စလာမ့်နိုင်ငံများနှင့်ဆန့်ကျင်သော ချဉ်းကပ်ပုံဖြင့် ရပ်တည်ပေးလျက်ရှိသည်။

ယင်းနှစ်နိုင်ငံ၏ တပ်ဖွဲ့များသည် အငြင်းပွားဖွယ် ဟိမဝန္တာနယ်စပ်တွင် အခါအားလျော်စွာ ထိပ်တိုက်တိုးတတ်ကြသလို မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးရေးအတွက် ပြိုင်ဆိုင်နေကြသော်လည်း ဘင်္ဂါလီအရေးတွင်မူ အိန္ဒိယနှင့်တရုတ်တို့သည် ဘက်တစ်ဖက်တည်းမှ ရပ်တည်နေသည်။

ရခိုင်ပြည်နယ်တွင် တပ်မတော်၏ နယ်မြေရှင်းလင်းရေး ဆောင်ရွက်ချက်ကြောင့် ဘင်္ဂါလီငါးသိန်းခန့် ဘင်္ဂလားဒေ့ရှ်သို့ စွန့်ခွာထွက်ပြေးခဲ့ကြရာ စစ်ရေးအကျပ်အတည်းဖြစ်လာမည်ကို စိုးရိမ်မှုများ မြင့်တက်လာလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက မြန်မာနိုင်ငံသည် မိမိတို့တိုင်းပြည်နှင့် စစ်ဆင်နွှဲရန်ကြိုးစားနေသည်ဟု ပြီးခဲ့သည့်အပတ်က စွပ်စွဲခဲ့သည်။ ဟာဆီနာအနေနှင့် ဂျီဟတ်ဝါဒီများ နယ်စပ်ဖြတ်ကျော် ချိတ်ဆက်စုံမှတ်တစ်ခု ဖြစ်လာမည့်အရေးကို ဟန့်တားရန်လိုလားနေပြီး Arakan Rohingya Salvation Army (ARSA) ကို နှိမ်နင်းရန် မြန်မာ့တပ်မတော်ကို ဘင်္ဂလားဒေ့ရှ် တပ်မတော်ဘက်က ပူးပေါင်းကူညီလိုကြောင်း ကမ်းလှမ်းထားသော်လည်း မြန်မာဘက်မှ တုံ့ပြန်ထားခြင်းမရှိသေးပေ။

အိန္ဒိယသည်လည်း ဂျီဟတ်ဝါဒီတို့၏ ကွန်ရက်ချိတ်ဆက်မှုကို စိုးရိမ်လျက်ရှိသည်။ အိန္ဒိယထောက်လှမ်းရေးအဖွဲ့များ ရရှိသော သတင်းများအရ ARSA နှင့် ဘင်္ဂလားဒေ့ရှ်မှ ဂျာမတ်အယ်လ်မူဂျာဟေဒင် (JMB)၊ အိန္ဒိယ မူဂျာဟေဒင်တို့အကြား နီးစပ်သော ဆက်ဆံရေးမျိုးရှိနေသလို အဆိုပါအဖွဲ့အားလုံးကို ၂၀၀၈ ခုနှစ်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင် အကြမ်းဖက်တိုက်ခိုက်ခဲ့သော ပါကစ္စတန်၊ လက်ရှ်ကာအီတိုင်ဘာ အဖွဲ့က ကျောထောက်နောက်ခံပြုထားသည်ဟု ဆိုသည်။

"ကျွန်ုပ်တို့သည် အကျပ်အတည်းကာလတွင် မြန်မာနိုင်ငံနှင့်အတူ ရပ်တည်သွားမည်ဖြစ်ပြီး ဩဂုတ် ၂၄၊ ၂၅ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကို ပြင်းထန်စွာ ရှုတ်ချကာ ရဲတပ်ဖွဲ့ဝင်နှင့် စစ်သည်များ သေဆုံးမှုအတွက် စာနာမိပါသည်။ အကြမ်းဖက်ဝါဒ တိုက်ခိုက်ရေးတွင် ကျွန်ုပ်တို့အနေနှင့် မြန်မာနိုင်ငံဘက်မှ ထောက်ခံသွားမည်ဖြစ်ပါသည်" ဟု ARSA က မြန်မာရဲကင်းစခန်း ၃၀ ကျော်ကို တစ်ပြိုင်နက်ဝင်ရောက်တိုက်ခိုက်မှုအပြီးတွင် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် မြန်မာ့တပ်မတော်က တန်ပြန်နယ်မြေရှင်းလင်းရေးလုပ်ခဲ့ရာ ဘင်္ဂါလီငါးသိန်းခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိမ်းရှောင်သွားခဲ့ကြသည်။ အိန္ဒိယ၏ ကြေညာချက်တွင် မြန်မာ့တပ်မတော်၏ နယ်မြေရှင်းလင်းရေး ဆောင်ရွက်ချက်ကိုလည်း ဝေဖန်ခဲ့ခြင်းမရှိပေ။

အိန္ဒိယသည် နိုင်ငံတွင်း တရားမဝင် အခြေချနေသော ဘင်္ဂါလီ ရွှေ့ပြောင်း ၄၀,၀၀၀ နီးပါးကိုလည်း နှင်ထုတ်ရန် စီစဉ်ခဲ့သည်။ ယင်းတို့အနက်မှ ၁၅,၀၀၀ ခန့်မှာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တွင် ဒုက္ခသည်အဖြစ် မှတ်ပုံတင်ထားသူများဖြစ်ရာ အဆိုပါ အစီအစဉ်အပေါ် ကုလသမဂ္ဂက ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။

တရုတ်နိုင်ငံသည်လည်း ရခိုင်အရေးတွင် မြန်မာနိုင်ငံဘက်မှ အလားတူ ခိုင်ခိုင်မာမာရပ်တည်ခဲ့သည်။ "မြန်မာနိုင်ငံအနေနဲ့ သူ့ပြဿနာသူ သင့်လျော်သလို ဖြေရှင်းပေးနိုင်ဖို့ နိုင်ငံတကာအသိုင်းအဝိုင်းက ကောင်းမွန်တဲ့ ပြင်ပပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးမယ်လို့ မျှော်လင့်ထားပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဟောင်လျံက တရုတ်ပြည်သူ့ သမ္မတနိုင်ငံထူထောင်ခြင်း ၆၈ နှစ်ပြည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။ ယင်းမှာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ရခိုင်အရေး တံခါးဖွင့်ဆွေးနွေးခြင်းမပြုမီ တရုတ်တာဝန်ရှိသူတစ်ဦး၏ မှတ်ချက်ဖြစ်သည်။

> ## မြန်မာနိုင်ငံအနေနဲ့ သူ့ပြဿနာသူ သင့်လျော်သလို ဖြေရှင်းပေးနိုင်ဖို့ နိုင်ငံတကာအသိုင်းအဝိုင်းက ကောင်းမွန်တဲ့ ပြင်ပပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးမယ်လို့ မျှော်လင့်ထားပါတယ်

အိန္ဒိယနှင့် တရုတ် နှစ်နိုင်ငံစလုံးသည် ရခိုင်ပြည်နယ်တွင် ဧရာမအခြေခံအဆောက်အဦ စီမံကိန်းများ ရှိနေသည်။ အိန္ဒိယက ရန်ပုံငွေထောက်ပံ့ပေးထားသော ကုလားတန်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းမှာ ၎င်း၏ ဝေးလံခေါင်သီသော အရှေ့မြောက်ဖျားကို စစ်တွေဆိပ်ကမ်းမှ ဖြတ်ပြီး ပင်လယ်-မြစ်ကြောင်း-ကုန်းလမ်း ချိတ်ဆက်မှု ပေးရန် ရည်ရွယ်ခြင်းဖြစ်သလို တရုတ်က ထောက်ပံ့ပေးသော ကျောက်ဖြူရေနက်ဆိပ်ကမ်းမှာလည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် တရုတ်ပြည်တွင်းရှိ ယူနန်ပြည်နယ်အထိ ရထားလမ်း၏ အစလည်းဖြစ်သည်။

ဗုဒ္ဓဘာသာလူများစုနေထိုင်ရာ မြန်မာနိုင်ငံတွင် မွတ်ဆလင်ဘင်္ဂါလီများ လူများစုဖြစ်နေသော ရခိုင်မြောက်ပိုင်း ပြဿနာတက်နေသည့် နေရာတွင် ယင်းစီမံကိန်းများ ရှိမနေသော်လည်း အကြမ်းဖက်ဝါဒခြိမ်းခြောက်မှုသည် ရခိုင်ပြည်နယ် အခြားနေရာများသို့ ပျံ့နှံ့လာပြီး ၎င်းတို့ ရင်းနှီးမြှုပ်နှံသော နေရာများသို့ ပါရောက်ရှိလာနိုင်ခြေ၊ ထိုမှတစ်ဆင့် ၎င်းတို့ပိုင်နက်နယ်မြေအတွင်းသို့ပါ ပျံ့နှံ့လာနိုင်ခြေအပေါ် နယူးဒေလီနှင့် ဘေဂျင်းအစိုးရများ ပူပန်နေသည်ကတော့ အမှန်ပင်ဖြစ်သည်။

"အကယ်၍ ARSA အကြမ်းဖက်သမားတွေကို ကုလားတန်မြစ်ထဲက အိန္ဒိယသင်္ဘောကို တိုက်ခိုက်ရင် ဒါမှမဟုတ် ယူနန်-ကျောက်ဖြူ ဓာတ်ငွေ့ပိုက်လိုင်းကို ဖောက်ခွဲပစ်ရင်ဘယ်လိုလုပ်မလဲ။ အာသံမှာ (ခွဲထွက်ရေးအုပ်စု ညီညွတ်သော အာသံလွတ်မြောက်ရေးတပ်ဦးက) လုပ်သလိုမျိုးလေ" ဟု အိန္ဒိယ တပ်မတော်ထောက်လှမ်းရေး အေဂျင်စီ ဒုတိယအကြီးအကဲဟောင်း ဗိုလ်ချုပ် ဂါဂန်ဂျစ်ဆင်းက မေးခွန်းထုတ်သည်။ "ဒီလိုအခြေအနေမျိုးတွေကို လျှော့တွက်လို့မရဘူး" ဟု မှတ်ချက်ပေးသည်။

စက်တင်ဘာလ အစောပိုင်းက တရုတ်နိုင်ငံ၊ ရှားမင်တွင် ကျင်းပသော BRICS ထိပ်သီးဆွေးနွေးပွဲနှင့် တစ်ဆက်တစ်စပ်တည်း အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံခဲ့ရာတွင် ထိုစဉ်က နယ်စပ်၊ ဒိုကလမ်တွင် ထိပ်တိုက်တွေ့နေသော နှစ်ဖက်တပ်များ ပြန်လည်ဆုတ်ခွာရေး သဘောတူခဲ့ကြရုံမျှမက ဒေသတွင်း တည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ပါ သဘောတူခဲ့ကြရာတွင် မြန်မာနိုင်ငံမှ ဖြစ်ဆဲပဋိပက္ခအရေးကို ဦးစားပေး သုံးသပ်ခဲ့ကြသည်ဟု ဆိုသည်။

"တရုတ်က ဆယ်စုနှစ်သုံးခုကျော်လောက် ဖွံ့ဖြိုးရေးအကူအညီနဲ့ စစ်လက်နက်ပစ္စည်း ထောက်ပံ့မှုတွေအပေါ် အခြေခံပြီး တည်ဆောက်ထားတဲ့ ဩဇာလွှမ်းမိုးမှုကို ဆက်ထိန်းထားချင်လို့ မြန်မာကို ထောက်ခံတယ်။ အိန္ဒိယကလည်း အပြိုင်အမီလိုက်နိုင်ဖို့နဲ့ ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးအရထောက်ပံ့မှု မျှဝေထားတဲ့ ဗုဒ္ဓအမွေအနှစ်အပေါ် အခြေခံပြီး ယဉ်ကျေးမှု ကွင်းဆက်ချိတ်ဆက်မှုတွေ အခြေခံပြီး ဩဇာလွှမ်းမိုးမှုတည်ဆောက်ဖို့ မြန်မာကို ထောက်ခံတာ" ဟု အိန္ဒိယနိုင်ငံ Centre for Studies in International Relations and Development ကိုဦးဆောင်သူ ဘီနိုဒါ မီရှရာက သုံးသပ်သည်။ "အိန္ဒိယရော တရုတ်ကပါ အရပ်သားအစိုးရနဲ့ ထိတွေ့ဆက်ဆံသလိုမျိုး မြန်မာ့တပ်မတော်ကိုပါ ဆက်ဆံကြတယ်။ ဘာလို့လဲဆိုတော့ ဒီနိုင်ငံဟာ အိန္ဒိယရဲ့ 'အရှေ့မျှော်' မူဝါဒအတွက် သော့ချက်ဖြစ်သလို တရုတ်ရဲ့ ရပ်ဝန်းနဲ့ လမ်းလူပ်ရှားမှုအတွက်လည်း အဓိကကျနေလို့ပဲ" ဟု မီရှရာက သုံးသပ်သည်။

အတင်းအကျပ် ပြေလည်ပြပြီး အပေါ်ယံရွှေမှုန်ကြဲထားသော်လည်း အိန္ဒိယနှင့် တရုတ်အကြား ဩဇာ လွှမ်းမိုးရေး ပြိုင်ဆိုင်မှုကတော့ ရှိနေဆဲဖြစ်သည်။ ပြီးခဲ့သည့်လက ဝန်ကြီးချုပ်မိုဒီ မြန်မာနိုင်ငံသို့ မလာမီ အိန္ဒိယသံအမတ်ကြီး ဗိကရမ် မီဆရီက အိန္ဒိယ၏ မြန်မာ့ဖွံ့ဖြိုးရေးအတွက် ချဉ်းကပ်ပုံမှာ အခြားနိုင်ငံများနှင့် မတူကြောင်း တရုတ်ကို နာမည်မတပ်သော်လည်း သွယ်ဝိုက် ထိုးနှက်သွားခဲ့သည်။

"အိန္ဒိယက မြန်မာနိုင်ငံမှာ ပြည်သူပိုင် (နိုင်ငံပိုင်) ပစ္စည်းတွေ ဖန်တီးပေးပြီး ဒေသခံအာဏာပိုင်တွေ လက်ထဲလွှဲပေးတာမျိုးပဲ လုပ်ချင်တာ။ မြန်မာနိုင်ငံထဲမှာ သူတို့အတွက် စီးပွားဖြစ်ပိုင်ဆိုင်မှုတွေပဲ ဖန်တီးချင်တဲ့ တချို့နိုင်ငံတွေနဲ့ မတူဘူး။ ကုလားတန်စီမံကိန်းဆိုရင်လည်း ကျွန်တော်တို့က ထောက်ပံ့ကြေးနဲ့ တခြားလျှော့ပေါ့ပေးထားတဲ့ ဘဏ္ဍာရေးထောက်ပံ့မှုတွေနဲ့ပဲ လုပ်တာ။ ဒါတွေကလည်း မြန်မာ့စီးပွားရေးအပေါ် ဘယ်တော့မှ ဝန်ထုပ်ဝန်ပိုး ဖြစ်မလာအောင် သေချာလုပ်ပေးထားတာ" ဟု မီဆရီက မဇ္ဈိမသတင်းဌာနသို့ ပြောကြားခဲ့ဖူးသည်။

တရုတ်တို့က အဖိုးတန် ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းတွင် အစုရှယ်ယာ ၈၅ ရာခိုင်နှုန်းမျှ ရယူနိုင်ရန် ကြိုးစားလာချိန်တွင်တော့ မြန်မာ့အမျိုးသားရေးဝါဒီများက ကန့်ကွက်လာခဲ့ကြသည်။ တရုတ်

စာမျက်နှာ 8 - သို့

# ကလေး ၁၄ သန်းခန့်ကို ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးမည်

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

နိုင်ငံတစ်ဝန်းလုံးရှိ အသက်ကိုးလမှ ၁၅ နှစ်အတွင်းရှိ ကလေး ၁၄ သန်းခန့်ကို ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၏ စီမံချက်မန်နေဂျာ ဒေါက်တာထားထားလင်းက ပြောကြားသည်။

"ဒီကာကွယ်ဆေးက အခမဲ့နဲ့ တစ်ကြိမ်တည်းရမယ့် အခွင့်အရေးဖြစ်တယ်။ ထပ်ခါထပ်ခါ မရပါဘူး။ နိုဝင်ဘာနဲ့ ဒီဇင်ဘာလမှာ မထိုးနိုင်တဲ့ ကိုးလအရွယ် ကလေးကလွဲလို့ မရတော့ပါဘူး။ ဒီရောဂါဖြစ်ပြီဆိုရင် ၃၀ ရာခိုင်နှုန်းလောက်က သေတယ်။ မသေဘဲကျန်ခဲ့တဲ့ ၇၀ ရာခိုင်နှုန်းမှာလည်း စိတ်ပိုင်းဆိုင်ရာနဲ့ ကိုယ်ပိုင်းဆိုင်ရာချို့တဲ့ပြီး ကျန်ရစ်ခဲ့တာများတယ်" ဟု ၎င်းကရှင်းပြသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံပေးခြင်းလုပ်ငန်းကို ယခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၂၃ ရက်နေ့အထိကျောင်းအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်တွင်လည်းကောင်း၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၀ ရက်နေ့အထိ ပြည်သူလူထုအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်တွင်လည်းကောင်း


ဓာတ်ပုံ - သီတာဆွေ

**အသက်ကိုးလမှ ၁၅ နှစ်အတွင်း ကလေးများကို ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံပေးမည့်အစီအစဉ်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာလ ၁၈ ရက်နေ့က Kandawgyi Palace Hotel ၌ပြုလုပ်စဉ်**

အုပ်စုနှစ်စုခွဲ၍ ထိုးနှံပေးသွားမည် ဖြစ်ပြီး ယင်းရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် အသက်ကိုးလအရွယ် ကလေးငယ်များကို ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းထံမှ သိရသည်။

ကာကွယ်ဆေးထိုးအစီအစဉ်၏ ဘတ်ဂျက်အနေနှင့် အမေရိကန်ဒေါ်လာ ၁၅ သန်းခန့် အကုန်အကျခံသွားမည်ဖြစ်ပြီး အစိုးရအပြင် WHO၊ UNICEF၊ GAVI နှင့် PATH စသောအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်က ပြောကြားသည်။

"ဒီဟာဖြစ်ရင် ကုလို့မလွယ်ဘူး။ ကပ်အသွင်ဖြစ်မှ ကုလို့လည်းမရဘူး။ ဒီတော့ ကလေးတိုင်းမကျန်အောင် ထိုးပေးဖို့လိုပါတယ်။ ကလေးသေဆုံးမှုလည်းများသလို နောက်ဆက်တွဲအနေနဲ့ ဒုက္ခိတဘဝလည်းရောက်စေတဲ့ ရောဂါဖြစ်တယ်" ဟု ၎င်းကဆိုသည်။

ထို့အပြင် ကျောင်းအခြေပြုကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ကို မူလတန်း၊ မူလတန်းလွန်၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း၊ ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံတကာကျောင်းများတွင် စုရပ်များဖွင့်လှစ်၍ ထိုးနှံပေးသွားမည်ဖြစ်ပြီး ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်တွင် မြို့နယ်ဆေးရုံများ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ၊ ရပ်ကွက်ကျေးရွာများအတွင်း အုပ်ချုပ်ရေးရုံး၊ ဓမ္မာရုံများ၊ ဘုန်းကြီးကျောင်း၊ ပုဂ္ဂလိကနေအိမ်နှင့် အခြားသတ်မှတ်ထားသည့် ဆေးထိုးစုရပ်များတွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းထံမှ သိရသည်။

လက်ရှိအချိန်တွင် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေး ၁၀ မျိုးကိုထိုးနှံပေးလျက်ရှိပြီး ယခုထိုးနှံပေးမည့် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးမှာ ၁၁ ခုမြောက်ဖြစ်ကြောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအနေနှင့်လည်း ယင်းကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်၍ ၉၅ ရာခိုင်နှုန်း အနည်းဆုံးလွှမ်းခြုံနိုင်ရန် ရည်မှန်းထားကြောင်း ဒေါက်တာထားထားလင်းက ဖြည့်စွက်ပြောကြားသည်။

■ J-12

# စာအုပ်လမ်း (Yangon Book Street ) ကို နိုဝင်ဘာ ၄ ရက်တွင် ပြန်ဖွင့်မည်

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

စာအုပ်အသစ် အရောင်းဆိုင်များ၊ စာအုပ်အဟောင်းတန်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခဲ့သည့် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စာအုပ်လမ်း (Yangon Book Street)ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၄ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနထံမှ သိရသည်။

သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံးနှင့် ဗဟိုပုံနှိပ်စက်ရုံရှေ့ရှိ စာအုပ်ဈေးတန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၇ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး စာအုပ်ဆိုင်တစ်ရာကျော် ဖွင့်လှစ်ရောင်းချခဲ့သော်လည်း မိုးတွင်းကာလတွင် ခေတ္တပိတ်ထားခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှအမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ပြောကြားသည်။

"ရန်ကုန်စာအုပ်တန်းကို မိုးတွင်းကာလကျတော့ လေနဲ့မိုးနဲ့ဆိုတော့ စာအုပ်ဆိုင်တွေက ဖွင့်ရင် အဆင်မပြေတဲ့အတွက် ခဏပိတ်ထားခဲ့တယ်။ နိုဝင်ဘာလ ၄ ရက်နဲ့ ၅ ရက်မှာ ဖွင့်မယ်။ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စာဖတ်သူများလာအောင် စာတမ်းဖတ်ပွဲတွေလည်း လုပ်သွားမယ်" ဟု ၎င်းက ဆိုသည်။

ပြန်လည်ဖွင့်လှစ်မည့် စနေနှင့် တနင်္ဂနွေစာအုပ်လမ်းတွင် ထွက်ရှိမည့် စာအုပ်ဆိုင်များအနေနှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းသို့အောက်တိုဘာလ ၂၇ ရက်ညနေ ၄ နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း အဆိုပါအသင်းထံမှ သိရသည်။

ဆိုင်ခန်းနေရာ မဲနှိုက်မည့်အစီအစဉ်ကို နိုဝင်ဘာလ ၁ ရက်နေ့ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် ကုန်သည်လမ်းရှိစာပေဗိမာန်အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်သည်။

စာအုပ်လမ်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး ဖွင့်လှစ်ရောင်းချသည့် ဆိုင်ခန်းတစ်ခန်းကို တစ်ရက်လျှင် ကျပ် ၆၀၀၀ ပေးဆောင်ရပြီး စာအုပ်အသစ်၊ အဟောင်းကဏ္ဍမျိုးစုံကို လျှော့ဈေးများဖြင့် ရောင်းချပေးမည်ဖြစ်သည်။

■ J-10

**The Voice Daily**

**လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက**

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊

မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

# ဆောက်လုပ်ရေးနည်းပညာဆိုင်ရာ ကျွမ်းကျင်မှုအခမဲ့သင်တန်း ဖွင့်မည်

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

ဂျပန်နိုင်ငံမှ နည်းပြဆရာများ သင်ကြားပေးမည့်ဆောက်လုပ်ရေးနည်းပညာဆိုင်ရာကျွမ်းကျင်မှု အခမဲ့သင်တန်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)ထံမှ သိရသည်။

အဆိုပါသင်တန်းတွင် ဂျပန်အပြည် ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၏အကူအညီဖြင့် ဆောက်လုပ်ရေးသမားသင်တန်း၊ ပန်းရန် အချောကိုင်သင်တန်း(အုတ်စီခြင်းအပါ အဝင်) နှင့် RC (Form work, သံချည်သံကွေး) သင်တန်း စသည့်ဆောက်လုပ်ရေးနည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများကို အခမဲ့ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆောက်လုပ်ရေးဆိုင်ရာ အခမဲ့ သင်တန်းများကို တက်ရောက်လိုသူများအနေနှင့် အခြေခံပညာအလယ်တန်း အဆင့်၊ အသက် ၁၈ နှင့်အထက် ကျန်းမာသန်စွမ်းသူ အမျိုးသား၊ အမျိုးသမီးများ တက်ရောက်နိုင်မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၀ ရက် နောက်ဆုံးထား ကာ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း) အမှတ် ၂၉၈၊ မြနန္ဒာ လမ်း၊ ၁၃ ရပ်ကွက်၊ ရန်ကင်းမြို့နယ်သို့ လျှောက်ထားရမည်ဖြစ်သည်။

ဆောက်လုပ်ရေးနည်းပညာဆိုင်ရာ ကျွမ်းကျင်မှုအခမဲ့သင်တန်းများကို လေးလသင်တန်းများအဖြစ် ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကာ သင်တန်းတစ်ခုတွင် သင်တန်း သား ၄၀ ဦး လက်ခံသင်ကြားမည်ဖြစ်သည်။

■ J-10

# ကြက်သွန်နီဈေး ဆက်တက်

ရန်ကုန်၊ အောက်တိုဘာ ၁၈

နယ်ဒေသများ၌ ကြက်သွန်နီလက်ကျန်နည်းလာ၍ ဘုရင့်နောင် ကြက်သွန်ဈေးကွက်အတွင်း၌လည်း ကြက်သွန်ဈေးနှုန်းများ ဆက်လက်မြင့်တက်ကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

အဆိုပါကြက်သွန်ဈေးနှုန်းများသည် ပြီးခဲ့သည့်အပတ်ကထက် တစ်ပိဿာလျှင် ကျပ် ၅၀ မှ ၁၀၀ ခန့်ထိ မြင့်တက်လာခြင်းဖြစ်ပြီး ဘုရင့်နောင်ဈေးကွက်များအတွင်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ကြက်သွန်ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် နယ်ဈေးကွက်များအတွင်း၌လည်း ကြက်သွန်နီတစ်ပိဿာလျှင် ယခင်ထက် ကျပ် ၁၀၀ ခန့်မြင့်တက်လာပြီး နယ်ဈေးကွက်အတွင်း၌ အရောင်းအဝယ်သွက်လက်ကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

မြန်မာ့ကြက်သွန်ဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် တရုတ်ကြက်သွန်များ အရောင်းအဝယ်သွက်လက်သော်လည်း ဈေးတက်ခြင်းမရှိကြောင်း ကြက်သွန်ဈေးကွက်အတွင်းမှ သိရသည်။

သို့သော် ကြက်သွန်ဖြူဈေးနှုန်းများမှာမူ အတက်ဈေးဖြင့် ငြိမ်သက်လျက်ရှိပြီး အရောင်းအဝယ် ပုံမှန်ဖြစ်ပေါ်လျက်ရှိကြောင်း ဘုရင့်နောင် ကြက်သွန်ဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိကြက်သွန်နီဈေးကွက်အတွင်း ဆိပ်ဖြူ (ရှယ်) တစ်ပိဿာလျှင် ၂၃၂၅ ကျပ်၊ ဆိပ်ဖြူ (လတ်ကြီး) တစ်ပိဿာလျှင် ၂၂၂၅ ကျပ်၊ ဆိပ်ဖြူ (လတ်သန့်) တစ်ပိဿာလျှင် ၂၀၇၅ ကျပ်နှင့် ဆိပ်ဖြူ (လတ်ချော) တစ်ပိဿာလျှင် ၁၈၂၅ ကျပ်ဈေးရှိပြီး ကြက်သွန်ဖြူဈေးကွက်တွင် ကြူကုတ် (ရှယ်) တစ်ပိဿာလျှင် ကျပ် ၁၈၀၀ နှင့် ကြူကုတ် (လတ်) တစ်ပိဿာလျှင် ၁၇၅၀ ကျပ်ဈေးရှိကြောင်း ဘုရင့်နောင်ကြက်သွန်ဈေးကွက်အတွင်းမှ သိရသည်။ ■S-04

# ဂျပန်ပစ္စည်းများ သီးသန့်ရောင်းချမည့် Hand Power Showroom ဖွင့်လှစ်

ရန်ကုန်၊ အောက်တိုဘာ ၁၈



Photo-Phyu Nu)

ဂျပန်နိုင်ငံထုတ်ပစ္စည်းများ သီးသန့်ရောင်းချမည့် Hand Power Showroom ကို အောက်တိုဘာလ ၁၈ ရက်နေ့က ရန်ကုန်မြို့ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းတွင် ဖွင့်လှစ်လိုက်သည်။

အဆိုပါအရောင်းပြခန်းတွင် ဂျပန်နိုင်ငံထုတ် ကုန်ပစ္စည်းအမှတ်တံဆိပ်များဖြစ်သော Airman၊ Mikasa၊ Yamaha နှင့် အခြားဆက်စပ်ပစ္စည်းများကို ရောင်းချသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးရေး တိုးတက်လာသည့်အမျှ ဂျပန်နိုင်ငံမှ ကုမ္ပဏီအများအပြား ရင်းနှီးမြှုပ်နှံလျက်ရှိသော်လည်း ဂျပန်ထုတ်ကုန်များကို တင်သွင်းရောင်းချသော ပြည်တွင်းကုမ္ပဏီမှာ နည်းပါးလျက်ရှိပြီး Hand Power သည် စားသုံးသူများ၏ လိုအပ်ချက်များကို တိုင်ပင်၍ လိုအပ်သော ပစ္စည်းများကို ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းသွားမည်ဖြစ်သည်။ ■

# ရက်ပိုင်းအတွင်း ပဲမျိုးစုံတန်ချိန် သောင်းနှင့်ချီလာရောင်း

ရန်ကုန်၊ အောက်တိုဘာ ၁၈

ပဲဈေးများ ဆက်တိုက်ကျနေခြင်းကြောင့် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက ဝယ်ယူပေးနေသည့် သတ်မှတ်ဈေးနှုန်းများအတိုင်း ပဲလာရောက်ရောင်းချမှုသည် ရက်ပိုင်းအတွင်း ပဲမျိုးစုံတန်ချိန် တစ်သောင်းသုံးထောင်ကျော်ရှိကြောင်း ပဲစင်းငုံနှင့် မတ်ပဲဈေးနှုန်း တည်ငြိမ်ရေးနှင့် ဝယ်ယူတင်ပို့ရောင်းချရေးအဖွဲ့ စီမံခန့်ခွဲရေးကော်မတီထံမှ သိရသည်။

အောက်တိုဘာလ ၁၂ ရက်နေ့က ပဲစင်းငုံတန်ချိန် ၃၆၀ သာ လာရောက်ရောင်းချသော်လည်း အောက်တိုဘာလ ၁၈ နေ့အထိ ပဲစင်းငုံကို တန်ချိန်တစ်သောင်းကျော်နှင့် မတ်ပဲကို တန်ချိန်သုံးထောင်ကျော် ဝယ်ယူပြီးဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရသည်။

"အခုနောက်ပိုင်းတော့ ဈေးကျလာလို့ ရောင်းတဲ့လူ တော်တော်များလာတယ်" ဟု ပဲစင်းငုံနှင့် မတ်ပဲဈေးနှုန်း တည်ငြိမ်ရေးနှင့် ဝယ်ယူတင်ပို့ရောင်းချရေးအဖွဲ့ စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ခံတစ်ဦးက ပြောဆိုသည်။

ထိုကော်မတီက ဝယ်ယူပေးရာတွင် ပဲနှမ်းအသင်း၏ သတ်မှတ်ချက်ဖြစ်သည့် ပဲစင်းငုံတန်ချိန်တစ်သောင်းကို ကျော်လွန်နေပြီဖြစ်သော်လည်း ဆက်လက်ဝယ်ယူပေးနေပြီး ထပ်မံဝယ်ယူပေးနိုင်ခြင်းရှိမရှိကို နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရုံးတွင် အောက်တိုဘာလ ၁၉ ရက်နေ့၌ ပဲနှမ်းအသင်းက သွားရောက်ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

လက်ရှိပဲကုန်သည်များထံမှ ပဲဝယ်ယူပေးနေမှုသည် ပဲနှမ်းအသင်း၏ ရန်ပုံငွေဖြစ်သည့် ကျပ် ၅၀ ဘီလီယံဖြင့် ဝယ်ယူပေးနေခြင်းဖြစ်ပြီး အစိုးရဘက်က ကျပ် ၅၀ ဘီလီယံမှာ ရရှိခြင်းမရှိသေးကြောင်း ယင်းအသင်းထံမှ သိရသည်။

ပဲစင်းငုံကို တစ်တန် ကျပ်လေးသိန်းဖြင့် တန်တစ်သောင်းနှင့် မတ်ပဲကို တစ်တန်လျှင် ကျပ်ငါးသိန်းဖြင့် တန်နှစ်သောင်းထိ ဝယ်ယူပေးမည်ဖြစ်ပြီး ကုန်သည်တစ်ဦးလျှင် စာချုပ်တစ်စောင် တန် ၅၀ မှ ၃၆၀ အထိ ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီတစ်ခုလျှင် စာချုပ်ချုပ်ဆိုပြီး ပစ္စည်းများအားလုံးပေးပို့ပြီးမှသာ စာချုပ် ထပ်မံချုပ်ဆိုခွင့်ပြုမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

ပဲဈေးနှုန်းများသည် တစ်ပတ်အတွင်း ပဲစင်းငုံတစ်တန်လျှင် ကျပ် ၃၈,၀၀၀ ကျော်နှင့် မတ်ပဲတစ်တန်လျှင် ကျပ် ၄၇,၀၀၀ ခန့်ကျဆင်းပြီး လက်ရှိပဲစင်းငုံတစ်တန်လျှင် ကျပ် ၃၄၀,၀၀၀၊ မတ်ပဲ (FAQ) တစ်တန်လျှင် ကျပ် ၄၅၃,၀၀၀ နှင့် မတ်ပဲ (SQ) တစ်တန်လျှင် ကျပ် ၆၀၂,၀၀၀ ဈေးရှိကြောင်း ဘုရင့်နောင်ပဲဈေးကွက်အတွင်းမှ သိရသည်။ ■ S-04

# SME လုပ်ငန်းများကို အပေါင်ပစ္စည်းမပါဘဲ ငွေချေးရန် အခက်အခဲရှိ

ရန်ကုန်၊ အောက်တိုဘာ ၁၈

ဘဏ်လုပ်ငန်းငယ်များအနေနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း (SME) များကို အပေါင်ပစ္စည်း မယူဘဲ ငွေချေးရန်မှာ အခက်အခဲများရှိကြောင်း ဘဏ်လုပ်ငန်းရှင်များက ပြောကြားသည်။

ပုဂ္ဂလိကဘဏ်လုပ်ငန်းများစွာရှိသည့်အနက် အချို့သော ဘဏ်အကြီးစားများမှာ အခြားသောစီးပွားရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ခြင်းများ ရှိသဖြင့် SMEs လုပ်ငန်းများကို အပေါင်မယူဘဲ ငွေချေးနိုင်ကြကြောင်း၊ ဘဏ်အသေးစားများကမူ အပ်ငွေကို ပြန်လည်ချေးရသည့်အတွက် ပြန်မဆပ်ပါက အရှုံးပေါ်သည့်အထိဖြစ်နိုင်ကြောင်း ကမ္ဘောဇရတနာဘဏ်၏ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာလှည္သွန့်က ပြောဆိုသည်။

"သူတို့တွေဘက်က လုပ်ငန်းနဲ့ ပတ်သက်တဲ့အရာတွေကို တိတိကျကျ မပြနိုင်ဘူး။ လုပ်ငန်းကို ဘယ်လိုလုပ်မယ်၊ လာမယ့် ဘယ်နှနှစ်အတွင်း အကျိုးအမြတ် ဘယ်လိုရမယ်၊ ငွေကိုဘယ်လိုပုံစံနဲ့ ဆပ်မယ်။ ဒါတွေမပါရင် ပြည်တွင်းဘဏ်တွေက မချေးချင်သလို နိုင်ငံခြားဘဏ်တွေလည်း မချေးဘူး" ဟု ၎င်းကဆိုသည်။

ဗဟိုဘဏ်အနေနှင့် SMEs လုပ်ငန်းများကို အပေါင်ပစ္စည်းမဲ့ငွေချေးခွင့်ပြုသော်လည်း လက်ရှိအခြေအနေများအရ ဘဏ်အငယ်များမှာ စတင်ဆောင်ရွက်ရန် အခက်အခဲများရှိပြီး ဘဏ်ကြီး သုံး၊ လေး ဘဏ်လောက်သာ စတင်နိုင်မည်ဖြစ်ကြောင်း ကမ္ဘောဇဘဏ်မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"ဒါကတော့ သေချာလုပ်ငန်းကို စိစစ်ပြီးလုပ်ကြရမှာပါ။ အစိုးရဘဏ်ဖြစ်တဲ့ SMIDB တောင် SMEs တွေကို ငွေချေးတာ အခုထိမရလို့ တရားစွဲမယ်လို့ ကြားတယ်။ အခုဘဏ်အငယ်တွေရဲ့ ပြဿနာက ပြန်မဆပ်နိုင်ရင် သူတို့ အခက်ကြုံမှာပါ" ဟု ၎င်းကရှင်းပြသည်။

ဗဟိုဘဏ်အနေနှင့် စီးပွားရေးလုပ်ငန်းများကို အပေါင်ပစ္စည်းမယူဘဲ လုပ်ငန်းသေချာကြောင်းပြသပါက ချေးငွေထုတ်ချေးရန် လွန်ခဲ့သည့် ၂ နှစ်ခန့်ကပင် ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ သို့သော်လည်း ဘဏ်လုပ်ငန်းကဏ္ဍတွင် ငွေချေးသူ၏ နောက်ကြောင်းကို သိရှိနိုင်မည့် ခရက်ဒစ်ဗျူရိုကဲ့သို့ သတင်းအချက်အလက်စင်တာများမရှိခြင်းကြောင့် ၎င်းတို့နှင့် ရင်းနှီးသူများကိုသာ ငွေထုတ်ချေးကြကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် တစ်နိုင်ငံလုံးအနေအထားဖြင့် SMEs လုပ်ငန်းပေါင်း နှစ်သောင်းကျော်ကို မှတ်ပုံတင်ထားပြီး လုပ်ငန်း တစ်ထောင်ကျော်သာ ဘဏ်ချေးငွေရရှိကြောင်း စက်မှုဝန်ကြီးဌာနထံမှ သိရသည်။ ■J-13

# မော်လိုက်ခရိုင် အုပ်ချုပ်ရေးမှူးကို ဝရမ်းပြေးအဖြစ် ရဲက ထုတ်ပြန်

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

ကျပ်သိန်းထောင်ချီ အဂတိလိုက်စားမှုဖြင့် ဖမ်းဆီးထားသော ကရင်ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးဟောင်း ဦးပြုံးချ ပါဝင်သည့် အမှုမှ လွတ်မြောက်နေသော တရားခံပြေးဖြစ်သူ မော်လိုက်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်ရဲသွေးကို တွေ့ရှိပါက သတင်းပေးရန် ၎င်း၏ ဓာတ်ပုံကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ထုတ်ပြန်ခဲ့သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆/၆၃ အမှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသော အသက် ၄၁ နှစ်ဦးကျော်ရဲသွေးမှာ ဘယ်မေးစေ့တွင် အမာရွတ်ထင်ရှားသည့် အမှတ်အသားရှိပြီး လှိုင်မြို့နယ်၊ အင်းစိန်လမ်းတွင် နေထိုင်သူဖြစ်ကြောင်း၊ မော်လိုက်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးအဖြစ် ၎င်းမှာ တာဝန်ထမ်းဆောင်နေစဉ် ရှောင်တခင်ခွင့်ယူပြီး ဖမ်းဆီးမခံဘဲ တိမ်းရှောင်ခဲ့သောကြောင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ တရားခံပြေးအဖြစ် ၎င်းကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ အမှုမှာ ဇဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ မြေကွက်အရောင်းအဝယ်ကိစ္စတွင် ယခင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးဟောင်းဖြစ်သူ ဦးပြုံးချို အပါအဝင် ခြောက်ဦးက ကျပ်သိန်းထောင်ချီ အဂတိလိုက်စားခဲ့ပြီး မြေရှင်နှင့် မြေဝယ်သူများကို နှောင့်ယှက်ဟန့်တားခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သောကြောင့် နစ်နာသူများ၏ တိုင်ကြားချက်အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့မှ စုံစမ်းစစ်ဆေးခဲ့သည်။

ယင်းနောက် ဦးပြုံးချို အပါအဝင် ခြောက်ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးစိန်တင်က ဇဟန်းမြို့မ ရဲစခန်းတွင် တရားလိုပြု အမှုဖွင့်ခဲ့ပြီး ဦးပြုံးချို အပါအဝင် ငါးဦးကို ရဲတပ်ဖွဲ့က ဖမ်းမိခဲ့သော်လည်း ဦးကျော်ရဲသွေးမှာ လွတ်မြောက်သွားခဲ့သည်။ လက်ရှိ ယင်းအမှုကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ရုံးထုတ်စစ်ဆေးနေပြီး တရားလိုဖြစ်သူ ဦးစိန်တင်က ရုံးတော်သို့ သက်သေခံစာရွက်စာတမ်းများ တင်သွင်းပြီး အရေးကြီးထွက်ဆိုချက်များကို ထွက်ဆိုခဲ့ပြီးဖြစ်သဖြင့် တရားစွဲဆိုခံရသူများ၏ ရှေ့နေများက ၎င်းကို အပြန်အလှန်မေးခွန်းများ အလှည့်ကျမေးမြန်းစစ်ဆေးလျက်ရှိကြောင်း ရှေ့နေများထံမှ သိရသည်။

■ **S-03**

# ကန့်ကွက်ဆန္ဒပြမှုများရှိသော်လည်း ဆုံးဖြတ်ချက်ကို ပြင်မည်မဟုတ်ဟု ရခိုင်အမျိုးသားပါတီ ဆို

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

ရခိုင်အမျိုးသားပါတီ (ANP) ၏ စစ်တွေမြို့နယ် ပါတီအတွင်းရေးမှူးဖြစ်သူကို ထုတ်ပယ်ခဲ့သည့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်ဆန္ဒပြမှုများဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း ယင်းဆုံးဖြတ်ချက်ကို ပြင်ဆင်သွားမည်မဟုတ်ကြောင်း ပါတီ၏ အထွေထွေအတွင်းရေးမှူး ဦးထွန်းအောင်ကျော်က ပြောကြားသည်။

အဆိုပါ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ရခိုင်အမျိုးသားပါတီ၏ ခေါင်းဆောင်များဖြစ်သည့် ဒုဥက္ကဋ္ဌ ဦးခိုင်ပြည်စိုးနှင့် အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးထွန်းအောင်ကျော်တို့ကိုပါတီက ဖယ်ရှားပေးရန် အောက်တိုဘာလ ၁၇ ရက်နေ့က ဒေသခံ ၁၀၀ ခန့်က ဆန္ဒပြ တောင်းဆိုခဲ့ကြသည့်အပေါ် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

စစ်တွေမြို့နယ် ပါတီအတွင်းရေးမှူး ဦးအောင်သန်းဝေကို ယင်းမြို့နယ်အတွင်းရှိ ပါတီအလုပ်အမှုဆောင်များက ပါတီ၏ ငွေရေးကြေးရေးကိစ္စများနှင့် ပတ်သက်၍ တိုင်ကြားမှုများရှိသည့်အတွက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စစ်ဆေး၍ပြီးခဲ့သည့် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ANP ပါတီမှ ထုတ်ပယ်လိုက်ခြင်းဖြစ်သည်။

အဆိုပါ ထုတ်ပယ်မှုကို ANP ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့က မဲခွဲ၍ ဆုံးဖြတ်လိုက်ခြင်းသာဖြစ်ပြီး တစ်ဦးတစ်ယောက်တည်း ဆုံးဖြတ်ချက်ဖြင့် ထုတ်ပယ်ခဲ့ခြင်းမဟုတ်သည့်အတွက် ယင်းကိစ္စအပေါ် ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ ဆုံးဖြတ်ချက်အတိုင်း ဆက်လက်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ဦးထွန်းအောင်ကျော်က ပြောကြားသည်။

"ဟိုအလုပ်အမှုဆောင် ကော်မတီမှာ အရေးယူဆောင်ရွက်သင့်တယ်ဆိုတဲ့သူတွေကို အရေးယူဆောင်ရွက်တယ်။ အရေးယူခံရတဲ့သူတွေက သူတို့ရဲ့ ရင်တွင်းခံစားချက်တွေကို မကျေမနပ်ဖြစ်ပြီးတော့ ဆန္ဒပြတာတွေ ဖြစ်ကြတာပါ" ဟု ၎င်းက ဆိုသည်။

စစ်တွေမြို့ ဆန္ဒပြပွဲတွင် ဦးဆောင်ပါဝင်ခဲ့သူတစ်ဦးဖြစ်သည့် ဦးအောင်ကိုမိုးက ပါတီ၏ မြို့နယ်အတွင်းရေးမှူးကို ထုတ်ပယ်မှုသည် ANP ပါတီတွင်း ပြိုကွဲမှုဖြစ်လာနိုင်သည့်အခြေအနေကို တွေ့မြင်ရခြင်းကြောင့် ဆန္ဒပြရခြင်းဖြစ်ကြောင်း ပြောကြားသည်။

"ကျွန်တော်တို့ဆန္ဒပြတာကတော့ ပါတီကိုပြတာမဟုတ်ဘူး။ ပါတီတွင်းမှာ ပါတီခေါင်းဆောင်တချို့ရဲ့လုပ်ရပ်တွေကို မကျေနပ်လို့ပြတာ။ ပါတီကို ပြိုကွဲအောင်လုပ်နေတဲ့ လုပ်ရပ်ဖြစ်လို့ ဆန္ဒပြတာ" ဟု ၎င်းက ဆိုသည်။

အဆိုပါ ဆန္ဒပြသူများသည် စစ်တွေမြို့ ရခိုင်အမျိုးသားပါတီ ဗဟိုဌာနချုပ်ရုံးရှေ့သို့ သွားရောက်ကာ "ANP ကို ဖြိုခွဲသူ- ဒုဥက္ကဋ္ဌ ဦးခိုင်ပြည်စိုးနှင့် အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးထွန်းအောင်ကျော်တို့ကို ပါတီမှ ဖယ်ရှားပေးရေး၊ ANP ဖြိုခွဲမည့်အကြံ ငါတို့လက်မခံ၊ ANP ဖြိုခွဲသူ ငါတို့ရန်သူ၊ ဦးအောင်သန်းဝေအား **လုပ်ကြံထုတ်သူများ** ANP က ထွက်" စသည့် ကြွေးကြော်သံများဖြင့် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

■ **J-08**

**စာမျက်နှာ 5 - ရခိုင်အရေးကိစ္စတွင် တရုတ်နှင့် အိန္ဒိယ မှအဆက်**

CITIC အုပ်စုက ဦးဆောင်သည့် လုပ်ငန်းစုကြီးသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံတန် ရေနံဆိပ်ကမ်းတွင် ရှယ်ယာ ၇၀ မှ ၈၅ ရာခိုင်နှုန်းအထိ ရရန် တွန်းအားပေးနေသည်ဟု ဆိုသည်။ တရုတ်ဘက်မှ အဆိုပြုသော အရွယ်အစားမှာ မြန်မာဘက်က ယမန်နှစ်က ၅၀-၅၀ အကျိုးတူပူးပေါင်းဆောင်ရွက်မှု အဖြစ် အဆိုပြုသည်ထက် သိသိသာသာ ကြီးမားသည်။ မြန်မာဘက်မှ အဆိုပြုမှုကိုလည်း CITIC က ပယ်ချခဲ့သည်။

တရုတ်အတွက်ရေနံနှင့် သဘာဝဓာတ်ငွေ့ အဝင်လမ်းဖြစ်သော ကျောက်ဖြူဆိပ်ကမ်းသည် တရုတ်အတွက် အလွန်အရေးပါသည်။ မလက္ကာရေလက်ကြားကို ရှောင်လွှဲပြီး အရှေ့အလယ်ပိုင်းမှ စွမ်းအင်တင်ပို့မှုများအတွက် အခြားရွေးချယ်စရာလမ်းကြောင်းအဖြစ် အသုံးချနိုင်သည်။ ဆိပ်ကမ်းသည် စီမံကိန်းကြီးနှစ်ခု၏ တစ်စိတ်တစ်ဒေသသာဖြစ်ပြီး ကုန်သွယ်ရေးနှင့် အထူးစီးပွားရေးဇုန်များ တည်ဆောက်ရန်ပါ ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ယင်းဆောင်ရွက်မှုနှစ်ခုစလုံးတွင် CITIC က ဦးဆောင်ရန် ၂၀၁၅ ခုနှစ်က ခွင့်ပြုချက်ရထားသည်။ အိန္ဒိယဘက်က စိုးရိမ်နေသည်မှာ တရုတ်သည် ကျောက်ဖြူကဲ့သို့သော စီမံကိန်းကြီးများဖြင့် မြန်မာနိုင်ငံကို ကြွေးမြီဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး ပိုမိုလွှမ်းမိုးချုပ်ကိုင်နိုင်လာမည့် အချက်ဖြစ်သည်။

"သီရိလင်္ကာလိုပဲ မြန်မာလည်း ကြွေးမြီဝန်ထုပ်ဝန်ပိုးကြီးနဲ့ ရင်ဆိုင်လာရနိုင်တယ်။ မြန်မာတွေဘက်က ပြန်မဆပ်နိုင်ရင် အဲဒီစီမံကိန်းကြီးတွေရဲ့ ရှယ်ယာတွေကို ချုပ်ကိုင်ဖို့က တရုတ်ရဲ့မဟာဗျူဟာပဲ" ဟု အိန္ဒိယစီးပွားရေးပညာရှင် ပရာဘီယာဒီးက သုံးသပ်သည်။

မြန်မာနိုင်ငံတွင်းမှ တရုတ်၏ ရင်းနှီးမြှုပ်နှံမှုများမှာ ဂျပန်နိုင်ငံနှင့် လုံးဝကွဲပြားခြားနားသည်။ ဂျပန်သည် သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးရေး ဆောင်ရွက်နေရာတွင် သီလဝါ၌ ဆိုလျှင် မြန်မာနိုင်ငံကို ရှယ်ယာ ၅၁ ရာခိုင်နှုန်း ထိန်းချုပ်ခွင့်ပေးသည်။

(ထားဝယ်တွင် ဂျပန်က ၂၀၁၅ တွင်မှ ပါဝင်လာခြင်းဖြစ်ပြီး ထိုင်း၊ မြန်မာတို့နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ။ ဘာသာပြန်သူ)

"ကျောက်ဖြူနဲ့ သီလဝါအကြား ကွဲပြားချက်တွေက ထင်ရှားပြီး အရမ်းသိသာပါတယ်။ ၂ ရာခိုင်နှုန်း ကွာဟချက်ဆိုတာ လက်တွေ့မှာ ဘာမှ မသိသာပေမယ့် ယုံကြည်မှုနဲ့ ချစ်ကြည်မှုအတွက်တော့ အရေးပါတဲ့ သင်္ကေတပါပဲ" ဟု စင်ကာပူ နိုင်ငံတကာရေးရာအင်စတီကျူမှ ဥက္ကဋ္ဌ ဆိုင်မွန်တေက Myanmar Times သို့ သုံးသပ်ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်မှ လူ့အခွင့်အရေးကိစ္စများနှင့် ပတ်သက်ပြီး ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို တန်ပြန်ကန့်ကွက်နိုင်ရန် တရုတ်အပေါ် မှီခိုနေရရာ မြန်မာ့နိုင်ငံရေးသမားများအနေနှင့် တရုတ်အပေါ် ပွင့်ပွင့်လင်းလင်း ဝေဖန်ရန် ခက်ခဲနေသည်။

တစ်ဦးချင်းအနေနှင့်မူ NLD ပါတီမှသာမက အတိုက်အခံပါတီများမှ နိုင်ငံရေးသမားများကပါ ကျောက်ဖြူကဲ့သို့သော အဓိက စီမံကိန်းများတွင် တရုတ်ကို လုံးဝထိန်းချုပ်ခွင့်ပေးလိုက်ရသည်မျိုးကို ဘဝင်မကျကြောင်း သုံးသပ်ကြသလို သီရိလင်္ကာကို နမူနာပေးပြောဆိုမှုများရှိနေသည်။

တရုတ်သည် ကျောက်ဖြူတွင် ဓာတ်ငွေ့ တူးဖော်မှုနှင့် ပိုက်လိုင်းစီမံကိန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ၏ ရလဒ်အဖြစ် သဘာဝရင်းမြစ် အမျိုးသားရေးဝါဒကို ရင်ဆိုင်လာရသည်။ ယခုနှစ်အတွင်း ကျောက်ဖြူမြို့မှ ဒေသခံ ၆၀၀ ခန့်သည် စက်တပ်လှေ ၁၀၀ ကျော်ဖြင့် တရုတ်နိုင်ငံပိုင် ရေနံကုမ္ပဏီ CNPC ၏ ဒေသခံရုံးသို့ သွားရောက်ကာ ငါးဖမ်းခွင့်များ ပိတ်ပင်ထားခြင်းကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

"ဒီလုပ်ငန်းကြီးထဲမှာ တရုတ်ကုမ္ပဏီတွေချည်းပဲ လွှမ်းမိုးနေတာရယ်၊ ကျောက်ဖြူရဲ့ဒီဓာတ်ငွေ့စီမံကိန်းတွေနဲ့ နီးကပ်နေတာရယ်ကြောင့် သယံဇာတအမျိုးသားရေးဝါဒဟာ ဒီအထူးစီးပွားရေးဇုန်အပေါ် ဒေသခံတွေရဲ့ မကျေနပ်ချက်တွေကို ပိုအားကောင်းလာစေနိုင်တယ်" ဟု Global Risk Insights အဖွဲ့က သုံးသပ်ထားသည်။

■ **Ref:South China Morning Post, WHY DO CHINA, INDIA BACK MYANMAR OVER THE ROHINGYA CRISIS? by BY SUBIR BHAUMIK**

The VOICE Daily

CARTOON



# ဘဏ္ဍာရေးနှစ်သတ်မှတ်ကာလ ပြောင်းလဲမှု

အောင်ထက်

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်မှ စတင်ကျင့်သုံးသည့် ဘဏ္ဍာရေးနှစ် သတ်မှတ်ကာလဖြစ်သော ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ အစား အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိဟု ပြောင်းလဲသတ်မှတ်ရန် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့ထားသည်။ ယင်းသို့ပြောင်းလဲမှုနှင့်ပတ်သက်၍ မည်သို့ရှုမြင်ကြသည်ကို သိရှိနိုင်စေရန်အတွက် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်မင်းနှင့် အဆိုပါကော်မတီဥက္ကဋ္ဌဟောင်း ဦးသူရိန်ဇော်တို့၏အမြင်များကို မေးမြန်းဖော်ပြအပ်ပါသည်။

## “စိစစ်ရတဲ့ကျွန်တော်တို့အပိုင်းမှာ အခက်အခဲတော့ ရှိမယ်မထင်ဘူး”

### ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မင်း (ပြည်သူ့လွှတ်တော်)



**Voice ： ဘတ်ဂျက်နှစ်အပြောင်းအလဲအတွက် အခက်အခဲအချို့ကိုလည်း ဒုဝန်ကြီးကလွှတ်တော်မှာ လာရှင်းထားတာ ဆိုတော့ ဆရာတို့အနေနဲ့ရော ဘယ်လိုအခက်အခဲတွေ တွေ့ကြုံနိုင်မယ်လို့ထင်လဲဗျ။**

**UAM** ： ကျွန်တော်တို့က လွှတ်တော်က ငွေစာရင်းကို တိုက်ရိုက်ကိုင်တာမဟုတ်ဘူးလေ။ ဝန်ကြီးဌာနတွေကပဲ တွက်ချက်ရတာကိုး၊ ခု ကျွန်တော်တို့ကြားနေရတာက ၆ လတစ်ဖြတ် ၁၂ လ တစ်ဖြတ် ဆွဲခိုင်းထားတယ်၊ ကျွန်တော်တို့ကတော့ ဘတ်ဂျက်တင်လာရင် စိစစ်မယ်ဆိုတော့ ကျွန်တော်တို့ လွှတ်တော်အနေနဲ့တော့ အခက်အခဲမရှိပါဘူး။ ၆ လစာတင်လာရင် စိစစ်မယ်၊ တစ်နှစ်စာတင်လာရင်လည်း စိစစ်ရမယ်။ ဝန်ကြီးဌာနတွေရဲ့အခက်အခဲက သူတို့မှာရှိမှာပါ။ စိစစ်ရတဲ့ ကျွန်တော်တို့အပိုင်းမှာ အခက်အခဲတော့ ရှိမယ်မထင်ဘူးခင်ဗျ။

**Voice ： ဒီကိစ္စကို ဆရာ့အနေနဲ့ ဘယ်လိုမြင်ပါသလဲ၊ ပြောင်းလဲလိုက်တဲ့အတွက် ဝန်ကြီးဌာနတွေမှာရော ဘယ်လိုအားသာချက်တွေ အားနည်းချက်တွေ ဖြစ်လာမယ်လို့ထင်မိလဲ။**

**UAM** ： ကျွန်တော့်အနေနဲ့ပြောရမှာ စောနေတယ်ခင်ဗျ၊ လွှတ်တော်မှာလည်း ဆွေးနွေးဖို့က ကျွန်တော်တို့ကို အချိန်ပေးထားတော့၊ ကျွန်တော့်အမြင်ကို တင်ပြဖို့က ကျွန်တော့်မှာ အခက်အခဲတော်တော်ရှိတယ်။ အားသာချက် အားနည်းချက်တွေမှာ မနေ့က ဦးမောင်မောင်ဝင်း ( စီမံဘဏ္ဍာဒုဝန်ကြီး) အပြည့်အစုံ ပြောသွားပြီးပြီဆိုတော့ ခင်ဗျားတို့ထုတ်တဲ့သတင်းစာမှာလည်း ဖော်ပြထားတာတွေ့ရပါတယ်။ ကျွန်တော့်သဘောကတော့ မဆွေးနွေးရသေးခင် ပြောဖို့က တော်တော်ခက်ပါတယ်ခင်ဗျ။

**Voice ： ပြောရခက်တယ်ဆိုတာက ကိုယ့်ပါတီက တင်မြှောက်တဲ့အစိုးရ၊ ကိုယ်ရွေးချယ်ခဲ့တဲ့ အစိုးရမို့လို့လားခင်ဗျ။**

**UAM** ： အဲလိုတော့မဟုတ်ပါဘူး။ ကျွန်တော်တို့က ဒီမှာလွှတ်တော်ဥက္ကဋ္ဌကြီးကလည်း ကျွန်တော်တို့ကို Open to Flow လုပ်ထားတာပဲ၊ လွှတ်တော်မှာ ဆွေးနွေးနိုင်ပါသည်လို့ ပြောထားတော့ ခုထိဆွေးနွေးရကောင်းမလား၊ မဆွေးနွေးရ ကောင်းမလားလို့ ခုထိစဉ်းစားနေတုန်းပါပဲ။ ဆွေးနွေးမယ့်သူတွေကို သောကြာနေ့အထိ အမည်စာရင်းပေးဖို့ ပြောထားတာဆိုတော့ ကျွန်တော့်အနေနဲ့ ပြောဖို့တော့ စောပါတယ်ခင်ဗျ။

**Voice ： အကယ်၍ဆွေးနွေးမယ်ဆိုရင်ရော ထောက်ခံမယ့်ဘက်ကို ဆွေးနွေးမှာလား၊ ထောက်ပြမယ့်ဘက်ကို ဆွေးနွေးဖို့ ရည်ရွယ်ထားသလားဆရာ။**

**UAM** ： ကျွန်တော်တို့က ဆွေးနွေးမယ်ဆိုရင် အကြံပြုချက်ပါပဲ။ ကျွန်တော်ရဲ့ခံယူချက်ပေါ့။ အပြုသဘောနဲ့ ဆွေးနွေးတာအကောင်းဆုံးပေါ့။ ကိုယ့်အဖွဲ့ချုပ်ပါတီက အစိုးရဖြစ်လို့ ကျွန်တော်တို့လျှော့ ဆွေးနွေးမှာတို့မရှိပါဘူး။ အားလုံးက နိုင်ငံတော်ကောင်းကျိုးအတွက် လုပ်တာ ထိရောက်တဲ့ကိစ္စကိုပဲ ကျွန်တော်တို့က ပြောရမှာပါ။ ကျွန်တော်တို့ကိုတော့ ကိုယ့်ပါတီက ကိုယ့်အစိုးရကတင်တဲ့ ကိစ္စဖြစ်တဲ့ အတွက် ထောက်ခံပါတို့၊ ဟိုဒင်းဖြစ်ပါလို့ ပြောမထားပါဘူး။

**Voice ： ဒါဆိုရင် မဲခွဲရမယ်ဆိုရင် ဘယ်ထောက်ခံနဲ့ ကန့်ကွက် ဘယ်ဘက်ကို မဲပေးမလဲဆိုတာ ပြောလို့ရမလား။**

**UAM** ： ကျွန်တော်က အကြံပြုမယ်လို့ပဲ ပြောတာပါ။ ကျွန်တော်တို့က ဘယ်လိုပြောရမလဲဆိုတော့ ဥပဒေလည်းရှိတယ်လေ၊ လွှတ်တော်မှာ ဆွေးနွေးမယ့်ကိစ္စကို မဆွေးနွေးမချင်း အပြင်ကို ထုတ်ဖော်ပြောလို့မရပါဘူး။ နောက်တစ်ခုက ကျွန်တော်တစ်ယောက်ထဲက ကန့်ကွက်ခြင်း၊ ထောက်ခံခြင်းနဲ့ တကယ့်တကယ် ဟိုဒင်း မဖြစ်ပါဘူး။ကျွန်တော်တို့က အားလုံးအစတည်းကအပြုသဘောနဲ့ဘဲဆွေးနွေးမှာပါ၊ အစိုးရတွေရဲ့ လုပ်ငန်းဆောင်ရွက်ချက်၊ ရည်ရွယ်ချက်က နိုင်ငံတော်ကောင်းဖို့ပဲလုပ်ကြတာပါ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပိုကောင်းဖို့ပဲ ဖြည့်စွက်ပေးတာပါ။ ■

**ဘဏ္ဍာရေးနှစ်သတ်မှတ်ကာလပြောင်းလဲမှုအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ လွှတ်တော်တွင်တင်ပြချက်**

- လက်ရှိ ကျင့်သုံးနေသော (ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်) ရက်သတ်မှတ်မှုကြောင့် အားနည်းချက်သည် နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများကို မိုးရာသီကုန်မှ ဆောင်ရွက်နိုင်ခြင်း၊ ပြည်ပချေးငွေရယူရာတွင် ချေးငွေပေးသည့် နိုင်ငံဘတ်ဂျက်နှစ်နှင့် မကိုက်ညီခြင်း၊ အချိန်များ ညှိနှိုင်းရခြင်း၊ အထွေထွေ ရွေးကောက်ပွဲကျင်းပနှစ်တွင် နောင်တက်မည့်အစိုးရကို လက်ရှိအစိုးရမှဘတ်ဂျက်ရေးဆွဲပေးအပ်ရခြင်းတို့ ဖြစ်နေပေါ်နေကြောင်း ။

- ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက် လက်ရှိ သတ်မှတ်ထားခြင်းသည် လယ်ယာစိုက်ပျိုးသည့် နိုင်ငံဖြစ်သောကြောင့် တောင်သူများ လယ်မစိုက်မီ ငွေထုတ်ချေးနိုင်ရေးနှင့် ၊ မြန်မာသက္ကရာဇ်နှင့် ညီညွတ်စေရေးတို့ကြောင့် ဖြစ်ကြောင်း ။

- (အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက် ) သို့ ပြောင်းလဲလိုက်ပါက အားသာချက် အနေနှင့် ပွင့်လင်းရာသီ တစ်ဆက်တည်းဖြစ်သော ၈ လခန့်တွင် အစိုးရ၏တည်ဆောက်ရေးနှင့် ဝယ်ယူရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ခြင်း၊ ဘဏ္ဍာနှစ်စတင်ချိန်တွင် နှစ်သစ်ကူးရုံးပိတ်ရက်နှင့်တိုက်ဆိုင်မှု မရှိတော့ခြင်း၊ ဘတ်ဂျက်နှစ်ကုန်ခါနီး မိုးရာသီတွင် လုပ်ငန်းများ အပြီးသတ်နိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်ခြင်း၊ ၃ လပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲရာတွင် ညီညွတ်မျှတလာနိုင်ခြင်းတို့ဖြစ်ကြောင်း။

## “နောက်အစိုးရလွှဲမယ်ဆိုရင် ဘတ်ဂျက် ၆ လစာကိုကိုင်ပြီး လုပ်ရမှာ၊ နောက်အစိုးရ အခက်တွေ့နိုင်တယ်”

### ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌဟောင်း ဦးသူရိန်ဇော်



**Voice ： ပြည်ထောင်စုလွှတ်တော်မှာ ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲဖို့ မနေ့ကတင်လိုက်တယ်ခင်ဗျ၊ ဘယ်လိုမြင်လဲဗျ။**

**UTYZ** ： အေး တင်တယ်။သူတို့က အတည်ပြုမှာပဲလေ၊ လုပ်ချင်နေတာကိုး အတင်း။

**Voice ： အဲဒီလိုလုပ်လိုက်ရင် နိုင်ငံဘတ်ဂျက်ရေးဆွဲတဲ့ပုံစံတွေ ဘယ်လို ပြောင်းလဲသွားနိုင်တဲ့ အနေအထားတွေရှိလဲ။**

**UTYZ** ： အခုဘတ်ဂျက်က မတ်လ ၃၁ ရက်နေ့ဆိုရင်ကုန်ပြီ၊ အဲဘတ်ဂျက်ပြီးရင် နောက်ထပ်ခြောက်လစာ ဘတ်ဂျက်ကို ထပ်ဆွဲရမှာပေါ့၊ သူတို့က အောက်တိုဘာလ ၁ ရက်မှစမှာ။ ဒီဘတ်ဂျက်က အပြီးမသတ်ဘဲ နောက်ထပ် ခြောက်လထပ်ဆွဲဖို့ အပိုဖြစ်လာမယ်။ ၁၉၇၄ ထဲက လုပ်ခဲ့တာကို အဲလိုပြောင်းလိုက်ရင် စာရင်းဇယားတွေကို ဘယ်လိုလုပ်ကြမလဲ။

**Voice ： ခုလိုပြောင်းလဲလိုက်ရင် အားနည်းချက်က ဘာဖြစ်သွားနိုင်မယ်လို့ထင်လဲခင်ဗျ။**

**UTYZ** ： အားနည်းချက်က စာရင်းဇယားတွေပြန်ပြီးသေချာလုပ်ရမယ်၊ ရောကုန်မှာပေါ့။ ဥပမာပြောရရင် မတ်လ ၃၁ ရက် ကုန်သွားရင် လုပ်ငန်းတစ်ခုဟာ လိုငွေပြမလား၊ ပိုငွေပြမလား၊ အဲဒီမှာ ဖြတ်ရမှာကို မဖြတ်နိုင်ဘူး။ ဒါကြောင့် ခြောက်လထပ်ဆွဲရမယ်၊ အရင်းအနှီးလိုရင် ထပ်ထုတ်ပေးရမယ်၊ ရင်းနှီးမြှုပ်နှံမှုလိုရင် ထပ်ထုတ်ပေးရမယ်။ ငွေပြန်ဆွဲရမယ်၊ ဖြတ်ထားလို့မရတော့ဘူး၊ အရင်က မတ် ၃၁ မှာ အကုန်ဖြတ်ကြတာကိုး၊ အခုက နောက်ထပ် ခြောက်လဆွဲဆန့်ရမယ့်သဘောရှိတော့ ဝန်ကြီးဌာနတွေရဲ့အောက်ကဌာနတွေ အကုန်ပြန်စိစစ်ရမယ်။ လိုငွေ ပြနေရင်လည်း အတိအကျပြောလို့မရတော့ဘူး။ နောက်ထပ်ခြောက်လအတွက် ဆက်ဆွဲရမှာဆိုတော့၊ သူတို့အကြောင်းပြတာက ဘတ်ဂျက်စရင် မိုးတွင်းနဲ့ သွားသွားတိုက်နေလို့ လုပ်ငန်းတွေ မစနိုင်ဘူးပေါ့။ အောက်တိုဘာစလိုက်ရင် လုပ်ငန်းတွေကို ပွင့်လင်းရာသီနဲ့ လုပ်နိုင်တယ်ပေါ့။ နောက်ဧပြီလစရင် နှစ်သစ်ကူးရုံးပိတ်ရက်နဲ့ တိုက်နေလို့ ရွှေ့လိုက်တယ်ဆိုတယ်။ အဲလိုအကြောင်းပြတာပေါ့နော်။

**Voice ： အားသာချက်က စီမံဘဏ္ဍာ ဒုဝန်ကြီး လွှတ်တော်မှာ ပြောခဲ့သလို ဖြစ်နိုင်မလား။**

**UTYZ** ： သူတို့ပြောသလိုတော့ မဟုတ်သေးဘူး။ လောလောဆယ်တော့ စာရင်းဇယားတွေ ရှုပ်မှာပဲ။ လိုငွေဆို လိုငွေတိတိကျကျ မပြောနိုင်တော့ဘူးပေါ့။ လိုသလို ပိုသလိုနဲ့ စာရင်းဇယားတွေ ဘယ်လိုပိတ်ကြမလဲတော့မသိဘူး။ လိုတာတွေပိုတာတွေကို လှည့်လို့ရမလားမသိဘူး။

**Voice ： ခုလိုပြောင်းလိုက်ရင် ငွေစာရင်းအစီရင်ခံစာ၊ လေးလပတ်သို့မဟုတ် ၆ လပတ်အစီရင်ခံစာတွေ တင်ပေးဖို့ ချမှတ်ထားတာတွေလည်း အခြေအနေအရ ပြောင်းလဲသွားမယ့်ပုံစံတွေ ရှိလာမလားပဲ။ နောက်အစိုးရအပြောင်းအလဲကာလမှာ ဖြည့်စွက်ငွေ တင်ပြဖို့ရော အခက်အခဲလေးတွေ ရှိနိုင်မယ်ထင်လားဗျ။**

**UTYZ** ： မတ်လ ၃၁ တစ်ဖြတ်၊ ပြီးက အောက်တိုဘာအထိ တစ်ဖြတ်စီဖြစ်လာမှာပေါ့၊ စာရင်းစစ်ချုပ်ကတော့ ပိုသိလိမ့်မယ်။ လွှတ်တော်ကိုတင်တဲ့ ဆွေးနွေးတင်ပြချက်တွေလာမှာပါ။ နံပါတ်တစ် စာရင်းတွေရှုပ်မယ်၊ နံပါတ်နှစ် ခြောက်လစာအတွက် ဘတ်ဂျက်ကိုဆွဲရမယ်။ နောက်တစ်ခုက ဘာဖြစ်မလဲဆိုတော့ အထွေထွေရွေးကောက်ပွဲအပြီး အစိုးရဟောင်းရဲ့ ဘတ်ဂျက်ကိုခြောက်လစာ နောက်အစိုးရက ကိုင်ထားရဦးမှာပဲ။ ဘတ်ဂျက်က အလယ်မှာ ဖြစ်နေတယ်။ ဘယ်လိုလွှဲမလဲ။ BE ကို တစ်နှစ်စာ အပြည့်မဆွဲနိုင်သလို RE မှာရော ဖြည့်စွက်တင်တာတွေ အကုန်ပြောင်းရတော့မယ်။ ခုလိုပြောင်းဖို့ မလိုဘူးထင်တာပဲ၊ ရွေးကောက်ပွဲအပြီးမှာ နောက်အစိုးရလွှဲမယ်ဆိုရင် ဘတ်ဂျက် ခြောက်လစာကိုကိုင်ပြီးလုပ်ရမှာ၊ နောက်အစိုးရ အခက်တွေ့နိုင်တယ်။ ■

The VOICE Daily
Thursday, October 19, 2017
MANDALAY VOICE




ပုဂံဒေသ၏ နေဝင်၊ နေထွက်ချိန်ရှုခင်းများကို အဓိကထားတက်ရောက်ကြည့်ရှုရာ ရွှေဆံတော်စေတီပထမပစ္စယာ ပြိုကျခဲ့သည်ကိုတွေ့ရစဉ်

# မိုးသည်းထန်မှုကြောင့် ပုဂံရွှေဆံတော်ဘုရား နံရံအချို့ပြိုကျ

**မန္တလေး၊ အောက်တိုဘာ ၁၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း အောက်တိုဘာ ၁၈ ရက်နေ့က ရွာသွန်းခဲ့သည့်မိုးကြောင့် မွန်းလွဲ ၁ နာရီခန့်က ရွှေဆံတော်ဘုရား၏ ပထမပစ္စယာ အုတ်သားနံရံအစိတ်အပိုင်းအချို့ ပြိုကျပျက်စီးခဲ့ရကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောကြားသည်။

ယင်းသို့ပြိုကျမှုကြောင့် လူအထိအခိုက် မရှိခဲ့သော်လည်း ပျက်စီးသွားသည့်နေရာကို ပြုပြင်လျက်ရှိသည်ဟု ၎င်းက ပြောဆိုသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ နောက်ဆုံးပတ်အတွင်းကလှုပ်ခတ်ခဲ့သော အင်အား ၆ ဒသမ ၈ အဆင့်ရှိအင်အားပြင်းထန်သည့် ငလျင်ကြောင့် ပုဂံယဉ်ကျေးမှုဒေသရှိ ဘုရားစေတီ (၃၈၉) ဆူထိခိုက်ပျက်စီးခဲ့ရသည့်အပြင် ယင်းနှစ်စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သည့်မိုးကြောင့် ငလျင်ဒဏ်သင့်ပုဂံဘုရားစေတီအချို့ ပျက်စီးခြင်းများရှိခဲ့ကာ နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သည့် မိုးကြောင့်လည်း အုတ်ကျောင်းတစ်ခု၏ အစိတ်အပိုင်းအချို့ ပျက်စီးခြင်းများ ကြုံတွေ့ခဲ့ရကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှတ်တမ်းများအရ သိရသည်။

ပထမပစ္စယာအုတ်သားနံရံအစိတ်အပိုင်းအချို့ ပြိုကျခဲ့သောရွှေဆံတော်ဘုရားသည် ပြည်တွင်းပြည်ပ ခရီးသွားများအတွက် ပုဂံဒေသ၏ နေဝင်၊ နေထွက်ချိန်ရှုခင်းများကို အဓိကထား တက်ရောက်ကြည့်ရှုရာ ဘုရားတစ်ဆူဖြစ်ခြင်း၊ တက်ရောက်ကြည့်ရှုသူ များသည့်အတွက် အင်္ဂါရပ်ဖြစ်စေခြင်း၊ ၁၉၇၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင်လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ထိခိုက်မှုရှိခဲ့သည့်ဘုရားဖြစ်ခြင်း၊ ရေရှည်တွင် ကြံ့ခိုင်မှုပိုင်း ထိခိုက်လာနိုင်ခြင်းတို့ကြောင့် ယခုလ ၁၅ ရက်နေ့မှစတင်က ဘုရားပေါ်သို့ တစ်ကြိမ်လျှင် လူဦးရေ ၆၀ အထိသာ တက်ခွင့်ပြုတော့သော စေတီတစ်ဆူဖြစ်သည်။ ■

**M-05**

# ကေတီဗီတွင် သီချင်းဆိုနေသောမိသားစု အရိုက်ခံရ

**မန္တလေး၊ အောက်တိုဘာ ၁၈**

ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ကေတီဗီဆိုင်တစ်ခုတွင် သီချင်းဆိုနေသည့် မိသားတစ်စုကို ဆိုင်ဝန်ထမ်းများက ဝိုင်းဝန်းရိုက်နှက်မှု အောက်တိုဘာလ ၁၇ ရက်နေ့ညဦးပိုင်းက ဖြစ်ပွားခဲ့ကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အချိန်ပြည့်၍ထွက်ပေးရန်ပြောဆိုရာတွင် နောက်ထပ် အချိန်ထပ်ယူမည်ဖြစ်ကြောင်း ပြောဆိုရာမှ ဆိုင်ဝန်ထမ်းများနှင့် စကားများရန်ဖြစ်ရာမှ အရိုက်ခံရခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်က ပြောကြားသည်။

"သီချင်းလာဆိုတဲ့လူတွေကို ဝိတ်တာတွေက ဝိုင်းရိုက်တာ။ အရိုက်ခံရတဲ့ မိသားစုက တိုင်ထားတဲ့အတွက် ရိုက်နှက်တဲ့ဝန်ထမ်းတွေကို အမှုဖွင့်ထားပါတယ်" ဟု ၎င်းက ပြောဆိုသည်။

၃၄ x ၇၄ လမ်းထောင့်ရှိ ဆန်ဖိုနီ ကေတီဗီဆိုင်တွင် အောက်တိုဘာလ ၁၇ ရက်နေ့ ည ၁၀ နာရီအချိန်ခန့်က အဆိုပါဆိုင်၏ အခန်းအမှတ် (H-1) ကို ငှားရမ်းထားသောမိသားစုသည် ၎င်းတို့ယူထားသည့် အချိန်ပြည့်သွားပြီဖြစ်ကြောင်း ဆိုင်ဝန်ထမ်းများက အသိပေးရာတွင် အချိန်ထပ်မံယူမည်ဖြစ်ကြောင်း ညွှဲ့သည်များက ပြောကြားရာမှ ဝန်ထမ်းများနှင့် အချင်းများခဲ့ခြင်းဖြစ်ကြောင်း ရဲမှတ်တမ်းအရ သိရသည်။

မန္တလေးမြို့သို့ အလည်အပတ်ရောက်ရှိနေသည့် ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ်နေသူ အမျိုးသမီးတစ်ဦး ဦးဆောင်သော မိသားစုဝင် ကိုးဦးနှင့် ဆိုင်ဝန်ထမ်းများ အပြန်အလှန်စကားများခဲ့ကြခြင်း ဖြစ်ပြီးသည်ဟုလည်း ဖော်ပြထားသည်။

ဆိုင်ဝန်ထမ်းများ ဝိုင်းဝန်းထိုးကြိတ်ခဲ့သည့်အတွက် ဦးဆောင်လာသူ ညွှဲ့သည် အမျိုးသမီး၊ ၎င်း၏သားနှင့် ညီမဖြစ်သူတို့ နာကျင်ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့ကာ မောင်တော်စပ်သူနှစ်ဦး၏ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ် ငါးသောင်း ပျောက်ဆုံးခဲ့ရကြောင်း ညွှဲ့သည်အမျိုးသမီး၏ တိုင်တန်းချက်အရ သိရသည်။

ဆိုင်ဝန်ထမ်းများအား အရေးယူပေးရန် ဦးဆောင်သူအမျိုးသမီးက အမှတ် (၈) မြို့မရဲစခန်းတွင် တိုင်ကြားထားသဖြင့် ရဲစခန်းက (ပ) ၄၈၇/၂၀၁၇၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၅၄/၃၂၃/၁၁၄ ဖြင့် အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူများကို စုံစမ်းရှာဖွေနေကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■

**M-04**

# ဝယ်လိုအားကြောင့် နွားမဈေးတက်

**မိတ္ထီလာ၊ အောက်တိုဘာ ၁၈**

မိတ္ထီလာမြို့ အောင်ဆန်းမြို့သစ်ရပ်တွင် နွားပွဲဈေးကို ငါးရက်တစ်ကြိမ် ပြုလုပ်လေ့ရှိရာ အောက်တိုဘာလ ၁၈ ရက်နေ့က ပြုလုပ်သော နွားပွဲဈေးနေ့တွင် နွားအဝင်နည်းသော်လည်း မြန်မာနွားမအငယ်များ (ဒေသအခေါ်-နွားမတမ်း) များ ဝယ်လိုအားကောင်းနေသောကြောင့် ယခင်သီတင်းပတ်ကထက် ဈေးတက်သွားကြောင်း အဆိုပါ နွားပွဲဈေးသို့ လာရောက်ကြသော တောင်သူများ၊ မွေးမြူရေးသမားများနှင့် နွားပွဲစားများထံမှ စုံစမ်းသိရှိရသည်။

"မိုးရာသီ လမ်းပန်းခက်ခဲပြီး ရေကြီးရေလျှံလို့ ဒီနေ့နွားပွဲဈေးမှာ နွားအဝင်နည်းပေမယ့် နွားဈေးတက်တယ်။ ဒေသတွင်း မွေးမြူရေးသမားတွေ ဝယ်နေကြတာ၊ အရင်က နှစ်သိန်းခွဲလောက်ရှိတဲ့ နွားမတမ်းတစ်ကောင်ကို အခုဈေးနေ့မှာ လေးသိန်းလောက်အထိ ဈေးဖြစ်သွားတယ်" ဟု မိတ္ထီလာနွားပွဲဈေး အရောင်းအဝယ် အခွန်ကောက်ခံရာဌာန (စနေတိုင်) တာဝန်ခံ ဦးမြင့်လွင်က ပြောသည်။

အလားတူပင် နွားပေါက်ဈေးကောင်းလျက်ရှိပြီး ကြိုက်ရောင်းကြိုက်ဝယ်ဈေးမျိုးဖြစ်နေကြောင်း၊ ခြောက်လသားအရွယ် နွားပေါက် တစ်ကောင်လျှင် ကျပ်တစ်သိန်းခွဲမှ ကျပ်ငါးသိန်းအထိ ဖြစ်နေကြောင်း၊ ဝယ်သူဘက်က ကြိုက်ဈေးပေးဝယ်နေကြောင်း၊ ခိုင်းနွားဈေးမှာမူ ပုံမှန်သာရှိနေပြီး ကျပ်ငါးသိန်းမှ ခြောက်သိန်းခန့်သာရှိနေ၍ ပွင့်လင်းရာသီချိန်တွင် နွားဈေးထပ်တက်နိုင်မည်ဟု ခန့်မှန်းရကြောင်း ၎င်းက ရှင်းပြသည်။

"အရင်တုန်းက ဖရီးရှန်တွေ (နိုင်ငံခြားနွားမျိုး) တွေမွေးတယ်။ ဒီမှာ ရာသီဥတုပူတော့ အကြမ်းမခံဘူး။ အခုနောက်ပိုင်းမှာ တောင်သူတွေက အကြမ်းခံတဲ့ ဗမာနွားလေးတွေ ပြန်မွေးလာကြတယ်၊ မတမ်းမလေးတွေဝယ်ပြီး မျိုးတင်ကြတယ်။ တစ်နှစ်လောက်ကြာရင် ကလေးရတယ်။ အဲဒီ နွားပေါက်လေးတွေ ပြန်ရောင်းရင်တောင် အရင်းကျေတယ်" ဟု မိတ္ထီလာမြို့နယ် လက်ပံခေါင်းရွာမှ တောင်သူ ဦးဇော်လင်းမောင်က ပြောကြားသည်။




အောင်ဆန်းမြို့သစ်ရပ် နွားပွဲဈေးတွင် ရောင်းချမည့်နွားများကိုတွေ့ရစဉ်

မိတ္ထီလာနွားပွဲဈေးသည် မိုးလေဝသကောင်းမွန်ပါက နွားကောင်ရေ ၃၀၀ ဝန်းကျင် ဝင်လေ့ရှိပြီး ထက်ဝက်ကျော် အရောင်းအဝယ်ဖြစ်ကြောင်း၊ ယနေ့ (အောက်တိုဘာ ၁၈) ဈေးတွင်မူ နွားကောင်ရေ ၂၀၀ ခန့်သာဝင်ပြီး ကောင်ရေ ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်ကာ သာစည်နှင့် ဝမ်းတွင်းမြို့နယ်တို့မှ အများစု ဝယ်ယူခဲ့ကြောင်း နွားပွဲဈေးတွင် အရောင်း အဝယ် အခွန်ကောက်ခံရာဌာနထံမှ သိရသည်။ ■

**R-01**




အာနန္ဒာဘုရားတောင်ဘက်မုခ်အဝင်တွင်ခင်းထားသော ကွန်ကရစ်လမ်းမကို မဖယ်ရှားမီ အောက်တိုဘာ ၁၆ ရက်နေ့က တွေ့ရစဉ်

# ကန့်ကွက်မှုကြောင့် အာနန္ဒာဘုရားတောင်ဘက်မုခ်တွင် ခင်းထားသောကွန်ကရစ်လမ်းကို ပြန်ဖျက်

**မန္တလေး၊ အောက်တိုဘာ ၁၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ အာနန္ဒာဘုရားတောင်ဘက်မုခ်တွင် ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ခင်းနေသောကွန်ကရစ်လမ်းကို ပြန်ဖျက်လိုက်ပြီဖြစ်ကြောင်း ယင်းဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ယင်းသို့လမ်းခင်းသည့်လုပ်ငန်းများကို အောက်တိုဘာ ၁၄ ရက်နေ့က စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းစီမံချက်များအရ ကွန်ကရစ်ခင်းထားသည့်အပေါ်မှ ကျောက်စီသည့် လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရန် ရည်ရွယ်ထားသော်လည်း လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ဝေဖန်မှုများရှိလာခြင်းကြောင့် ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်ဟု အာနန္ဒာဘုရားဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးရဲမြင့်က ပြောကြားသည်။

"ပေ ၄၀ လောက် ခင်းထားပြီးချိန်မှာ ဝေဖန်ကန့်ကွက်သံတွေ ထွက်လာတာကြောင့် ပြန်ဖျက်လိုက်ပါပြီ" ဟု ၎င်းက ပြောဆိုသည်။

လုပ်ငန်းစီမံချက်များအရ လမ်းအကျယ် ၂၅ ပေ၊ အလျားပေ ၄၉၀ ခန့်၊ ကွန်ကရစ်ထု လေးလက်မရှိမည်ဖြစ်ကာ ကျပ်သိန်း ၃၀၀ ကျော် အကုန်အကျခံ ပြုလုပ်ရန် စီစဉ်ထားကြောင်း ကနဦး လုပ်ငန်းစီမံချက်များအရ သိရသည်။

"ဒီလိုလမ်းခင်းတာနဲ့ ပတ်သက်ပြီးတော့ လူမှုကွန်ရက်မှာ ဝေဖန်သံတွေ ထွက်လာတယ်။ ဒါကြောင့် ၁၇ ရက်နေ့မှပဲ ခရိုင်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခေါ်ပြီးတော့ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ ကွန်ကရစ်လမ်းခင်းတာကို ရပ်ဆိုင်းဖို့ ဆုံးဖြတ်လိုက်တာပါ။ မူလရှိနေတဲ့ ဂဝံကျောက်ခင်းလမ်းအတိုင်းပဲ ထားပါတော့မယ်" ဟု ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြောကြားသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့အမွေ အနှစ်စာရင်းဝင်နိုင်ရန် လုပ်ဆောင်လျက်ရှိပြီး စက်တင်ဘာလအတွင်းက ပထမအဆင့်မူကြမ်းကို ယူနက်စကိုအဖွဲ့ထံတင်ပြထားကြောင်း၊ ယင်းသို့ လုပ်ဆောင်နေဆဲကာလတွင် ကွန်ကရစ်လမ်းခင်းခြင်းကဲ့သို့သောကိစ္စရပ်များ မလုပ်သင့်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးလုပ်ငန်းများကို ထိခိုက်စေနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ပြောဆိုသည်။

"ဒီလိုကြီးလုပ်တာကတော့ ယူနက်စကို တင်မဟုတ်ဘူး။ ကျွန်တော်တို့ မြန်မာလူမျိုးတွေကပါ ခွင့်မပြုပါဘူး။ နိုင်ငံတကာအဆင့်မပြောနဲ့ ပြည်တွင်းကတောင်မကြိုက်ဘူး။ ကွန်ကရစ်လမ်းခင်းတာက အရမ်းထိခိုက်တယ်။ နိုင်ငံခြားသားတွေမြင်ရင် မင်းတို့မြန်မာလူမျိုးတွေက ရှေးဟောင်းသုတေသနဆိုတာကို နားမလည်ဘူးလား၊ ဒီလိုနေရာမျိုးမှာ ဒီလိုလုပ်ရသလားပြောရင် နိုင်ငံပါသိက္ခာပါကျတယ်" ဟု ၎င်းက မှတ်ချက်ပြုသည်။

လက်ရှိတွင်လည်း အာနန္ဒာဘုရား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်ကစ၍ အိန္ဒိယနိုင်ငံ၏လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ မီလီယံဖြင့် ပြုပြင်နေရာ ယင်းလုပ်ငန်းသည်လည်း လက်ရှိဘဏ္ဍာနှစ်တွင် ပြီးဆုံးမည်ဖြစ်၍ လတ်တလောတွင် ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ထံမှ သိရသည်။ ■

**M 05**

# မြန်မာတစ်နိုင်ငံလုံးတွင် မှုခင်းသတင်းထောက် ခြောက်သောင်းကျော်ရှိ

**သပိတ်ကျင်း၊ အောက်တိုဘာ ၁၈**

မြန်မာတစ်နိုင်ငံလုံးတွင် မှုခင်းသတင်းထောက် ခြောက်သောင်းကျော်ရှိကြောင်း မြန်မာနိုင်ငံ မှုခင်းသတင်းထောက်များအသင်း (MCRA) ဇဟိုအလုပ်အမှုဆောင် ဦးအောင်သန်းထွဋ်က ပြောကြားသည်။

သပိတ်ကျင်းမြို့နယ်ရဲစခန်း၌ အောက်တိုဘာလ ၁၇ ရက်နေ့က ဒေသတွင်း မှုခင်းသတင်းထောက် အဖွဲ့ဝင်များနှင့် တာဝန်ခံများကိုတွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုင်းနှင့်ပြည်နယ်များရှိ မှုခင်းသတင်း အထူးသတင်းထောက်အဖွဲ့ဝင်တိုင်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ကူညီပေးနေသော အရန်အင်အားစု ဖြစ်ကြောင်း၊ အမှုအခင်းဖြစ်ပေါ်နေသူများကို ဥပဒေနှင့်အညီ ကူညီပေးနေသောအဖွဲ့အဖြစ် ရပ်တည်နေသည်ဟု ၎င်းကပြောဆိုသည်။

"အမှုအခင်းတစ်ခုနဲ့ ရင်ဆိုင်နေရပြီး တရားရုံးနဲ့ပတ်သက်လို့ ပြည်သူတွေနားမလည်ဘူးဆိုရင် ပရဟိတအနေနဲ့ လုပ်ကိုင်ပေးပါတယ်" ဟုလည်း MCRA ဇဟိုအလုပ်အမှုဆောင်က ရှင်းပြသည်။

သတင်းမီဒီယာကောင်စီကို တင်ပြထားခြင်းမရှိသော မှုခင်းသတင်းအထူးသတင်းထောက်များကို အသိအမှတ်မပြုကြောင်း တစ်နိုင်ငံလုံးအတွက် စာရင်းပြုစုထားပြီး အသိအမှတ်ပြုထားသော သတင်းထောက် လေးထောင်၊ ငါးထောင်ခန့်သာရှိသည်ဟု မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တွဲဘက်အတွင်းရေးမှူး ဦးကျော်စွာမင်းက ပြောကြားသည်။

မန္တလေးတိုင်းတွင် သတင်းသမား ၁၅၀ ဝန်းကျင်ခန့်ရှိသည်ဟု မန္တလေးမီဒီယာစင်တာ ကော်မတီအဖွဲ့ဝင်ဦးထွန်းဝင်းက ပြောဆိုသည်။

မှုခင်းသတင်း အထူးသတင်းထောက်များသည် သတင်းမီဒီယာ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ရပြီး 'ရှုထောင့်' မှုခင်းနှင့် သတင်းဂျာနယ်၏ မူဝါဒများ၊ စည်းကမ်းသတ်မှတ်ချက်များကို တိတိကျကျလိုက်နာရကြောင်း၊ သပိတ်ကျင်းမြို့နယ်အတွင်း မှုခင်းသတင်းထောက် ၆၄ ဦးရှိကြောင်း သပိတ်ကျင်းမြို့နယ် မှုခင်းသတင်းထောက်များအသင်းတာဝန်ခံ ဦးစိန်မြင့်က ပြောဆိုသည်။

"ဒီအဖွဲ့က အငြိမ်းစားရဲတပ်ဖွဲ့တွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတယ်လို့ သိရတယ်။ အချို့မှုခင်းသတင်းထောက်တွေက ရဲတပ်ဖွဲ့ကို ကူညီပေးတာ ရှိပါတယ်။ အချို့ကလည်း နယ်တွေမှာ ပိုက်ဆံတောင်းတာတွေလို့ကြားနေရတယ်" ဟု သပိတ်ကျင်း ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင်မောင်ညိုက ပြောကြားသည်။

ပြည်ထဲရေး ဝန်ကြီးဌာန လက်အောက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိသည့်အပြင် ရဲသတင်းတပ်ဖွဲ့များ မြို့နယ်တိုင်းတွင်ရှိနေပြီးဖြစ်၍ ယင်းအဖွဲ့အစည်း မလိုတော့ကြောင်း၊ ဥပဒေကိုနားမလည်သော ဒေသခံများကို ကူညီပေးနေသည် ဆိုခြင်းကိုမူ လက်မခံကြောင်း သပိတ်ကျင်းမြို့ခံများက ပြောဆိုသည်။ ■ **R-05**




# မြန်မာ့ပထမဦးဆုံး ခရီးကြမ်းစီး ဆိုင်ကယ်မောင်းပြိုင်ပွဲ မန္တလေးတွင်ကျင်းပမည်

**မန္တလေး၊ အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပမည့် တောင်တက်တောင်ဆင်းလမ်းကြမ်းမောင်း ဆိုင်ကယ်ပြိုင်ပွဲ (Myanmar Enduro 2017) ကို မန္တလေးမြို့တော်၌ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သည့် Mandalay Free Rider-MFR မှ တာဝန်ရှိသူ ဦးအောင်ဝင်းထွန်းက ပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် မည်သည့်ဆိုင်ကယ်အမျိုးအစားနှင့်မဆို ယှဉ်ပြိုင်နိုင်မည်ဖြစ်ရာ အင်ဂျင်ပါဝါ ၁၂၅ စီစီမှ ၂၃၀ စီစီ (အငယ်တန်း) နှင့် အင်ဂျင်ပါဝါ ၂၃၁ စီစီမှ ၆၅၀ စီစီ (အကြီးတန်း) ဟူ၍ ခွဲခြားထားကာ ၁၇ ဒသမ ၅ ကီလိုမီတာ (၁၁ မိုင်ခန့်) ရှိကြောင်း၊ ပြိုင်ပွဲအမျိုးအစား တစ်ခုစီအတွက် ပထမဆုကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်း၊ စတုတ္ထဆု ကျပ်တစ်သိန်း၊ ပဥ္စမဆု ကျပ်ခုနစ်သောင်း ချီးမြှင့်မည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

ပြိုင်ပွဲဝင်သူများအနေနှင့် အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံထားရှိရမည်ဖြစ်ကာ ယင်းအာမခံသည် စတင်ထားရှိချိန်မှ တစ်နှစ်အထိအကျုံးဝင်မည်ဖြစ်ကြောင်း ယင်းပြိုင်ပွဲကိုထောက်ပံ့ပေးထားသော FNI ပုဂ္ဂလိကအာမခံလုပ်ငန်း (မန္တလေးရုံးခွဲ) တာဝန်ခံ ဦးဝဏ္ဏာထွန်းက ပြောကြားသည်။

မန္တလေးမြို့ နေကာတောင်တွင် ကျင်းပမည့် အဆိုပါတောင်တက်တောင်ဆင်းခရီးကြမ်း ဆိုင်ကယ်မောင်းပြိုင်ပွဲနှင့်ပတ်သက်၍ ဓာတ်ပုံဝါသနာရှင်များအတွက် ဓာတ်ပုံပြိုင်ပွဲ တစ်ရပ် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးဓာတ်ပုံအသင်းထံမှလည်း သိရသည်။

ယင်းပြိုင်ပွဲကျင်းပနိုင်ရေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာလ ၁၈ ရက်နေ့ မွန်းလွဲပိုင်းက မန္တလေးမြို့ရှိ Oriental House တွင် ပြုလုပ်ခဲ့သည်။

ဆိုင်ကယ်မြို့တော်ဟု တင်စားခံရသော မန္တလေးမြို့တော်၌ ၂၀၁၅ ခုနှစ်ကစ၍ ဆိုင်ကယ်စတန့်ပြပွဲများကျင်းပခဲ့ရာမှ ယခုကဲ့သို့ ပြိုင်ပွဲတစ်ရပ် ထွက်ပေါ်လာခြင်းဖြစ်သည်။ ■

**M-01**

# BOOK GUIDE

# ရန်ကုန်တက္ကသိုလ် ပထမဆုံးပါမောက္ခချုပ် ဒေါက်တာထင်အောင်၏ ဘဝခရီးနှင့် ကြိုးပမ်းဆောင်ရွက်ချက်များ

## (ဒေါက်တာ အောင်မြင့်ဦး၊ ဒေါက်တာခင်အေး၊ ဒေါက်တာကျော်ဝင်း၊ ဒေါ်ခင်နှင်းဦး)




ဆရာကြီး ဒေါက်တာထင်အောင်၏ ဘဝပုံရိပ်နှင့် ဆောင်ရွက်ခဲ့မှုများကို ဒေါက်တာ အောင်မြင့်ဦး၊ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ဒေါက်တာကျော်ဝင်း၊ ဒေါ်ခင်နှင်းဦးတို့က တစ်စိတ်တစ်ပိုင်း ဖော်ထုတ်မှတ်တမ်းတင် ရေးသားထားသောစာစုများကို ပေါင်းစုကာ ထုတ်ထားခြင်းဖြစ်သည်။ ဤစာစုများကို ထုတ်ဝေရန် ၁၀ နှစ်ခန့်စီစဉ်ခဲ့ပြီး မထုတ်ဝေနိုင်ခဲ့။ ယခုမှစာစုများကို ထုတ်ဝေနိုင်ခဲ့ကြောင်း အမှာစာတွင် ရေးသားဖော်ပြထားသည်ကိုတွေ့ရသည်။

ဒေါက်တာထင်အောင်ကို ၁၉၀၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ပဲခူးမြို့၌ မွေးဖွားခဲ့သည်။ ဖခင်မှာ အရေးပိုင် ဦးဖိန်း၊ မိခင်မှာ ဒေါ်မိမိဖြစ်သည်။ မွေးချင်း ၇ ယောက်ရှိပြီး ပဥ္စမမြောက်သားဖြစ်သည်။ သူ၏အစ်ကို အကြီးဆုံး ဦးတင်ထွတ်သည် မြန်မာလူမျိုးများထဲတွင် ပထမဆုံး အိုင်စီအက်ရာထူးရခဲ့သူဖြစ်သည်။ ဦးတင်ထွတ်သည် အစိုးရအလုပ်မှထွက်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်ရာ၌ ပါဝင်ခဲ့သည်။ ညီအစ်ကို မောင်နှမအားလုံးသည်လည်း ထူးချွန်ထင်ရှားသူများဖြစ်သည်။

၁၉၂၀ တက္ကသိုလ်ကျောင်းသားသပိတ်ကြီးဖြစ်စက မောင်ထင်အောင်သည် ၁၂ နှစ်အရွယ် ၇ တန်း ကျောင်းသားသာ ရှိသေးသည်။ ထိုစဉ်ကတည်းက သပိတ်တပ်ဖွဲ့ထဲလိုက်ပါပြီး အင်္ဂလိပ်အစိုးရကို ဆန့်ကျင်ခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ တက္ကသိုလ်ရောက် သည့်အခါ သူ့အသက်မှာ ၁၅ နှစ်သာရှိသေးသည်။ ၁၉၂၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရသည်။

၁၉၂၈ ခုနှစ်တွင်ပင် အင်္ဂလန်သို့ ပညာသင်စေလွှတ်ခြင်း ခံရသည်။ အစ်ကိုများကဲ့သို့ ရှေ့နေအဖြစ် ထူးချွန်ရန် ကြိုးစားပြီး ရှေ့နေဘွဲ့များကို တန်းစီယူခဲ့သော်လည်း ၁၉၃၃ ခုနှစ်တွင် အင်္ဂလိပ်စာပေဖြင့် Ph.D. (ပါရဂူ) ဘွဲ့ကို ရရှိခဲ့သည်။ မြန်မာများထဲတွင် ဗြိတိန်နိုင်ငံတက္ကသိုလ်များမှ ပထမဆုံး ပါရဂူဘွဲ့ရရှိခဲ့သူဖြစ်သည်။

နိုင်ငံခြားပညာသင်ရာမှ ပြန်ရောက်လာပြီး ၁၉၃၃ ခုနှစ်၌ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် အချိန်ပိုင်းလက်ထောက်ကထိကအဖြစ်ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၃၄ တွင် လက်ထောက်ကထိကဖြစ်လာသည်။ ၁၉၄၆ မှ ၁၉၅၀ အထိ အင်္ဂလိပ်စာဌာန ပါမောက္ခအဖြစ် ဆောင်ရွက်သည်။ ၁၉၄၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးမှူး ဖြစ်လာသည်။ ထိုရာထူးကို ၁၉၅၁ ခုနှစ်ကစတင်ပြီး (ပါမောက္ခချုပ်) ဟု ပြင်ဆင်ခေါ်ဝေါ်ခဲ့သောကြောင့် ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးပါမောက္ခချုပ်ရာထူးကို ရရှိခဲ့သူဟုဆိုနိုင်သည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဒုတိယအဓိပတိအဖြစ် တာဝန်ယူခဲ့ရသည်။

ဆရာကြီး အင်္ဂလိပ်လိုရေးသားပြုစုခဲ့သည့် Burmese Drama နှင့် Burmese Folk Tales စာအုပ်များသည် မြန်မာ့ရိုးရာဓလေ့များကို နိုင်ငံခြားသို့ ပထမဆုံးမိတ်ဆက် ပေးနိုင်ခဲ့ပြီး ယနေ့တိုင်ထင်ရှားသော စာအုပ်များ ဖြစ်သည်။ ဆရာကြီး၏ Folk Elements in Burmese Buddhism ကလည်း အလွန်ထင်ရှားသော မြန်မာ့ကိုးကွယ်မှုဆိုင်ရာမှတ်တမ်းစာအုပ်အဖြစ် နာမည်ကျော်ခဲ့သည်။

ဆရာကြီးသည် တက္ကသိုလ်တွင်တာဝန်ထမ်းဆောင်ချိန် ၂၁ နှစ်ပြည့်မြောက်ပြီး ပါမောက္ခချုပ်သက်တမ်း ၈ နှစ် ကာလကို ဖြတ်ကျော်ခဲ့ပြီးချိန်၌ အောက်ပါအတိုင်း သုံးသပ်ချက်လေးတစ်ခုကို ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင်တွင် ဖော်ပြခဲ့သည်။

“ဤတက္ကသိုလ်တွင် အမှုထမ်းခဲ့သော ၂၁ နှစ်အတွင်းဝယ် အခက်အခဲအမျိုးမျိုးနှင့် စိတ်မချမ်းမြေ့ဖွယ်ရာများစွာတို့ကို တွေ့ကြုံခဲ့ရသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဝင်ငွေကောင်းရနိုင်သော ဝတ်လုံအလုပ်ကိုလည်းကောင်း၊ အခွင့်အရေးများစွာ ရနိုင်သော စာရေးဆရာအလုပ်ကိုလည်းကောင်း ပြန်လည်လုပ်ကိုင်လိုသော ဆန္ဒသည် ရံဖန်ရံခါပင် ဖြစ်ပေါ်ခဲ့ပါသည်” ဟုရေးသားခဲ့သည်။

သို့သော် ဆရာကြီးသည် စစ်ပြီးခေတ်တွင်လည်း တာဝန်ကျရာ ရန်ကုန်တက္ကသိုလ်မှာပင် ပြန်လည်တာဝန်ထမ်းဆောင်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဆရာကြီးဖြစ်ချင်သည့် စိတ်ထဲတွင် အခွင့်အရေးများစွာရသည့် စာရေးဆရာအလုပ်ဟူ၍ ပါဝင်နေပါသည်။ စာရေးဆရာအလုပ်သည် မည်သည့်အခွင့်အရေး ရနိုင်မည်နည်းဟု စဉ်းစားစရာဖြစ်သည်။ ဆရာကြီးက လွတ်လပ်စွာတွေး၊ လွတ်လပ်စွာရေးနိုင်သည့် အခွင့် အရေးများ ပြောလိုရင်းဖြစ်မည်ဟု ယူဆမိပါသည်။

ဆရာကြီး၏ စာပေယဉ်ကျေးမှုဆိုင်ရာ ကြိုးပမ်းချက်များကိုလည်း ဒေါက်တာခင်အေးက မှတ်တမ်းပြုထားပါသည်။

Burmese Drama (မြန်မာပြဇာတ်များ)၊ Burmese Folk Tales (မြန်မာ့ရိုးရာပုံပြင်များ)၊ Burmese Law Tales (မြန်မာဓမ္မသတ်ဖြတ်ထုံးပုံပြင်များ)၊ Folk Elements in Burmese Buddhism (မြန်မာဗုဒ္ဓဘာသာတွင် တွေ့ရသော မြန်မာ့ရိုးရာယုံကြည်မှုများ)၊ Burmese Monk’s Tales (မြန်မာဘုန်းတော်ကြီးဟောကြားသော ပုံပြင်များ) နှင့် Epistles Written on the Eve of the Anglo Burmese War (အင်္ဂလိပ် မြန်မာ စစ်ပွဲဖြစ်ခါနီးတွင် ရေးသားသော မေတ္တာစာများ) ဖြစ်သည်။

ဆရာကြီးသည် ပထမဆုံးမြန်မာ့သမိုင်းစာအုပ်ကို ၁၉၆၅ ခုနှစ်က ထုတ်ဝေခဲ့ပါသေးသည်။ The Stricken Peacock: Anglo-Burmese Relation, 1752-1948 (ဒဏ်ရာရဥဒေါင်း၊ အင်္ဂလိပ်-မြန်မာဆက်ဆံရေး၊ ၁၇၅၂-၁၉၄၈) စာအုပ်ဖြစ်သည်။ ဆရာကြီး ဒုတိယမြောက်ရေးသည့် သမိုင်းစာအုပ်မှာ A History of Burma (မြန်မာနိုင်ငံသမိုင်း) စာအုပ်ဖြစ်ပြီး ၁၉၆၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ၁၉၇၀ တွင် တတိယသမိုင်းစာအုပ် ဖြစ်သည့် Burmese History Before 1287: A Defence of the Chronicles (အေဒီ ၁၂၈၇ မတိုင်မီ မြန်မာ့သမိုင်း၊ မြန်မာ့ရာဇဝင်များဘက်က ခုခံကာကွယ်ခြင်း) ကိုရေးသားထုတ်ဝေသည်။

ဆရာကြီးသည် နိုင်ငံခြားသားများက မြန်မာ့သမိုင်းဆိုင်ရာ အချက်အလက်များပေါ်တွင် အမှန်အတိုင်း မသုံးသပ်၊ မရေးသားမှုများကို ပြန်လည်ချေပပြီး ထောက်ပြဝေဖန်သုံးသပ်သွားချက်များကြောင့် နိုင်ငံတကာမှ သမိုင်းပညာရှင်များကပင် လေးစားခဲ့ကြရသည်။ ပါမောက္ခ (O.N Spate) က

“ထင်အောင်လို မြန်မာ့သမိုင်းဆရာ ရံဖန်ရံခါ ပန်းနုရောင် မျက်မှန်တပ်ပြီး အခြေအနေကို သုံးသပ်လိုသော်လည်း ဟာဗေးကမူ ထုံးစံအတိုင်း အမှောင်ဆုံးဆိုသည့် မျက်မှန်မည်းအတပ်များသည်” ဟုမှတ်ချက်ပေးထားသည်။

ဤစာအုပ်၏ နောက်ဆက်တွဲအဖြစ် ဒေါ်ခင်နှင်းဦးက (ဒေါက်တာထင်အောင် ပြုစုခဲ့သော စာပေများ) ဟူ၍ သီးခြားမှတ်တမ်းတင်ပေးထားသည်ကိုတွေ့ရပါသည်။ စုစုပေါင်းစာအုပ်နှင့် ကျမ်းပေါင်း (၃၅) ခုရှိသည်။ စာပေကိုမြတ်နိုးသောဆရာကြီးသည် ၁၉၇၈ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။ မြန်မာ့ပညာရှင်လောကအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုကြီး တစ်ခုဖြစ်သည်။

■ **စာကြမ်းပိုး**

# ကုသိုလ်လမ်းညွှန်

ဒီနေ့တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့လမ်းညွှန်နေကျအတိုင်း ညွှန်ပေးချင်တာက ကျန်းမာရေးအတွက် တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့ပါ။ ကလေးငယ် ထက်ဝေယံဟာ သွေးကင်ဆာရောဂါဝေဒနာ ခံစားနေရတာဖြစ်ပြီး ပေါက်မြို့နယ်၊ ဒေါင်းသာရွာကနေ မန္တလေးကလေးဆေးရုံဟောင်းမှာ ဆေးလာရောက်ကုသနေရတာ ဖြစ်ပါတယ်။ မိဘတွေကလည်း တောင်ယာအလုပ်ကိုလုပ်ကိုင်နေရတာဖြစ်ပြီး သွေးကင်ဆာရောဂါဝေဒနာခံစားနေရတဲ့ကလေးငယ်ကို ဆေးဆက်လက်ပြသဖို့ ငွေကြေးအခက်အခဲ ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ ကလေးငယ်အတွက် တတ်အားသရွေ့ငွေကြေးအလှူပြုချင်ရင် မန္တလေး ကလေးဆေးရုံမှာလှူဒါန်းနိုင်ပြီး တစ်ဆင့်လှူဒါန်းချင်ရင် ဖုန်း ၀၉-၄၅၆၅၆၇၈၇၈ ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■



# ဈေးဝယ်လမ်းညွှန်

## ဖုန်းအားပါသွင်းနိုင်မယ့် Power Bank ပါတဲ့ ဓာတ်မီး

ဖုန်းအားလည်း သွင်းနိုင်သလို ညဘက်တွေမှာလည်း ဓာတ်မီးအဖြစ်နဲ့ပါ တွဲဖက်အသုံးပြုချင်သူတွေအတွက် အခုညွှန်ပေးချင်တာက Power Bank ပါတဲ့ ဓာတ်မီးဖြစ်ပါတယ်။ ဒီပစ္စည်းလေးက မီးလင်းအားသုံးဆင့်ပါဝင်ပြီး မီတာ ၃၀၀ အဝေးပြေးပြီး ဆိုက်အရွယ်အစားကလည်း ၆ လက်မခွဲရှိတာမို့ ခရီးဆောင်အိတ်တွေထဲမှာလည်း ပေါ့ပေါ့ပါးပါးသယ်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် သာမန်ရိုးရိုး LED မဟုတ်ဘဲ Cree LED ကို အသုံးပြုထားကြောင့် မီးလင်းအားစူးရှပြီး နာရီတစ်သိန်းအထိ မီးလင်းအားပေးနိုင်မှာ ဖြစ်တယ်လို့ ရောင်းချသူကဆိုပါတယ်။ အရေးပေါ်ဖုန်းအားသွင်းချင်ရင်တော့ 2000 mAh ပါဝင်တာမို့ ပုံမှန်ဖုန်းတွေဆို တစ်ကြိမ်ခွဲလောက်အထိ အသုံးပြုနိုင်မှာလည်းဖြစ်ပါတယ်။ ဈေးနှုန်းက ၂၅၀၀၀ ကျပ်ဖြစ်ပြီး ဝယ်ယူချင်တယ်ဆိုရင် ဖုန်း ၀၉-၇၇၇၈၃၈၄၂၄ နဲ့ ၂၆၃၁၃၀၇၅၆ ကို စုံစမ်းမေးမြန်းနိုင်ပါတယ်။ ■



ယခု ရက်ပိုင်း ဖမ်းဆီးရမိသည့် လက်နက်ခဲယမ်းအမြောက်အမြားနှင့် မူးယစ်ဆေးဝါးများသတင်းကလည်း ပြည်သူအများကို ထိတ်လန့် တုန်လှုပ်စေခဲ့သည်။ ထိုသတင်းများနှင့်ပတ်သက်၍ ပြည်သူအများနေထိုင်ရာ ကျွန်ုပ်တို့နိုင်ငံအတွင်းတွင် တရားဥပဒေစိုးမိုးမှု အလွန်လျော့ကျနေပြီလား၊ သို့တည်းမဟုတ် ဥပဒေမဲ့ကျူးလွန်မှုများကို တာဝန်ရှိသူများကိုယ် တိုင် မသိကျိုးကျွန်ပြုနေကြလို့လား၊ သို့မဟုတ်လျှင် မည်သည့်အတွက် ယခုမျှထိ ကြီးမားမြားမြောင်သည့် လက်နက်ခဲယမ်းများကို သိုလှောင်ထား နိုင်သနည်း စသည့်မေးခွန်းများ၏ အဖြေကို သိချင်လာနေကြသည်။

## သူတို့ ဘာကြောင့်စိုးရိမ်လာကြသလဲ

အမှန်ဆိုရင်လည်း သူတို့သိချင်နေကြသည်မှာ လွန်မည်မထင်ပေ။ အကြောင်းမှာ ကျွန်ုပ်တို့နိုင်ငံတွင် ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းကာလအစကတည်းက နိုင်ငံအနှံ့အပြားတွင် တရားမဝင်ကျောက်စိမ်းများ၊ သစ်နှင့်မူးယစ်ဆေးဝါးများ၊ လက်နက်များ၊ ပေါက်ကွဲစေတတ်သည့်ယမ်းနှင့်ဆက်စပ်ပစ္စည်းများ၊ တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသည့် လူများကို ဖမ်းဆီးရရှိမှုသတင်းများကို ပွင့်လင်းလွတ်လပ်လာသည့် မီဒီယာများက ဖော်ပြနေမှုကြောင့် သူတို့အဆက်မပြတ် ကြားသိနေကြရ၍လည်း ဖြစ်သည်။ ထိုပစ္စည်းများအပြင် တစ်ဖက်နိုင်ငံသို့ တင်ပို့မည့်ကျွဲ၊ နွားများကိုဖမ်းဆီးရရှိမှုသတင်းနှင့် တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းလာသည့် အခွန်အကောက်မဲ့ပစ္စည်းများ ဖမ်းဆီးရမိမှုသတင်းများကိုလည်း သူတို့ကြားသိခဲ့ကြမှာမလွဲပေ။

ထိုသတင်းများအရ ဖမ်းဆီးရမိခဲ့သည့်နေရာများကို လေ့လာကြည့်လျှင် နယ်စပ်ဒေသများတွင်မဟုတ်ဘဲ မြန်မာပြည်အတွင်းပိုင်းမြို့ရွာများတွင် ဖမ်းမိသည်ကို တွေ့ရသည့်အတွက် ပြည်သူများအဖို့ သူတို့ဘဝနှင့် အနာဂတ်ကလေးငယ်တို့အတွက် လုံခြုံမှုမရှိသလို ခံစားနေကြရသည်မှာ အပြစ်ဟုမဆိုသာတော့ပေ။ ထို့ထက်ဆိုးရွားသည်မှာ ရန်ကုန်မြို့ကြီးနှင့် မန္တလေးမြို့ကြီးများရှိ လူနေရပ်ကွက်များအထိ တရားမဝင်မူးယစ်ဆေးဝါးနှင့် တရားမဝင် လက်နက်ကိုင်ဆောင်မှုများ ဖမ်းဆီးရမိခဲ့ကြသည့်သတင်းများကို သူတို့ တွေ့မြင်ကြရခြင်းကြောင့်ပင် ဖြစ်သည်။

## မူးယစ်ဆေးဝါးများ၏ နောက်ဆက်တွဲပြဿနာများ

ဤသို့သောဖြစ်စဉ်များအပေါ် ပြည်သူအများက စိုးရိမ်ထိတ်လန့်ဖြစ်ကြရပြီး အိပ်ကောင်းခြင်းပင် မအိပ်ကြရဟုဆိုသည်။ မူးယစ်ဆေးဝါးအများအပြား လူနေရပ်ကွက်များအထိ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိလာကြရာမှ သုံးစွဲကြပြီး နောက်ဆက်တွဲဆိုးကျိုးအဖြစ် ဒုစရိုက်မှုများဖြစ်ပေါ်လာနေသည်ကိုလည်း ယခုရက်ပိုင်းထုတ် သတင်းစာ၊ ဂျာနယ်များတွင် အတော်တွေ့ကြရသည်ဟု ပြောပြကြသည်။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ခြင်း၏ နောက်ဆက်တွဲအဖြစ် တရားမဝင်လက်နက်များပင် ရောင်းဝယ်ကိုင်ဆောင်လာကြပြီး ပြည်သူများနေထိုင်ရာ မြို့ရွာရပ်ကွက်များအတွင်း ရဲတင်းလာကာ ဒုစရိုက်လုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာခဲ့သည်မှာလည်း အမှန်ပင်ဖြစ်သည်။ ရပ်ကွက် ကျေးရွာ မြို့အတွင်း အများပြည်သူတို့ စိတ်ငြိုငြင်မှုဖြစ်အောင် ဆူညံအော်ဟစ်ခြင်း၊ နေအိမ်တိုက်ခန်းများအတွင်း သော့ဖျက်ကာ အတင်းဝင်ရောက်၍ ပစ္စည်းများခိုးယူခြင်း၊ အနုကြမ်းစီးကာ ရွှေ၊ ငွေများယူဆောင်ခြင်းနှင့် လူကိုသတ်ဖြတ်သည်အထိ အန္တရာယ်ရှိလာခြင်းများကြောင့် ပြည်သူများ၏ အေးချမ်းလုံခြုံရေးကို ထိပါးခြိမ်းခြောက်လာသည်အထိ ဖြစ်ခဲ့ရသည်မှာလည်း ငြင်းမရနိုင်ပေ။ လူမှုကွန်ရက်စာမျက်နှာများထက်တွင် ထိုဖြစ်စဉ်များကို တွေ့မြင်ခဲ့ကြရပြီး ဖြစ်မည်ထင်သည်။

## အကြောက်တရားက အတ္တဘက်သို့တွန်းပို့ခဲ့ကြရ

ထို့ကြောင့်ပင် နိုင်ငံအတွင်းရှိပြည်သူများအနေနှင့်လည်း အချို့သောရပ်ကွက်များ၌ ကျီးလန့်စာစားနေရသည့်သဖွယ် စိုးရိမ်ထိတ်လန့်ခြင်းကြီးစွာဖြင့် နေသတိ၊ စားသတိ၊ သွားသတိ၊ လာသတိ အမြဲထားရှိနေကြရသည်။ စိုးရိမ်ကြောက်လန့်မှုများမှတစ်ဆင့်တက်ကာ မိမိတို့မိသားစုဘဝလုံခြုံစိတ်ချရေးကိုပင် တွေးပူလျက် ခြံများကိုလုံခြုံအောင် ကာရံခြင်း၊ CCTV များတပ်ခြင်းနှင့် အရာရာကို မသင်္ကာဖွယ်မျက်လုံးဖြင့် လုံခြုံရေးအတွက် သတိကြီးစွာထားရှိရင်း အတ္တဘက်ကိုသွားနေကြရသည်။ ထိုအဖြစ်များနှင့်အတူ နိုင်ငံအတွင်းပြည်သူများ၏ဘဝ အေးချမ်းသာယာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးမရှိတော့သယောင်ဖြစ်လာနေကြောင်း၊ တာဝန်ရှိသူများက ထိုအဖြစ်ကို အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း ထုတ်ပြောလာကြသည်ကိုလည်း ကြားသိရပြန်သည်။




## လုံခြုံရေးစည်းဆိုတာ ဘာလဲ

အမှန်ဆိုရလျှင် ရပ်ကွက်တစ်ခုလျှင် ထိုရပ်ကွက်အတွင်း ဖြစ်ဖြစ်သမျှ၊ လုပ်ကြသမျှ သတင်းများရယူရန် နိုင်ငံတော်မှ စီမံဆောင်ရွက်ကြသည့် လုံခြုံရေးစည်းရှိသည်။ ရပ်ကွက်တစ်ခု၊ မြို့တစ်မြို့၊ ကျေးရွာအုပ်စုတစ်ခုတွင် ပြည်ထဲရေးဝန်ကြီးလက်အောက်မှ တပ်ဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံသတင်းတပ်ဖွဲ့၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ CID နှင့် နယ်မြေခံ နယ်ထိန်းရဲတပ်ဖွဲ့တို့ တာဝန်အသီးသီး ခွဲဝေချထားသည်။ ထို့ပြင် တပ်မတော်ဘက်ကလည်း စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ဝင်နှင့် အကူတပ်ဖွဲ့တို့ပါ ပါဝင်အင်အားဖြည့်တင်းထားသည့်အပြင် သစ်တောရဲများဘက်ကလည်း သတင်းထောက်များခန့်အပ်ထားသည်။ ထိုတပ်ဖွဲ့များအပြင် သတင်းဌာနအသီးသီး၏ သတင်းထောက်ဆိုသူများလည်း ရှိကြသည်။ ထိုသူများသည် ထိုရပ်ကွက်ကျေးရွာမြို့တစ်မြို့အတွင်း မည်သူက ဘာလုပ်သည်၊ မည်သူက မည်သို့လုပ်သည်၊ မည်သူများက မည်သို့ပိုင်ဆိုင်ကြသည် ဆိုသည့် ငယ်စာရင်းကောက်ယူထားကြသည်။ ထိုမြို့ရွာ ရပ်ကွက်များအတွင်း ဖြစ်ဖြစ်သမျှ သူတို့သိကြသည်။ ၎င်းအပြင် ထိုရပ်ကွက်မြို့ရွာအတွင်း ဒုစရိုက်မှုကျူးလွန်နိုင်သည့်သူများ၊ ယခင်ပြစ်မှုအဟောင်းရှိသူများ၊ ထောင်ထွက်များ၊ လောင်းကစားဒိုင်များ၊ လောင်းကစားနှင့် ခိုးဆိုးနှိုက်များစာရင်းလည်း သူတို့တွင်ရှိသည်။ သူတို့ကိုစောင့်ကြည့်စာရင်းသွင်းကာ စောင့်ကြည့်လေ့လာကြရသည်။ နိုင်ငံခြားသားများဝင်ထွက်မှု၊ ရဟန်းသံဃာများလှုပ်ရှားမှု၊ ကျောင်းသားများလှုပ်ရှားမှုတို့ကိုလည်း စောင့်ကြည့်ကာ သတင်းယူရသည်။ ယုတ်စွအဆုံး မိမိတို့တာဝန်ယူထားရသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု မြို့တစ်မြို့နယ် တစ်နယ်အတွင်း ထူးခြားသည့် အခြေအနေများအားလုံးကို မိုးလေဝသ သတင်းပါမကျန် စုံစမ်းထောက်လှမ်း အစီရင်ခံကြရသည်။ မည်သူများက မူးယစ်ဆေးရောင်းနေကြသည်။ မည်သူတို့က သစ်ခိုးထုတ်နေကြသည်။ မည်သူတို့က နှစ်လုံးထီ၊ သုံးလုံးထီလောင်းကစားဒိုင်လုပ်ကြသည်။ မည်သူတို့က ဘောလုံးလောင်းကစားဒိုင်ဖွင့်ထားသည်ကို အားလုံးလိုလို သူတို့သိသည်။ မည်သည့်နေရာတွင် ဂျင်ဝိုင်းလုပ်သည်က အစ ဖဲဝိုင်းပါမကျန် တရားမဝင် ချက်အရက်ချက်ကြသည့်အဆုံး အားလုံးသိသည်။ သူတို့မှတစ်ဆင့် သတင်းပေးများ ဆက်လက်မွေးမြူကာ ထောက်လှမ်းရေးကွန်ရက်ကို ဖြန့်ကြက်ရင်း မိမိတို့တာဝန်ယူကြရသည့် ရပ်ကွက်အတွင်း လူစိမ်းတစ်ဦးဝင်လာသည်ကအစ သိကြသည်။

## နိုင်ငံ့ဝန်ထမ်းများ တာဝန်လစ်ဟင်းနေကြသလား

၎င်းတို့တာဝန်မှာ မသမာသူအဖျက်အမှောင့်သမားများ၊ လောင်းကစားသမားများ၊ သယံဇာတခိုးထုတ်သူများ၊ ပြည်သူလူထုကို အနှောင့်အယှက်ပေးသူများ၊ တရားမဝင် လက်နက်ကိုင်ဆောင်သူများ၊ မူးယစ်ဆေးဖြန့်ဖြူးသူများသတင်းကို လက်ဦးမှုရယူပြီး အထက်ဌာနသို့ အစီရင်ခံကာ ကြိုတင်ဖမ်းဆီးကာကွယ်ကြခြင်းဖြင့် ပြည်သူများဘဝ စိတ်ချလုံခြုံအေးချမ်းသာယာရေးအတွက် ဆောင်ရွက်ကြရသည်။ ထိုသို့မပြုလုပ်ကြရန် မည်သည့်နိုင်ငံရေးသမားကမှ သူတို့ကိုမတားမြစ်၊ မည်သည့်ပြည်သူတစ်ဦးတစ်ယောက်ကမျှ မငြိုငြင် အပြစ်မဆို။ မိမိတို့သည်သာ မိမိတို့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြရခြင်းဖြစ်သည်။ ထိုနိုင်ငံ့ဝန်ထမ်းများဖြစ်သည့် စစစ၊ CID၊ SB နှင့် နယ်ထိန်းရဲ၊ စရဖတို့အနေနှင့် မိမိတို့လုပ်ငန်းတာဝန်များအတိုင်း ရပ်ကွက်မြို့ရွာများအတွင်း သတင်းလက်ဦးမှုရယူ ဖမ်းဆီးအရေးယူခြင်းများသည် ပြည်သူများ ညှော်စာရင်းတိုင်ခြင်း၊ မတိုင်ခြင်းများနှင့်မဆိုင်။ လွှတ်တော်မှ ထိုကိစ္စကို ပယ်ဖျက်ခြင်းဖြင့်လည်း ထိုသို့သောလုပ်ငန်းတာဝန်များ လျော့ပါးသွားသည်မဟုတ်။ နိုင်ငံရေးပယောဂအလျှင်းမပါရှိဘဲ မိမိတို့သည်သာ မိမိတို့အပေါ် တာဝန်ပေးအပ်ထားသည့် အဆိုပါပြည်သူ့လုံခြုံရေးစည်းနှင့်ဆိုင်သည့် အမျိုးသားကာကွယ်ရေး လုံခြုံရေးလုပ်ငန်းများကိုသာ တစိုက်မတ်မတ်တာဝန်ကျေပွန်စွာလုပ်ဆောင်ကြရန် အထူးလိုအပ်လေသည်။

## တပ်မတော်သားတွေကို အတုယူကြစေချင်

ဥပမာဖြင့်တင်ပြရလျှင် တပ်မတော်သားများကိုပင် တင်စားပြီး လက်ညှိုးထိုးပြ၍ရသည်။ ထိုတပ်မတော်သားများ၏ အဓိကတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်သဖြင့် ထိုသူများ နယ်စပ်တစ်လျှောက်တွင်ရှိသည့် (BoundaryPoint.Bp) များတွင် အစားအသောက်ရှားပါးလွန်းစွာ နေ့ညစောင့်ကြပ်ရသည်။ တစ်ဖက်နိုင်ငံမှ ကျူးကျော်လာမည့် စစ်ရေးလှုပ်ရှားမှုများကို မျက်တောင်မခတ်တမ်း လေ့လာရသည်။ နယ်စပ်တစ်လျှောက် နေ့စဉ် ညစဉ် တိုက်ကင်း၊ ပတ်ကင်းများဖြင့် မိမိနယ်မြေကို တစ်လက်မမျှမကျူးကျော်ခံရအောင် စောင့်ရှောက်စိုးမိုးထားနေကြရသည်။ သူတို့အတွက် လျှပ်စစ်မီးမရှိ၊ တောတောင်ထဲတွင် ဆင်းရဲပင်ပန်းကြီးစွာ သူတို့တာဝန်ကို သူတို့ကျေပွန်အောင် ထမ်းဆောင်နေကြရသည်။ သူတို့အတွက် နိုင်ငံရေးဆိုသည်မှာ စိတ်မဝင်စားကြဘဲ အမျိုးသားရေးလုံခြုံရေးအတွက်သာ စဉ်းစားထားကြသည်။.

## အုမမတောင့်သဖြင့် သီလမစောင့်ကြခြင်းလား

သို့သော် မြို့ပေါ်တွင် အခန့်သားနေထိုင်ကြသည့် ယခုသတင်းယူနေကြသည့် နိုင်ငံ့ဝန်ထမ်းများက ထိုသို့မဟုတ်။ သူတို့တာဝန်သူတို့ မကျေပွန်။ ထိုသို့တာဝန်ကျေပွန်ကြလျှင် မြို့ရွာရပ်ကွက်များအတွင်း လူစိမ်းများဝင်ရောက်ခြင်း၊ ဆူပူအော်ဟစ်ခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းနှင့် တရားမဝင်လက်နက်ကိုင်ဆောင်ခြင်း၊ သစ်များခိုးထုတ်သယ်ဆောင်သိုလှောင်ထားခြင်းများကို တစ်စုံတစ်ယောက်ကမျှ ပြုလုပ်ကြတော့မည်မဟုတ်ပေ။ အရာရာ ပေါ့လျော့နိုင်လွန်းလှသည်။ ရပ်ကွက်မြို့ရွာတစ်ခုအတွင်း ဝင်ချင်သူဝင်၊ ထွက်ချင်သူထွက်၊ ရောင်းချင်ရာရောင်း၊ လှောင်ချင်ရာလှောင်ကြသည်။ လုပ်ချင်ရာလုပ်ကြသည်။ နောက်ဆုံးအဆင့် ပြည်သူများက မခံနိုင်တော့သည့်အဆုံး တိုင်ခါမှပင် ရဲက သွားတားဆီးသည်။ ဖမ်းသည်။ ထိုအခါ ထိုသူတို့က မလိုက်နာ။ ရဲကိုပင် ပြန်လည်ရန်ရှာရင်း နောက်ဆုံးတွင် အသက်ပါပေးလိုက်ကြရတော့သည်အထိ ဖြစ်ခဲ့သည့်သာဓကများစွာရှိသည်။

နယ်စပ်ဂိတ်ပေါက်များမလုံခြုံသမျှ ပြည်မအတွင်းသို့ လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ ဥဒဟိုဝင်ရောက်လာသည်။ ပြည်မအတွင်းတိုင်းဒေသကြီးတစ်ခုနှင့်တစ်ခု၊ ပြည်နယ်တစ်နယ်နှင့်တစ်နယ် ဥဒဟိုအစစ်အဆေးမရှိ ဝင်ထွက်နိုင်သဖြင့် မြို့များ ရပ်ကွက်များအထိ အတားအဆီးမဲ့ဝင်ရောက်လာကြသည်။ စစ်ဆေးမည့်သူမရှိ၊ ကိစ္စတစ်ခုဖြစ်လာမှပင် ပြောမှထလုပ်ကြသည်။ ထလုပ်ကြရင်းဖြင့် ကြာလာသည့်အခါ တစ်ဖန် လျော့ရဲသွားပြန်သည်။ အဆိုးဝါးဆုံးသောပြဿနာမှာ အပေးအကမ်း(ဆက်ကြေး)များဖြင့် ကျေနပ်တင်းတိမ်ကာ တာဝန်ပျက်ကွက်နေကြခြင်းဖြစ်သည်။

## ကြပ်ကြပ်မတ်မတ် စိမ်းကျက်မရွေး စစ်ဆေးသင့်

အထက်တွင်တင်ပြခဲ့သည့်ကိစ္စသည် ပြည်သူများနေထိုင်ကြသည့် ရပ်ကွက် မြို့ရွာတစ်ခုအတွင်း လုံခြုံအေးချမ်းရေးနှင့်ဆိုင်သည်များပင်ဖြစ်ပြီး နယ်တစ်နယ် မြို့တစ်ခု၊ တိုင်းဒေသကြီးတစ်ဒေသအတွက်လည်း မြို့ဝင်မြို့ထွက်ဂိတ်များတွင် စစ်ဆေးရေးဂိတ်များရှိသင့်သည်။ ပြည်သူ့ရဲ၊ တပ်၊ ဌာနဆိုင်ရာများဖြင့် ပူးပေါင်းထားသည့်စစ်ဆေးရေးအဖွဲ့များထားရှိကာ အဝင်အထွက် စိမ်းကျက်မျက်နှာမရွေးဘဲ စစ်ဆေးသင့်ကြသည်။ တိုင်းဒေသကြီးတစ်ခုနှင့်တစ်ခုအကြား၊ ပြည်နယ်တစ်နယ်နှင့် ပြည်နယ်တစ်နယ်အကြား အဝင်အထွက်စစ်ဆေးရေးဂိတ်များထားကာ အသေအချာစစ်ဆေးရမည်။ ယာဉ်များ၊ လူများ၊ သယ်ဆောင်လာကြသည့်ပစ္စည်းများအားလုံး တရားဝင်ဟုတ်မဟုတ်၊ သယ်ဆောင်ခွင့်ရှိမရှိ အားမနာ

စာမျက်နှာ 14 သို့

၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှာ 'နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း' ကို ဖော်ပြထားလို့ ဖတ်ရှုလေ့လာခွင့် ရခဲ့ပါတယ်။ ဥပဒေကြမ်းရဲ့ပုဒ်မ ၂ မှာ 'နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ)၏နောက်တွင် ပုဒ်မခွဲ(ည) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ည) ပြည်သူ့ဝန်ထမ်းဆိုသည်မှာ အစိုးရက ခန့်ထားသည်ဖြစ်စေ၊ မခန့်ထားသည်ဖြစ်စေ အောက်ပါပုဂ္ဂိုလ်များ ပါဝင်ပါသည်-

(၁) နိုင်ငံ့ဝန်ထမ်း၊

(၂) နိုင်ငံရေးရာထူးတွင် ခန့်အပ်ခံရသူများ၊

(၃) နိုင်ငံရေးရာထူးတွင် ခန့်အပ်ခြင်းခံရသောပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ဥပဒေများအရ ခန့်အပ်ထားခြင်းခံရသူများ၊

(၄) အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့် တရားရေးဌာနများတွင် တာဝန်ထမ်းဆောင်နေသော်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်ထားခြင်းမဟုတ်သောသူများ၊

(၅) ရွေးကောက်တင်မြှောက်ခြင်းဖြင့်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ရွေးချယ်တာဝန်ပေးခံရသူ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော လုပ်ပိုင်ခွင့်ရှိသူ ပြည်သူ့ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ၎င်းကဖွဲ့စည်းပေးသော အဖွဲ့အစည်းတွင် ပါဝင်သူများ၊ ၎င်းတို့၏ ကိုယ်စားလွှဲအပ်ခြင်းခံရသူများ သို့မဟုတ် ထပ်ဆင့်တာဝန်ပေးအပ်ခြင်း ခံရသူများ၊

(၆) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်ယူရမည်ဟု သတ်မှတ်ခြင်းခံရသူများ၊

(၇) တစ်ဦးတစ်ယောက်သောသူကို ဖမ်းဆီးချုပ်နှောင်ရန် အခွင့်အာဏာရှိသူများ၊

(၈) လွှတ်တော် သို့မဟုတ် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် အများပြည်သူဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသောအဖွဲ့အစည်း၏ အဖွဲ့ဝင်လူကြီးကို ရွေးချယ်ရန်အလို့ငှာ ရွေးကောက်ပွဲစာရင်းကို ရေးသားပြုစုရန်ဖြစ်စေ၊ ထုတ်ပြန်ကြေညာရန်ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ၊ အခွင့်အာဏာအရ ရာထူးလက်ရှိဖြစ်သူများ၊

(၉) အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့် တရားရုံးများတွင် လုပ်ငန်းသဘောသဘာဝအရ သီးခြားခန့်အပ်တာဝန်ပေးထားသူများ'

ဥပဒေကြမ်းပြုစုတဲ့ အဖွဲ့အစည်းမှာကတော့ ဘာ့ကြောင့် အခုလို ပြင်ဆင်ရေးဆွဲရတဲ့ အကြောင်းပြချက်တွေ လုံလုံလောက်လောက်ရှိနေမှာ အမှန်ပါပဲ။ ဒါပေမဲ့ ဒီဥပဒေကြမ်းကို သတင်းစာမှာ ဖော်ပြရတဲ့ရည်ရွယ်ချက်က ပြည်သူများသိရှိ လေ့လာအကြံပြုနိုင်ဖို့ ဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းနှင့်ပတ်သက်လို့ ပြည်သူတစ်ယောက်အနေနဲ့ ဉာဏ်မီသမျှ အကြံပြုတင်ပြလိုတဲ့အတွက် ဒီဆောင်းပါးကို ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါတယ်။ ဒါကလည်း သဘောထားအမြင်တစ်ခုကို တင်ပြရုံသက်သက်မျှသာဖြစ်လို့ အမှန်အမှားခွဲခြားဖို့ကတော့ သက်ဆိုင်ရာ ပညာရှင်များရဲ့ကိစ္စသာ ဖြစ်ပါတယ်။ အခုဆောင်းပါး ရေးသူကတော့ ဥပဒေပညာရှင်တစ်ယောက် မဟုတ်ပါဘူးဆိုတဲ့အကြောင်း ကြိုတင်ပြီးတော့ တင်ပြထားပါရစေ။

ဒီဥပဒေကြမ်းအရဆိုရင်တော့ နိုင်ငံ့ဝန်ထမ်းနှင့် ပြည်သူ့ဝန်ထမ်း ဆိုတဲ့စကားရပ်နှစ်ခုကို ခွဲခြားပြီး အဓိပ္ပာယ်ကောက်ယူလိုတဲ့သဘောရှိပါတယ်။ ဒါပေမဲ့ ပြည်သူ့ဝန်ထမ်းဆိုတဲ့အထဲမှာလည်း နိုင်ငံ့ဝန်ထမ်းဆိုတာ ပါနေပြန်ရော။ ဒီတော့ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းက တူသလား၊ မတူဘူးလား ဆိုတာကို စဉ်းစားစရာဖြစ်လာပါတယ်။ တူတယ်ဆိုရင်လည်း နိုင်ငံ့ဝန်ထမ်းဆိုတဲ့စကားရပ်ထဲမှာ ဥပဒေကြမ်းရဲ့ ပုဒ်မခွဲ(၂)ကနေ (၉)အထိ စကားရပ်တွေကို ဖြည့်စွက်လိုက်ရင် အဆင်ပြေမယ်ထင်ပါတယ်။

တစ်ဖက်က စဉ်းစားစရာရှိတာက ပုဒ်မခွဲ (၂) ကနေ (၉) အထိ ပုဂ္ဂိုလ်တွေကို နိုင်ငံ့ဝန်ထမ်းပါလို့ သတ်မှတ်လို့ကလည်း မဖြစ်ပြန်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ




**ဝန်ထမ်းတွေ လိုက်နာစောင့်ထိန်းရမယ့် တာဝန်တွေထဲမှာ ပါတီနိုင်ငံရေး ကင်းရှင်းခြင်းလို့ ပါတဲ့အတွက် ပြည်သူ့ဝန်ထမ်းတွေကို ဒီဥပဒေထဲမှာ ရောနှောမပြဋ္ဌာန်းသင့်ဘူးလို့ ပုဂ္ဂလိကအမြင်အားဖြင့် သုံးသပ်မိပါတယ်။**

အခြေခံဥပဒေ ပုဒ်မ ၂၆(က) မှာ 'နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်' လို့ ပြဋ္ဌာန်းထားတဲ့အတွက် အခြေခံဥပဒေနှင့် မကိုက်ညီဘဲ ဖြစ်သွားနိုင်ပါတယ်။ ဒီတော့ အခုထပ်မံ ထည့်သွင်းမယ့် ပြည်သူ့ဝန်ထမ်းတွေကို နိုင်ငံ့ဝန်ထမ်းအဖြစ် ခေါ်ဝေါ်သုံးစွဲလို့မရနိုင်ဘူးလို့ အကြမ်းအားဖြင့် သုံးသပ်မိပါတယ်။

ဒါပေမဲ့ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းဆိုပြီး ခွဲခြားလိုက်တော့ ပြည်သူနှင့် နိုင်ငံ၊ နိုင်ငံနှင့် ပြည်သူဆိုတာက မတူဘူးလား၊ တူသလားဆိုပြီး ပြန်စဉ်းစားစရာ ရှိလာပြန်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေတက်ကြရတုန်းကတော့ လမ်းလျှောက်ချီတက်တဲ့အခါမှာ 'ပြည်သူ့ဝန်ထမ်း' သီချင်းကို သီဆိုပြီး ဘယ်ညာလှမ်းလို့ တက်ကြရပါတယ်။ စာသားတွေကတော့ ဒီလိုပါ-

"[(ပြည်သူ့ဝန်ထမ်း)၃ တို့ ကြိုးပမ်းခဲ့ကြပေ၊ သမိုင်းပေးတာဝန် ကျေပွန်ကြရန်မသွေ၊ ပေါင်းစုကြတဲ့ ငါတို့အင်အားတွေ]၂

[ပြည်သူတွေ၊ ကြည်ဖြူစေ၊ ရည်တူနေ၊ ဤဇမ္ဗူမြေ၊ ကာကွယ်ကာပေးမယ့် သွေးမနည်းသူတွေ၊ ဟောင်းစနစ်နဲ့အခြေ၊ ပြောင်းပစ်စို့လေ၊ ပြည်သူ့ဝန်ထမ်းရဲဘော်တွေ]၂"

ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဒီသီချင်း သင်ကြားခဲ့ပုံထောက်တော့ နိုင်ငံ့ဝန်ထမ်းနှင့် ပြည်သူ့ဝန်ထမ်းကို အတူတူပဲလို့ မှတ်ယူထားခဲ့တယ်လို့ ယူဆနိုင်ပါတယ်။ ပြီးတော့ လက်ရှိ နိုင်ငံ့ဝန်ထမ်းတွေ တက်နေကြရတဲ့ ဒီတက္ကသိုလ်ကြီးတွေမှာလည်း ပြည်သူ့ဝန်ထမ်း အကယ်ဒမီတွေ ဖွင့်လှစ်ထားလို့ နိုင်ငံ့ဝန်ထမ်းနှင့် ပြည်သူ့ဝန်ထမ်းဟာ အတူတူလို့သာ ယူဆစရာဖြစ်နေပြန်ပါတယ်။

ရာဇသတ်ကြီး ပုဒ်မ ၂၁ မှာ 'ပြည်သူ့ဝန်ထမ်း' ဆိုတဲ့စကားရပ်ကို ဖော်ပြထားတဲ့ ပုဂ္ဂိုလ်(၁၁) မျိုးရှိပြီးတော့ အခုပြင်ဆင်ချက်မှာ ဖော်ပြတဲ့အချက်တွေကလည်း ဒီ (၁၁) မျိုးနှင့် ခပ်ဆင်ဆင်တူပါတယ်။ အဓိက ကွာတာကတော့ ရာဇသတ်ကြီးမှာက 'နိုင်ငံတော် ကြည်း၊ ရေ၊ လေ တပ်ဆိုင်ရာ ရေးရာပိုင်အရာရှိ' ဆိုတဲ့ တပ်မတော်ပိုင်းဆိုင်ရာပုဂ္ဂိုလ်တွေကို ပြည်သူ့ဝန်ထမ်းအဖြစ်ဖော်ပြထားပြီး လက်ရှိ နိုင်ငံ့ဝန်ထမ်းဥပဒေမှာတော့ 'တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ မပါဝင်' လို့ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ပြီးတော့ အခုပြင်ဆင်ချက်မှာက မဏ္ဍိုင်သုံးရပ်လုံးက အကြီးအကဲတွေကိုပါ ပြည်သူ့ဝန်ထမ်းအဖြစ် ထည့်သွင်းလိုက်တာ ဖြစ်ပါတယ်။

ပြည်သူ့ဝန်ထမ်းလို့ပဲခေါ်ခေါ်၊ နိုင်ငံ့ဝန်ထမ်းလို့ပဲခေါ်ခေါ် ဝန်ထမ်းက ဝန်ထမ်းပါပဲ။ ဒ့ါကြောင့် အကြီးအကဲတွေကို ဝန်ထမ်းအဖြစ် သတ်မှတ်လိုက်ခြင်းကတော့ သင့်ပါ့မလားရယ်လို့ စဉ်းစားစရာရှိပါတယ်။ ပြီးတော့ အခုဥပဒေက ပြည်သူ့ဝန်ထမ်းဥပဒေမဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းဥပဒေ ဖြစ်တာကြောင့် အခုထပ်မံထည့်သွင်းမယ့် စကားရပ်မှာပါလာမယ့် ပြည်သူ့ဝန်ထမ်းတွေက နိုင်ငံ့ဝန်ထမ်းဥပဒေပါ အခြားပြဋ္ဌာန်းချက်တွေနဲ့ အကျုံးဝင် သက်ဆိုင်ခြင်းရှိ၊ မရှိ ပြန်လည်သုံးသပ်ဖို့လိုမှာပါ။ ဝန်ထမ်းတွေ လိုက်နာစောင့်ထိန်းရမယ့် တာဝန်တွေထဲမှာ ပါတီနိုင်ငံရေးကင်းရှင်းခြင်းလို့ ပါတဲ့အတွက် ပြည်သူ့ဝန်ထမ်းတွေကို ဒီဥပဒေထဲမှာ ရောနှောမပြဋ္ဌာန်းသင့်ဘူးလို့ ပုဂ္ဂလိက အမြင်အားဖြင့် သုံးသပ်မိပါတယ်။ ဝန်ထမ်းလို့ သတ်မှတ်ထားရင်တော့ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေနှင့် သက်ဆိုင်လာမှာ ဖြစ်ပါတယ်။

တကယ်တမ်းကတော့ နိုင်ငံတစ်ခုမှာ နိုင်ငံရေးပိုင်းကပုဂ္ဂိုလ်တွေရယ်၊ ဝန်ထမ်းတွေရယ်၊ ပြည်သူတွေရယ်ဆိုပြီး သုံးမျိုးပိုင်းခြားထားတာက သင့်လျော်ပါတယ်။ နိုင်ငံရေးပိုင်းကပုဂ္ဂိုလ်တွေက ပြည်သူတွေအတွက် နိုင်ငံရေးဆိုင်ရာ တာဝန်ခံမှုပေးရပါတယ်။ ဝန်ထမ်းတွေကတော့ နိုင်ငံရေးပိုင်းကပုဂ္ဂိုလ်တွေအတွက် စီမံခန့်ခွဲရေးဆိုင်ရာတာဝန်ခံမှုတွေပေးရပြီးတော့ ပြည်သူတွေအတွက် ဝန်ဆောင်မှုတွေ ပေးရပါတယ်။ ဒီလို သုံးပိုင်းခွဲခြားထားတာက သင့်လျော်ပြီးတော့ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူတွေကို ဝန်ထမ်းဆိုတဲ့စကားရပ်ထဲ ပေါင်းထည့်လိုက်ရင်တော့ အနည်းငယ် ရောနှောဝေဝါးမှုတွေများ ဖြစ်လာနိုင်မလားရယ်လို့ ယူဆမိပါတယ်။

ဒီမိုကရေစီစနစ်မှာ ဝန်ထမ်းတွေက အစိုးရရဲ့ကိုယ်ခန္ဓာတွေ၊ ခြေတွေ၊ လက်တွေနှင့် တူပြီးတော့ ရွေးကောက်တင်မြှောက်ခံပုဂ္ဂိုလ်များကတော့ အစိုးရရဲ့ဦးခေါင်းတွေနှင့် အလားသဏ္ဌာန်တူပါတယ်။ ရွေးကောက်တင်မြှောက်ခံအစိုးရရဲ့ မူဝါဒတွေကို ဝန်ထမ်းအဖွဲ့အစည်းက အကောင်အထည်ဖော်ပေးရပါတယ်။

အချုပ်အားဖြင့် တင်ပြလိုတဲ့အချက်ကတော့ နိုင်ငံတော်အကြီးအကဲများရော၊ ပြည်သူ့ကိုယ်စားလှယ်များရော၊ ဝန်ထမ်းများရောက နိုင်ငံ့တာဝန်တွေ၊ ပြည်သူ့တာဝန်တွေကို ထမ်းဆောင်နေကြရတာမှန်ကန်ပေမယ့် အခုလို ဝန်ထမ်းဆိုတဲ့စကားရပ်ထဲမှာ ထည့်သွင်း ဖော်ပြလိုက်တဲ့အတွက် ဥပဒေကြောင်းဆိုင်ရာအရ ရှုပ်ထွေးနက်နဲသွားမလား ဆိုတဲ့အချက်ကိုအလေးအနက် ထည့်သွင်းစဉ်းစားပြီးတော့ ဒီဥပဒေကြမ်းအတည်ပြုပြဋ္ဌာန်းမှုမပြုခင်မှာ ပြန်လည်သုံးသပ်ပြီးတော့ ဒီပြဋ္ဌာန်းချက်အတိုင်း အတည်ပြုပြဋ္ဌာန်းမယ်ဆိုရင်လည်း ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းတို့ရဲ့ အခန်းကဏ္ဍကို ပိုမိုရှင်းလင်းကွဲပြားစေမယ့် ပုဒ်မများ ထပ်မံဖြည့်စွက်ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။ ။

■ **သိုက်စိုးထွန်း (နတ်ရွာ)**

---

**စာမျက်နှာ 13 စနစ်တကျကျိုးပေါက်နေတဲ့ လုံခြုံရေးစည်းမှအဆက်**

တမ်းစစ်ကြရမည်။ အဂတိကင်းကင်းဖြင့် မျက်နှာစိမ်းကျက်မရွေး စစ်ဆေးကြရမည်။

နယ်စပ်မှဝင်ရောက်လာနိုင်သည့် မူဆယ်-လားရှိုး-ပြင်ဦးလွင်လမ်း၊ တာချီလိတ်-ကျိုင်းတုံ-တောင်ကြီးလမ်း၊ မဲစဲ-ဖားဆောင်း-လှိုင်ကော်လမ်း၊ မြဝတီ-ကော့ကရိတ်လမ်း၊ ရခိုင်ပြည်နယ်နှင့် အိန္ဒိယနယ်စပ်မှဝင်ရောက်လာသည့်အဓိကလမ်းကြောင်းများကို လုံခြုံရေးအထူးတင်းကျပ်ကာ စစ်ဆေးကြရမည်။ ထိုသို့စစ်ဆေးသည့်အခါ တစ်ဖက်နိုင်ငံမှ တရားမဝင်ဝင်ရောက်လာမည့် အခွန်အကောက်မဲ့ကုန်ပစ္စည်းများ၊ မူးယစ်ဆေးဝါး၊ လက်နက်နှင့် လိုင်စင်မဲ့ယာဉ်များပါမကျန် ရေစစ်စစ်သလို အားလုံးစစ်ချကြရမည်။ ထိုသို့ပြုလုပ်ခြင်းကို မကြိုက်သည့်ပြည်သူဟူ၍ ရှိမည်မထင်။ မသမာသူစီးပွားရေးသမားများကသာ အလိုမရှိမှာ သေချာသည်။ တစ်ဖန် မိမိနိုင်ငံမှ တစ်ဖက်နိုင်ငံသို့ခိုးထုတ်ကြမည့်သစ်များ၊ ကျောက်မျက်ရတနာများ၊ ကျွဲ၊ နွားများအားလုံးကိုလည်း နယ်စပ်ဂိတ်များကပင် စောင့်ဖမ်းလျှင်ရသည်။

သို့အတွက် နိဂုံးချုပ်ကောက်ချက်ဆွဲရလျှင် ပြည်သူများ၏ဘဝဘေးကင်းလုံခြုံစိတ်ချရေးအတွက် အဓိကတာဝန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအနေနှင့် မိမိတို့တာဝန်ကို မိမိတို့ကျေပွန်လှစေချင်ပါသည်။ထိုလုံခြုံရေးကိစ္စ၊ တရားမဝင်သည့်ဥပဒေမဲ့ကိစ္စများကို တားမြစ်ဖမ်းဆီးကြရမည့်ကိစ္စများသည် နိုင်ငံရေးပါတီများနှင့်မသက်ဆိုင်၊ မိမိတို့နှင့်သာဆိုင်သည်။ မိမိတို့နိုင်ငံ့ဝန်ထမ်းများသို့ နိုင်ငံတော်မှပေးအပ်ထားသည့်တာဝန်ဖြစ်သည်။ ပြည်သူများကပေးထားသည့် နိုင်ငံ့ဘဏ္ဍာကို စားနေကြရသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ပြည်သူများမျက်နှာကိုသာ ကြည့်ကြရမည်။ ပြည်သူများအတွက် ဝန်ဆောင်မှုပေးကြရမည်မှာ အမှန်ပင်ဖြစ်ပါကြောင်းနှင့် ပြောင်းလဲလာသည့်နိုင်ငံရေးအခြေအနေများနှင့်အညီ မိမိတို့၏ စိတ်အယူအဆ အတွေးအခေါ်များကိုလည်း လိုက်ပါပြောင်းလဲပြီး မိမိတို့တာဝန်ကို မိမိတို့ကျေပွန်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။

■ **အောင်ဇေယျ**

# AGTI ပထမနှစ် သင်တန်းဝင်ခွင့်လျှောက်လွှာများ ယနေ့ထုတ်ယူနိုင်မည်

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

၁၇ နှစ်ကြာ ပိတ်ထားပြီး ယခုနှစ်မှ ပြန်လည်ဖွင့်လှစ်မည့် သမိုင်းဝင် အင်းစိန် GTI အပါအဝင် အစိုးရ စက်မှုလက်မှုသိပ္ပံနှင့် အစိုးရ နည်းပညာကောလိပ် ၂၅ ကျောင်း၏ AGTI ပထမနှစ် သင်တန်းဝင်ခွင့် လျှောက်လွှာများ ယနေ့စတင်ထုတ်ယူနိုင်ပြီဖြစ်ကြောင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနထံမှ သိရှိရသည်။


ဓာတ်ပုံ – ရဲပြည့်စာနည်

အစိုးရနည်းပညာကောလိပ် မိုးညှင်း၊ မြင်းခြံ၊ ရွှေဘိုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ ပူတာအို၊ ဟားခါး၊ မော်လမြိုင်၊ သံတွဲ၊ ကျောက်ဖြူ၊ ရွှေပြည်သာ၊ အင်းစိန်၊ မန္တလေး၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ ကန့်ဘလူ၊ ခန္တီး၊ ဂန့်ဂေါ၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ် ကျောင်းများတွင် ဝင်ခွင့်လျှောက်လွှာများ ထုတ်ယူနိုင်မည်ဖြစ်သည်။

မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ သုတနည်းပညာနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ၊ စက်မှုလုပ်ငန်းအင်ဂျင်နီယာသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းတစ်ကျောင်းနှင့်တစ်ကျောင်း ဖွင့်လှစ်မည့်သင်တန်း ဘာသာရပ် တူညီမှုမရှိကြောင်း ယင်းဌာနထံမှ သိရသည်။

သင်တန်းဝင်ခွင့် လျှောက်လွှာများကို နိုဝင်ဘာလ ၁၁ ရက် နောက်ဆုံးထား၍ မိမိတို့ လျှောက်ထားမည့် ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်ဖြစ်သည်။ သင်တန်းကာလ ၃ နှစ်ကြာမည်ဖြစ်ပြီး ယင်းသင်တန်းပြီးလျှင် ဒီပလိုမာအောင်လက်မှတ် ပေးမည်ဖြစ်ကာ အရည်အချင်းပြည့်မီပါက နည်းပညာတက္ကသိုလ်များ၏ တတိယနှစ်သင်တန်းများကို ပေါင်းကူး တက်ရောက်နိုင်မည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရှိရသည်။

လက်တွေ့လုပ်ငန်းနှင့်စက်ရုံ၊ကုမ္ပဏီများတွင် ကွင်းဆင်း ဆောင်ရွက်နိုင်သူ၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများပါဝင်သောမည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်မည်ဖြစ်သည်။

သို့သော် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်ပြီး အစိုးရနည်းပညာအထက်တန်းကျောင်းမှ အောင်မြင်ပြီးသူများကိုလည်း စိစစ်လက်ခံမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရှိရသည်။

ကျောင်းတစ်ကျောင်းချင်း ကျောင်းသားဦးရေ မည်မျှလက်ခံမည်ကိုမူ ကျောင်းအခြေအနေအလိုက် ကျောင်းအုပ်ချုပ်သူများက ဆုံးဖြတ်သောကြောင့် တစ်နိုင်ငံလုံး လက်ခံနိုင်မည့်စာရင်းကို ရုတ်တရက် အတိအကျ မပြောနိုင်ကြောင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က ပြောကြားသည်။

သမိုင်းဝင် အင်းစိန် GTI ကျောင်းတွင်မူ ကျောင်းသား၊ ကျောင်းသူ ၂၀၀ လက်ခံမည်ဖြစ်သည်။ ကျောင်း ပြန်လည်ဖွင့်လှစ်ရေးနှင့် အဆင့်မြှင့်တင်ရေး အစိုးရက ကျပ် ၃ ဒသမ ၅ ဘီလီယံ သုံးစွဲမည်ဖြစ်ပြီး ဂျာမနီအစိုးရက နည်းပညာနှင့် ငွေကြေး (မည်မျှပါဝင်မည်ကို မပြော) ပူးပေါင်းပါဝင်ကူညီကြောင်း ဇွန်လအတွင်းက ပြောကြားထားသည်။

အစိုးရ စက်မှုလက်မှုသိပ္ပံ ကျောက်ဖြူတွင်မူ သင်တန်းတစ်ခုစီတွင် သင်တန်းသား ၅၀ ဦးစီ လက်ခံမည်ဖြစ်ပြီး နယ်မြေဒေသကန့်သတ်ချက်မရှိဘဲ မိမိနှင့်အဆင်ပြေမည့်ကောလိပ်၊ကျောင်းများတွင်လျှောက်ထားနိုင်ကြောင်း အဆိုပါကျောင်း ကျောင်းအုပ်ဦးတင်ဝင်းက ပြောကြားသည်။

လျှောက်ထားရာတွင် တက္ကသိုလ်ဝင်တန်းရမှတ် သတ်မှတ်ထားခြင်း မရှိသော်လည်း အင်္ဂလိပ်စာနှင့် သင်္ချာရမှတ်ပေါင်းကို တန်းစီ၍ အမှတ်အများဆုံး ကျောင်းသား၊ ကျောင်းသူများကို တန်းစီဇယားအတိုင်း လက်ခံခြင်းဖြစ်သဖြင့် တစ်နှစ်နှင့်တစ်နှစ် တက်ရောက်သည့် သင်တန်းသားများ၏ အမှတ်များမှာ တူညီမှုမရှိကြောင်း ၎င်းက ပြောကြားသည်။

ကျောင်းသားများအတွက်ထောက်ပံ့ကြေးသုံးသောင်းကို လွန်ခဲ့သည့်သုံးနှစ် ကျောင်းစဖွင့်သည့်နှစ်ကပင် စတင်ပေးခဲ့ကြောင်း၊ သင်တန်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်များကို ကျောင်းများတွင် စုံစမ်းနိုင်မည်ဖြစ်ကြောင်း ကျောက်ဖြူစက်မှုလက်မှုသိပ္ပံကျောင်းအုပ်ဦးတင်ဝင်းက ပြောကြားသည်။ ■ **မြဇာခြည်သင်း**

The VOICE Daily

CARTOON



ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# ဒီမိုကရေစီဆိုင်ရာကမ္ဘာ့လူငယ်များနေ့အခမ်းအနား မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပ

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

၁၄ ကြိမ်မြောက် ဒီမိုကရေစီဆိုင်ရာ ကမ္ဘာ့လူငယ်များနေ့ ဂုဏ်ပြုပွဲအခမ်းအနားကို မြန်မာနိုင်ငံတွင် ပထမဆုံး ကျင်းပခဲ့ကြောင်း မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ရက်မှ အထွေထွေအတွင်းရေးမှူး ကိုစောဂျက်ပစီက ပြောကြားသည်။

အဆိုပါပွဲကို Celebration and Panel Discussion about 'Youth and politic' ခေါင်းစဉ်ဖြင့် အောက်တိုဘာလ ၁၈ ရက်က ရန်ကုန်မြို့ Orchid Hotel တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် လူငယ်နှင့် ဒီမိုကရေစီနိုင်ငံရေး၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင်ငြိမ်းချမ်းရေး ကဏ္ဍသုံးခုကို ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ကိုစောဂျက်ပစီက ပြောသည်။

"လူငယ်တွေ နိုင်ငံရေးမှာ ပါဝင်ပတ်သက်ပြီးနောက်မှာ ဖမ်းဆီးချုပ်နှောင်းခံရတာတွေ သူတို့ ပညာရေးကဏ္ဍ၊ လူမှုပတ်ဝန်းကျင် အခက်အခဲတွေကို အဖြေရှာပေးနိုင်မလဲ ရည်ရွယ်ချက်နဲ့ ပြုလုပ်တာပါ"ဟု ၎င်းကဆိုသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကဏ္ဍအသီးသီးမှလူငယ်အယောက် ၆၀ ခန့် ဝင်ရောက်ဆွေးနွေးခဲ့ပြီး မေးခွန်းမေးမြန်းမှုများလည်း ပြုလုပ်ခဲ့ကြသည်။

လူငယ်နှင့်ပညာရေးကဏ္ဍပိုင်းတွင် မြန်မာပြည်ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုကဏ္ဍ၌ လိုအပ်ချက်များ ရှိနေသေးကြောင်းကို ဆွေးနွေးခဲ့သည်ဟု ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ အထွေထွေအတွင်းရေးမှူး မဖြိုးဖြိုးအောင်က ပြောကြားသည်။

"ကျွန်မကတော့ အမြဲယုံကြည်တယ်။ ပညာရေးလွတ်လပ်ခွင့်ပေးတဲ့ စနစ်မျိုး၊ ဗဟိုချုပ်ကိုင်မှု လျှော့ချနိုင်မယ်ဆိုရင် အဆင်ပြေမယ်"ဟု ၎င်းကဆိုသည်။

၂၀၀၃ခုနှစ်က အာဖရိကတိုက်တွင် ပြုလုပ်သည့် လူငယ်လှုပ်ရှားမှုပါဝင်သူများကို အောက်တိုဘာလ ၁၈ရက်က ဖမ်းဆီးထိန်းသိမ်းခံရခြင်းနှင့်ပတ်သက်၍ 'ဒီမိုကရေစီဆိုင်ရာ ကမ္ဘာ့လူငယ်များနေ့' အဖြစ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

■ J-18

# ပရိုဂရမ်မာများ မွေးထုတ်ပေးမည့် အစီအစဉ်အသစ်

**အမေရိကန်** ပြည်ထောင်စု၊ Wossman အထက်တန်းကျောင်းမှ ကျောင်းသား လေးယောက် စားပွဲတစ်လုံးတွင် အာရုံစိုက်နေကြသည်။ စားပွဲပေါ် တွင် ဘီးတပ်ထားသည့် စက်ရုပ်တစ်ရုပ်၊ လက်ပ်တော့ကွန်ပျူတာနှစ်လုံး။ သူတို့ကွန်ပျူတာ လက်ပ်တော့တွင် ရေးထားသည့် ပရိုဂရမ်က စက်ရုပ်ကို ကောင်းစွာခိုင်းနိုင်ခြင်း ရှိ၊ မရှိကို လေ့လာစူးစမ်းနေကြခြင်းဖြစ်သည်။

ကွန်ပျူတာ ပရိုဂရမ်ကုတ်ဆိုသည်မှာ စက်ရုပ်၏ဦးနှောက်ဟုလည်း ပြောနိုင်သည်။ သူတို့အမှားတွေကို ထပ်ကာ ထပ်ကာ ပြန်ရေးပြီး ပြုပြင်နေကြသည်။ ဆရာ အော်တေးဒီးရပ်စ်က သူတို့ကို ရေးထားသောဖိုင်များကို သိမ်းဆည်းထားရန် မကြာခဏ သတိပေးနေသည်။

ကျောင်းသားများကို Problem-solving ဆိုသည့်သဘောတရားသည်အထွေအထူး သင်နေစရာမလိုပါ။ အမေရိကတွင် ဆရာများသည် သူ့နည်းသူ့ဟန်နဲ့ ဖြေရှင်းနေကြသည်များရှိပါသည်။ သူတို့၏ စဉ်းစားဉာဏ်များ၊ ဖြေရှင်းနည်းများကို သူတို့ကို ကိုယ်တိုင်လုပ်စေခြင်းဖြင့် ဖြေရှင်းစေခြင်းမှာ ခေတ်သစ်၏ သင်ကြားနည်းတွင် အရေးအကြီးဆုံးဖြစ်လာသည်။

Monroe City ကျောင်းတွင်လည်း Cyber Literacy အတန်းတစ်ခု သီးခြားဖွင့်လှစ်ပေးထားသည်။ ထိုအတန်းကို အွန်လိုင်းပေါ်ရှိ CenturyLink and Cyber Innovation Center တို့နှင့်လည်း ချိတ်ဆက်ပေးထားသည်။ ကျောင်းသားများအဖို့ ကျောင်းတွင် ပထမဆုံး ကွန်ပျူတာ ပရိုရမ်ဘာသာရပ်ကို သင်ကြားခွင့်ရကြခြင်းဖြစ်သည်။ CenturyLink တွင် နောက်ဆုံး အဆင့်မြှင့်ထားသည့် STEM သင်ရိုးများကိုလည်း လေ့လာကြည့်ရှုနိုင်ရန် စီစဉ်ပေးထားသည်။

CenturyLink သည် အထက်တန်းကျောင်းသုံးကျောင်းနှင့် ချိတ်ဆက်ထားပြီး သူတို့လေ့လာသင်ယူချင်သည့် ဘာသာရပ်များကို အထောက်အကူပေးနေသည်။ အထူးသဖြင့် STEM ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို ဆရာများကိုလည်းကောင်း၊ အလုပ်ဌာနများမှ ဝန်ထမ်းများကိုလည်းကောင်း သင်တန်းများပေးနေသည်။

Monroe ကျောင်းမှ သင်ရိုးအကြံပေး ဆရာမ ဆရီနာဝိုက်က အထက်တန်းကျောင်းများတွင် သင်ကြားနေသည့် ပရိုဂရမ်းမင်းအခြေခံများသည် ကောလိပ်ရောက်လျှင် များစွာအထောက်အကူပြုလိမ့်မည်ဟု ဆိုသည်။ ယခုစာသင်နှစ်ကုန်လျှင် Cyber Innovation Center က သူတို့ကျောင်းမှ ပရိုဂရမ်းမင်းဘာသာရပ်သင်ခန်းစာများကို လေ့လာသင်ယူခဲ့ကြသော ကျောင်းသားများကို A+ သို့မဟုတ် Microsoft လက်မှတ်များကို အပ်နှင်းပေးရန် စီစဉ်နေသည်။ ထိုလက်မှတ်များက သူတို့ကျောင်းပြီးသွားလျှင် ကောင်းစွာ အထောက်အကူပြုနိုင်သည်။

ကွန်ပျူတာသိပ္ပံ၊ ဆိုက်ဘာ၊ သင်္ချာ သို့မဟုတ် အင်ဂျင်နီယာဘာသာရပ်များကို သီးခြားလေ့လာနေသည့် ကျောင်းသားများလည်းရှိသည်။ သူတို့ကိုလည်း သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဘွဲ့များအပ်နှင်းပေးသွားမည် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုအတွင်း ပရိုဂရမ်းမင်းဘာသာရပ်ကိုအပိုဘာသာတွဲအဖြစ် လေ့လာရန် စာရင်းပေးထားသော ကျောင်းသားပေါင်း ၁၀၀ ခန့်ရှိသည်။ Wossman နှင့် Neville ကျောင်းနှစ်ကျောင်းက ကျောင်းသား ၄၀ စီ တက်ရောက်သင်ယူနေကြသည်။ ထို့ကြောင့် အတန်းများကိုလည်း နှစ်ခန်းခွဲကာ သင်ကြားပေးနေရသည်။ Carroll ကျောင်းက ကျောင်းသား ၂၀ ရှိသည်။


Bonnie Bolden

ကျောင်းအလိုက် ဆရာများ၏ အားပေးမှုနှင့် ကျောင်းသားများ၏ စိတ်ပါဝင်စားမှုအရ ကွန်ပျူတာ ပရိုဂရမ်ရေးနည်းသင်တန်းများကို ကိုယ့်အစီအစဉ်နှင့်ကိုယ် ဖွင့်နေကြသည်။ အဓိက သူတို့ဦးတည်လုပ်ဆောင်နေကြသည်မှာ စက်ရုပ်များကို တီထွင်ဖော်ဆောင်နိုင်ရန်ဖြစ်သည်။ ယမန်နှစ်ကအထိ Wossman ကျောင်းက တီထွင်မှုရော လုပ်ဆောင်နိုင်စွမ်းတွင်ပါ ထိပ်ရောက်သွားသည်။ အားပေးမှုနှင့် ခံယူသည့် ကျောင်းသားများ၏ စိတ်ဓာတ်တွေကလည်း အရေးပါပုံကို ဖော်ပြနေသည်။

Wossman ကျောင်းမှ ကျောင်းအုပ်ဆရာကြီး အီရစ် ဒါဗစ်က သူတို့ကျောင်းတွင် ကွန်ပျူတာ ပရိုဂရမ်ပညာရှင်များကို ဆက်လက်မွေးထုတ်သွားရန် အစီအစဉ်ရှိကြောင်း ပြောပြသည်။ အချိန်ယူရမည့် လုပ်ငန်းဖြစ်သော်လည်း ဆရာရော ကျောင်းသားတွေကပါ စိတ်ဝင်စားသည့်အတွက် အောင်မြင်ရမည်ဟု သူက ယုံကြည်ထားသည်။

Neville နှင့် Carroll အထက်တန်းကျောင်းတွေကလည်း အပြိုင်အဆိုင် ကြိုးစားလာကြသည်။ သူတို့ဘဝအတွက် အနာဂတ်ကို ကျောင်းသားတွေက ကောင်းစွာကြိုမြင်ထားပြီးဖြစ်နေသည်။ အထက်တန်းကျောင်း ပြီးသွားလည်း သူတို့တွင် တွေးစရာ၊ လုပ်စရာတွေရှိနေသည်။

သူတို့က ကျောင်းသားတွေကိုသင်ကြားပုံက ရှင်းသည်။ စာတွေ့ပါးစပ်ထဲရှိတာတွေ ရွတ်ပြနေမည့်အစား ကွန်ပျူတာဖွင့်ပြီး လက်တွေ့ရေးခိုင်းလိုက်သည်။ ကျောင်းသားတွေကို ဝါသနာတူရာ အုပ်စုခွဲသည်။ ပရိုဂရမ်ရေးသူက ရေးသည်။ အီလက်ထရွန်နစ်ဝါသနာပါသူတွေက လျှပ်စစ်သဘောတရားတွေကိုစုဝေးလေ့လာကြမည်။ ထောင့်တစ်ထောင့်တွင် ကျောင်းသားတစ်ယောက်က ကွန်ပျူတာတစ်လုံးနှင့် ကုတ်များကိုဖွင့်နိုင်ရန် ကြိုးစားနေသည်။ ကျောင်းသားအားလုံး ကိုယ့်ပြဿနာကို ကိုယ်ရှင်းနိုင်အောင် ကြိုးစားကြသည်။ ဆရာက အထောက်အကူပေးရန်သာဖြစ်သည်။ သူက Cyber Literacy 1 ကို အခြေခံအဖြစ် သင်ကြားပေးပြီးပြီ။ ယင်းသည်ပင် ခေတ်သစ်လေ့လာနည်းစနစ်ဖြစ်သည်။

Cyber တန်းကို လေ့လာနေသည့် ကျောင်းသားများကလည်း ဒရုန်းများ၊ ကင်မရာများနှင့် အလုပ်ရှုပ်နေကြသည်။ ကျောင်း Website ကို အကောင်းဆုံးရေးနေကြသည့် ကျောင်းသားအုပ်စုလည်းရှိသည်။ သူတို့အားလုံး ဦးတည်ချက်က Louisiana Tech University တွင်ကျင်းပမည့် နည်းပညာပြိုင်ပွဲကို ဝင်ရန်ဖြစ်သည်။

ကျောင်းသားများ၏ ပူးပေါင်းလုပ်ဆောင်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်း၊ အဖြေထုတ်နိုင်စွမ်းတွေက ယခင်ကထက် ပိုကောင်းလာသည်။ IT ၏ အကျိုးတရားများကြောင့် တီထွင်စွမ်းအားတွေလည်း ပိုကောင်းလာကြောင်း ဆရာများကိုယ်တိုင် ဝန်ခံလာသည်။ သူတို့လည်း ကျောင်းသားတွေကို ညွှန်ပြနိုင်ရေးအတွက် အမီလိုက်နိုင်ရန် ကြိုးစားနေကြရသည်။

"ကျောင်းသားတွေ တစ်ဦးနဲ့တစ်ဦး အပြိုင်အဆိုင်လုပ်နေတာ သူတို့အချင်းချင်း ပြိုင်နေတာနဲ့ မတူတော့ဘူး။ ကမ္ဘာကြီးကိုပါ ပြိုင်နေသလိုဖြစ်လာတယ်။ ရှင်တို့သူတို့ကိုလုပ်ခွင့်တွေမပေးရင်တရုတ်နဲ့ဟောင်ကောင်နောက်ကို ရောက်သွားလိမ့်မယ်။ ကျွန်မတို့ ပြိုင်ရမယ်။ နိုင်မှဖြစ်မယ်။ ကမ္ဘာနဲ့ယှဉ်နိုင်အောင် ရှင်တို့ သူတို့ကို မသင်ပေးနိုင်ရင် ရှင်တို့ သူတို့ကို လိမ်ညာနေသလို ဖြစ်နေလိမ့်မယ်"

ဆရာမ ဆရီနာဝိုက်၏စကား များစွာစဉ်းစားစရာဖြစ်သည်။ ■ E01

**(Ref: The News Star)**

# ကလေးငယ်များနှင့် အံဝင်အောင် စီစဉ်သင်ကြားရေး

စင်ကာပူနိုင်ငံမှ ဆရာမ ချန်ဆီးယုသည် လုပ်သက် ၇ နှစ်ရှိပြီဖြစ်သည်။ သူက ရူပဗေဒဘာသာရပ်သင်ပြီး အထူးသဖြင့် (Electromagnetism) ကို လေ့လာထားပြီး ကျွမ်းကျင်စွာ သင်ကြားနိုင်သူတစ်ဦးလည်းဖြစ်သည်။

ယခုအခါ ဆရာမ ချန်ဆီးယုသည် ငယ်ရွယ်သည့်ကလေးများကို သင်ကြားရန် ပြန်ပြီး လေ့လာနေရသည်။ အထူးသဖြင့် ရေ၊ အစားအစာနှင့် လေတို့ကို အဘယ်ကြောင့်လိုအပ်ကြောင်း ကလေးများကို သင်ကြားပို့ချရန် သူတာဝန်ယူထားသည်။

အသက် ၃၆ နှစ်အရွယ် ဆရာမ ချန်သည် မူလတန်းကို လွန်ခဲ့သည့် ၂ နှစ်ခန့်ကတည်းက စပြီးသင်သည်။ ၂၀၀၈ ခုနှစ်တွင် သူသည် North View အထက်တန်းကျောင်းတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ရူပဗေဒဘာသာရပ် သင်ကြားခဲ့ပြီး ယခုအခါ Northland မူလတန်းကျောင်းသို့ပြောင်းကာ သိပ္ပံဘာသာရပ်ကို သင်ကြားနေသည်။

မစ္စချန်းသည် အထက်တန်းအဆင့်မှ မူလတန်းအဆင့်ကို ပြန်ဆင်းပြီးသင်သည်ဆိုခြင်းမှာ ရှားရှားပါးပါး အားထုတ်မှုတစ်ခု ဖြစ်သည်။ စင်ကာပူတွင် ကျောင်းသားအရေအတွက်တွေက နည်းလာသည်။ လာမည့် ၂၀၁၉ လောက်ဆိုလျှင် ကျောင်းထက်ဝက်ခန့်လျော့နည်းသွားမည်လားဟု တွေးဆနေကြသည်။

ဆရာ ၃၄၀ လောက် ယခုနှစ်အတွင်း မူလတန်းကျောင်းများကို ကူးပြောင်းပြီး သင်ကြားနေကြသည်။ ယမန်နှစ်ကထက် ဆရာ ၉၀ ခန့် တိုးလာကြောင်း စင်ကာပူပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ၂၀၁၅ ခုနှစ်က အထက်တန်းမှ မူလတန်းသို့ ကူးပြောင်းသင်ကြားသူ ၁၈ ဦးခန့်သာရှိသည်။ ပညာရေးဝန်ကြီးဌာနက ထိုသို့အထက်တန်းအဆင့်မှ မူလတန်းအဆင့်သို့ ကူးပြောင်းသင်ကြားခြင်းမှာ ပညာရေးတိုးတက်မြင့်မားလာစေရန်ဟု ဆိုထားသည်။

အထက်တန်းကျောင်းများမှ ဆရာများကို မူလတန်းသို့ ပြောင်းရွှေ့သင်ကြားခိုင်းခြင်းမှာ ဘာသာရပ်ဆိုင်ရာ သဘောတရားများကို အောက်ခြေတွင် အခြေခိုင်ခိုင်ဖြင့် တည်ဆောက်ပေးလိုက်ရန်သာဖြစ်သည်။ မူလတန်းတွင် အခြေခံကိုကောင်းအောင်လုပ်ပေးနိုင်မှ အလယ်တန်းအဆင့်တွင် ပိုပြီးအထောက်အကူပြုနိုင်မည်ဟု ပညာရေးဝန်ကြီးဌာနက ဆိုသည်။

စင်ကာပူနိုင်ငံတွင် ဆရာပေါင်း ၃၃၀၀၀ ကျော်ရှိသည်။ ဆရာအများစုမှာ သူတို့လုပ်ငန်းကို ရှေ့ဆက်ပြီး မြင့်မားသွားစေရန်သာ ရည်ရွယ်ထားကြသည်။ ကလေးများအပေါ် အတွေ့အကြုံမရှိသည့် ဆရာများအဖို့ မူလတန်း ဆင်းသင်ရခြင်းမှာ စိတ်ထဲတွင် ကသိကအောက်တော့ ဖြစ်ကောင်းဖြစ်မည်။ သို့သော် ဆရာများကို အောက်သို့ဆင်းခိုင်းသည်မှာလည်း အလကားဆင်းခိုင်းခြင်းမဟုတ်။ အပတ်စဉ် စင်ကာပူဆရာအတတ်သင်ကျောင်းသို့သင်တန်းသွားတက်ရသည်။ ငါးလတက်ပြီးမှ မူလတန်း ဆင်းသင်ကြရသည်။ သင်တန်းက သူတို့အတွက် လိုအပ်သည့် ဆရာအတတ်ပညာများ၊ မူလတန်းကလေးများကို သင်ကြားနည်းများအား လေ့ကျင့်ပို့ချပေးသည်။

မစ္စချန်းအနေနှင့်လည်း သင်ကြားသည့်ပုံစံများကိုပါ ပြုပြင်ပြောင်းလဲရတော့သည်။ ကလေးတွေကို ပန်းခြံလိုနေရာမျိုးကို ခေါ်သွားသည်။ အပင်တွေ ပန်းပွင့်တွေကို လေ့လာခိုင်းသည်။ လက်တွေ့ခွဲခြမ်းစိတ်ဖြာခိုင်းခြင်းက သူတို့ကို မည်မျှထိရောက်ကြောင်း စမ်းသပ်သင်ကြားပေးဝနေရသည်။

"ကျွန်မအနေနဲ့က စာအုပ်ထဲက စာတွေကို ဖတ်ခိုင်းသလို နားလည်မှုမျိုးတွေနဲ့ သင်လို့မရနိုင်တော့ဘူးဆိုတာ ကောင်းကောင်းသိလာတယ်" ဟုလည်း ချန်းကဆိုသည်။

ဆရာတိုင်း ကလေးတွေကို မိမိသိသည်ထက် သူတို့သိအောင် ပိုပြီးအားထုတ်လာကြရသည်။ ကလေးတွေကို သင်ကြားရသည်ဆိုခြင်းမှာ အချိန်ယူရသည်။

"ကလေးတွေကို သင်ကြားရာမှာ သူတို့နောက်တစ်ဆင့်တက်မယ့်အတန်းတွေနဲ့ ကိုက်ညီတဲ့အဆင့်ကို လေ့လာပြီးသင်ဖို့လိုတယ်" ဟု ဆရာ ဘရန်ဒါလင်းကလည်း ဆိုသည်။


Mark Cheong

စင်ကာပူတွင် အခြေခံကို အခြေခိုင်အောင်လုပ်မှ အထက်ကိုတက်ရာတွင် လွယ်ကူကြောင်း နားလည်ထားကြသည်။ ထို့ကြောင့်လည်း အောက်ခြေကစပြီး ခိုင်အောင်လုပ်သည်။ ဆရာဆိုသည်မှာ အတန်း ကျောင်းသားမရွေး သင်ကြားနိုင်သူများဖြစ်ခြင်းကို သူတို့ပိုပြီး ဂုဏ်ယူကြသည်။ ■ E01

**(Ref: The Straits Times)**

# တရုတ် မျိုးဆက်သစ်အတွက် ပြင်ဆင်မှုအသစ်

ကမ္ဘာတွင် ကွန်ပျူတာပရိုဂရမ်ကို အလေးထားပြီး လေ့လာလိုက်စားနေချိန်၌ တရုတ်တို့ကလည်း နောက်ချန်မနေခဲ့ကြောင်း တွေ့ရသည်။

အသက် ၂၂ နှစ်အရွယ် ဆရာမ ရှုရှင်းယန်တစ်ယောက် ကလေးများကို ကွန်ပျူတာသင်ပေးနေသည်။ တရုတ်နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များ မွေးထုတ်ရေးအစီအစဉ်တွင် သူလည်း ရှေ့တန်းတပ်ဦးတစ်နေရာက ပါဝင်လုပ်ဆောင်နေခြင်းဖြစ်သည်။ စီးပွားရေးအတွက် မဖြစ်မနေတတ်ထားရန် ပေသီးခေါက်နည်းသင်သည့်ခေတ် မဟုတ်။ ကလေးများ သိထားသင့်သည့် Excel စာရင်းပြုစုနည်းကစပြီး သင်သည်။

တရုတ်နိုင်ငံသည် Microsoft China Education အဖွဲ့နှင့် ပူးပေါင်းထားသည်။ ကလေးတွေကို ဆရာမရှုရှင်းက KODU ဆိုသည့် ဂိမ်းရေးနည်းပရိုဂရမ်လေးကိုလည်း အခြေခံကစပြီး သင်ပေးထားသည်။ ယခုအခါ တရုတ်နိုင်ငံရှိ ကျောင်းပေါင်း ၁၅၀ ကျော်တွင် IT ဆိုင်ရာ ဆရာပေါင်း ၂၀၀ ကျော်ရှိနေပြီး၊ သင်ပေးနေသည့် ကျောင်းသားပေါင်း ၃၀၀၀၀ ခန့်ရှိနေပြီဖြစ်သည်။

တရုတ်နိုင်ငံ အနာဂတ်စီးပွားရေးက အင်ဂျင်နီယာနှင့် AI ခေါ်ဉာဏ်ရည်တုဖြင့် လုပ်ဆောင်ခိုင်းမည့် စက်ရုပ်များ လမ်းကြောင်းဆီသို့ ဦးတည်ထားသည်။ နိုင်ငံ၏ စက်မှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် AI ကို မဖြစ်မနေထည့်သွင်းရမည်ဖြစ်ကြောင်း ခေါင်းဆောင်ပိုင်းကလည်း လမ်းညွှန်ထားသည်။ အထူးသဖြင့် ပြည်တွင်းထုတ်ကုန် လုပ်ငန်းများတွင် ကွန်ပျူတာနည်းပညာကို အခြေခံသည့် လုပ်ငန်းများ ထူထောင်ကြရန် အာဏာပိုင်များ၏ လမ်းညွှန်ချက်အတိုင်းလည်း အကောင်အထည်ဖော်ပေးနေကြသည်။

၂၀၁၇ ခုနှစ် ဇူလိုင်လကတည်းက နိုင်ငံတော်အနေနှင့် အဆင့်မြင့်နည်းပညာများဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရာတွင် AI နည်းပညာကိုပါ ဖွံ့ဖြိုးတိုးတက်စေရေးဆိုပြီး မူဝါဒများချမှတ်ကာ လုပ်ဆောင်နေကြခြင်းဖြစ်သည်။ တရုတ်ခေါင်းဆောင်များက ၂၀၃၀ ပြည့်နှစ်တွင် တရုတ်သည် AI နည်းပညာဖြင့် ကမ္ဘာကိုလွှမ်းမည်ဟု ကြွေးကြော်ထားသည်။ ပြည်တွင်းစက်မှုလုပ်ငန်းများတွင် AI နည်းပညာဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ဒေါ်လာ ၁၅၀ ဘီလီယံခန့်အထိတိုးမြှင့် သုံးစွဲသွားမည်ဟုလည်း ဆိုထားသည်။

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် တရုတ်တို့က ပညာရေးကို AI နည်းပညာများ ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးခြင်းဖြင့် စတင်သည်။ အထူးသဖြင့် လူငယ်မျိုးဆက်သစ်ကို AI နည်းပညာနှင့် ပရိုဂရမ်ရေးနည်းများသင်ပေးပြီး အနာဂတ်အတွက် ကြိုတင်ပျိုးထောင်နေကြသည်။

ရှုရှင်းယန်လို လူငယ်ဆရာတွေကို တရုတ်တို့က အများကြီးမွေးထုတ်ထားသည်။ ရှုသည် ငယ်စဉ်ကတည်းက ကွန်ပျူတာကို ရူးသွပ်ခဲ့သူဖြစ်သည်။ အဖေက ကျောင်းဆရာဖြစ်ပြီး သူကိုယ်တိုင်ကလည်း ကလေးများကို ကွန်ပျူတာပရိုဂရမ်များ သင်ကြားပေးရန် စိတ်ထက်သန်သောကြောင့် ကိုယ်တိုင်ကကြိုးစားလေ့လာ သင်ယူခဲ့သူဖြစ်သည်။

"ကျွန်မစသင်တုန်းက ဂိမ်းကစားဖို့ပါ။ နောက်ပိုင်း ဂိမ်းဆော့ရင်းနဲ့ ပရိုဂရမ်ရေးဖို့ပါ စိတ်ပါလာတာ" ဟု သူက ဆိုသည်။

ရှုရှင်းသည် တရုတ်စာပေဖြင့် ကျောင်းပြီးခဲ့သူဖြစ်သည်။ သို့သော် ကျောင်းများတွင် လိုအပ်နေသည့် ကွန်ပျူတာပညာရပ်များကို သင်ကြားပေးနိုင်ရန် ကြိုးစားလေ့လာအားထုတ်ခဲ့သည်။ နှစ်ပေါင်းများစွာ ကျောင်းသားများကြားထဲတွင် စမတ်ဖုန်း၊ တက်ဘလက်၊ လက်ပ်တော့များဖြင့် နည်းပညာသင်ကြားရေးတွင် သူ့ဘဝကို မြှုပ်ထားသည်။

ကျောင်းသား ၄၀ ခန့်ရှိသည့် အတန်းတစ်တန်းထဲတွင် Qbasic လို ပရိုဂရမ်းမင်း ဘာသာရပ်ကို သင်ကြားရသည်မှာ အလွန်စွန့်စားရသည့် အလုပ်ဖြစ်သည်။ အားလုံးထဲမှာမှ ငါးယောက်ခန့်ထွက်ပေါ်လာရေးကို မနည်းအားစိုက်သင်ပေးနေရသည်။

"စိတ်မဝင်စားတဲ့ကလေးတွေကို သင်နေရတာ ခက်ခဲတယ်။ ဘာကြောင့်လဲဆိုတော့ ပရိုဂရမ်ဆိုတာ တစ်နေရာမှာ မှားနေရင် ရှေ့ဆက်လို့မရတော့ဘူး။ အမှားတွေ့ရင် ပြန်ရှာ ပြန်ပြင်နိုင်လောက်တဲ့ စိတ်ရှည်သူမျိုးတွေဖြစ်ဖို့လိုတယ်" ဟု သူကဆိုသည်။

၂၀၁၆ ခုနှစ်တွင် ရှုရှင်းတစ်ယောက် KODU ပရိုဂရမ်းရေးနည်းကိုရလိုက်သည်။ ကလေးတွေအတွက် ပိုပြီးလွယ်လာသလို ဂိမ်းအတွက် စိတ်ဝင်စားစရာလည်း ကောင်းလာသည်။ ကလေးတွေကို ကုတ်တွေရေးခိုင်းနေရသည့်အစား အခြားနည်းလမ်းလေးတွေဖြင့် ဖြေရှင်းခိုင်း တီထွင်ဖန်တီးခိုင်းနိုင်သဖြင့် ပိုပြီးပျော်စရာကောင်းလာသည်။

ကလေးတွေကလည်း ပျင်းစရာကောင်းသည့် ကုတ်ရေးနေရာက တီထွင်ဖန်တီးမှုအသစ်ကို ပိုပြီး သဘောကျလာကာ စိတ်ဝင်စားစွာဖြင့် လုပ်ဆောင်လာကြသည်။ သူတို့ကိုယ်ပိုင် ပရိုဂရမ်လေးများကို ဖန်တီးနိုင်သည်အထိ အောင်မြင်လာကြသည်။

"မိန်းကလေးတချို့ဆိုရင် ကုတ်ရေးတာ ဝါသနာမပါဘူး။ ဒါပေမဲ့ KODU ကြောင့် 3D animation တွေကိုပါ ဖန်တီးလာနိုင်လို့ ရေသူမလို စိတ်ကူးယဉ်ဂိမ်းလေးတွေကိုကိုယ်တိုင်ဖန်တီးလာတာ တွေ့ရတယ်" ဟု သူက ဆိုသည်။

"ပရိုဂရမ်ဆိုတာက ကလေးတွေကို သူတို့စိတ်ထဲမှာ ရှိနေတဲ့ခံစားချက်တွေကို ထုတ်ပြနိုင်အောင် အထောက်အကူပြုတာမျိုးဖြစ်အောင် လုပ်ခိုင်းလာလို့ရတယ်။ ကလေးတွေက အရောင်တွေကြိုက်တယ်၊ ဖန်တီးရတာတွေကို နှစ်သက်တယ်။ ဒါကြောင့် သူတို့နဲ့ အနီးစပ်ဆုံးဖြစ်တဲ့ ပရိုဂရမ်နဲ့ လေ့ကျင့်ပေးနေရတယ်"

တရုတ်နိုင်ငံတွင်လည်း (Hour of Code) ရက်သတ္တပတ်လှုပ်ရှားမှု အစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့သည်။ စာသင်ခန်း ၁၀ ခန်းကို အမေရိကတွင် ခေတ်စားနေသည့် STEM နည်းစနစ်များဖြင့် သင်ကြားပေးနိုင်အောင် ကြိုးစားခဲ့ကြသည်။ နေ့ဝက်ကျောင်းဆင်းပေးပြီး ကျန်နေ့ဝက်တွင် KODU ကို သင်ပေးသည်။ ဆရာပေါင်း ၁၁၀ ဦးတို့ ပူးပေါင်းလှုပ်ရှားကြသည်။

ကလေးများအနေဖြင့် ကွန်ပျူတာကုတ်မရေးနိုင်စရာ အကြောင်းမရှိ။ လွယ်ကူသည့်စနစ်များက သူတို့၏ တီထွင် စူးစမ်းစိတ်များကို အားဖြည့်ပေးနိုင်သည်။ ဂီတဆရာတွေကလည်း ဂီတသင်ကြားရာတွင် ကွန်ပျူတာဖြင့် ကုတ်ရေးနည်းကို ထည့်သွင်းလာကြသည်။ ဂီတကို ကုတ်ဖြင့်ရေးပြီး ဖန်တီးသည့်အဆင့်ကို လုပ်ဆောင်ခိုင်းနေပြီဖြစ်သည်။

ပရိုဂရမ်ကိုရေးခိုင်းရာတွင် အစဉ်အလာ ပညာရေးလမ်းကြောင်းအတိုင်း လိုက်နေ၍မရပေ။ တိုးတက်ဖောက်ထွက်ပြီး လုပ်ဆောင်ရသည်များရှိသည်။ ပရိုဂရမ်တစ်ခု ဖန်တီးနိုင်ခြင်းဆိုသည်မှာ တစ်ဦးချင်းစိတ်ပါဝင်စားမှုနှင့် လေ့လာအားထုတ်နိုင်မှုများနှင့်လည်း သက်ဆိုင်သည်။

တရုတ်နိုင်ငံတွင် အနာဂတ်အတွက် အမျိုးသမီးများကို ကုတ်ရေးနည်းသင်ပေးဖို့ ပိုလိုအပ်ကြောင်း ရှုရှင်းတစ်ယောက် ခံယူထားသည်။ သူက

"ကျွန်မအတန်းက ကလေးတွေကို ပျော်နေတာပဲ မြင်ချင်တယ်။ ဒါကြောင့် ပရိုဂရမ်ဆိုတာ ပျော်ပျော်ပါးပါး လေ့လာလို့ရတာပဲဆိုတဲ့ အမြင်မျိုးဖြစ်အောင်သင်တယ်" ဟု ဆိုသည်။

**(Ref: Teaching China's next generation)**

■ E01




# နိုင်ငံတကာ မိန်းကလေးများနေ့

၂၀၁၂ ခုနှစ်ကတည်းက အောက်တိုဘာ ၁၁ ရက်နေ့ကို နိုင်ငံတကာ မိန်းကလေးများနေ့ (International Girl Child Day) အဖြစ် သတ်မှတ်ပေးခဲ့သည်။ ထိုသို့ သတ်မှတ်ပေးရခြင်းမှာ အမျိုးသမီးငယ်လေးများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ရန်နှင့် သူတို့၏ အခွင့်အရေးများကို အပြည့်အဝရရှိနိုင်ရေးအတွက် အကာအကွယ်ပေးနိုင်ရန်ဖြစ်သည်။

ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်တွင် အသက် ၁၈ နှစ်အောက် မိန်းကလေးများကို အရွယ်မရောက်သေးသည့် မိန်းမငယ်လေးများအဖြစ် သတ်မှတ်ပြီး သူတို့ အခွင့်အရေးများကို လူ့အခွင့်အရေးတစ်ရပ်အနေနှင့် ရရှိစေရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းထားသည်။

ငယ်ရွယ်သည့် မိန်းကလေးများအတွက် အဓိကလိုအပ်ချက်မှာ ပညာသင်ကြားခွင့်ရရှိရေးပင်ဖြစ်သည်။ UNICEF ကလည်း အမျိုးသမီးများအတွက် အကြီးမားဆုံးသော ခံစားနေရမှုမှာ ခွဲခြားဆက်ဆံခြင်းကို ခံနေရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၁၆ ခုနှစ် လေ့လာဆန်းစစ်ချက်အရ အသက် ၆ နှစ်မှ ၁၇ နှစ်အတွင်း မိန်းကလေးငယ်ပေါင်း သန်း ၁၃၀ ခန့်ရှိသည်။ MHRD ၏ အစီရင်ခံစာတွင်လည်း ပညာရေးဆိုင်ရာဆန်းစစ်ချက်ကို ထုတ်ပြန်ရာ၌ ၁ တန်းမှ ၁၂ တန်းအထိ ကျောင်းလာအပ်သည့် မိန်းကလေးလေးပေါင်းမှာ သန်း ၁၂၀ ခန့်သာရှိသည်။ ၁၀ သန်းခန့် ကျောင်းနှင့်ဝေးပြီးပျောက်နေကြသေးသည်။

ပညာရေးသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ အထူးသဖြင့် မိန်းကလေးများတွင် ပညာသင်ကြားရေးကို အခွင့်အရေးတစ်ခုအနေနှင့် ရွေးချယ်ပိုင်ခွင့်ရှိရေးမှာ အရေးကြီးသည်။ ပညာတတ်ထားသည့် အမျိုးသမီးတစ်ဦးသည် နိုင်ငံသားများအပေါ်တွင်သာမက မိမိလူ့ဘောင်အဖွဲ့အစည်းကိုပါ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်လိုစိတ်များရှိသည်။ အထူးသဖြင့် အမျိုးသမီးများ ပညာတတ်မှ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပိုပြီး ဖော်ဆောင်ပေးနိုင်သည်။

အိန္ဒိယနိုင်ငံတွင် အမျိုးသမီးငယ်လေးများ ပညာသင်ကြားခွင့်ရရေးဆိုသည်မှာ ဘက်ပေါင်းစုံက စိန်ခေါ်မှုတွေနှင့် ရင်ဆိုင်နေရသည်။ အထူးသဖြင့် အချိန်တန် အရွယ်မရောက်မီကတည်းက ယောကျ်ားပေးစား လက်ထပ်ခိုင်းသည့်စနစ်များရှိနေခြင်းကြောင့် သူတို့ဘဝများမှ မရေမရာဖြစ်နေကြရသည်။

အိန္ဒိယနိုင်ငံတွင် အသက် ၁၈ နှစ်ရောက်မှ လက်ထပ်ထိမ်းမြားပေးရန် ဥပဒေက သတ်မှတ်ပေးထားသော်လည်း မိဘများကိုယ်တိုင်က ၁၈ နှစ်မတိုင်မီ လက်ထပ်ပေးမှုများ ရှိနေဆဲဖြစ်သည်။ ၂၀၁၇ ခုနှစ် ဇွန်လတွင် ထုတ်ပြန်သည့် ကမ္ဘာ့ဘဏ် အစီရင်ခံစာတွင်လည်း ၁၈ နှစ်မပြည့်သည့် ကလေးပေါင်း ၄၀ ရာခိုင်နှုန်းလောက်ကိုလက်ထပ်ပေးခြင်းခံနေရသည်ဟု ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတွင် မိန်းကလေးငယ်များ ရင်ဆိုင်နေရသည့် အခြားပြဿနာတစ်ရပ်မှာ ကျောင်းများက အိမ်နှင့်အနီးအနားတွင် ရှိမနေခြင်း၊ သုံးစွဲရေမရှိခြင်း၊ အိမ်သာသီးခြားမရှိခြင်းများ ဖြစ်သည်။ ၂၀၁၄ ခုနှစ် အိန္ဒိယအစိုးရ ထုတ်ပြန်ချက်တွင် (Clean India, Clean Schools) ဆိုကာ နိုင်ငံနှင့်ကျောင်းသန့်ရှင်းရေးကို စီမံကိန်းများချပြီး လုပ်ဆောင်ခဲ့သည်ဆိုသော်လည်း အပြည့်အဝ မအောင်မြင်သေးပေ။ ထိုစီမံချက်အရ ကျောင်းများတွင် ယောကျ်ားလေးနှင့် မိန်းကလေးအိမ်သာများ ခွဲပြီးဆောက်ပေးသည်။ အမျိုးသမီးငယ်လေးများအတွက် ရာသီလာချိန်တွင် အသုံးပြုရန် အတွင်းခံများကအစ၊ ဆပ်ပြာနှင့်ရေသုံးစွဲရေးတွေကိုပါ ပညာပေးခဲ့ကြရသည်။




မိန်းကလေးငယ်များကို ပညာပေးရန်ဆိုသည်မှာ အမျိုးသမီးဆရာမများ လိုအပ်သည်။ အိန္ဒိယတွင် အမျိုးသမီး ဆရာမဦးရေ အလွန်ရှားသည်။ ကျေးလက်များတွင် ဆရာတစ်ဦးတည်း သင်ကြားနေကြရသည့် ကျောင်းတွေရှိနေသေးသည်။ အိန္ဒိယကျောင်းဆရာနှင့် ကျောင်းသားအရေအတွက်ကလည်း ကျောင်းသား ၁၀၀၀ ဆရာတစ်ယောက်နှုန်းလောက် ဖြစ်နေသေးသည်။ အိန္ဒိယတွင် အသက် ၆ နှစ်မှ ၁၄ နှစ်အရွယ် ကလေးတိုင်းကို မသင်မနေရ ပညာရေးစနစ် ၂၀၀၉ ခုနှစ်ကတည်းက သတ်မှတ်ပေးထားသော်လည်း ဆရာနှင့်ကျောင်းသားအချိုး ညီမျှအောင် ယနေ့တိုင် လုပ်ဆောင်ပေးနိုင်ခြင်း မရှိသေးပေ။

ထို့ကြောင့် မိန်းကလေးငယ်တိုင်း ပညာသင်ကြားခွင့်ရရေးဆိုသည်မှာ အိပ်မက်တစ်ခုပမာ ဖြစ်နေရသေးသည်။ မိန်းကလေးမွေးလာလျှင် လက်မခံချင်သည့်အယူအဆများရှိသဖြင့် ကလေးဖျက်ချခြင်း၊ သတ်ပစ်နေခြင်းများကိုလည်း ရင်ဆိုင်ဖြေရှင်းနေကြရသေးသည်။ မိန်းကလေးတိုင်း ပညာသင်ကြားခွင့်ရရေးဆိုသည်မှာ အိန္ဒိယနိုင်ငံအတွက်တော့ အိပ်မက်ခရီးရှည်ကြီးတစ်ခုလို ဖြစ်နေသေးသည်။

**(Ref: UNHCR)**

■ E01

# ဆရာများ၏ ရင်ဖွင့်သံ (ရာထူးတိုး မူဝါဒ)

မြဇာခြည်သင်း

ရာထူးတိုးမူဝါဒကို မူလကစွမ်းဆောင်ရည်အလိုက် အကဲဖြတ်မည်ဟု ပညာရေးဝန်ကြီးက ပြောဆိုထားကြောင်း တက္ကသိုလ်ဆရာအသိုင်းအဝိုင်းက ဆိုသည်။ သို့သော် ရာထူးတိုးမူဝါဒထွက်လာသည့်အခါ စွမ်းဆောင်ရည်အစား လုပ်သက်ကို အဓိက အကဲဖြတ်သည့်အတွက် ဆရာအဖွဲ့ချုပ်နှင့် တက္ကသိုလ်ဆရာများကြား ဝေဖန်ကြသည်။ စွမ်းဆောင်ရည်ကို ရှေ့တန်းမတင်ဘဲ လုပ်သက်ကို ဦးစားပေး အကဲဖြတ်ခြင်းကို တက္ကသိုလ်၏အသက် သုတေသနပိုင်းကို အားပေးရာမရောက်ဟု ဝေဖန်သည့် ဆရာများလည်း ရှိသည်။ ထိုအခြေအနေများအပေါ် ဆရာများ၏ သဘောထားအမြင်များကို ယခုတစ်ပတ် ဆရာများ၏ ရင်ဖွင့်သံကဏ္ဍမှတစ်ဆင့် The Voice က စုစည်းဖော်ပြလိုက်ပါသည်။

## "ဘာကြောင့် ဒီလိုအမှတ်ပေးပါတယ်ဆိုတာ ရှင်းပြနိုင်မယ်ဆိုရင် အကြီးအကဲကလည်း အမှတ်ပေးသင့်ပါတယ်"

### ဦးတင်မျိုးအောင် (မုံရွာတက္ကသိုလ် - မြန်မာစာဌာန၊ လက်ထောက်ကထိက)

ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ရာထူးတိုး/ပြောင်းမူဝါဒက လုပ်သက်ကို အဓိကထားပြီး ဆုံးဖြတ်တာကို တွေ့ရတယ်။ ရာထူးတိုး ပြောင်းရွှေ့တွေအတွက် မထုတ်ပြန်ခင်မှာ ချပြတာဖြစ်ပေမယ့် လုပ်ရမယ့်မူဝါဒတွေကို စောစောစီးစီး ကြိုတင်အသိပေးတာမျိုး၊ အကြောင်းကြားထားတာမျိုး သိပ်မရှိဘူး။ အဲဒီအခါကျတော့ ကျွန်တော်တို့က လုပ်သက်ပေါ်မှာ စဉ်းစားတဲ့အခါ ဝေဝါးတယ်။ သူတို့ရဲ့လုပ်ဆောင်မှုအရည်အချင်းကိုအမှတ်ပေးတာက ပြည်တွင်းမှာဖြစ်ဖြစ်၊ ပြည်ပမှာဖြစ်ဖြစ် အမှတ်ဝက်(၀ ဒသမ ၅)မှတ်လောက်ပေးထားတာ တွေ့ရတယ်။ အဲဒီလို လုပ်သက်ပေါ်မှာ အဓိကထားစဉ်းစားတာက အရည်အသွေးပြည့်ဝတဲ့ ဆရာတွေဖြစ်ဖို့ဖော်ဆောင်တဲ့နေရာမှာ အလားအလာမကောင်းနိုင်ဘူး။

ကျွန်တော်တို့က တက္ကသိုလ်နယ်ပယ်မှာ နည်းစနစ်တွေကို မြင့်နိုင်သမျှမြင့်အောင် တင်ထားရတာ။ အဲဒီအခါကျတော့ နဂိုအစဉ်အလာအခင်းအကျင်းတွေကိုက မှားခဲ့တာပဲ။ မူဝါဒအသစ်ကို ခိုင်ခိုင်မာမာ မချမှတ်နိုင်ဘူး။ မူဝါဒအဟောင်းကိုလက်ရှိခေတ်ကာလအခြေအနေကိုကြည့်ပြီး အဆင်ပြေသလို လုပ်ရတဲ့ပုံစံမျိုး ဖြစ်နေတယ်။ ကျွန်တော်တို့က မူဝါဒတော့ မချနိုင်ဘူး။ မူဝါဒကို Academic ကို ဦးစားပေးပြီး သုတေသနကို အခြေပြုတဲ့ တက္ကသိုလ်တွေဖြစ်အောင် ခင်းကျင်းရမယ်။ ဆရာတွေကိုလည်း သုတေသနကိုအဓိကဦးစားပေးတဲ့ပုံစံမျိုးနဲ့ မူဝါဒကို ချမှတ်ရမှာ။ အဲဒါမှ Academic ကို အကျိုးပြုတဲ့ တက္ကသိုလ်တွေပေါ်လာမှာ။

တန်းစီဇယားမှာလည်း ပထမက လုပ်သက်များတာ၊ သက်ဆိုင်ရာကျောင်းမှာ လုပ်သက်အများဆုံးဖြစ်တာ၊ နယ်လုပ်သက် များတာ။ နောက်တစ်ချက်က ပါရဂူဘွဲ့ရစောတာ အဲဒါမျိုးမဖြစ်သင့်ဘူး။ သတ်မှတ်တဲ့ရာထူးမှာ ပါရဂူဘွဲ့ရနေဖို့ပဲ လိုတာ။ ဘွဲ့ရစောခြင်း၊ မစောခြင်းက တန်းစီဇယားမှာ သက်ရောက်နေစရာအကြောင်းမရှိဘူး။ လိုအပ်တဲ့အရည်အချင်းက ပါရဂူဘွဲ့ပေါ်မှာပဲ မူတည်တာ။ ပါရဂူဘွဲ့စောရတဲ့အတွက် အခွင့်အရေး ပိုမရသင့်ဘူး။ အမှတ်ပေးတဲ့နေရာမှာ ပထမအဆင့်က ပါရဂူဘွဲ့ရရမယ်။ နောက်တစ်ဆင့်က ပြည်ပကနေ ပါရဂူဘွဲ့ ရရမယ်ဆိုပြီး ပါတယ်။ အရည်အချင်းကို ဦးစားပေးတဲ့အနေနဲ့ အဲဒါကိုတော့ ခြွင်းချက်အနေနဲ့ သဘောကျတယ်။ ဒီဘွဲ့ကို သူတို့ ခက်ခက်ခဲခဲယူခဲ့ရတာမို့ပါ။

တန်းစီဇယားမှာ အကြီးအကဲရဲ့ထောက်ခံချက်ပါရမယ်လို့ပါတယ်။ တက္ကသိုလ်ဝန်ထမ်းဌာနဆိုင်ရာအကြီးအကဲနဲ့အောက်လက်ငယ်သားတွေရဲ့ဆက်ဆံရေးကတော့ နဂိုကာလမှာ အထက်အောက်အပေးအယူနားလည်မှုပုံစံမျိုးတွေ ရှိကြပါတယ်။ အဲဒီအခါ အမှတ်ပေးတဲ့အခါမှာလည်း ပွင့်ပွင့်လင်းလင်းနဲ့ ဘယ်အချက်တွေလုပ်ရင် အမှတ်ပေးမယ်။ ဘယ်အချက်တွေလုပ်ရင် အမှတ်မပေးဘူးဆိုတာမျိုးတွေ တရားဝင်ပြထားရမယ်။ နောက်ပြီး ဘာကြောင့် ဒီလိုအမှတ်ပေးပါတယ်ဆိုတာမျိုး ရှင်းပြနိုင်မယ်ဆိုရင် အကြီးအကဲကလည်း အမှတ်ပေးသင့်ပါတယ်။ အမှတ်ပေးတာကို လက်ခံတယ်။ ပွင့်ပွင့်လင်းလင်းနဲ့ အောက်လက်ငယ်သား လက်ခံယုံကြည်အောင် အမှတ်ပေးမယ်ဆိုရင် လက်ခံပါတယ်။ တကယ်တမ်းတော့ ကျွန်တော်တို့က ဝန်ကြီးဌာနက ထုတ်ပြန်မှ သိရတာပါ။ သက်ဆိုင်ရာ ဆရာ၊ ဆရာမဒါမှမဟုတ် သက်ဆိုင်ရာ အသင်းအဖွဲ့တွေရဲ့ပူးပေါင်းဆောင်ရွက်မှု၊ အကြံပေးမှုတွေ လိုအပ်တယ်။ အဲဒါလေးတွေနဲ့ မူဝါဒကို အများသဘောထားကို သိအောင်လုပ်ပြီးမှ အများလက်ခံနိုင်အောင် ချမှတ်စေချင်တယ်။ ■

## "ဒီပါမောက္ခကများ ငါ့ကို အမှတ်နည်းနည်းပေးသလားဆိုတဲ့ အထင်မျိုးတွေ ဖြစ်နိုင်တယ်"

### ဦးအောင်ဆန်းလင်း (ကလေးတက္ကသိုလ်-မြန်မာစာဌာန၊ လက်ထောက်ကထိက)



ASL (FB)

လက်ထောက်ကထိက ကနေ ပါမောက္ခရာထူးထိတိုး၊ ပြောင်း၊ လစ်လပ်အတွက် ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ မူဝါဒအနေနဲ့ လုပ်သက်ကို အဓိကထားပြီး အမှတ်ပေးတယ်။ လုပ်သက်ကလည်း အရေးကြီးပါတယ်။ လက်ရှိရာထူးကလည်း အရေးကြီးတယ်။ နောက်တစ်ခုက သုတေသနကို ပိုပြီးဦးစားပေး အမှတ်ပေးစေချင်တယ်။ အဲဒါက တစ်ယောက်နဲ့တစ်ယောက် ပိုပြီးသိသာတယ်။ အခုက တန်းစီဇယားမှာ နံပါတ်ငါးကို ရောက်နေတဲ့လူက နံပါတ် ၂၀မှာရောက်နေတဲ့သူရဲ့ သုတေသနထက် သိသိသာသာ ပိုပြီးကောင်းမွန်သလားဆိုတာမျိုး ချိန်ဆတဲ့ ကွဲကွဲပြားပြားမရှိဘူးဖြစ်နေတော့ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝမ်းကွဲစရာဖြစ်နေတယ်။

တန်းစီဇယားနံပါတ်ငါးမှာ ရောက်နေပေမယ့် ဘယ်လောက်တောင်မှ ဘာသာရပ်အတွက် သို့မဟုတ် ဌာနအတွက်၊ တက္ကသိုလ်အတွက် အကျိုးရှိတဲ့ သုတေသနတွေကို လုပ်ထားနိုင်လို့လဲ။ ငါကတော့ အဆင့် ၂၀ မှာ ရောက်နေတာ သူထက် ဘယ်လောက်တောင်ညံ့နေလို့လဲဆိုတာမျိုးတွေ စိတ်ဝမ်းကွဲစရာဖြစ်လာတယ်။ သုတေသနလုပ်တဲ့စောင်ရေပေါ်မှာကြည့်ပြီး အမှတ်ပေးမယ်ဆိုရင် အချင်းချင်းကြားမှာလည်း တန်းစီဇယားပေါ်မှာ ကျေနပ်လက်ခံနိုင်ကြမယ်ထင်တယ်။ အခုက အဲဒီလိုမပြတ်သားဘူး ဖြစ်နေတယ်။ အဲဒီတော့ သုတေသနစာတမ်းပေါ်မှာ လုပ်သက်ကိုပေးတဲ့အမှတ်ထက် ပိုပေးစေချင်တယ်။ သုတေသနလုပ်တဲ့နေရာမှာလည်း တချို့က ဘောင်ဝင်ရုံပဲလုပ်ထားတာတွေ ရှိတယ်။ ထူးထူးခြားခြား စွမ်းဆောင်နိုင်တဲ့စာတမ်းမျိုး၊ ထူးခြားတဲ့တွေ့ရှိချက်မျိုးမရှိဘဲနဲ့ စာတမ်းတစ်စောင်ဖြစ်သွားရုံမျိုး လုပ်ထားတာတွေ ရှိနေတယ်။ သုတေသနစာတမ်းတွေကိုလည်း အဆင့်သတ်မှတ်ပြီးတော့ တကယ်ကောင်းတဲ့ဟာဆိုရင် ရသင့်ရထိုက်တဲ့ အမှတ်ပေးမယ်ဆိုရင် ကောင်းတာပေါ့။ အစောကတည်းကလည်း ဒီသုတေသနစာတမ်းက အမှတ်ဘယ်နှမှတ် ရပြီးပြီဆိုတာ ပွင့်ပွင့်လင်းလင်း ချပြနိုင်မယ်ဆိုရင် အဆင်ပြေတာပေါ့။

နောက်ပြီး တန်းစီဇယားမှာ ပြည်ပက ဘွဲ့ရတယ်ဆိုတဲ့အပေါ်မှာ အလုံးစုံ ဆုံးဖြတ်တာလည်း မဖြစ်စေချင်ဘူး။ ဘာသာရပ်တိုင်းက ပြည်ပက ဘွဲ့ရရမယ်လို့ တစ်ပြေးညီသတ်မှတ်မယ်ဆိုရင် သဘောမတူဘူး။ ကျွန်တော်တို့ မြန်မာစာဆိုရင် ပြည်ပဘွဲ့ဆိုတာထက် ပြည်တွင်းဘွဲ့ကပဲ အဓိက အရည်အသွေး အာမခံချက်ရှိမှာပေါ့။ ပြီးတော့ ပြည်ပကရလာတဲ့ဘွဲ့ပေါ်မှာရော အရည်အသွေး စမ်းသပ်ချက်နဲ့ ရလာတဲ့ဘွဲ့နဲ့ လျော်ညီတဲ့စွမ်းဆောင်ရည်မျိုး ပြနိုင်ရဲ့လားဆိုတာမျိုး ကြည့်စေချင်တယ်။ ဘွဲ့လက်မှတ်တစ်ခုနည်းကိုပဲ မကြည့်စေချင်ဘူး။

တန်းစီဇယားမှာ ဌာနဆိုင်ရာ အကြီးအကဲတွေရဲ့ထောက်ခံပေးသူဖြစ်ရမယ် ဆိုတဲ့အချက်ကတော့ ဌာနအကြီးအကဲတွေပေါ်မှာ အပ်ထားတဲ့အခွင့်အာဏာဖြစ်နေတော့ များသောအားဖြင့် အကြီးအကဲတွေအနေနဲ့ ဘက်လိုက်မယ်ဆိုရင် လိုက်လို့ရတယ်။ ကျွန်တော့်အထင် ဌာနအကြီးအကဲတွေက တစ်ယောက်နဲ့တစ်ယောက်ကိုပြတ်သားတဲ့ ခွဲခြားမှတ်မျိုးပေးမယ်ဆိုတာတော့ ရှားမယ်ထင်တယ်။ များသောအားဖြင့် အတူတူပဲပေးကြသလားဆိုတာ သိပ်မသိဘူး။ ပုဂ္ဂိုလ်ရေးတစ်ခုခုပေါ် မူတည်ပြီး အမှတ်ပေးခိုင်းနေတာ အပေးခံရတဲ့သူတွေအနေနဲ့ မေးခွန်းထုတ်မယ်ဆို ထုတ်ချင်စရာတွေများတယ်။ ဥပမာပြောရရင် ပါမောက္ခနဲ့ ဆရာ၊ ဆရာမနဲ့ အဆင်မပြေဘူးဆိုရင် သူပေးတဲ့အမှတ်သည် ဘယ်လောက်ပဲပေးပေး အမှတ်ပေးခံရတဲ့သူက အကြောင်းတစ်ခုခုကြောင့် တန်းစီဇယားနောက်ကျနေမယ်ဆိုရင် ဒီပါမောက္ခကများ ငါ့ကို အမှတ်နည်းနည်းပေးသလားဆိုတဲ့ အထင်မျိုးတွေဖြစ်နိုင်တယ်။ ပွင့်ပွင့်လင်းလင်း မရှိတဲ့အတွက် ဒါကလည်း အဆင်မပြေမှုတွေကို ဖြစ်စေတယ်။

ဒါကြောင့် ဒီအမှတ်ပေးတဲ့စနစ်က ပြင်မယ်ဆိုပြင်သင့်တဲ့အချက်ပါ။ ခုတန်းစီဇယားကို ထုတ်ပြတယ်ဆိုတာ ကျွန်တော်တို့က ကြိုဆိုပါတယ်။ အရင်တုန်းကဆို ဘယ်လိုစီလို့ ဘယ်လို အမှတ်ပေးမှန်း မသိခဲ့ရဘူး။ အမိန့်စာထွက်လာမှပဲ သိရတာ။ အခုတော့ ကြိုသိရတယ်။ မေးခွန်းထုတ်စရာတွေလည်း များလာတယ်။ ပထမခြေလှမ်းတော့ လှမ်းနိုင်ပြီ။ နောက်ထပ် မှန်မှန်ကန်ကန်လှမ်းနိုင်ဖို့ကတော့ သက်ဆိုင်ရာ ဆရာအားလုံးနဲ့ ညှိနှိုင်းဆွေးနွေးပြီး မူဝါဒတစ်ခုကို ခိုင်ခိုင်မာမာ ချမှတ်ဖို့ အကြံပြုချင်ပါတယ်။

■

# သေခြင်းဆီသို့ပို့ပေးသည့် သေမင်းများ

ကျော်ဗလ


Action Life

တစ်လလျှင် တစ်ကြိမ်ခန့် ဘတ်ကိုင်ဇာ အလုပ်လုပ်နေသည့် ဆေးခန်းသို့ဖုန်းလာတတ်သည်။ သူ့ဆီသို့ လာသည့်ဖုန်းသည် သေမင်းခေါ်သံဖြစ်သည်။ တစ်နည်းပြောရလျှင် သေချင်သူများက သူ့ကိုဖုန်းဖြင့် အကြောင်းကြားလာသောကြောင့် ဖြစ်သည်။ တစ်ဖက်မှ ဖုန်းဆက်သူက သူ့ကိုသေချင်ကြောင်းပြောမည်။ သူက လိပ်စာအတိုင်းသွားမည်။ သေချင်သူ၏ ဆန္ဒကိုဖြည့်ဆည်းပေးလိုက်ရုံသာဖြစ်သည်။

ကိုင်ဇာသည် ဒတ်ချ်လူမျိုး လူအိုအထူးကုဆရာဝန်တစ်ယောက်ဖြစ်သည်။ သူက ဘဝနိဂုံးဆိုသည့် ဆေးခန်းကို ဖွင့်လှစ်ထားသည်။ ဒတ်ချ် (နယ်သာလန်) အခေါ် (Levenseindekliniek) ဟူ၍ဖြစ်သည်။ သူ့ဆေးခန်းက သေလိုသူများ သို့မဟုတ် ကိုယ့်ကိုယ်ကိုယ် သတ်သေချင်သူများကို ဆန္ဒဖြည့်ဆည်းပေးသည်။ တစ်နည်းအားဖြင့် မည်သည့်ဆရာဝန် မည်သည့်ဆေးခန်းကမှ တာဝန်ယူ သတ်မပေးချင်သူများကိုသူကသတ်ပေးနေသည့်သေမင်းတမန်ဆရာဝန်ဖြစ်သည်။

ယူသန်နေးဆီးယား (Euthanasia) ဆိုသည်မှာ ဂရိစကားလုံးဖြစ်သည်။ ကောင်းသောသေခြင်း၊ ကောင်းသော သေမင်းဆိုသည့် အဓိပ္ပာယ်ဖြင့် သုံးစွဲကြသည်။ ဝေဒနာခံစားနေရသူများကို အသက်ဝိညာဉ်ပြီးပြတ်စေရန် ဆောင်ရွက်ပေးခြင်းကို ယူသန်နေးဆီးယားဟုခေါ်သည်။

ကိုယ့်ကိုယ်ကိုယ် သတ်သေပိုင်ခွင့်နှင့် ပတ်သက်ပြီး နိုင်ငံတကာတွင် ဥပဒေများသည် မတူကြပေ။ ဗြိတိန်လို နိုင်ငံမျိုးတွင် ခွင့်မပြုသော်လည်း နယ်သာလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့တွင် လူနာ၏တောင်းဆိုချက်အရ ခွင့်ပြုပေးနိုင်သည်။

ကိုင်ဇာသည် ယမန်နှစ်ကအထိ ကိုယ့်ကိုယ်ကိုယ် သတ်သေရန် တောင်းဆိုမှုပေါင်း ၂၂ ခုကို လက်ခံရရှိခဲ့သည်။ သူက ထိုတောင်းဆိုမှုများထဲမှ ၁၆ ခုကိုသာ လက်ခံဆောင်ရွက်ပေးခဲ့သည်။ သူကိုယ်တိုင် သေလိုသူများ၏ ဆန္ဒကို ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်သည်။

ကိုင်ဇာသည် သူ့ဆီသို့ဖုန်းဆက်ခေါ်သည့် သတ်သေလိုသူများကို အကြိမ်များစွာ သွားရောက်တွေ့ဆုံပြီး စကားပြောလေ့ရှိသည်။ သတ်သေလိုသူမှာ အမှန်တကယ် သတ်သေရန် အကြောင်းခိုင်လုံသလား သို့မဟုတ် သတ်ပေးရန်အမှန်တကယ်သင့်သလားဆိုခြင်းကို ဆုံးဖြတ်ရသည်။ ဤမျှနှင့် သူက မသတ်ပေးသေးပေ။ နောက်ထပ် ဆရာဝန်တစ်ဦး၏ ဆုံးဖြတ်ချက်ကို ထပ်မံယူသည်။ ဒုတိယဆရာဝန်က လူနာကို တွေ့ဆုံပြီးနောက် သဘောတူမှ သူကလူနာကို သတ်ပေးသည်။

သူက လူနာကို သတ်ပေးရာတွင် စိတ်ငြိမ်ဆေးများ သောက်ခိုင်းပြီး တဖြည်းဖြည်းနှင့် သေဆုံးသွားခြင်းမျိုးကို သဘောကျသည်။ အထူးသဖြင့် ၁၀ မိနစ်မှ ၁၅ မိနစ်အတွင်း ငြိမ်းချမ်းစွာ အသက်ပျောက်သွားသည့်နည်းကို အသုံးပြုလေ့ရှိသည်။ အကယ်၍ လူနာသည် သူတိုက်သည့်ဆေးကို သောက်နိုင်သည့် အနေအထားတွင် ရှိမနေလျှင် သို့မဟုတ် ဆေးသောက်ရမည်ကိုကြောက်နေလျှင် သူက ဆေးထိုးပေးပြီး အသက်ပျောက်သွား စေရန် ဖန်တီးပေးသည်။

ကိုင်ဇာသည် ဘိုးဘွားများ ခိုလှုံသည့် သက်ကြီးရွယ်အိုစခန်းတွင် ၃၄ နှစ်ကြာ တာဝန်ထမ်းဆောင်ဖူးသည်။ ထိုစခန်းမှ အငြိမ်းစားယူပြီးနောက်မှ (ဘဝနိဂုံး) ဆိုသည့် ဆေးခန်းကို ရောက်လာခြင်းဖြစ်သည်။ သူ၏ ပထမဆုံး သတ်သေခွင့် လုပ်ပေးခဲ့သည့် အမှုတစ်ခုကို သူကပြန်ပြောပြသည်။

“၁၉၈၄ ခုနှစ်လောက်တုန်းက ယူသန်နေးဆီးယားဆိုတာ တရားဝင်ခွင့်မပြုထားသေးဘူး။ အဲဒီအချိန်က လုပ်မယ်ဆိုရင်တောင် ပုန်းလျှိုးကွယ်လျှိုး လုပ်ပေးကြရတယ်။ ကျွန်တော် ပထမဆုံး လုပ်ပေးရမယ့် လူနာက ကျွန်တော် အလုပ်လုပ်နေတဲ့ လူအိုရုံမှာနေတယ်။ အဲဒီအချိန်က ကျွန်တော်တော့ ဦးဘယ်သူကို ဒီညသတ်ပါတော့မယ်လို့ လိုက်အော်နေရတဲ့ အနေအထားမှာ မရှိဘူး။ ကျွန်တော်ပထမဆုံး သတ်ပေးရတဲ့ လူနာက မသေဘူး။ ကျွန်တော် အရမ်းကိုထိတ်လန့်သွားရတယ်” ဟုသူကဆိုသည်။

“သတ်သေချင်နေသူကို သတ်ပေးရတာ နှစ်ချက် သတိထားရတယ်။ တစ်ခုက သတ်ပေးတဲ့သူ သေရမယ်။ သတ်သေချင်နေတာဆိုတော့ သေမှဖြစ်မယ်လေ။ နောက်တစ်ခု သတိထားရမှာက မသေမှာကို ကြောက်ရမှာ။ သေချင်နေတဲ့သူက မသေဘဲ အသက်ရှင်လျက်အတိုင်း ဖြစ်သွားမှာ စိုးရိမ်စရာပဲ”

သူက လူတစ်ယောက်ဇာတ်သိမ်းခန်းကို ညအချိန်တွင်သာ လုပ်ပေးသည်ကများသည်။

“သေချင်နေတဲ့ လူတစ်ယောက်ကို ပြန်မရှင်လာအောင် လုပ်ပေးဖို့ဆိုတာ အလွန်တာဝန်ကြီးတယ်။ ဘယ်လိုတွေ ဖြစ်လာမယ်ဆိုတာလည်း ကြိုပြောလို့မရဘူး။ သေချင်သူက သူဖြစ်ချင်တာကိုတော့ ပြောလို့ရတယ်။ သေချင်သူက သေချင်နေတာကိုဇွဲလည်းကြောင်ပတ် လိုက်လုပ်နေစရာမလိုဘူး။ မြန်မြန်သေစေတဲ့နည်းနဲ့ အဆုံးသတ်ပေးလိုက်ရုံပဲ။ ကျွန်တော်ကတော့ အဲဒီလို လုပ်ပေးဖို့ မကြောက်တော့ပါဘူး” ဟုလည်း သူက ဆိုသည်။

ကိုင်ဇာက သူတို့ဖွင့်ထားသည့် ဘဝနိဂုံးဆေးခန်းသည် ကိုယ်ကျိုးအတွက်မဟုတ်၊ အများအကျိုးဆောင်ပေးနေခြင်းဖြစ်သည်ဟုဆိုသည်။ လက်ရှိအနေအထားတွင် သူ့ကိုလူတွေက တစ်မျိုးထင်နေခြင်းထက် မိမိကိုပိုပြီး နားလည်ပေးလာလိမ့်မည်ဟု မျှော်လင့်နေသည်။ အမှန်တော့ သူလည်း သူများမလုပ်ချင်သည့် အလုပ်မျိုးကို လုပ်နေခြင်းဖြစ်ပြီး လူများ၏ ဆန္ဒကို အကောင်းဆုံးနှင့် အသက်သာဆုံးဖြစ်စေရန် အကျိုးဆောင်ကာ သတ်ပေး နေခြင်းဖြစ်သည်။

ခရစ္စတီးယန်း ရိုးဒီရပ်စ်သည်လည်း ဆရာဝန်တစ်ဦးဖြစ်သည်။ သူလည်း နာကျင်မှုဝေဒနာများသက်သာ ပျောက်ကင်းစေရန် ကုသပေးသည့် အထူးကုဆရာဝန်ကြီးဖြစ်သည်။ လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကတည်းက သူသည် ဤတာဝန်ကို စတင်ဆောင်ရွက်ခဲ့သည်။ သို့သော် သူသည် ကိုင်ဇာလို လူလိုက်သတ်ပေးသည့် အလုပ်မျိုးကို လုပ်ဆောင်ပေးခြင်း မရှိပေ။

သူလည်း နာတာရှည်လူနာများ ထားသည့်ဆေးရုံတွင် တာဝန်ထမ်းဆောင်နေရပြီး သူ့ကိုတောင်းဆိုတိုင်းလည်း သူကလုပ်ပေးချင်မှ လုပ်ပေးသည်။ သူ့ကို လူနာတွေက သေချင်ကြောင်း မည်မျှပြောသည်ဖြစ်စေ သူလုပ်ပေးမည် မဟုတ်ပေ။

“ဟိုး အရင်ကတည်းက ကျွန်တော်က အဲဒီအလုပ်ကို မလုပ်ဖို့ဆုံးဖြတ်ပြီးသား။ လူတစ်ယောက် အသက်ကို ရည်ရွယ်ပြီးသတ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ လူတစ်ယောက်က လူတစ်ယောက်ကို သတ်ပေးသင့်သလားလို့ ကျွန်တော်အမြဲမေးကြည့်မိတယ်” ဟု ရိုးဒီးရပ်စ်ကဆိုသည်။

ရိုးဒီးရပ်စ်သည် သူ့ဘဝတွင် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုမျိုးအတွက် နှစ်ကြိမ်စီစဉ်ပေးခဲ့ဖူးသည်။ ပထမ တစ်ကြိမ်က သဘာဝအတိုင်း သေစေရန် စီစဉ်ပေးခဲ့ခြင်းဖြစ်ပြီး၊ ဒုတိယတစ်ကြိမ်မှာ သတ်သေချင်သည် ပြောပြီးမှ လူနာကစိတ်ပြောင်းသွားခဲ့သည်။ သူက -

“လူတိုင်းမှာ ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့ အခွင့်အရေးမရှိပါဘူး” ဟု အခိုင်အမာဆိုခဲ့သည်။

“ဘာကြောင့်လဲဆိုတော့ဗျာ ကျွန်တော်က ဆရာဝန်တစ်ယောက်ဖြစ်နေတယ်။ ဆရာဝန်တစ်ယောက်ဆို ကတည်းက လူနာတစ်ယောက်ရဲ့အသက်ကို ရန်ပြုဖို့မဟုတ်ဘူး။ ဒုက္ခပေးတာတွေ မလုပ်ရဘူး။ စနစ်က ဘယ်လိုပဲရှိသည်ဖြစ်စေ ဆရာဝန်တစ်ယောက်အနေနဲ့ကတော့ ကိုယ့် ကိုယ်ပိုင်ဆုံးဖြတ်ချက်အတိုင်း ရပ်တည်ပြီး လုပ်ဆောင်သင့်တယ်” ဟုသူကဆိုသည်။

ကိုင်ဇာသည် သူ့ကို သတ်သေရန်တောင်းဆိုတိုင်း အကြောင်းနှစ်ခုကြောင့် ငြင်းပယ်လေ့ရှိသည်။ သူက သက်ကြီးရွယ်အိုတစ်ယောက်အနေနှင့် ဘဝတွင် နေထိုင်ရသည်ကို ငြီးငွေ့ပြီး သတ်သေချင်သည်ဟု ပြောတိုင်း သူကလက်မခံပေ။ ကျန်းမာပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေချင်နေသည့် သူတစ်ဦးအနေနှင့် သူ့အကူအညီကို မလိုဟု သူကခံယူထားသည်။

နောက်တစ်မျိုးမှာ ဦးနှောက်ကို ထိခိုက်ထားပြီး လူနာကိုယ်တိုင်က သတ်သေရန် အသိလည်းမရှိ၊ ပြောလည်း မပြောနိုင်သူများကို သူကသတ်ပေးလေ့မရှိပေ။ လူတစ်ယောက်အနေနှင့် ဦးနှောက်ကို ထိခိုက်ထားပြီး အသိမရှိခဲ့လျှင် သူ့သဘောဆန္ဒမပါဟု ယူဆရမည်ဖြစ်သည်။ လူနာအနေနှင့် ယခင်ကောင်းနေစဉ်ကတည်းက သတ်သေရန် သေတမ်းစာရေးပေးထားခြင်းမရှိခဲ့လျှင် သူကလက်ခံဆောင်ရွက်ပေးလေ့မရှိပေ။ သူက သူ့အမြင်နှင့် ပတ်သက်ပြီး -

“ကျွန်တော်စိုးရိမ်တာနှစ်မျိုးပဲရှိတယ်။ ဝေဒနာကို ကျွန်တော့်ရှေ့မှာ ဆိုးဆိုးရွားရွားကြီး ခံစားနေရတာနဲ့၊ မသေဘဲ အကြာကြီးခံစားကာ အသက်ဆက်ရှင်နေမှာကိုပဲ” ဟုပြောခဲ့သည်။

သူစိုးရိမ်သည့် ဒုတိယအချက်သည် အလွန်စိုးရိမ်စရာကောင်းသည့်အချက်ဖြစ်သည်။ ကိုင်ဇာက သူသည် ဘာသာရေးသမားမဟုတ်၊ သေပြီး နောက်ဘဝအကြောင်းကို ယုံကြည်သူမဟုတ်။ သို့သော် သေမင်းတမန် လုပ်ပေးနေရသည့် အလုပ်ကို သူလည်း သဘောမကျ။ မည်သို့ဆိုစေ သေချင်သူတွေကို ငြိမ်းချမ်းသက်သာစွာ သေစေရန် လုပ်ပေးသင့်သည်ဟုလည်း သူကခံယူပြီး ဘဝနိဂုံးအတွက် လိုက်လံလုပ်ဆောင်ပေးနေခြင်းဖြစ် သည်။

ယူသန်နေးဆီးယားလုပ်ပေးသင့် မလုပ်ပေးသင့် ဆွေးနွေးငြင်းခုံမှုများ ယနေ့တိုင်ဖြစ်နေခဲ့ပါသည်။ သမိုင်းနှင့် ချီပြီး ယနေ့တိုင် မပြီးပြတ်သေးသောဆွေးနွေးမှုများဖြစ်သည်။ ယူသန်နေးဆီးယားလုပ်ခြင်းကို ထောက်ခံသူများက -

- လူတိုင်း ကိုယ်ပိုင်ဆုံးဖြတ် လုပ်ပိုင်ခွင့်ရှိသည်။ ထို့ကြောင့် ကိုယ့်ဘဝ ကိုယ့်ကြမ္မာကို ရွေးချယ်ခွင့်ရှိသည်
- ရောဂါဝေဒနာကို ဆိုးရွားခါးသည်းစွာဖြင့် ဆက်ခံစားပြီး အသက်ရှင် နေထိုင်ရခြင်းထက်၊ သေဆုံးခြင်းကို ရွေးချယ်ပိုင်ခွင့်ရှိသည်
- သတ်သေခွင့်ရှိသူကို သတ်သေခွင့်ပေးရမည်။ သတ်သေချင်တိုင်းကိုမူ သတ်သေခွင့်မပေးသင့်။ သတ်သေချင်ကြောင်း ခိုင်လုံသည့် အထောက်အထားရှိနေသူများကို သတ်သေခွင့်မရှိကြောင်း ဥပဒေဖြင့် တားပိုင်ခွင့်မရှိ။ နယ်သာလန်၊ ဘယ်လ်ဂျီယံနှင့် အမေရိကရှိ အော်ရီဂွန်ပြည်နယ်တို့လို သတ်သေခွင့်အတွက်ယူသန်နေးဆီးယားလုပ်ခြင်းကိုခွင့်ပြုပေးရမည်
- သတ်သေချင်သူကို သတ်သေခွင့် ရရှိစေရန် ဆောင်ရွက်ပေးခြင်းမှာ ပြဿနာမဟုတ်ဟုဆိုကြသည်။

သို့သော် ဆရာဝန်များဘက်ကလည်း အခြားတစ်နည်းဖြင့် ဆန့်ကျင်နေမှုများရှိပါသည်

- နာကျင်စွာ ခံစားနေရတိုင်း သေဆုံးခွင့်မပေးသင့်
- ကုသ၍ပျောက်ကင်းသွားနိုင်မှုများရှိနိုင်သည်။ အနာပျောက်ကင်းစေသည့်ဆေးများကို ပေးထားသင့်သည်
- သေသင့် မသေသင့်ကို ကိုယ်ကျင့်တရားဆိုင်ရာ ပြဿနာများနှင့်လည်း တိုင်းတာပိုင်းဖြတ်ရန်လိုသည်
- လူ့ဘောင်အဖွဲ့အစည်းက သတ်မှတ်ထားသည့် စံနှုန်းအတိုင်းသာ လိုက်နာသင့်သည်။

ဘာသာတရားအရလည်းကောင်း၊ လူမှုရေးစံများအရလည်းကောင်း သေချင်သူကို သတ်ပေးခြင်းနှင့် သေခွင့်ပေးခြင်းတို့တွင် ပြဿနာအမျိုးမျိုးရှိနေပါသေးသည်။ သေချင်တိုင်း သေ၍ရနိုင်သလား၊ မရနိုင်ဘူးလား ဆိုသည်မှာ ကိုယ့်အဖွဲ့အစည်းက သတ်မှတ်ထားသည့် ဥပဒေအတိုင်းသာဖြစ်သည်။ သို့သော် ဘတ်ကိုင်ဇာ တို့လို သေမင်းတမန်တွေကို သေမည်ဟုဆုံးဖြတ်ပြီးသူတွေ လို၊ မလိုဆိုခြင်းမှာ ပိုပြီး စဉ်းစားစရာဖြစ်သည်။

■ **(Ref: Euthanasia or End of Life)**

# ဝေးမနေချင်ဘူး

ဝင်းထွန်းနိုင်

**Triple Six ရုပ်ရှင်ထုတ်လုပ်ရေးက ပွဲဦးထွက်ရိုက်ကူးမယ့် 'ဝေးမနေချင်ဘူး' ရုပ်ရှင်ကားကို ဒါရိုက်တာ ညွှန့်မြင့်မာညီညီအောင်က သရုပ်ဆောင်လူမင်း၊ နေမင်း၊ အရိုင်း၊ ထူးခြား၊ ရွှေမှုံရတီ၊ နွဲ့နွဲ့စန်း၊ ခင်မို့မို့အေး၊ ချမ်းမေမြတ်နိုး၊ သီရတီတို့နဲ့ အောက်တိုဘာလ ၂၅ ရက်နေ့မှာ စတင်ရိုက်ကူးတော့မှာဖြစ်ပါတယ်။ ယင်းကားကို ပံ့ပိုးဖန်တီးသူတို့ရဲ့စကားသံတချို့ကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။**


ဓာတ်ပုံ- ဝင်းထွန်းနိုင်

## ဒါရိုက်တာ ညွှန့်မြင့်မာညီညီအောင်

ဒီကားက အချစ်ကားလေးပါ။ ဇာတ်လမ်းပုံစံကတော့ အရမ်းချမ်းသာတဲ့ မီးယပ်နဲ့ သားဖွားဆရာဝန်ကြီးတစ်ယောက်၊ ကာရာအိုကေဆိုင်မှာ စားပွဲထိုးလုပ်တဲ့ ကောင်မလေးတစ်ယောက်၊ ကာရာအိုကေဆိုင်မှာ အလုပ်လုပ်တဲ့ ကောင်လေးတစ်ယောက်တို့ရဲ့ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းလေးပေါ့နော်။ ဒီကားမှာ ပရိသတ်ကို အဓိကပေးချင်တဲ့ Message ကတော့ အချစ်ဆိုတာ အရွယ်နဲ့မဆိုင်ပါဘူးဆိုတာလေးကိုပြချင်တာပါ။ နောက်တစ်ခုက ကာရာအိုကေဆိုင်မှာ အလုပ်လုပ်တဲ့သူတွေက လုပ်ချင်လို့လုပ်တာမဟုတ်ဘဲနဲ့ စားဝတ်နေရေးအတွက်လုပ်ရတယ်။ သူတို့မှာ ဘဝတွေအများကြီးရှိတယ်။ အဲ့ဒါလေးကို အခြေခံပြီးတော့ ဇာတ်လမ်းလေးလုပ်ထားတာပါ။ ဒီ ကားကို ဒီလ ၂၅ ရက်နေ့ကစပြီးရိုက်သွားမယ်။ ဒီကားရိုက်ပြီးတာနဲ့ Triple Six ရုပ်ရှင်ထုတ်လုပ်ရေးအတွက်ပဲ နောက်ထပ်ရုပ်ရှင်ကားတစ်ကားကို ထပ်ရိုက်မယ်။ ဇာတ်ကားရဲ့နာမည်က 'ယောရောရှိ' ပါ။ ဒီကားကို သရုပ်ဆောင် ကျော်ရဲအောင်၊ ရာဇာနေဝင်း၊ မင်းမော်ကွန်း၊ ဖြိုးငွေစိုး၊ မေသန်းနု၊ မေသဥ္ဇာဦး၊ ပိုင်ဖြိုးသု၊ ရွှေသမီးတို့နဲ့ ရိုက်သွားမှာပါ။ ကျွန်တော့်က Triple Six ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ စုစုပေါင်းရုပ်ရှင်လေးကားရိုက်ဖို့ရှိပါတယ်။ နောက်ထပ်ကားနှစ်ကားကတော့ 'မော်ဒန်ချစ်တီး' နဲ့ 'ဒို့ပိုင်တဲ့မြေ' ရုပ်ရှင်ကားတွေပါ။ ကျွန်တော့်အနေနဲ့လည်း ဒီကားတွေကို အကောင်းဆုံးဖြစ်အောင် ရိုက်ကူးသွားမှာပါ။ အဲ့ဒါကြောင့် ပရိသတ်ကြီးက ရုံတင်တဲ့အခါကျရင် အားပေးကြပါဦးလို့ ပြောချင်ပါတယ်။

## အရိုင်း


ဓာတ်ပုံ- ဝင်းထွန်းနိုင်

ဒီကားထဲမှာ ကျွန်တော်က လူမင်းရဲ့အဖေနေရာကနေ သရုပ်ဆောင်ရမှာပါ။ ကျွန်တော်က ဇာတ်လမ်းပုံစံအရ ခပ်သွက်သွက် အဖေတစ်ယောက်နေရာက သရုပ်ဆောင်ရမှာပေါ့နော်။ အဓိက ဇာတ်လှုပ်ခတ်အောင် ဇာတ်ပို့ပေးရမယ့်နေရာ ကပါပဲ။ ကျွန်တော်က ဒါရိုက်တာဖြစ်တဲ့ ကိုညီအောင်နဲ့ အရင်ကတည်းက အလုပ်တွေ အများကြီးလုပ်ဖူးပါတယ်။ ဆရာ ဦးတင်ဦး၊ ဆရာဦးဝင်းဖေ၊ ဆရာဦးဝဏ္ဏတို့နဲ့ ရိုက်ကြချိန်ကတည်းက ကိုညီအောင်နဲ့ ကျွန်တော်တို့တွေ လက်တွဲဖြစ်ကြတာပါ။ အထူးသဖြင့် ကိုအောင်မင်းသိမ်း၊ ကိုညီအောင်၊ ကိုသူရ၊ ကိုမီးပွားနဲ့ ကျွန်တော်တို့ဆိုတာ ရုပ်ရှင်လောကမှာရော အနုပညာလောကထဲမှာပါ လက်ပွန်းတတီး တတွဲတွဲနေခဲ့ကြပါတယ်။ အဲ့ဒါကြောင့် ကိုညီအောင်နဲ့ ညီအစ်ကိုတွေလို ဖြစ်နေပါပြီ။ သူရိုက်တဲ့ကားမှာ ပါဝင်ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ လက်ရှိမှာ ကျွန်တော့်အနေနဲ့ ကားရိုက်ကျဲသွားတာက ပွင့်ပွင့်လင်းလင်းပြောရရင် သူများတွေလို တစ်ကားပြီးတစ်ကားမရိုက်ချင်ဘူး။ ကျွန်တော်က တစ်ကားရိုက်လိုက်တစ်လလောက် နားလိုက် လုပ်တယ်။ အဓိက ကျွန်တော်တို့ရုပ်ရှင်လောကအတွက် လိုအပ်မယ်ထင်လို့မီးမောင်းထိုးပြတဲ့ သဘောပါပဲ။ ကိုယ်လည်းလူကြီးဖြစ်နေတဲ့အခါကျတော့ တစ်ကားပြီးတစ်ကား မရိုက်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ရုပ်ရှင်လောကမှာ ဇာတ်ကားတွေကပုံနေပြီလေ။ ရုပ်ရှင်ရုံကလည်း ရှိသင့်သလောက်ကို မရှိသေးဘူး ဖြစ်နေတယ်။

## ခင်မို့မို့အေး


ဓာတ်ပုံ- ဝင်းထွန်းနိုင်

ဒီကားထဲမှာ အန်တီက ကာရာအိုကေဆိုင် ပိုင်ရှင်နေရာကနေ သရုပ်ဆောင်ရမှာပါ။ အန်တီအနေနဲ့ ကာရာအိုကေ ဆိုင်ပိုင်ရှင်ပုံစံမျိုးတော့ သရုပ်မဆောင်ဖူးသေးပါဘူး။ အန်တီက ဆိုင်ပိုင်ရှင်ဖြစ်တဲ့အတိုင်း ဆူမယ်၊ ပြောမယ် ပုံစံမျိုးလေးဆိုတော့ ပရိသတ်မုန်းရမယ့်နေရာထင်ပါတယ်။ ဒါပေမဲ့ အန်တီက အနုပညာလောကကို စဝင်ရောက်လာကတည်းက မင်းသမီးလည်းမဟုတ်ဘူးလေ။ ကိုယ်က ဇာတ်ပို့၊ ဇာတ်ရံတစ်ယောက်ဖြစ်တော့ ဒါရိုက်တာခိုင်းစေတဲ့နေရာမှာ ဆေးစက်ကျရာ အမြဲတမ်းအရုပ်ထင်အောင် အန်တီ ကြိုးစားပြီး ရိုက်ကူးပါတယ်။

အန်တီအနေနဲ့ ကိုယ့်ကိုယ်လာကမ်းလှမ်းတဲ့ ဇာတ်ရုပ် အပေါ်မှာပဲ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ပါတယ်။ လက်ရှိအချိန်ထိကို ပရိသတ်တွေ မုန်းမှာကိုလည်း မစိုးရိမ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အန်တီတို့က သရုပ်ဆောင်တွေ ဖြစ်တာကြောင့်ပါ။ ဒီကားရိုက်မယ့် ဆရာ ညွှန့်မြင့်မာညီညီအောင် ဆိုတာလည်း သူရိုက်တဲ့ကားတိုင်းမှာ အန်တီကို ဇာတ်လမ်းအရ တစ်ခန်းပဲပါရပါရ ခေါ်ရိုက်ပါတယ်။ အန်တီတို့ကို ထမင်းကျွေးနေတဲ့ ထမင်းရှင်တစ်ယောက်ဆိုရင်လည်း မမှားပါဘူး။ အဲ့ဒါကြောင့် ဆရာရိုက်ကူးတဲ့ကားမှာ အန်တီပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီကားရုံတင်တဲ့အချိန်ကျရင်လည်း ပရိသတ်ကြီးက အားပေးစေချင်ပါတယ်။

## ရွှေမှုံရတီ


ဓာတ်ပုံ- ဝင်းထွန်းနိုင်

ဒီကားမှာ ညီမက ကာရာအိုကေဆိုင်မှာအလုပ်လုပ်တဲ့ ကောင်မလေးတစ်ယောက်နေရာကနေ သရုပ်ဆောင်ရမှာပါ။ ဒီဇာတ်ရုပ်မျိုးက အထူးသဖြင့် ရုပ်ရှင်ကားကြီးမှာ သရုပ်မဆောင်ဖူးသေးဘူး။ ဒီကားကိုရိုက်ဖို့က တစ်လလောက် ကြိုပြီးသိရတာဆိုတော့ ကြိုတင်ပြင်ဆင်မှုအချိန်တွေ အများကြီးရတယ်။ အဲ့ဒါကြောင့် သေသေချာချာ လုပ်ထားပါတယ်။ နောက်တစ်ခုက ညီမက ဘယ်အလုပ်ကိုမဆို စိတ်ပါဝင်စားစွာ လုပ်လေ့ရှိပါတယ်။ အလုပ်တစ်ခုလုပ်လို့ရှိရင် မျှော်လင့်ချက်ထားတာထက် ပေးဆပ်ဖို့က အဓိကပါ။ ကိုယ်လုပ်တဲ့အလုပ်ကို စေတနာပါ ပါလုပ်တယ်။ ညီမလုပ်ပေးတာကို အားလုံးက ကျေနပ်တယ်၊ သူတို့လိုချင်တဲ့ပုံစံရတယ်၊ ပရိသတ်လိုချင်တဲ့ပုံစံမြင်တွေ့ရတယ်ဆိုရင် ပီတိဖြစ်ရတယ်။ ဒီလောက်ပါပဲ။ ဒီဇာတ်ရုပ်မှာလည်း ညီမဘက်ကနေ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမယ်။ ဦးညီခိုင်းတဲ့အပေါ်မှာလည်း သူစိတ်တိုင်းကျဖြစ်အောင် လုပ်ပေးနိုင်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါတယ်။ နောက်တစ်ခုက ညီမအနေနဲ့ ရှေ့လျှောက်လည်း ဇာတ်ရုပ်မထပ်အောင် သရုပ်ဆောင်သွားမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာပေါ်မှာ လူတွေကအများကြီးရှိတယ်လေ။ လူသန်းပေါင်းများစွာ မှာ တစ်ယောက်နဲ့ တစ်ယောက်က အကျင့်စရိုက်လည်း မတူသလို ဇာတ်ရုပ်တွေလည်းမတူဘူး။ လူတွေရှိနေသရွေ့ ညီမတို့သရုပ်ဆောင်တွေအတွက် ဇာတ်ရုပ်တွေကတော့ ရှိနေဦးမှာပဲဆိုတော့ မထပ်အောင် သရုပ်ဆောင်သွားမယ်။

## ဂျပန်နိုင်ငံမှာ ဒီဇင်ဘာလအတွင်း အယ်လ်ဘမ်သစ် ဖြန့်ချိမယ့် BTS

ဆိုးလ်၊ အောက်တိုဘာ ၁၈


soompi.com

တောင်ကိုရီးယားနိုင်ငံရဲ့ နာမည်ကျော် အမျိုးသားဂီတအဖွဲ့ BTS ဟာ ဂျပန်ဘာသာနဲ့ သီဆိုထားတဲ့ အယ်လ်ဘမ်သစ်ကို ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံမှာ ဖြန့်ချိပေးသွားမှာဖြစ်ကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

BTS အဖွဲ့က ဂျပန်နိုင်ငံမှာ ပြုလုပ်ခဲ့တဲ့ ဂီတဖျော်ဖြေပွဲမှာ အယ်လ်ဘမ်သစ် ထွက်ရှိမယ့်အကြောင်းကို ပရိသတ်တွေကို အသိပေး ပြောကြားခဲ့တာ ဖြစ်ပါတယ်။ သူတို့အဖွဲ့ရဲ့ ဂီတဖျော်ဖြေပွဲကို အိုဆာကာမြို့မှာ ပြုလုပ်ခဲ့တာ ဖြစ်ပြီး ပရိသတ် ၁၀၀၀၀ ခန့် ကြည့်ရှုအားပေးခဲ့ကြပါတယ်။ BTS အဖွဲ့က ကမ္ဘာလှည့် ဂီတဖျော်ဖြေရေးခရီးထွက်နေတာဖြစ်ပြီး ဂျပန်နိုင်ငံပြီးရင်တော့ ထိုင်ဝမ်နဲ့ မကာအိုမှာ ဖျော်ဖြေပွဲတွေ ဆက်လက်ပြုလုပ်သွားမှာပါ။

ဂျပန်နိုင်ငံမှာ ဒီဇင်ဘာလ ၈ ရက်နေ့မှာ ဖြန့်ချိပေးသွားမယ့် အယ်လ်ဘမ်သစ်က BTS အဖွဲ့ရဲ့ဂျပန်ဘာသာနဲ့ သီဆိုထားတဲ့ ရှစ်ချပ်မြောက် အယ်လ်ဘမ်လည်းဖြစ်ပါတယ်။

ယင်း အယ်လ်ဘမ်သစ်မှာတော့ 'Crystal Snow' လို့ အမည်ရတဲ့ သီချင်းသစ်အပြင် BTS အဖွဲ့ရဲ့နောက်ဆုံးထွက် အယ်လ်ဘမ်ထဲက သီချင်းအချို့ကို ဂျပန် ဘာသာနဲ့ ပြန်လည်သီဆိုထားတာတွေလည်း ပါဝင်မှာ ဖြစ်ပါတယ်။

# “ကျွန်တော့်ရဲ့ ကာရိုက်တာကတော့ ပရိသတ်တွေ ကြည့်ပြီးရင်တော့ အရမ်းကို မုန်းကြမယ့်နေရာပေါ့နော်။ ဒါပေမဲ့ သီဟနိုင်ဆိုတဲ့ ကာရိုက်တာက မုန်းစရာကောင်းတယ်ဆိုပေမယ့် သူ့မှာ အမှန်တရားလေးတစ်ခုတော့ရှိပါတယ်”

## ပြေတီဦးနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး


ဓာတ်ပုံ- သန့်ဇင်ဦး

**နာမည်ကျော် သရုပ်ဆောင် ပြေတီဦးနဲ့ တွေ့ဆုံပြီး အောက်တိုဘာလ ၂၇ ရက်နေ့မှာ စတင်ရုံတင်ပြသတော့မယ့် ‘ရင်ဘတ်ထဲက ခား’ ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင်စရိုက်အကြောင်း အမှတ်တရ ရှိခဲ့တဲ့ ဇာတ်ဝင်ခန်းများ အကြောင်းနဲ့ ၊ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့အမြင်တွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

Voice: ရုံမတင်ခင်ကတည်းက ပရိသတ်တွေစိတ်ဝင်စားမှု မြင့်တက်နေတဲ့ ‘ရင်ဘတ်ထဲက ခား’ ရုပ်ရှင် ဇာတ်ကားနဲ့ ပတ်သက်ပြီး ဘယ်လိုရင်ခုန်မှုရှိလဲ။

PTO: အဲ့ဒီဇာတ်ကားလေးကိုတော့ ကျွန်တော် ရင်ခုန်ပါတယ်။ အစွမ်းကုန်လည်း ကြိုးစားထားပါတယ်။ ကျွန်တော့်ရဲ့ ကာရိုက်တာကတော့ ပရိသတ်တွေ ကြည့်ပြီးရင်တော့ အရမ်းကို မုန်းကြမယ့်နေရာပေါ့နော်။ ဒါပေမဲ့ ကျွန်တော် ပြောချင်တာက သီဟနိုင်ဆိုတဲ့ ကာရိုက်တာက မုန်းစရာကောင်းတယ်ဆိုပေမယ့် သူ့မှာ အမှန်တရားလေးတစ်ခုတော့ ရှိပါတယ်။ သူ့ရဲ့ အမှန်တရားလေး၊ သူခံစားရတဲ့ ခံစားချက်လေးတွေကြောင့် သူက ဒီလိုပုံစံမျိုး ဖြစ်သွားရတာပါ။

**Voice: ကိုယ် သရုပ်ဆောင်ခဲ့ရတဲ့ ‘သီဟနိုင်’ ဆိုတဲ့ ဇာတ်ကောင်နေရာကို ဘယ်လို ခံစားပြီး သရုပ်ဆောင်ဖြစ်ခဲ့လဲ။**

**PTO:** အဲ့ဒီဇာတ်ကားထဲက သီဟနိုင် ဆိုတဲ့ ဇာတ်ကောင်က ယောကျ်ားလေးတွေ ပြောချင်တဲ့၊ ယောကျ်ားလေး အများစုမှာ ရှိတဲ့ စိတ်နေစိတ်ထားနဲ့ သူတို့ အပေါ်မှာ ကိုယ့်ရဲ့အိမ်ထောင်ဖက်ကနေ ထားစေချင်တဲ့ စိတ်ထား၊ ကိုယ့်ရဲ့ချစ်သူရည်းစားကနေ ကိုယ့်အပေါ်မှာ ထားစေချင်တဲ့ စိတ်ထားလေးတွေကို သူကလည်း မျှော်လင့်တယ်။ မျှော်လင့်တဲ့အတိုင်း ဖြစ်မလာတဲ့အခါမှာ အိမ်ထောင်ရေးမှာ ပြဿနာလေးတွေကြုံခဲ့ရတာပါ။ အိမ်ထောင်သည်တွေအနေနဲ့လည်း ကိုယ့်ရဲ့ဇနီး၊ ကိုယ့်ရဲ့အိမ်ထောင်ဖက်ကို ခေါ်ပြီးတော့ ဒီကားလေးကိုပြသင့်တယ်။ သမီးရည်းစားတွေအနေနဲ့လည်း ကိုယ့်ရဲ့ချစ်သူကိုခေါ်ပြီး ဒီကားလေးကို ပြသင့်ပါတယ်။ ပြီးတဲ့အခါမှာ သူတို့ရဲ့ Relationship ကို နားလည်မှုတွေနဲ့ တည်ဆောက်မယ်ဆိုရင် ဒီ့ထက် ပိုပြီးတော့ချောမောတဲ့၊ အဆင်ပြေတဲ့ Relationship တစ်ခုကိုရမယ်လို့ မျှော်လင့်ပါတယ်။

**Voice: ဒီဇာတ်ကားမှာ ကိုယ့်အတွက် မှတ်မှတ်ရရရှိခဲ့တဲ့ ဇာတ်ဝင်ခန်းတွေရှိခဲ့ရင်လည်း ပြောပြပေးပါဦး။**

**PTO:** ဒီဇာတ်ကားမှာ ကျွန်တော်အရမ်းကြိုက်တဲ့ ဒိုင်ယာလော့ခ်တွေ၊ ကျွန်တော် အရမ်းကြိုက်တဲ့ ဇာတ်ဝင်ခန်း တွေ တော်တော် လေးပါပါတယ်။ တချို့ ဇာတ်ဝင်ခန်းတွေမှာ ပြောရမယ့် ဒိုင်ယာလော့ခ်တွေကို ကြိုက်လို့လည်း ဒီဇာတ်ကားကို လက်ခံရိုက်ကူးခဲ့တာပါ။ ကျွန်တော်ကြိုက်တဲ့ ဇာတ်ဝင်ခန်းတချို့ကို ဖြတ်မယ်ဆိုပြီး ဒါရိုက်တာက ပြောလာတော့ ကျွန်တော် အိပ်မပျော်တော့ဘူး။ ဘုရား၊ ဘုရား၊ ဘုရား မဖြတ်ပါစေနဲ့ဆိုပြီး ဆုတောင်းရတယ်။ ကျွန်တော်က ဒီအခန်းလေးတွေကို ကြိုက်လို့ ဒီကားကို ရိုက်တာကိုး။ ကျွန်တော်ကြိုက်တဲ့ အခန်းတွေ၊ ကျွန်တော် ပြောချင်တဲ့စကားတွေကို ဖြတ်လိုက်မယ်ဆိုရင် သေပြီလေ။ နောက်ပိုင်းမှာတော့ ကျွန်တော့်ဆုတောင်းပြည့်သွားပါတယ်။ ဒါရိုက်တာက ဖုန်းပြန်ဆက်တယ်။ အဲ့ဒီအခန်းတွေကို သူမဖြတ်တော့ဘူးတဲ့။ အဲ့ဒီအခန်းလေးတွေက ဘယ်အခန်းဖြစ်မလဲဆိုတာကို ပရိသတ်တွေကို ခန့်မှန်းကြည့်စေချင်ပါတယ်။ ကျွန်တော် ပြောချင်တဲ့စကားနဲ့ ပရိသတ်တွေထင်တဲ့ဟာနဲ့ တူမလားဆိုတာကို ခန့်မှန်းကြည့်စေချင်ပါတယ်။

**Voice: ဒီဇာတ်ကားမှာ မင်းသားနေရာက အရမ်းဗီလိန်ဆန်နေတဲ့အတွက် ရှေ့မှာ နာမည်ကြီးမင်းသား အများစုက ရိုက်ဖို့ ငြင်းခဲ့ဖူးတယ်လို့သိရတယ်။ ဒီဇာတ်ကားမှာ မင်းသမီးက ကိုယ့်ရဲ့ဇနီး မအူဝဲ ဖြစ်နေတဲ့အတွက် အစ်ကိုလက်ခံရိုက်ကူးပေးခဲ့တာလား။**

**PTO:** အဲ့ဒါနဲ့ ပတ်သက်ပြီး ကျွန်တော်လည်း ကြားတော့ကြားပါတယ်။ သေသေချာချာ တိတိကျကျတော့ မသိပါဘူး။ အဓိကက တော့ ဒီဇာတ်ကားကို လက်ခံရိုက်ကူးကတည်းက လူအရမ်းမုန်းခံရမယ့် ဗီလိန် ကာရိုက်တာဆိုတာကို သိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ယောကျ်ားလေးတွေ ပြောချင်တဲ့စကားတွေက ဒီကာရိုက်တာမှာ ပါနေတယ်။ အိမ်ထောင်ရှင်တွေအနေနဲ့၊ ချစ်သူရည်းစားတွေအနေနဲ့ ဒီဇာတ်ကားလေးကို ကြည့်လိုက်မယ်ဆိုရင် အတွေးလေးတစ်ခုနဲ့ Relationship တစ်ခုကို ခိုင်မာအောင်တည်ဆောက်လို့ရမယ့် အကြောင်းတရားလေးတွေပါပါတယ်။အဲ့ဒါလေးတွေကို ကျွန်တော်ကြိုက်တဲ့အတွက် လူမုန်းခံရမယ်ဆိုတာကို သိပေမယ့်လည်း ဒီဇာတ်ကားကို လက်ခံရိုက်ကူးခဲ့တာပါ။ နောက်ပြီးတော့ တခြားမင်းသမီးတွေအတွက် လုပ်ကွက်ရမယ့် ဇာတ်ကားလေးတွေ ကျွန်တော်ရိုက်ပေးခဲ့တယ်။ အူဝဲအတွက်ကို တစ်ကားမှ မရိုက်ပေးရသေးဘူးဆိုတော့ သူ့အတွက်ကို ရိုက်ပေးတာလည်းပါပါတယ်။

**Voice: ကိုယ်တိုင်လည်း အိမ်ထောင်ရှင် တစ်ယောက်ဖြစ်နေတာဆိုတော့ ရင်ဘတ်ထဲက ခား ရုပ်ရှင်ဇာတ်ကားမှာ အိမ်ထောင်တစ်ခု တည်မြဲဖို့အတွက် ဘယ်လို သင်ခန်းစာတွေ ပေးထားတယ်လို့ မြင်လဲ။**

**PTO:** ဒီဇာတ်ကားကို ရိုက်ခွင့်ရတဲ့ အတွက် အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး သင်ခန်းစာတွေ အများကြီးရပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုကို ဘယ်လို တည်ဆောက်ယူကြမလဲဆိုတာ ရှုထောင့်ကနေ မြင်ကြည့်လို့ရတာလေးတွေ၊ တွေးစရာအတွေးလေးတွေ အများကြီးရပါတယ်။ အိမ်ထောင်ရေးမှာပဲဖြစ်ဖြစ် ၊ သမီးရည်းစားတွေ ကြားမှာပဲ ဖြစ်ဖြစ်၊ ပြဿနာတစ်ခုဆိုတာက အမြင်မတူရာကနေ စတာပါ။ ကျွန်တော်တို့က အမြင်မတူတာကို၊ တူအောင် ဘယ်လို ညှိ ယူကြမလဲဆိုတာ စဉ်းစားရမှာပေါ့။ ပြင်ပမှာ ကျွန်တော်နဲ့ အူဝဲတည်ဆောက်ထားတဲ့ အိမ်ထောင်ရေး ပုံစံကတော့ ပြဿနာတစ်ခုကို အလယ်ကောင်မှာချပြီး၊ သေသေချာချာဆွေးနွေးတယ်။ သူ့ကိုလည်း အေးအေးဆေးဆေး ပြောခိုင်းတယ်၊ ကျွန်တော်လည်း အေးအေးဆေးဆေး ပြောတယ်။ သူက မြင်တာဒီလို၊ ကိုယ်က မြင်တာဒီလို၊ ဘယ်ဟာပိုပြီး ဖြစ်သင့်လဲ၊ ဘယ်ဟာက အမှန်နဲ့ နီးစပ်မလဲဆိုတာကို နှစ်ယောက်တိုင်ပင်လိုက်တော့ ပြဿနာအကြီးကြီးအထိ ကူးစက်မလာတော့ဘူး။

Movie Guide

## အော်တိုဘုရင်



တကောင်းပြည်မှာ မင်းလောင်း ၆ ဆက်တိတိ နေ့မြင်ညပျောက် မည်သူမည်ဝါ လက်ချက်မှန်းမသိဘဲ မီးသွေးတုံးလို မည်းပြီး နတ်ရွာစံလေ့ရှိတဲ့အတွက် မင်းမဲ့တိုင်းပြည် ဖြစ်နေပါတယ်။ အဖဦးပိုးဖြူနဲ့ အမိ ဒေါ်မယ်ဖြူတို့က သားဖြစ်သူ ပေါက်ကျိုင်း (ဇာဂနာ ) ကို ပညာတတ်ကြီး ဖြစ်စေချင်တဲ့အတွက် ဒိသာပါမောက္ခကြီးဆီကို စေလွှတ်ပြီး ပညာသင်စေပါတယ်။ ပေါက်ကျိုင်းက ဉာဏ်ထိုင်းလွန်းလှတာကြောင့် သုံးနှစ်သုံးမိုး၊ ပညာသင်ကြားပေမယ့်လည်း မထူးခြားဘဲ ဖြစ်နေပါတယ်။ နောက်ဆုံးမှာတော့ ဒိသာပါမောက္ခကြီးက သွားပါများ ခရီးရောက်၊ မေးပါများစကားရ၊ မအိပ်မနေ အသက်ရှည်စတဲ့ စကားကြီး သုံးခွန်းကို သင်ပေးလိုက်ပြီး ပေါက်ကျိုင်းကို အိမ်ပြန်လွှတ်လိုက်ပါတယ်။

အိမ်ကို ပြန်ရောက်လာတဲ့အခါမှာလည်း ပေါက်ကျိုင်းက အရင်အတိုင်းပဲ နုံအထုံထိုင်းနေတဲ့အတွက် မိဘတွေနဲ့ အဆင်မပြေပြန်ပါဘူး။ နောက်ဆုံးမှာတော့ မိဘတွေက အိမ်ကနေ နှင်ထုတ်လိုက်တဲ့အတွက် ပေါက်ကျိုင်းတစ်ယောက် တကောင်းပြည်ကို ထွက်ခွာလာခဲ့ပါတယ်။ လမ်းခရီးမှာ ဗိုက်ဆာ၊ ရေငတ်ပြီး အားပြတ်လာတဲ့ ပေါက်ကျိုင်းက ကတ္တီပါကော်ဇော ခင်းထားတဲ့ ကျောက်ဖျာပေါ်တက်ပြီး အိပ်လိုက်ပါတယ်။ တကယ်တော့ ကတ္တီပါဇောက တကောင်းပြည်အတွက် မင်းလောင်းရှာဖွေ ဖို့ ခင်းထားတာပါ။ မကြာမီမှာတော့ တကောင်းပြည်မှ ဝန်ကြီးများရောက်လာပြီး ပေါက်ကျိုင်းကို မင်းလောင်းအဖြစ် တင်မြှောက်လိုက်ကြောင်း ပြောလာပါတယ်။

တကောင်းပြည်ကို ရောက်တဲ့အခါမှာတော့ ပေါက်ကျိုင်းရဲ့ ကြောင်တောင်တောင်၊ ဂေါက်တောက်တောက်အပြုအမူ တွေကြောင့် မင်းလောင်းအဖြစ် တင်မြှောက်ခဲ့တဲ့ ဝန်ကြီးတွေလည်း စိတ်ပျက်လာရပါတယ်။ ဒါပေမဲ့ ရသေ့ကြီးတစ်ပါးက ပေါက်ကျိုင်းမှာ လူရူးသော်လည်း၊ ဘုန်းမရူးကြောင်း၊ တကောင်းပြည့်ရှင်အဖြစ် ထိုက်တန်တဲ့ မင်းတစ်ပါးဖြစ်ကြောင်း မိန့်ကြားလာတဲ့အတွက် ဝန်ကြီးတွေလည်း ပေါက်ကျိုင်းကိုပဲ ဘုရင်အဖြစ် လက်ခံလိုက်ရပါတယ်။ ဘုရင် ပေါက်ကျိုင်းရဲ့ မိဖုရားအဖြစ် ဝါစာနီမိဖုရား(အိချောပို) ကိုပဲ ဝန်ကြီးတွေက ဆက်လက်တင်မြှောက်လိုက်ကြပါတယ်။ ဘုရင်ဖြစ်လာတဲ့ ပေါက်ကျိုင်းက သူ့ရဲ့ရှေ့မှာ နေ့မြင်၊ ညပျောက်ဆိုသလို ကံတော်ကုန်ခဲ့တဲ့ ဘုရင် ၆ ပါးအကြောင်း သိလာခဲ့ပါတယ်။

ပေါက်ကျိုင်းက ဒိသာပါမောက္ခကြီး မှာကြားလိုက်တဲ့စကားကြီးသုံးခွန်းအတိုင်း လိုက်နာခဲ့ရာမှာတော့ သွားပါများ ခရီးရောက်ဆိုတဲ့ စကားအတိုင်း တကောင်းပြည်ကို ရောက်ရှိလာပြီး ဘုရင်ဖြစ်ခဲ့ကြောင်း၊ မေးပါများစကားရ ဆိုသည့်အတွက် သူ့ရဲ့ ရှေ့မှာ ကံတော်ကုန်ခဲ့တဲ့ ဘုရင်တွေအကြောင်းကို သိခဲ့ကြောင်း၊ ဆင်ခြင်သုံးသပ်မိခဲ့ပြီး မအိပ်မနေ အသက်ရှည်ဆိုတဲ့ စကားကိုလိုက်နာဖို့အတွက် ညမမှောင်မီ သူ့အရပ်နဲ့ တိုင်းဖြတ်ထားတဲ့ ငှက်ပျောတုံးတစ်တုံးကို ယူလာဖို့ မိန့်ကြားလိုက်ပါတယ်။ တကယ်တော့ ဝါစာနီ မိဖုရားက နဂါးမင်းသား (ကျော်ကျော်ဗို) နဲ့ ချစ်ကြိုက်နေ တာ ဖြစ်ပြီး ရှေ့ဘုရင်အဆက်ဆက်ကလည်း နဂါးမင်းသား သတ်ခဲ့တဲ့အတွက် ကံတော်ကုန်ခဲ့ရတာပါ။ တကောင်းပြည်ရဲ့ ဘုရင်အသစ်ဖြစ်တဲ့ ပေါက်ကျိုင်းကလည်း ရှေ့ကဘုရင်တွေလိုပဲ နဂါးမင်းသားလက်ချက်နဲ့ပဲ သေဆုံးသွားမလား၊ လူရူးပေမယ့် ဘုန်းမရူးတဲ့ သူ့ကံကြောင့်ပဲ တကောင်းပြည့်ရှင် ဘုရင်အဖြစ် ဆက်လက်တည်မြဲမလားဆိုတာကို ရှုစားရမှာပါ။


contactmusic. com

## ဗြိတိန် ရပ်ပ်တေးသံရှင် DAVE ရဲ့ တေးသီချင်းသစ် ထွက်ရှိ

နိုင်ငံရေးနဲ့ပတ်သက်တဲ့ အကြမ်းစားရပ်ပ်စာသားတွေနဲ့ ပေါက်ကွဲသီကျူး လေ့ရှိတဲ့ ဗြိတိန်ရပ်ပ်တေးသံရှင် DAVE ရဲ့တေးသီချင်းသစ်ဒီတစ်ပတ်ထဲမှာ ထွက်ရှိခဲ့ပါတယ်။

တေးသီချင်းရဲ့နာမည်ကတော့ Question Time ဖြစ်ပြီးတော့ ယနေ့ ဗြိတိန်နဲ့ ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်း များကိုမေးခွန်းထုတ်ထားခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်က Wanna Know ဆိုတဲ့ သီချင်း ပေါက်ခဲ့ပြီးတော့ ကမ္ဘာကျော် ရပ်ပ်တေးသံရှင် Drake က အဆိုပါ သီချင်းကို Remix လုပ်ခဲ့ပါသေးတယ်။

ပြီးခဲ့တဲ့ နှစ်ကလန်ဒန်မြို့မှာ ဖြစ်ပွား တဲ့ ဂရင်းဖဲလ်တာဝါ မီးလောင်မှုမှာ ကွယ်လွန်ခဲ့ရတဲ့ မြို့သူမြို့သားတွေရဲ့ နစ်နာမှုနဲ့ ပတ်သက်ပြီး DAVE ရဲ့ယခုသီချင်း အသစ်မှာ မေးခွန်းအကြီးအကျယ် ထုတ်ထားပါတယ်။

ဝန်ကြီးချုပ်မေ မထိတွေ့ရဲတဲ့ အရေး ကိစ္စတွေနဲ့ပတ်သက်ပြီး လေဘာပါတီ ခေါင်းဆောင် ဂျရမီကိုဘင်းအနေနဲ့ ရပ်ခံ ပြောဆိုပေးဖို့ DAVE က တိုက်တွန်းထားပါသေးတယ်။

ရပ်ပ်ဂီတဟာ လမ်းဘေးကအသံ တွေကို အများသိအောင် ပေါက်ကွဲသီကျူးတာဖြစ်ပြီးတော့ လူငယ်အများအပြား နှစ်သက်ကြတဲ့ ဂီတ ဖြစ်ပါတယ်။

“ဒီကိစ္စရပ်တွေကို ရပ်ခံပြောဆိုဖို့ အတွက် ကျွန်တော်ဟာ အချိန်အတော် ယူခဲ့ရလို့ ဝမ်းနည်းပါတယ်။ ဒါပေမဲ့ ကျွန်တော် အလွန်ပြောချင်ပါတယ်” ဟု DAVE က instagram လူမှု ကွန်ရက်မီဒီယာမှာ ပြောထားပါတယ်။

F 02

# ပေါ်တူဂီနှင့် စပိန်မြောက်ပိုင်းတောမီးဘေး စုစုပေါင်း ၄၅ ဦးသေဆုံး

**လစ္စဘွန်း၊ အောက်တိုဘာ ၁၈**

ယခုသီတင်းပတ်အကုန်တွင် လောင်ကျွမ်းခဲ့သောပေါ်တူဂီ နိုင်ငံနှင့် စပိန်နိုင်ငံမြောက်ပိုင်း တောမီးကြောင့် ပေါ်တူဂီတွင် ၄၁ ဦး၊ စပိန်တွင် ငါးဦးသေဆုံးခဲ့ရကြောင်း VOA သတင်းတစ်ရပ်ကဖော်ပြထားသည်။

လေငြိမ်ခြင်းနှင့် မိုးရွာခြင်းတို့ကြောင့် တောမီးများကိုထိန်းချုပ်ရာတွင် မီးသတ်သမားများအတွက် အကူအညီများစွာရရှိခဲ့သည်။

ပေါ်တူဂီနိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းတစ်လျှောက်တွင် တောမီးသည် လမ်းကြောင်း ၁၅ ခုဖြင့် လောင်ခဲ့သည်ဟု ပေါ်တူဂီအရပ်ဘက် ကာကွယ်ရေးအေဂျင်စီက ဆိုထားသည်။

ပေါ်တူဂီဘက်တွင် မီးကိုထိန်းချုပ်နိုင်လိုက်ပြီ ဖြစ်သော်ငြားတစ်လသားအရွယ် ကလေးငယ်တစ်ဦးပါ ပါဝင်သွားသော သေဆုံးသူအရေအတွက်မှာ ၃၇ ဦးမှ ၄၁ ဦးအထိ မြင့်တက်သွားခဲ့သည်။ ပျောက်ဆုံးနေသူတစ်ဦးလည်းရှိသည်။

ဒဏ်ရာရရှိသူများလည်း ၇၁ ဦးရှိကာ ထိခိုက်သေကျေခံစားခဲ့ရသူများအတွက် ပေါ်တူဂီနိုင်ငံကဝမ်းနည်းခြင်းအဖြစ် သုံးရက် သတ်မှတ်ခဲ့သည်။

"သေဆုံးသူအတော်များများဟာ သူတို့ကားတွေထဲမှာ သေဆုံးရတာ ဖြစ်ပါတယ်။ အိမ်ထဲမှာသေဆုံးသူတွေ လည်း ရှိပါတယ်" ဟုမီးဘေးသင့် ဒေသအုပ်ချုပ်ရေးမှူး ဟိုဆေးကားလို့စ်အလက်ဇန်ဒရီနို က ပြောကြားသည်။

"တစ်မြို့လုံးကို မီးလုံးကြီးကဝါးမျိုလာတာပဲ။ ပတ်ပတ်လည် မီးတွေချည်းပဲ" ဟု အလက်ဇန်ဒရီနို က ဆိုသည်။

စပိန်နိုင်ငံမြောက်ပိုင်းသို့ ကူးစက်ခဲ့သော တောမီးသည်လည်း ပြင်းထန်ခဲ့ပြီး လေတိုက်ခတ်မှုကြောင့် ထိန်းချုပ်ရ ခက်ခဲခဲ့သည်။

ယခုရက်ပိုင်းတွင် မိုးများရွာခဲ့ပြီး လေလည်းငြိမ်သွားသောကြောင့် သတိပေးချက် ထုတ်ပြန်မှု အဆင့်ကိုလျှော့ချပေးလိုက်သည်။

ပေါ်တူဂီနိုင်ငံတွင်လည်း ပြီးခဲ့သည့် ဇွန်လအတွင်းက တောမီးအကြီးအကျယ်လောင်ကျွမ်းခဲ့ပြီး ၆၄ ဦး သေဆုံးခဲ့သည်။ အဆိုပါတောမီးသည် ပေါ်တူဂီသမိုင်းတွင် အပြင်းထန်ဆုံးဖြစ်ခဲ့သည်။

■ F-04



သေဆုံးသူအများစုမှာကားထဲတွင် ပိတ်မိသေဆုံးကြသူများဖြစ်ကြသည်




# ဂျပန်နိုင်ငံ၏ အာဏာရ ညွန့်ပေါင်းပါတီ သုံးပုံနှစ်ပုံ အနိုင်ရ

**တိုကျို၊ အောက်တိုဘာ ၁၈**

တနင်္ဂနွေနေ့က ရွေးကောက်ပွဲများတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အာဏာရ ညွန့်ပေါင်းပါတီက အကြမ်းဖျင်း သုံးပုံနှစ်ပုံခန့် အနိုင်ရမည့် အခြေအနေ ရှိနေပြီး တိုကျိုမြို့တော်ဝန် ယူရီကိုကွိုင်ကီ ဦးဆောင်သော ကွန်ဆာဗေးတစ်ပြိုင်ဘက်များက ရှုံးနိမ့်မည့်ပုံရှိနေသည်ဟု Reuters သတင်းတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ လွှတ်တော်နှစ်ရပ်အနက် အာဏာပိုရှိသော အောက်လွှတ်တော် အမတ်နေရာ ၄၆၅ နေရာအတွက် အမတ်များကို ရွေးချယ်သည့် ရွေးကောက်ပွဲများကို တနင်္ဂနွေနေ့တွင် ကျင်းပခဲ့သည်။

တယ်လီဖုန်းမှတစ်ဆင့် ပြုလုပ်ခဲ့သော ကျိုဒိုသတင်းဌာန စစ်တမ်းအရ အာဘေး၏ LDP ပါတီသည် အောက်လွှတ်တော်အမတ်နေရာ ၄၆၅ နေရာအနက် ၂၀၀ နေရာ အနိုင်ရခဲ့ပြီး ဂျူနီယာ လက်တွဲဖော် ကိုမီတို၏ပါတီနှင့် ပေါင်းလိုက်ပါက အမတ်နေရာ သုံးပုံနှစ်ပုံကို ထိန်းချုပ်နိုင်ဖွယ်ရှိသည်ဟု သိရှိရသည်။

အာဏာရပါတီသည် ယခုရွေးကောက်ပွဲအတွက် လွှတ်တော်ကို မဖျက်သိမ်းမီကလည်း အမတ်နေရာ သုံးပုံနှစ်ပုံရရှိထားခဲ့သည်။ မဲဆန္ဒရှင် ငါးပုံနှစ်ပုံခန့်မှာ မဲပေးခါနီးအထိ မဆုံးဖြတ်ရသေးသောကြောင့် ၎င်းတို့က မဲရလဒ်များကိုပြောင်းလဲနိုင်သေးသည်ဟု ကျိုဒိုကဆိုသည်။

တိုကျိုမြို့တော်ဝန် ကွိုင်ကီက ပြုပြင်ပြောင်းလဲရေး ကွန်ဆာဗေးတစ်များအဖြစ် ယခင်လက ထူထောင်ခဲ့သော မျှော်လင့်ခြင်းပါတီမှာ ယခင် သဘောထားစစ်တမ်းကောက်ယူကတည်းက ရှုံးရိပ်ပြနေသည်ဟု ကျိုဒိုသတင်းက ရေးသားသည်။

ဒီမိုကရက်တစ်ပါတီမှ လစ်ဘရယ်လမ်းစဉ် ပါတီဝင်များက ယခုလအတွင်း ဖွဲ့စည်းလိုက်သော အခြေခံဥပဒေ ဒီမိုကရက်တစ်ပါတီ CDPJ သည် မျှော်လင့်ခြင်းပါတီကို အနိုင်ယူကာ အဓိက အတိုက်အခံပါတီအဖြစ် ရပ်တည်နိုင်ခြေရှိသည်ဟု ကျိုတိုသဘောထားစစ်တမ်းက ခန့်မှန်းသည်။

ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သော Reuters စစ်တမ်းတွင်လည်း ဂျပန်ကုမ္ပဏီများသည် အာဘေး၏ ညွန့်ပေါင်းအစိုးရကို အာဏာ ဆက်လက်ရရှိစေလိုသော်လည်း အမတ်နေရာ လျော့နည်းသွားစေချင်ကြောင်း သဘောထားပေးခဲ့ကြပြီး စီးပွားရေးနယ်ပယ်အနေနှင့် နိုင်ငံရေးတည်ငြိမ်မှုကို အလိုရှိသော်လည်း အာဘေးကို သောင်ပြိုကမ်းပြို အောင်ပွဲမရစေလိုကြောင်း မှတ်ချက်ပေးထားကြသည်။

■ F-04

# လွတ်လပ်ရေးထုတ်ပြန်မှု ရုတ်ချရန် စပိန်တောင်းဆိုမှု ကတ်တလုံးနီးယား လက်မခံ

**ဘာစီလိုနာ၊ အောက်တိုဘာ ၁၈**

အပေါ်ယံသဘော လွတ်လပ်ရေးထုတ်ပြန်ထားမှု ရုတ်ချရန် စပိန်အစိုးရအဖွဲ့၏ တောင်းဆိုချက်ကို ကတ်တလုံးနီးယားက လက်မခံကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ကြာသပတေးနေ့နောက်ဆုံးထားပြီး လွတ်လပ်ရေးကိုစွန့်လွှတ်ကြောင်း ထုတ်ပြန်ခြင်းမရှိပါက တိုင်းပြည်စီးပွားရေးငါးပုံ တစ်ပုံကို ထုတ်လုပ်ပေးနေသည့် ကတ်တလိုနီးယားဒေသကို တိုက်ရိုက်အုပ်ချုပ်မှုအောက် ထားရှိမည်ဟု စပိန်အစိုးရက ခြိမ်းခြောက်ထားသည်။

သို့သော်လည်း စပိန်ဝန်ကြီးချုပ် မာရီယာနိုရာဂျိုင်း၏ တောင်းဆိုချက်ကို ကတ်တလုံးနီးယားအစိုးရအဖွဲ့က လက်ခံခြင်းမရှိပေ။

" တနင်္လာနေ့မှာ ပေးခဲ့တဲ့အရာနဲ့ မတူတဲ့ဟာတွေကို ကြာသပတေးနေ့မှာလည်း ပေးမှာမဟုတ်ပါဘူး"ဟု ကတ်တလုံးနီးယားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဂျော်ဒီပူရာက ပြောကြားသွားသည်။

ထို့ပြင် ကတ်တလိုနီးယားခွဲထွက်ရေးအုပ်စုနှစ်ခုမှ ခေါင်းဆောင်များကို ဆူပူအောင် လှုံ့ဆော်မှုဖြင့် မက်ဒရစ်

စာ-23



ခွဲထွက်ရေးလိုလားသည့် ခေါင်းဆောင်များဖမ်းဆီးထားခြင်းကို ဆန့်ကျင်ဆန္ဒပြနေသည့် ကတ်တလန်သားများ

# ကတ်တလုံးနီးယားခွဲထွက်ရေး လှုပ်ရှားသူများကို စပိန်အာဏာပိုင်များဖမ်းဆီးအကျဉ်းချ

**မက်ဒရစ်၊ အောက်တိုဘာ ၁၈**

စပိန်နိုင်ငံမှ ကတ်တလုံးနီးယားပြည်နယ်ခွဲထွက်ပြီး လွတ်လပ်ရေးရယူနိုင်ရန်အတွက် လှုပ်ရှားမှုများကိုဦးဆောင်ခဲ့သော ကတ်တလန်လူမျိုးခေါင်းဆောင်များကို စပိန်တရားရုံးက ဖမ်းဆီးအကျဉ်းချလိုက်ကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

ကတ်တလုံးနီးယားခွဲထွက်ရေးလှုပ်ရှားမှုတွင် အထင်ကရခေါင်းဆောင်နှစ်ဦးဖြစ်သည့်ဂျော်ဒီဆန်းချက်ဇ်နှင့်ဂျော်ဒီကူးဇတ်တို့ကို နိုင်ငံတော်ပုန်ကန်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ ၎င်းတို့ကိုတရားရုံးတော်က အာမခံမပေးထားကြောင်း စပိန်အာဏာပိုင်များက ပြောကြားသည်။

အောက်တိုဘာလ ၁ ရက်ကကျင်းပခဲ့သည့် ကတ်တလုံးနီးယားလွတ်လပ်ရေးဆိုင်ရာ လူထုဆန္ဒခံယူပွဲဖြစ်မြောက်နိုင်ရေးအတွက် ဂျော်ဒီဆန်းချက်ဇ်နှင့်ဂျော်ဒီကူးဇတ်တို့က ဦးဆောင်စည်းရုံးခဲ့ကြခြင်းဖြစ်သည်။

ဂျော်ဒီဆန်းချက်ဇ်နှင့် ဂျော်ဒီကူးဇတ်တို့ကို ဖမ်းဆီးထိန်းသိမ်းလိုက်သည့် ညပိုင်းတွင်ပင်ဘာစီလိုနာမြို့၌ဆန္ဒပြမှုများ စတင်ပေါ်ပေါက်ခဲ့ပြီး အင်္ဂါနေ့တွင်လည်း ကက်တလုံးနီးယားပြည်နယ်ရှိမြို့များတွင် ဆန္ဒပြမှုများ ကူးစက်သွားခဲ့သည်။

ဂျော်ဒီဆန်းချက်ဇ်မှာကတ်တလန်အမျိုးသားညီလာခံ(ANC) ကို ဦးဆောင်ပြီး ဂျော်ဒီကူးဇတ်မှာ Omnium Cultural ဟူသည့် ကတ်တလန်လူမျိုးများဆိုင်ရာအဖွဲ့ကိုဦးဆောင်သည်။ ၎င်းတို့နှစ်ဦးကို မက်ဒရစ်မြို့ရှိ အထူးတရားရုံတွင် တနင်္လာနေ့က ရုံးတင်စစ်ဆေးခဲ့သည်။

၎င်းတို့ကိုစက်တင်ဘာလ ၂၀ရက် ဘာစီလိုနာမြို့ ဆန္ဒပြပွဲကြီးနှင့်ပတ်သက်၍ ဦးစွာစစ်ဆေး မေးမြန်းလျက်ရှိသည်ဟု စပိန်မီဒီယာများက ဖော်ပြသည်။

အောက်တိုဘာ ၁ ရက် လူထုဆန္ဒခံယူပွဲကျင်းပပြီးနောက် ကတ်တလုံးနီးယားပြည်နယ်ခေါင်းဆောင် ချားလ်စ်ပူဒီမောင့်က လွတ်လပ်ရေးကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် လွတ်လပ်ရေးကိစ္စ အကောင်အထည်ဖော်မည့်ကိစ္စကို ဆိုင်းငံ့ထားသည်။

သို့သော် စပိန်ဗဟိုအစိုးရက ကက်တလုံးနီးယားပြည်နယ်အနေနှင့်လွတ်လပ်ရေးကြေညာချက်ကို မဖြစ်မနေ ရုပ်သိမ်းပေးရမည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ပါက ဗဟိုအစိုးရ၏တိုက်ရိုက်အုပ်ချုပ်မှုကို ခံရမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

ချားလ်စ်ပူဒီမောင့်က လွတ်လပ်ရေးကြေညာချက် ရုပ်သိမ်းပေးရမည့်ကိစ္စကို ငြင်းဆန်ခဲ့ရာ စပိန်ဗဟိုအစိုးရက အမျက်ဒေါသထွက်ခဲ့သည်။ ■F-01




ကတ်တလုံးနီးယားလွတ်လပ်ရေးဆိုင်ရာ လူထုဆန္ဒခံယူပွဲ ဖြစ်မြောက်နိုင်ရေးအတွက် ဂျော်ဒီဆန်းချက်ဇ်နှင့် ဂျော်ဒီကူးဇတ်တို့က ဦးဆောင်စည်းရုံးခဲ့ကြခြင်းဖြစ်သည်

**စာ-22 လွတ်လပ်ရေးထုတ်ပြန်မှု ရုတ်ချရန် စပိန်တောင်းဆိုမှု ကတ်တလုံးနီးယား လက်မခံမှုအဆက်**

တရားရုံးချုပ်က တနင်္လာနေ့ညတွင် ထိန်းသိမ်းလိုက်သဖြင့် နိုင်ငံရေးအကျပ်အတည်းပိုမိုဆိုးရွားသွားသည်။

ယင်းကဲ့သို့လုပ်ဆောင်မှုသည် နိုင်ငံရေးအကျဉ်းသား ထိန်းသိမ်းမှုဖြစ်သည်ဟု ကတ်တလုံးနီးယားအစိုးရက စွပ်စွဲလိုက်ပြီး ဘာစီလိုနာမြို့ဒိုင်ယာဂိုနယ်လမ်းမကြီးပေါ်တွင် သောင်းနှင့်ချီသည့် ဆန္ဒပြသမားများ စုဝေးကာ ခွဲထွက်ရေးခေါင်းဆောင်များပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။

"၂၁ ရာစုတွင်းမှာ ဒီမိုကရက်တစ်နိုင်ငံတစ်ခုမှာ နိုင်ငံရေးအကျဉ်းသား မရှိသင့်တော့ပါဘူး။ ဒီနိုင်ငံက ဒီမိုကရေစီနိုင်ငံမဟုတ်ဘူး။ ဒီမိုကရေစီကို အားပေးဖို့ ကျွန်တော်ရောက်နေတာပါ" ဟုဘာစီလိုနာမြို့မှ အသက် ၂၆ နှစ်အရွယ် ကွန်ပျူတာပရိုဂရမ်မာ အလီစီယာကာဘရီဇာက ပြောကြားသွားသည်။

ထို့ပြင် နိုင်ငံရေးအကျဉ်းသားတွေ ထပ်ရှိလာရပြန်ပြီဟု ကတ်တလုံးနီးယားခေါင်းဆောင် ကားလတ်ပူဒီမောင့်က တွစ်တာတွင် ရေးသားလိုက်သည်။

ယင်းကဲ့သို့သောအသုံးအနှုန်းသည် စပိန်ဖက်ဆစ်နှင့် စစ်အာဏာရှင် ဖရန်စစ်ဖရန်ကိုကို ရည်ညွှန်းသည့် အသုံးဖြစ်သဖြင့် ဖက်ဆစ်စနစ် ဒဏ်ကိုခံစားခဲ့ရသည့် စပိန်များတွင် စိတ်ခံစားမှုပြန်လည် ပေါ်ထွက်လာစေနိုင်သည့်အသုံးအနှုန်းဖြစ်သည်။■F-05




MI5 အကြီးအကဲ အင်ဒရူးပတ်ကား

# အစ္စလာမ္မစ်စစ်သွေးကြွများ ရက်ပိုင်းအတွင်း တိုက်ခိုက်ရန် စီစဉ်နေဖွယ်ရှိကြောင်း ဗြိတိန်ထောက်လှမ်းရေးအကြီးအကဲပြောကြား

**လန်ဒန်၊ အောက်တိုဘာ ၁၈**

ဗြိတိန်သည် ရက်ပိုင်းအတွင်း စုပြုံတိုက်ခိုက်မှုများ ပြုလုပ်ရန် စီစဉ်နေသည့် အစ္စလာမ္မစ်စစ်သွေးကြွများ၏ ခြိမ်းခြောက်မှု အန္တရာယ်နှင့်ရင်ဆိုင်နေရသည်ဟု MI5 ထောက်လှမ်းရေးဌာန အကြီးအကဲက ပြောကြားလိုက်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

၂၀၀၅ ခုနှစ်က လန်ဒန်ဗုံးပေါက်ကွဲမှုနောက်ပိုင်း ယခုနှစ်အတွင်း လူ ၃၆ ဦး သေဆုံးခဲ့သော စစ်သွေးကြွတိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် ၃၄ နှစ်တာ ထောက်လှမ်းရေးအတွေ့အကြုံများအရ အမြင့်ဆုံးခြိမ်းခြောက်မှု အန္တရာယ်ရှိနေပြီဟု MI5 အကြီးအကဲ အင်ဒရူးပတ်ကားက ပြောကြားသည်။

"ခြိမ်းခြောက်မှုတွေက ကြုံခဲ့ဖူးသမျှထက် ပိုပြီးစုံလင်များပြားနေပါတယ်။ ပင်လယ်ရပ်ခြားက ညွှန်ကြားတဲ့အစီအစဉ်တွေ၊ အွန်လိုင်းက အစီအစဉ်တွေ၊ ရောနှောနေတဲ့ အစီအစဉ်တွေ၊ အကြမ်းပတမ်းခားထိုးမှုအစီအစဉ်တွေ စုံလို့ပါပဲ။ ပြီးတော့ အဆက်မပြတ် တိုက်ခိုက်ဖို့ စီစဉ်နေကြတာပါ။ တိုက်ခိုက်မှုတွေဟာ စတင်စီစဉ်ရာကနေ တကယ်လက်တွေ့ လုပ်တဲ့အထိ ရက်ပိုင်းလောက်ပဲ ကြာနိုင်ပါတယ်" ဟု ၎င်းက လန်ဒန်တွင် ပြောကြားသည်။

IS စစ်သွေးကြွများသည် ပြီးခဲ့သော ၂ နှစ်အတွင်း အီရတ်နှင့် ဆီးရီးယားတွင် ခြေကုတ်ဒေသများ ဆုံးရှုံးကာ ယူဖရေးတီးမြစ်ဝှမ်းတစ်လျှောက် ဆုတ်ခွာနေရသည်။

IS စစ်သွေးကြွများသည် ပိုင်နက်၊ ပိုင်ဆိုင်မှုနှင့် ထိုးစစ်များ ကျရှုံးနေသည့်အလျောက် ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတွင် အစ္စလာမ်အမည်တပ်ကာ အရပ်သားများကို တိုက်ခိုက်မှုများ ကျူးလွန်ရာတွင် အထောက် အကူပြုမည့် အွန်လိုင်းဝါဒဖြန့်မှုကို အာရုံစိုက် လုပ်ဆောင်လာကြသည်။

အီရတ်နှင့် ဆီးရီးယားသို့ ရောက်နေသော ဗြိတိန်စစ်သွေးကြွများ စုပြုံပြန်ဝင်လာခြင်းမရှိသေးဟု ပတ်ကားက ပြောကြားသည်။

ဗြိတိန်သည် ပြီးခဲ့သောလေးနှစ်အတွင်း အစ္စလာမ္မစ် တိုက်ခိုက်မှု ၂၀ ကို ဖော်ထုတ်နိုင်ခဲ့ပြီး ခုနစ်ခုကို တားဆီးနိုင်ခဲ့သည်။ လူ ၃၀၀၀ ခန့် ပါဝင်ပတ်သက်နေသည့် စစ်သွေးကြွ တိုက်ခိုက်ရေး အစီအစဉ် ၅၀၀ ခန့် ရှိနေဆဲဖြစ်သည်ဟု ပတ်ကားက သတိပေးပြောကြားသည်။

MI5 သည် အဆိုကျော် အာရီယာနာဂရန်ဒီ၏မန်ချက်စတာ ဂီတပွဲ ဗုံးကွဲမှုအပြီးတွင် ထောက်လှမ်းရေးပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်မှုများကို စတင်ခဲ့သည်။ ဗုံးခွဲသူ ဆာလ်မန်အဘီဒီသည် MI5 က စုံစမ်းနေသော လူ ၃၀၀၀ ထဲတွင် မပါဝင်သော်လည်း အစွန်းရောက်ဝါဒနှင့် ဆက်နွှယ်သူ ၂၀,၀၀၀ ထဲတွင်ပါဝင်နေသည်။

ဝန်ထမ်း ၄၀၀၀ ဝန်းကျင် ခန့်အပ်ထားသော MI5 သည် သံသယရှိသူတိုင်းကို စောင့်ကြည့်ရန် ရင်းမြစ်များမရှိပါဟု အကြီးအကဲ အန်ဒရူးပတ်ကားက ပြောကြားသည်။

ဗြိတိန်သည် နည်းပညာကုမ္ပဏီများအား အစွန်းရောက် အကြောင်းအရာများကို ပိုမိုတင်းကျပ်ရန်နှင့် အွန်လိုင်းဆက်သွယ်မှုများကို စောင့်ကြည့်ခွင့်ပေးရန် အကြိမ်ကြိမ် တောင်းဆိုထားသည်။

အင်တာနက် လွတ်လပ်ခွင့်ကို စစ်သွေးကြွများက အလွဲသုံးစားပြုမှုကြောင့် စုံစမ်းထောက်လှမ်းမှုနှင့် ကြားဖြတ်ဟန့်တားနိုင်မှု အခွင့်အလမ်းများ ကျဉ်းမြောင်းသွားသည်ဟု ပတ်ကားက ပြောကြားသည်။

ဂူဂဲလ်၊ ဖေ့စ်ဘွတ်ခ်နှင့် အမေဇုန်ကဲ့သို့သောကုမ္ပဏီများက စစ်သွေးကြွများ၏ဆက်သွယ်မှုများကို တားဆီးရေးအတွက် လုံလောက်စွာ လုပ်ဆောင်မှုရှိသလားဟု မေးမြန်းသောအခါ ပတ်ကားက "ဒီလို အစွန်းရောက်ပြဿနာတွေကို ကိုင်တွယ်နိုင်ဖို့ သူတို့တတ်နိုင်သလောက် ကူညီကြလိမ့်မယ်လို့တော့ ကျွန်တော်တို့အားလုံး အပါအဝင် ပြည်သူတွေက မျှော်လင့်ထားကြတယ်လို့ ထင်ပါတယ်" ဟု ပြောကြားသည်။ ■F-04

CARTOON




Cagle.com

# မှုခင်းသတင်းတိုများ

■ တိုက်ကြီးမြို့နယ်၊ အုန်နဲ့ပင်ကျေးရွာတွင် အောက်တိုဘာလ ၁၇ ရက် ည ၈ နာရီခွဲက  အသက် ၃၆ နှစ် အောင်ကျော်က ၎င်းကိုစနောက်နေသည့် တစ်ရွာတည်းနေ အသက် ၃၀ နှစ် ကိုမောင်ကို ကိုင်းခုတ်ဓားဖြင့် ခုတ်ခဲ့သောကြောင့် နားရွက်၊ ပခုံး၊ လက်တို့တွင် ပြတ်ရှဒဏ်ရာများရခဲ့ကြောင်း၊ နာကျင်ဒဏ်ရာများရရှိအောင် ပြုလုပ်ခဲ့သည့် အောင်ကျော်ကို ဖမ်းဆီး၍ တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားသည်။

■ ဒဂုံအရှေ့မြို့နယ်၊ ၁၂ ရပ်ကွက်၊ ရတနာတိုးချဲ့လမ်းတွင် အောက်တိုဘာလ ၁၇ ရက် နံနက် ၁၁ နာရီဝန်းကျင်က လောင်းကစားသတင်းရရှိထားသော အသက် ၅၁ နှစ် အမျိုးသမီး၏ နေအိမ်ကို ဝင်ရောက်စစ်ဆေးခဲ့ရာ နှစ်လုံး၊ သုံးလုံး ထီဂဏန်းများ ရေးထားသည့် ဘောက်ချာစာရွက်များနှင့် လောင်းကစားငွေကျပ်ငါးသောင်းခွဲကျော်ကို သိမ်းဆည်းရမိခဲ့သောကြောင့် ဒဂုံအရှေ့မြို့မရဲစခန်းမှ ယင်းအမှုအား လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူစစ်ဆေးနေသည်။

■ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းနှင့် ငုက်ပျောတော လမ်းထောင့်တွင် အောက်တိုဘာလ ၁၇ ရက် ညနေပိုင်းက မူးယစ်သတင်းရရှိထားသော အသက် ၂၇ နှစ် သန်းထိုက်အောင်(ခ) သန်းထိုက်ကို တားဆီး စစ်ဆေးခဲ့ရာ ၎င်း၏ ဘေးလွယ်အိတ်ထဲမှ ကော်ဘူး ၃ ဘူးထဲမှ ဘိန်းဖြူဟု ယူဆရသည့် အမှုန့်များနှင့် အတူ မူးယစ်ဆေးဝါး ရောင်းချထားသည့် ငွေကျပ်တစ်သိန်းရှစ်သောင်းကို သိမ်းဆည်းရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ ခရမ်းမြို့နယ်၊ ရေကျော်ကံကောင်းကျေးရွာတွင် နေအိမ်တံခါးသော့ပတ်ကာအလှူပွဲသို့ သွားနေသည့် အိမ်ကို ဖောက်ထွင်းပြီး ငွေကျပ် ၂၃၆ သိန်း ခိုးယူခဲ့သည့် နှစ်ဦးမှ ယင်းကျေးရွာတွင် နေထိုင်သော ဝင်းထွန်း(ခ) ဖိုးဖြူကို ဖမ်းမိခဲ့ပြီး ဇော်လင်းမှာ ထွက်ပြေးတိမ်းရှောင်နေသောကြောင့် ၎င်းတို့ကို ခရမ်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

S-03

# မြတ်မန္တလာထွန်း ခရီးသည်တင်ယာဉ် ဆိုင်ကယ်ကိုဝင်တိုက်၊ နှစ်ဦး သေဆုံး

**ရန်ကုန်၊ အောက်တိုဘာ ၁၈**



ဓာတ်ပုံ ပုလဲမြို့သစ်အရန်မီးသတ်

လှည်းကူးမြို့နယ်၊ အမှတ်(၃)လမ်းရှိ မိုင်တိုင်အမှတ် ၂/၁ အနီးတွင် အောက်တိုဘာလ ၁၇ ရက် ည ၈ နာရီခွဲက ရန်ကုန်-ပြင်ဦးလွင် ခရီးစဉ် ပြေးဆွဲသော မြတ်မန္တလာထွန်း ခရီးသည်တင်ယာဉ်တစ်စီးမှာ မော်တော်ဆိုင်ကယ် တစ်စီးကို နောက်မှ ဝင်တိုက်မိခဲ့သောကြောင့် ဆိုင်ကယ်မောင်းသူနှင့် ဆိုင်ကယ်နောက်လိုက်ပါလာသူ အမျိုးသားအခင်းဖြစ်နေရာတွင် ပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။

အောင်မင်္ဂလာအဝေးပြေးဝင်းမှ ထွက်လာသည့်မြတ်မန္တလာထွန်း ခရီးသည်တင်ယာဉ်မှာ အမှတ်(၃) လမ်းအတိုင်း ညောင်နှစ်ပင်လမ်းဆုံဘက်သို့ မောင်းလာစဉ် မိုင်တိုင်အမှတ် ၂/၁ အနီး လားရာတူယာဉ်ရှေ့မှ မောင်းနေသည့် မော်တော်ဆိုင်ကယ်တစ်စီးကို အရှိန်မထိန်းနိုင်ဖြစ်ပြီး နောက်မှ ဝင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် လှည်းကူးမြို့နယ်၊ တံခွန်တိုင်ကျေးရွာတွင် နေထိုင်သော ဆိုင်ကယ်မောင်းသူ အသက် ၂၀ နှစ် ကျော်မင်းထိုက်နှင့် ဆိုင်ကယ်နောက်လိုက်ပါလာသည့် အသက် ၂၂ နှစ် အောင်စိန်တို့မှာ ဦးခေါင်းပေါက်ပြဲ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

လူနှစ်ဦးသေဆုံးခဲ့သည့် ယာဉ်တိုက်မှုကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သော မြတ်မန္တလာထွန်း ခရီးသည်တင်ယာဉ်မောင်း အသက် ၃၉ နှစ် ဦးထွန်းလင်းနိုင်ကို လှည်းကူးမြို့မရဲစခန်းက ယာဉ်(ပ) ၇၉/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/ ၂၇၉ တို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။ ■

S-03

# KTV ဆိုင်မှ ပြန်လာသည့် လူငယ်နှစ်ဦး လမ်းတွင် လက်ကိုင်ဖုန်း လုယက်ခံရ

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်၊ ရတနာတိုးချဲ့လမ်းတွင် အောက်တိုဘာလ ၁၇ ရက် နံနက် ၁ နာရီဝန်းကျင်က KTV ဆိုင်မှ ပြန်လာသည့် လူငယ်နှစ်ဦး၏ လက်ထဲမှ လက်ကိုင်ဖုန်းကို အမျိုးသားနှစ်ဦးက ဆွဲလုယူထွက်ပြေးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

"သူငယ်ချင်းနှစ်ယောက် KTV က ပြန်လာချိန် လက်ထဲကိုင်ထားတဲ့ ဖုန်းအလုခံလိုက်ရတာ။ ကျန်တစ်ယောက်ဆီမှာ ဖုန်းရှိနေသေးတာမို့ ရဲစခန်းဆီ ဖုန်းဆက်တိုင်လို့ လှည့်ကင်းအဖွဲ့က လုယက်မှုကျူးလွန်သူတွေကို အချိန်မီပိတ်ဆို့ ဖမ်းဆီးလိုက်နိုင်တယ်"ဟု ရဲအရာရှိက ရှင်းပြသည်။

လက်ကိုင်ဖုန်း လုယက်သူ နှစ်ဦးကို မာဃလမ်းထိပ်တွင် လုယူသွားသည့် ဖုန်းနှင့်အတူ ဖမ်းမိခဲ့ပြီး စစ်ဆေးရာ ၎င်းတို့မှာ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်တွင် နေထိုင်သော အသက်၁၇ နှစ်ယောကျ်ားလေးနှင့် အသက် ၁၉ နှစ် ကောင်းဇင်ထက်ဖြစ်ကြောင်း သိရှိခဲ့ပြီး တောင်ဥက္ကလာပမြို့မရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၈၂/၁၁၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ S-03

အခမဲ့ ကြော်ငြာကဏ္ဍ Classifieds ဆက်သွယ်လိုပါက - ၀၉ ၇၈၅၅၅၅ ၇၇၃

| | | | | | |
|---|---|---|---|---|---|
| ကိုသိမောင် ဝိနည်းချုပ်လုပ်ငန်း Ph:09-428200123,09-254868450 | ကျော်သူ ဆံသ No.1016/ Sat SenHtun Street Ward (1), EDGN Ph: 09-421087714 | ထွန်းအမဏ္ဍာ (သံဆိုင်) Ph:09-5028909,09-73087851 | သူရိန် တုန်မာဆိုင် Ph:09-73104526,09-7310452б, 01-655174 | ကြိုးကြာ စတိုး Ph: 01-577277,01-2335499 | Master Mobile Service & Training Ph: 09-777818800 |
| The Bodyguard Grooming & Health (For men) Dagon (North) 09-969139123,09 772880835 Thingungyun/ Okkala (5), 09-260074199,09-961610068 | ရွှေသင်္ခ (ပုံနှိပ်တိုက်) No.157, ၃၀လမ်း(အလယ်) ပန်းဘဲတန်း Ph: 09-961638325,09-420032676 | Cool (Air con Service) Ph:09-254487732 | ရွှေသရဖူ (စားတော်ဆက်) Ph: 09-421050284 | Inifinity Ph:09-448016870,09-425016942 | ပန်းရိုးမ (Air con Service) Ph:09-73200485 |
| ချမြင့် (Car Rental Service) Ph:09-423742884 | စိမ်းလန်း (Car Rental Service) No.398, Ph:09-777903981,09-953338066 | Autobot (Car Workshop) Ph:09-875645200,09-73078547 | မြန်ကောင်း (Auto Car Service) Ph: 09-798484594, 09-260401746 | Service Master (Mobile Phone ServiceTraining) Ph: 09-264587937, 09-264587939 | H.T.S (Japan Car Service Center) 09-252779977 |
| Tokyo Auto Service Ph:09-261330066 | စိန်အိုးစည် (CarDecoration&Audio) No.46, Ph:09-5051588 | မြည်မိုရ် No.922, Ph:09-258888680,09-790888955 | MMM (Car Sales Center) Ph:09-8638585,09-973738585 | One Flower (Beauty Saloon) No.846/B, Zizawah Street, Ward 25, SDGN Ph-09-420128018, 09-260998654 | Shwe Min Thamee (Beauty Saloon) No.444, Tagaung Street, Ward-5, SOKA Ph: 09-421054588 |
| Sweet (Beauty Saloon) No.861, Bayint Naung Road, 36Ward, NDGN Ph: 09-420252143, 09-254716984 | Ma Su (Beauty Saloon) No-79, Maha Bandoola Rd, Ward(45), NDGN Ph:09-976211400, 09-785544633 | Thet Htar (Beauty Saloon) No.313, Thu Khu Ma Street, Ward 26, SDGN Ph:09-421004198 | Star Floor (Beauty Saloon) No.247, Su Htoo Pan Street, Ward(70), SDGN Ph: 09-977234634 | Beauty World (Beauty Saloon) No.262, Ph:09-43068278 | မေရွှာရှင် Ph:09-448049280, 09-799602003 |

ယမန်နေ့က အဆက်

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၇၅)

မမ္မဒူတအရှင်ဆေကိန္ဒ

ခွေးသားဆိုလည်း ခွေးသားပေါ့။ ဝက်သားဆိုလည်း ဝက်သား၊ ကြွက်သားဆိုလည်း ကြွက်သား၊ ကြက်သားဆိုလည်း ကြက်သား။ ချေသားဆိုလည်း ချေသားပေါ့။ ဘာလို့ ညာကြတာလဲ။ ကိုယ်လည်း စစ်ကိုင်း တောသားပါပဲ။ ဒါပေမဲ့ စစ်ကိုင်းတောသားထက် ဒီ ကိုယ်ရောက်ခဲ့တဲ့ရွာက ဒီရောင်းတဲ့ရွာက ပိုတောကျသေးတယ်လေ။ ရှေးက မိဘတွေ ပြောထားတဲ့ တောကရိုးသတဲ့ တောကရိုးသတဲ့ဆိုတဲ့ တောရပ် တောရွာ တောဓလေ့ တောနဲ့မွေ့လျော်ပြီးတော့ တောနဲ့နီးစပ်တဲ့အခါမှာ ကိုယ်အရသာခံစရာ ဆိုလို့ တောသားတွေရှိးတယ်ဆိုတာကို အရသာခံလာတာ။ စိတ်ထဲမှာ တော်တော်မကောင်းဖြစ်သွားတယ်။ အများကြီးပေါ့။ ဘာလို့ ညာကြတာလဲ။ ဘာလို့ ညာကြတာလဲ။ ၁၆ နှစ် ကလေးပဲ ထားပါဦးတော့။ ကလေးတွေး တွေးတော့ ဩော် သူရောင်းကောင်းချင်လို့၊ ရောင်းကောင်းချင်လို့ ညာတာက သတ်သတ်။ အညာခံလိုက်ရတဲ့လူဘက်က မစဉ်းစားတော့ဘူးလား။ အမှန်အတိုင်း ပြောပြီးရော ရောင်းလို့မရဘူးလား။ ခွေးသားကြိုက်တဲ့လူက ခွေးသားစားမှာ။ မကြိုက် မစားဘူးပဲ။ ဒါ ကိုယ့်အတွေးပေါ့လေ။

နောက် ဘုန်းဘုန်းတို့အိမ်မှာကလည်းပဲ မခိုးရဘူး။ မညာရဘူး။ မဆဲရဘူး။ ဒါတွေက ဥပဒေ မထုတ်သော်လည်းပဲ ဥပဒေကဲ့သို့ တည်နေပြီးသား အိမ်မှာ။ ရန်မဖြစ်ရဘူး ညီအစ်ကိုမောင်နှမချင်း ရန်မဖြစ်ရဘူး။ ဒါတွေလည်း အရင်ပြောခဲ့ဖူးပါတယ်။ ညာတာကို ခါးသီးလွန်းတဲ့အတွက် မညာဖူးတဲ့အတွက် စိတ်ထဲမှာ ချေသားကနေပြီးတော့ ခွေးသားလို့ အသိပြောင်းသွားလို့ လျှာပေါ်မှာ အရသာခံလိုက်ရတာ အရသာတစ်မျိုးကြီးဖြစ်သွားတာထက် ဒီညာတာကြီးကိုစိတ်ထဲက အရသာခံစားလိုက်ရတဲ့ အရသာ တစ်မျိုးဖြစ်သွားတယ်။ ဘာလို့မရိုးသားကြတာလဲ။ အိုအခုပြန်ပြောနေတာကမှ အချိန်က တစ်မိနစ် နှစ်မိနစ် သုံးမိနစ် ကြာသေးတယ်။ စိတ်က အဲဒီမှာ ချက်ချင်း ချက်ချင်းကို ဖြစ်သွားတာ။ ကိုယ့်ဟာကိုယ် မှတ်မိတယ် ဒါကြီးကတော့။ ခံစားချက်ပြင်းတယ်ပဲ ပြောပြော။ ငါ့ ဘာလို့ ညာတာလဲ။ ငါက ညာခဲ့ဖူးလို့လား။ ငါလည်း မညာဘဲနဲ့ ဘာလို့ ညာတာလဲ။ ငါသာဆို မညာဘူး။ ဘာလို့ ညာနေကြတာလဲ။ ညာတဲ့အလုပ်ဟာ တကယ်ကောင်းသလား။ အများကြီးပေါ့လေ စိတ်ထဲမှာ တောက်လျှောက် ပေါ်လာတာ။ ငါတို့တွေ ဒီလမ်းကို နောက်ထပ်မလာတော့ဘူးထင်လို့ ညာလိုက်တာလား။ ငါတို့ကရော သူများသိအောင် မပြောတော့ဘူးလား။ အများကြီးပေါ့လေ ညာတာနဲ့ ပတ်သက်ပြီးတော့ ဖြစ်လာမယ့် ဆိုးကျိုး ဆိုးကျိုးတွေ အများကြီးကို တောက်လျှောက်စဉ်းစား ပေါ်လာတာ။ တကယ် စိတ်ထဲမကောင်းပါဘူး။ နောက်တစ်ခုက ကိုယ်က ရိုးသားတယ်လို့ယုံကြည်ထားတဲ့တောသူတောင်သားတွေ။ ဘာလို့ညာလိုက်ကြတာလဲ။ ဟာ ဒီလူက မြို့သားလူလည်။ ဒီလူက မြို့ကကောင် လူလည်။ အဲလိုမျိုးမှ ညာတော့မယ်လို့သိလည်း ခံလိုက်ရလည်း ကိုယ်သိလျက်သားနဲ့ ခံရတာမျိုးပေါ့။

အခုက တကယ်ကို ပုံအပ်ပြီးယုံထားတဲ့သူက ညာတာကျတော့ စိတ်ထဲတစ်မျိုးဖြစ်တယ်။ ဘာလို့ ညာကြမှာလဲ။ အဲ တစ်ခုတော့ ကောင်းတာပေါ့။ ဘဝဖြောင့်ကြောင်း တစေ့တစောင်း ဆိုတဲ့အတိုင်း မိဘဆရာသမားတွေက မညာဖို့ လိမ်လည်လှည့်ဖြား ညာတာကို လုံးဝခွင့်မပြုဘူး အပြစ်ကြီးတစ်ခုအနေနဲ့ သတ်မှတ်ထားတဲ့ မိသားစုထဲက မိသားစု လူငယ်တစ်ယောက် ကလေးတစ်ယောက် ဒါမျိုးကြုံလိုက်ရတော့ ညာရမှာ အလွန်ကြောက်သွားတယ်။ ညာရမှာ အလွန်ကြောက်သွားတယ်။ နောက်ဆုံး မညာချင်ရင် ပါးစပ်ပိတ်နေမှာ။ မပြောချင်ရင် ပါးစပ်ပိတ်နေမှာ။ မညာချင်တဲ့စိတ်ကတော့ ဘယ်လိုမှ ပါးစပ်ဟမှာမဟုတ်ဘူး။ ပြဿနာဖြစ်မယ်ဆို ပါးစပ်ပိတ်နေရုံပဲ။ အမှန်အတိုင်းပြောလို့ ပြဿနာဖြစ်မယ်ဆို ပါးစပ်ပိတ်နေရုံပဲ။ မညာချင်ဘူး။ ဘုန်းဘုန်းတို့အတွက်က ဘဝဖြောင့်ကြောင်း တစေ့တစောင်း ဆိုတာ အဲလိုကြုံလိုက်ရတဲ့အခါမှ အဲလိုအသိလေးတွေ ပေါ်လာတာကိုပဲ ဘဝဖြောင့်ကြောင်း တစေ့တစောင်း လို့ ဆိုချင်တာပါ ပြောချင်တာပါ။ လူဆိုတာ တန်ဖိုးထားတာ တစ်ယောက်နဲ့တစ်ယောက် မတူဘူး။ မလိမ်မညာဘဲနေတာကို တန်ဖိုးထားတဲ့သူ ရှိသလို လိမ်ညာနေရတာကို အဟုတ်ထင်နေတယ် မလိမ်မညာတာကို တန်ဖိုးရှိတယ်လို့ မထင်တဲ့သူတွေ အများကြီး။ ဒါကတော့ သူ့အပိုင်းနဲ့သူပဲလေ။ အဲလိုပဲ ကျန်တာတွေ။

ပြောချင်တာကတော့ ကိုယ်တန်ဖိုးထားတာနဲ့ သူတို့တန်ဖိုးထားတာနဲ့ မတူတဲ့အခါမှာ အယူဝါဒ ကွဲတော့တာ။ အဆင်မပြေ ဖြစ်တော့တာ။ ဘယ်ဟာကောင်းသလဲ ဘယ်ဟာမကောင်းဘူးလဲလို့ ခဏထားပါဦး။ ကိုယ့်မှာ မိဘဘိုးဘွား ဆရာသမားတွေက ဆုံးမခဲ့တဲ့ အဆုံးအမကို အပျက်မခံချင်ဘူး။ ခံစားလိုက်ရတယ် ခုပြန်ပြောတာကို ပြန်ခံစားရတယ်။ ဒါပေမဲ့ အဲဒီလောက်က ခံစားရသလောက်တော့ ပြန်မခံစားရဘူး။ နီးနီးတော့ ခံစားရတယ်။ မညာစေချင်ဘူး မလိမ်စေချင်ဘူး မလှည့်စားစေချင်ဘူး။ တကယ်ပြောရင် ကြောက်စရာကြီးနော် ဒါကြီးက။ ဟောဒါ ခွေးသားပါ။ တောဝက်သားဆိုတာလည်း မယုံတော့ဘူး။ သူတို့ တောဝက်သားလို့ ပြောလည်း ဟုတ်ချင်မှ ဟုတ်တော့မှာ။ ရိုးရိုးဝက်ကိုပဲ တောဝက်သားလုပ်ချင် လုပ်တော့မှာလို့ ဒီညာတဲ့သူက ကိုယ့်ဟာကိုယ် အဆင်ပြေအောင် တစ်ခုညာလိုက်ပေမယ့် အများတကာက သိသွားတဲ့အခါ သိသည်ဖြစ်စေ မသိသည်ဖြစ်စေပါ ဘယ်လိုမှ ယုံကြည်မှုခတ်က မရနိုင်တော့ဘူး။ ဒီတစ်ခုလေး ညာမိတာပါကွာ။ ငါ ဟိုဟာ မညာပါဘူးလို့ ဘယ်လောက်ပဲ သစ္စာဆိုပြီးပြောပြော ယုံတော့မှာ မဟုတ်ဘူး။ ယုံတော့မှာ မဟုတ်ဘူး။ အများကြီးပေါ့ အဲဒီတုန်းကတော့ ၁၆ နှစ်၊ ၁၆ နှစ်သားနဲ့တန်တဲ့ ဖြစ်နိုင်တဲ့ အတွေးတွေ အသိတွေ ပေါ်လာတယ်။ ဩော် ညာတယ်ဆိုတာ ယုံကြည်မှုကို ဖျက်ဆီးတာပဲ။ တောသားတွေ ရိုးတယ်ဆိုတဲ့ ရှေးကစကားကြီးကိုပါ သူတို့ ဖျက်ဆီးတာပဲ။ ဖြေတော့ ဖြေတာပေါ့။ ဒါမျိုး ဘယ်နှယောက် ရှိမှာတုံး ဘယ်နှရွာရှိမှာတုံး။ ဘယ်နှဦး ရှိမှာတုံး။ ကျန်တဲ့ ရိုးတဲ့သူတွေ တပုံကြီးပါလို့ ပြောချင်လည်း ပြော။ ဟုတ်မှာပါ ဟုတ်မှာပါ။

ဒါပေမဲ့ ကိုယ့်သန္တာန်မှာတော့ မယုံနိုင်တော့ဘူး။ မယုံနိုင်တော့ဘူး။ ဘယ်သူ့ကြောင့်လဲ။ ဒီတစ်ဦးတစ်ယောက်ကြောင့်။ တစ်ဦးတစ်ယောက် သစ္စာမရှိလိုက်လို့ တစ်ဦးတစ်ယောက်က လိမ်လည်လှည့်ဖြားလိုက်လို့ တစ်ဦးတစ်ယောက်ကြောင့် ကျန်တဲ့သူတွေ ဘယ်လောက်ရိုးရိုး ဘယ်လောက်ကောင်းကောင်း ပြောရင် ယုံမိတော့မှာ မဟုတ်တော့ဘူး။ ယုံနိုင်တော့မှာ မဟုတ်တော့ဘူး။ ဒါကြောင့်မို့ ဘဝမှာ ကြုံခဲ့ရတာလေးနဲ့ ပတ်သက်ပြီးတော့ ခံစားခဲ့ရတာလေးတွေနဲ့ ပတ်သက်ပြီးတော့ ဩော် လိမ်ညာတဲ့အလုပ်ကြီးဟာ တော်တော်ဆိုးတာပဲ။ ငါဘယ်တော့မှ မလိမ်မညာဘူး။ မလိမ်မညာဘူး။ လိမ်ညာမှ အသက်ဆက်ရှင်မယ်ဆိုရင်တောင် ပါးစပ်ပိတ်နေမယ်။ ပြော ညာပြော ဒါငယ်ကတည်းကပေါ့လေ ငယ်ကတည်းက အဲဒီအသိလေး။ ညာပြော ညာမပြောရင် မင်းရိုက်မယ်ဆိုရင်တောင် အရိုက်သာခံလိုက်မယ် ညာမပြောနိုင်ဘူး။ ဟာ အဲဒီကျတော့လည်း စိတ်ထဲမှာက ကိုယ်ညာမပြောတဲ့သတ္တိဟာ မညာတဲ့သူတွေနဲ့ပဲတွေ့ဖို့ အသိုင်းအဝိုင်းနဲ့ပဲ တွေ့ဖို့ပါပဲ။ ညာတဲ့သူနဲ့တွေ့လည်း ခဏတစ်ဖြုတ်ပဲလို့ အများကြီးပေါ့လေ စိတ်ထဲမှာ ပေါ်လာတာ။ ဘေးကတောင် ပြောတယ်။ ဟဲ့ကလေး ထမင်းမစားဘူးလား။ စိတ်ထဲမှာ ကြောင်တောင်တောင် ဖြစ်သွားပြီလေ။ အတွေးတွေဝင်သွားပြီလေ။ လန့်လည်း လန့်သွားပြီလေ။ ဘေးက ပြောတဲ့သူက ဟယ် မင်းစားပါကွယ်။ သူတို့ကလည်း စားပါကွယ်သာ ပြောရတာ ခွေးသားကြီး ဘယ်လိုဆက်စားမတုံး။ အဲဒါနဲ့ပဲ ရှိတဲ့ထမင်း ရှိတဲ့တခြားဟင်းနဲ့ပဲ စားပြီးတော့ အဲဒီနေ့ ထမင်းတစ်နပ်တော့ ပြီးသွားတာပေါ့လေ။

ထမင်းတစ်နပ် ပြီးသွားလို့ ထမင်းအာဟာရက ဗိုက်ထဲပြည့်သွားပေမယ့် စိတ်ထဲမှာတော့ ခံစားချက်တွေ အမျိုးမျိုးနဲ့ စားလိုက်မိတဲ့ စိတ်ခံစားချက်တွေက တစ်ခုတော့ အင်အားရသွားတယ်။ မညာဘူး။ ယုံကြည်မှုကို မဖျက်ဆီးဘူး။ လိမ်ညာလိုက်ရင် ယုံကြည်မှု ပျက်စီးသွားမယ်။ ယုံကြည်မှု ပျက်စီးသွားရင် သံသယတွေ အများကြီးဖြစ်သွားမယ်။ သံသယတွေ အများကြီး ဖြစ်သွားရင် အို ဆိုးကျိုးတွေ အများကြီးရမှာပဲလို့ အဲဒီကတည်းက ဒီအသိလေး ဝင်ပြီးတော့ လိမ်တာညာတာ မလုပ်ခဲ့ပါဘူး။ သာသနာ့ဘောင်အတွင်း ရောက်တယ်ဆိုသည့်နောက်တော့ ပြောမနေနဲ့။ သာသနာ့ဘောင် မတိုင်ခင်ကတည်းက လူဝတ်နဲ့ လူ့လုပ်ငန်းတွေ လူ့အလုပ်တွေလုပ် မိဘရှာကျွေးနေကတည်းက လိမ်တာညာတာ ဝါသနာမပါဘူး။ အဖေ့လည်း မညာဘူး။ အမေ့လည်း မညာဘူး။ ညီအစ်ကိုမောင်နှမတွေလည်း မညာဘူး။ အရိုက်ခံစရာရှိရင် အရိုက်ခံလိုက်ရုံပဲ။ အဲဒီကတည်းက အဲဒီသတ္တိလေးဟာ ဟာ မညာရုံနဲ့ ကြီးပွားတိုးတက်သလားလို့ သူများပြောလည်း မတတ်နိုင်ဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်။ ကိုယ့်ကိုယ်ကိုယ် မညာဘဲ နေရတဲ့သတ္တိကိုက အရသာရှိတယ်။ အဲဒီစွမ်းအားကိုက ကိုယ့်စိတ်ထဲမှာ အင်အားပြည့်တယ်။ အဲဒါသည်ပင်လျှင် အများတကာနဲ့ ဆက်ဆံတဲ့အခါမှာ တချို့ကိစ္စတွေ တချို့ကိစ္စတွေလို့ မပြောလိုပါဘူး။ ကိစ္စတိုင်း ကိစ္စတိုင်း ဆက်ဆံရေးမှာ မလိမ်မညာဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့သတ္တိ ရတာကိုက အဲဒါ အောင်မြင်မှုအခြေခံအစစ်ပဲ။ ဘဝဖြောင့်ကြောင်း တစေ့တစောင်းပဲ။

ငယ်တဲ့သူနဲ့ဆက်ဆံဆက်ဆံ ကြီးတဲ့သူနဲ့ဆက်ဆံ ဆက်ဆံ အဲဒီ အရသာလေး အဲဒီသတ္တိလေး ကိုယ့်မှာ ပေါ်လာတာကိုက ဘဝဖြောင့်ဖို့ပဲ။ ကြာညပ်ပဲဖြစ်ဖြစ် တကောင်းပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် အဲဒီရွာကလူတွေကို အပြစ်မပြောလိုပါဘူး။ သူတို့ညာတာ သူတို့အပိုင်း။ သူတို့အကြောင်းပြုပြီးတော့ ကိုယ်က ဘဝကိုဖြောင့်စေတဲ့ သတ္တိကောင်းရတာကိုပဲ ကိုယ့်ဘဝ အမြတ်ပါပဲ။ ဒါကြောင့်မို့ လောကမှာ ညာတဲ့လူနဲ့ ကြုံရင်တောင် ကိုယ့်မှာ ဘဝကိုဖြောင့်စေတဲ့ အသိတရားလေး ရဖို့ အရေးကြီးတယ်လို့ နှလုံးသွင်းမိတာကိုက ဝမ်းသာစရာပဲ။ ဒီအသိလေးနဲ့ပဲ ဘဝဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ကြပါစေကုန်သတည်း။

■

မမ္မဒူတအရှင်ဆေကိန္ဒ



ဓာတ်ပုံ-The Voice

## ရေမြောင်းအဖုံးများ အသေပိတ်ထားသည့် ဆိုင်နှင့် အိမ်များကို အရေးယူမည်

**ပြည်၊ အောက်တိုဘာ ၁၈**

လမ်းပခုံးထက်မြင့်ပြီး ရေမြောင်းအဖုံးများ အသေပိတ်တည်ဆောက်ထားသည့်ဆိုင်နှင့် အိမ်များကိုတရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း ပြည်မြို့နယ်၊ စည်ပင်သာယာရေးကော်မတီ ဒုတိယ ညွှန်ကြားရေးမှူး သူရဦးမြင့်သူက ပြောကြားသည်။

ယင်းသို့ပြုလုပ်ထားမှုကြောင့် လမ်းပျက်စီးခြင်း၊ မိုးရွာလျှင် ရေတင်ကျန်ခြင်းတို့ကြောင့် ဖျက်ပေးရန်အသိပေးထားပြီး မဖျက်ပါက အရေးယူမည်ဖြစ်ကြောင်း ၎င်းထံမှ စုံစမ်းသိရှိရသည်။

“လမ်းပျက်စီးမှုများလာရင်၊ လမ်းပခုံးထက်မြင့်လာရင် ပထမဖျက်ပေးဖို့ အကြောင်းကြားမယ်။ မရရင်တော့ အရေးယူမယ်”ဟု သူရ ဦးမြင့်သူက ပြောဆိုသည်။

ပြည်မြို့အတွင်း မိုးရာသီ မိုးရွာပြီးနောက် ရေဝပ်ရခြင်းမှာ အနိမ့်ပိုင်း ရပ်ကွက်များဖြစ်နေခြင်း၊ အထူးသဖြင့် ပြည်မြို့လယ် လမ်းမတော်တစ်လျှောက်တွင် ယင်းသို့ ပြုလုပ်ထားမှုကြောင့် ရေတင်ကျန်မှုရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“မြောင်းအဖုံးတွေက ဘယ်သူလုပ်ထားမှန်းလည်းသိတာမဟုတ်ဘူး။ ကိုယ်လုပ်ထားတာလည်းမဟုတ်ဘူး။ အစကတည်းက သူတို့ဘာသာသူတို့ လုပ်ထားတာ စွဲလည်း စွဲပေါ့” ဟု လမ်းမတော်လမ်းတွင် စာအုပ်ဆိုင်ဖွင့်ထားသူတစ်ဦးက ဆိုသည်။

ပြည်မြို့လမ်းမတော်လမ်း၊ လမ်းရှည်လမ်း၊ ဗိုလ်ချုပ်လမ်းနှင့် ရပ်ကွက်အချို့ရှိ ရေဆိုးမြောင်းများပေါ်တွင် ဆိုင်ခန်းများနှင့် အိမ်များမှာ မြောင်းဖုံး အသေပိတ်ကာ ကွန်ကရစ်လောင်းပြီး တည်ခင်းရောင်းချနေခြင်းနှင့် ကားအဝင်အထွက်ပြုလုပ်ထားခြင်းတို့ရှိကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

“အဓိကရေလျှံတာက ရေမြောင်းတွေမစီးဆင်းလို့ ရေမြောင်းအဖုံးတွေ အသေပိတ်ထားတော့ မြောင်းဆယ်တဲ့အခါမှာလည်း ကြန့်ကြာတယ်။ စည်ပင်မြောင်းဆိုတာ အရှင်လုပ်ထားရမှာလေ။ အခုလိုဖယ်ခိုင်းမယ် အရေးယူမယ်ဆိုရင်ကြိုဆိုရမှာပေါ့။ ဒါပေမဲ့ on paper လိုမျိုးမဖြစ်ဘဲ လက်တွေ့လုပ်ဖို့လိုတယ်”ဟု ပြည်ဒေသခံ ဦးကောင်းမြတ်မင်းက ပြောဆိုသည်။ ■ M-06



Photo - KST

## တောင်ကြီးမီးပုံးပျံပြိုင်ပွဲ ယခင်နှစ်ထက် ပြိုင်ပွဲဝင် မီးပုံးအလုံးရေ နည်း

**ကျိုင်းတုံ၊ အောက်တိုဘာ ၁၈**

ပြည်တွင်းပြည်ပ ခရီးသွားအများအပြား စိတ်ဝင်တစားလာရောက်ကြည့်ရှုသည့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ မီးပုံးပျံပြိုင်ပွဲကို အောက်တိုဘာလ ၂၆ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ရာ ယခုနှစ်တွင် ပြိုင်ပွဲဝင် မီးပုံးပျံအလုံးရေသည် ယမန်နှစ်ထက် အနည်းငယ်လျော့နည်းကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပြောကြားသည်။

“ဒီနှစ်မှာက ညမီးကျည်နဲ့ စိန်နားပန်ပြိုင်ပွဲမှာ အရင်နှစ်ထက် အလုံးရေပိုများလာတယ်။ ဒါပေမဲ့ နေ့လွှတ်အရုပ်တွေမှာတော့ ပြိုင်တဲ့အလုံးရေ အနည်းငယ်လျော့သွားတယ်”ဟု အဆိုပါပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌလည်းဖြစ်သူ ၎င်းက ဆိုသည်။

တောင်ကြီးမြို့အဝေရာမီးပုံးပျံကွင်း၌ ကျင်းပမည့် မီးပုံးပျံပွဲတော်ကို ကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀၀ ဖြင့် လေလံတင်ရောင်းချခဲ့ရာ ကျပ်သိန်း ၂၀၀၂ ဖြင့်လေလံအောင်မြင်ခဲ့ကြောင်း၊ ရရှိသည့် လေလံငွေများဖြင့် မီးပုံးပျံပြိုင်ပွဲဝင်များကို ထိုက်တန်စွာဆုချီးမြှင့်ပေးမည့်အပြင် အခမ်းအနားကျင်းပရေး ကုန်ကျစရိတ်များ၌ အသုံးပြုမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံက ပြောကြားသည်။

အဆိုပါ မီးပုံးပျံပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၄ ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ ညမီးကျည် ၈၈ လုံး၊ စိန်နားပန် ၃၉ လုံးနှင့် နေ့လွှတ်အရုပ် ၂၆၆ လုံး စုစုပေါင်း ၃၉၃ လုံးယှဉ်ပြိုင်မည်ဖြစ်ပြီး ယမန်နှစ်က ညမီးကျည် အလုံး ၈၀၊ စိန်နားပန် ၃၆ လုံးနှင့် နေ့လွှတ်အရုပ် ၂၈၇လုံး စုစုပေါင်း ၄၀၃ လုံးယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ ■ R-16

## နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထောက်ခံပွဲ တမူးတွင် ကျင်းပ

**ကလေး၊ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် အောက်တိုဘာလ ၁၈ ရက်နေ့ နံနက် ၉ နာရီက နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထောက်ခံပွဲကို ကျင်းပခဲ့ကြောင်း အမေစုချစ်သူများအဖွဲ့မှ ဦးယဉ်ကိုဦးက ပြောကြားသည်။

“နိုင်ငံတော်အစိုးရနဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်အရေးနဲ့ ပတ်သက်ပြီး နိုင်ငံတကာ ဖိအားတွေကြားမှာ ပြည်သူဘက်က မားမားမတ်မတ် ရပ်တည် တယ်။ အဲဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုတိုင်းရင်းသားတွေ အားလုံးကလည်း အမေစုနဲ့အတူ ရပ်တည်ကြောင်း ပြသလိုတာကြောင့်ဖြစ်ပါတယ်” ဟု ၎င်းက ဆိုသည်။

အဆိုပါ ထောက်ခံပွဲကို ဟိန္ဒူ၊ ဂေါ်ရခါး၊ မွတ်ဆလင်ဘာသာဝင် လူငယ်များ၊ ချင်း၊ ကချင်၊ နာဂ၊ ရှမ်းနီအစရှိသည့် တိုင်းရင်းသားများပါဝင်သည့် လူဦးရေ ၁၀၀၀ ကျော် ဖြင့် လမ်းလျှောက်ချီတက်ကာ ထောက်ခံပွဲ ကို ကျင်းပခဲ့ကြောင်း ယင်းပွဲ ဦးဆောင်သူများထံမှ သိရသည်။

■R-20

## တိုင်းရင်းသားစာပေသင် ဆရာများကို နေ့စားလပေးခန့်ရန် ဆွေးနွေး

**ပြည်၊ အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြားပေးနေသည့် ဆရာ၊ ဆရာမများကို လာမည့်ပညာသင်နှစ်အတွင်း နေ့စားလပေးခန့်ထားပေးနိုင်ရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးက ပြောကြားသည်။

ပြည်မြို့ခေတ္တရာခန်းမ၌ အောက်တိုဘာလ ၁၈ ရက်နေ့က ကျင်းပသော အရှိုချင်း စာပေယဉ်ကျေးမှုကော်မတီဆရာ၊ ဆရာမတွေ့ဆုံပွဲတွင် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိစာသင်နှစ်မှာ နှစ်ဝက်ကျော်လာပြီဖြစ်ပြီး လာမည့်စာသင်နှစ်အတွင်း နေ့စားလပေးခန့်အပ်နိုင်ဖွယ်ရှိကြောင်း၊ ချီးမြှင့်ငွေ သုံးသောင်းဖြင့် သင်ကြားပေးနေသူများကို လျှောက်လွှာထုတ်ပေးပြီး လျှောက်ထားစေမည်ဖြစ်ကြောင်း ဒေါ်နော်ပွယ်စေးက ဆက်လက်ပြောကြားသည်။

“လက်ရှိအခြေအနေမှာ အစိုးရက ကူညီတာတွေရှိပါတယ်၊ ရလည်းရပါတယ်။ အောက်ခြေမှာ သင်ရိုးညွှန်းတမ်း မပြည့်စုံတာရှိတယ်၊ နောက် တိုင်းရင်းသားတွေက ကျောင်းစာအပြင် တခြားတစ်ခုပါဆိုတော့ သင်ချင်စိတ်ဖြစ်လာအောင် စည်းရုံးမှုအားနည်းနေတယ်လို့ စတဲ့ အခက်အခဲတွေရှိတယ်”ဟု အရှိုချင်း စာပေယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဆလိုင်းအေးပိုင်ကဆိုသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ကရင်လူမျိုး ၂၆ မြို့နယ်၊ အရှိုချင်းလူမျိုး ၈ မြို့နယ်၊ ပအိုဝ်းလူမျိုး ၅ မြို့နယ်၊ မွန်လူမျိုး ၂ မြို့နယ်၊ ကယား ၂ မြို့နယ်၊ ရှမ်းလူမျိုး ၆ မြို့နယ်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း အရှိုချင်းစာပေယဉ်ကျေးမှုသင်ကြားနေသည့် ကျောင်းပေါင်း ၇၈ ကျောင်း၊ ဆရာ၊ ဆရာမဦးရေ ၁၄၇ ဦး၊ ကျောင်းသားကျောင်းသူပေါင်း ၃၂၁၇ ဦး ရှိကြောင်း တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့် အရှိုချင်းစာပေယဉ်ကျေးမှု ကော်မတီထံမှ စုံစမ်းသိရှိရသည်။

■ M-06

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# မွန်ပြည်နယ်တွင် ယစ်မျိုးအခွန် အများဆုံးရ

မော်လမြိုင်၊ အောက်တိုဘာ ၁၈

မွန်ပြည်နယ်၏ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်တစ်ခုလုံးတွင် ကောက်ခံထားသည့် အခွန်များအနက် ယစ်မျိုးခွန်ရရှိမှုမှာ အများဆုံးဖြစ်ကြောင်း ယစ်မျိုးခွန်ကောက်ခံသည့် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ စုံစမ်းသိရှိရသည်။

"တစ်ပြည်နယ်လုံးမှာ ခွင့်ပြုလိုင်စင်ပေးထားတာ ၁၉၇၂ ခုရှိတယ်၊ အခွန်နှုန်းခကတော့ ရန်ကုန်နဲ့ ဒီမွန်ပြည်နယ်နဲ့တော့ မတူဘူးပေါ့။ ရုံးချုပ်ကနေ သတ်မှတ်ထားတယ်။ တို့ဌာနမှာ ကောက်နေတဲ့ အခွန်လေးမျိုးရှိတယ်၊ ယစ်မျိုးခွန်က အများဆုံးရတာပဲ" ဟု မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစိုးမြင့်က ပြောဆိုသည်။

လက်ရှိ ထွေ/အုပ်မှ ကောက်ခံလျက်ရှိသည့် အခွန်လေးမျိုးမှာ ယစ်မျိုးခွန်၊ မြေယာအခွန်၊ တာတမံခွန်နှင့် ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်များပါဝင်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်အတွက် ယစ်မျိုးခွန်လျာထားချက်မှာ စုစုပေါင်း ၇၈၇ ဒသမ ၅၅၁ သန်း လျာထားကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်တွင် ယစ်မျိုးလိုင်စင်နှင့်ပတ်သက်၍လည်း လိုင်စင်တိုးချပေးတော့မည်မဟုတ်ဘဲ အချို့သော ယစ်မျိုးလိုင်စင်ရရှိထားသည့် စက်ရုံများသည် ကုန်ထုတ်လုပ်ခြင်းမရှိပါက စိစစ်မှုပြုလုပ်၍ လိုင်စင်ပြန်လည် သိမ်းယူရန် စီစဉ်လျက်ရှိကြောင်း ၎င်းက ရှင်းပြသည်။

"ယစ်မျိုးအခွန်ကတော့ နောင်မှာထပ်တိုးဖို့မရှိတော့ဘူး။ ဒီအတိုင်းပဲဆက်ရှိနေတော့မယ်။ ဒါပေမဲ့ ဓာတ်သတ္တုထုတ်လုပ်တဲ့ အခွန်ကတော့ တိုးဖို့ ရှိဦးမယ်။ အခု ကျောက်ထုတ်လုပ်မှု လုပ်ငန်းတွေတိုးလာတာရှိတယ်" ဟု၎င်းက ဆက်လက်ပြောဆိုသည်။

မွန်ပြည်နယ်တွင် ယစ်မျိုးလိုင်စင် ၁၃ မျိုးကိုချထားပေးရာ (CS 2A) ချက်အရက်ဆိုင်လိုင်စင် (အရက်ဖြူဆိုင်) မှာ အများဆုံးဖြစ်ပြီး၊ ဒုတိယအများဆုံးမှာ FL 17 (နိုင်ငံခြားအရက်များ ဟိုတယ်နှင့် နားနေခန်း ဥပစာအတွင်းသောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင်) နှင့် တတိယအများဆုံးမှာ FL 12 (နိုင်ငံခြားအရက်များကို ကုန်စုံဆိုင် တွင် လက်လီလက်ကားရောင်းချခွင့် ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့်မရှိသည့် လိုင်စင်) တို့ဖြစ်၍ အခွန်အများဆုံးကောက်ခံရရှိမှုမှာ ၁၇ သိန်းရှိကြောင်း ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထံမှ သိရသည်။

မွန်ပြည်နယ် မော်လမြိုင် မြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့တွင် ယစ်မျိုးလိုင်စင် ချထားပေးမှု အများဆုံးဖြစ်ကာ ယင်းကောက်ခံရရှိသည့် အခွန်များကိုပြည်နယ် အစိုးရသို့သာ ပေးသွင်းရမည်ဖြစ်ကြောင်း ယင်းဌာနမှ သိရသည်။

■ R-21

# ရောဝတီတိုင်း ရေချိုငါးလုပ်ငန်းဥပဒေ အသစ်ပြဋ္ဌာန်းမည်

ပုသိမ်၊ အောက်တိုဘာ ၁၈

၂၀၁၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေသည် ခေတ်ကာလနှင့် မကိုက်ညီတော့သည့်အတွက် ဖျက်သိမ်း၍ ဥပဒေအသစ်ပြဋ္ဌာန်းရန် စီစဉ်ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီးလွှတ်တော်ရုံးထံမှ စုံစမ်းသိရှိရသည်။

"အရင်ပြဋ္ဌာန်းခဲ့တဲ့ ရေချိုငါးလုပ်ငန်းဥပဒေမှာ ခေတ်နဲ့မလျော်ညီလို့ ပြင်ဆင်ရမှာတွေက ၅၀ ရာခိုင်နှုန်းကျော်ရှိနေတယ်။ ဒါကြောင့် အသစ်ရေးဆွဲပြီး ပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းအစိုးရအဖွဲ့က ဥပဒေကြမ်းတင်သွင်းလာတာကြောင့် ၂၀၁၇ ခုနှစ်အတွင်းမှာ ပြဋ္ဌာန်းနိုင်အောင်လို့ ကြိုတင်ပြင်ဆင်မှုတွေလုပ်နေပါတယ်" ဟု တိုင်းဒေသကြီးလွှတ်တော် ဒုဥက္ကဋ္ဌ ဦးစံမင်းအောင်က ပြောကြားသည်။

ဥပဒေပညာရှင်များကလည်း ရေချိုငါးလုပ်ငန်းဥပဒေအသစ်ပြဋ္ဌာန်းရာတွင် လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းဥပဒေ၊ သစ်တောဥပဒေ၊ ဆည်မြောင်းဥပဒေ စသည့်ဥပဒေများဖြင့်လည်း ညှိနှိုင်းရေးဆွဲပြဋ္ဌာန်းရန် တင်ပြခဲ့ကြကြောင်း ပြည်သူ့အသံကြားနာပွဲများတွင် ပါဝင်ဆောင်ရွက်နေသည့်ဥပဒေပြုရေးကော်မတီဝင် ဒေါ်စုစုအောင်က ရှင်းပြသည်။

ဧရာဝတီတိုင်းဒေသကြီး၏ ဝင်ငွေသုံးပုံနှစ်ပုံကို ငါးလုပ်ငန်းများမှရရှိနေခြင်းကြောင့်ယင်းဥပဒေသည်အရေးကြီးကြောင်း၊ အခွန်အခရရှိရန် ရေးဆွဲထားသော်လည်း ရေလုပ်သားကြီးများမှာ အခွင့်အရေးအပြည့်အဝနီးပါးရရှိနေပြီး သာမန်ရေလုပ်သားငယ်များ၏ အခွင့်အရေးမှာမူ နည်းပါးသည့်အတွက် အချက်အလက် ၅၀ ရာခိုင်နှုန်းကျော်ကို ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုင်းလွှတ်တော်ရုံးထံမှ သိရသည်။

■ R-11



Photo - zayar ko

# မြေမြှုပ်မိုင်းပြဿနာဖြေရှင်းရေး ပူးပေါင်းဆောင်ရွက်မှု အားနည်း

တောင်ငူ၊ အောက်တိုဘာ ၁၈

မြေမြှုပ်မိုင်းအန္တရာယ်နှင့် အမြဲကြုံတွေ့နေရလေ့ရှိသည့် ကျောက်ကြီးမြို့နယ်၊ မုန်းဒေသတစ်ဝိုက်တွင် ယင်းပြဿနာကို ဖြေရှင်းရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းကြောင်း ကျောက်ကြီးမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦးက ပြောကြားသည်။

"အုပ်ချုပ်ရေး အဖွဲ့အစည်းတွေက အရပ်ဘက်အဖွဲ့အစည်းတွေ NGO တွေနဲ့ မြေမြှုပ်မိုင်းပြဿနာကို ပူးပေါင်းဖြေရှင်းရာမှာ အတော်လေးအားနည်းတယ်၊ မြေမြှုပ်မိုင်းပြဿနာမှာ အုပ်ချုပ်ရေးအဖွဲ့က ပူးပေါင်းဆောင်ရွက်မှု ၃၀ ရာခိုင်နှုန်းလောက်ပဲရှိမယ်" ဟု ၎င်းက ဆိုသည်။

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်တစ်ဝိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ မုန်းဒေသတွင် ထောင်ထားခဲ့သည့် မြေမြှုပ်မိုင်း အန္တရာယ်မှာ ဆိုးရွားနေဆဲဖြစ်ပြီး လက်ရှိ ပြဿနာကို ငြိမ်းချမ်းရေးရရှိမှလုပ်မည်ဆိုခြင်းထက် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း The Halo Trust အော်ပရေးရှင်း မန်နေဂျာ ဦးစံဝင်းမောင်က ပြောကြားသည်။

လက်ရှိမြေမြှုပ်မိုင်းအသစ်ထောင်ခြင်းကို နှစ်ဖက်တပ်များက စွန့်လွှတ်ထားပြီးဖြစ်သော်လည်း ယခင်မိုင်းဟောင်းများမှာတိကျသည့် မြေပုံညွှန်း မရှိတော့ခြင်းကြောင့် မိုင်းရှင်းလင်းရေးလုပ်ဆောင်ရာတွင် အခက်အခဲရှိကြောင်း ယင်းဒေသသို့ စစ်တမ်းကောက်ယူခဲ့ဖူးသည့် အရပ်ဘက်အဖွဲ့အစည်းတချို့ထံမှ စုံစမ်းသိရှိရသည်။

ကျောက်ကြီးမြို့နယ် တစ်ဝိုက် NGO အဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်းကာ မြေမြှုပ်မိုင်းအသိပညာပေးခြင်းနှင့် သတိပေးခြင်း လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေကြောင်း ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ပြောကြားသည်။

■ R-15

# ပုသိမ်တွင် LED မီးလုံး သန်း ၇၀ ဖြင့် မီးအလှပွဲတော် ကျင်းပမည်

ပုသိမ်၊ အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အမှတ် ၃ ရပ်ကွက်ရှိ ကန်သုံးဆင့် Royal Lake Amusement Park ပန်းဥယျာဉ် တွင် LED မီးလုံးပေါင်း သန်း ၇၀ ကို အသုံးပြု၍ မီးအလှပွဲတော်ကို လာမည့် နိုဝင်ဘာလ ၁ ရက်နေ့မှ ဇန်နဝါရီလ ၁ ရက် နေ့အထိ နှစ်လကြာ ခင်းကျင်းပြသမည် ဖြစ်ကြောင်း ယင်းပွဲတော်ကျင်းပရေးစီစဉ် သူများထံမှ သိရသည်။

ယခင်ကသီတင်းကျွတ်ပွဲတော် ကာလအတွင်းမှစ၍ တစ်လကြာခင်းကျင်းပြသရန်ရည်ရွယ်ထားသော်လည်း မိုး အဆက်မပြတ်ခြင်းကြောင့် ကျင်းပမည့်ရက်ကို ရွှေ့ပြောင်းခဲ့ရကြောင်း၊ ဝင်ကြေး ကို ကျပ် ၁၅၀၀ သတ်မှတ်ထားကာ LED မီးလုံးသန်း ၇၀ ဖြင့် ဒီဇိုင်းပေါင်း ၄၇ ခုကို ထုတ်လုပ်ထားပြီး အရုပ်ပေါင်း ၇၅ ခုကို ဖန်တီးပြုလုပ်ထားကြောင်း ယင်းပွဲတော်ကျင်းပစီစဉ်သူ Royal Lake Amusement Park ပန်းယျာဉ်၏ အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ကပြောကြားသည်။

ပုသိမ်မြို့၏ ရိုးရာသင်္ကေတများ၊ မြန်မာရိုးရာယဉ်ကျေးမှု သင်္ကေတများအပြင် နိုင်ငံတကာတွင် ထင်ရှားသည့်သင်္ကေတများကိုလည်း LED မီးသီးများနှင့် ဖန်းတီးထားကာ အရွယ်သုံးပါးဗဟု သုတရရှိ ခံစားနိုင်ရန်စီစဉ်ထားပြီး ပုသိမ်မြို့ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများနှင့် ပရဟိတဂေဟာမှ ကလေးများကိုလည်း ကားဖြင့်အခမဲ့ ကြိုပို့ပေးမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ရှင်းပြသည်။

LED မီးလုံးများ အသုံးပြု၍ ဒီဇိုင်း အမျိုးမျိုးဖြင့်ခင်းကျင်းပြသသော မီးအလှ ပွဲတော်( Myanmar LED Beautiful Festival) ကို ၂၀၁၆ ခုနှစ်က ရန်ကုန်မြို့တွင် စတင်ကျင်းပခဲ့ကာ ပြီးခဲ့သော စက်တင်ဘာလ ၂၉ ရက်နေ့ကလည်း မုံရွာမြို့တွင် ကျင်းပခဲ့ကာ လာရောက်လည်ပတ် လေ့လာကြည့်ရှုသူ အများအပြားရှိခဲ့ကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။

■ R-12

# မွန်ပြည်နယ်ရှိ ကလေးငါးသိန်းခွဲကျော်ကို ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးပေးမည်

**မော်လမြိုင်၊ အောက်တိုဘာ ၁၈**

လာမည့် နိုဝင်ဘာလ ၁၅ ရက်နေ့မှစ၍ အသက် ၉ လမှ ၁၅ နှစ်အရွယ် ကလေးသူငယ်များ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု တိုးမြှင့်လာစေရန် ရည်ရွယ်၍ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို အစုလိုက်ထိုးနှံခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာ ထိန်လင်းက ပြောကြားသည်။

အစုလိုက် ကာကွယ်ဆေးထိုးမည့် ပထမအစီအစဉ်မှာ နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်နေ့အထိ စာသင်ကျောင်းများတွင် ထိုးနှံပေးမည်ဖြစ်ပြီး၊ ဒုတိယအစီအစဉ်ကို ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၀ ရက်နေ့အထိ ပြည်သူလူထုအခြေပြု လူမှုအသိုင်းအဝိုင်းများတွင် ထိုးနှံပေးမည်ဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောဆိုသည်။

မွန်ပြည်နယ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးနှံရမည့် အသက် ၉ လမှ ၁၅ နှစ်အောက် ကလေးငယ် ၅ သိန်း ၆ သောင်းကျော် ရှိပြီး ရေး၊ သထုံ၊ မော်လမြိုင်နှင့် ပေါင်မြို့နယ်တို့သည် ကာကွယ်ဆေးထိုးရမည့်ကလေး အများဆုံးရှိသည့် မြို့နယ်ဖြစ်ကြောင်း ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ စာရင်းအရ သိရသည်။

"ဒီရောဂါက အင်မတန် ကြောက်ရပါတယ်။ သေဆုံးမှုတွေလည်းရှိတယ်။ နောက်ဆက်တွဲဆိုးကျိုးတွေကလည်း အရမ်းကို ပြင်းထန်ပါတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကပ်ရောဂါအနေနဲ့လည်း ဖြစ်ပွားခဲ့ဖူးတယ်။ ဖြစ်လာရင်လည်း ကုသတဲ့ဆေးက အတိအကျမရှိဘူး။ ရောဂါလက္ခဏာကိုသက်သာစေတဲ့ဆေးလောက်ပဲရှိတယ်" ဟု မွန်ပြည်နယ် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဒု-ပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာ ဉာဏ်ဆင့်က ပြောဆိုသည်။

မွန်ပြည်နယ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါကြောင့် လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်တွင် ၁ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၁ ဦး သေဆုံးခဲ့ဖူးကြောင်း၊ ၂၀၁၇ ခုနှစ် ၆ လ အတွင်း ရောဂါသံသယရှိသူ အယောက် ၂၀ ရှိသည့်အနက် ရောဂါဖြစ်နေသည်ဟု အတည်ပြုနိုင်သူ သုံးဦးရှိကြောင်း ၎င်းက ရှင်းပြသည်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအနေနှင့် ၂၀၁၆ ခုနှစ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားသည်ဟု သံသယရှိသူ ၁၉၁၁ ဦးရှိပြီး ရောဂါဖြစ်ပွားသူအဖြစ် အတည်ပြုနိုင်သည့် လူနာ ၃၉၃ ဦးရှိကြောင်း၊ ယခု ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ သံသယရှိသူ ၈၃၀ ဦးရှိပြီး အတည်ပြုနိုင်သူ ၁၄၆ ဦးရှိကြောင်း မွန်ပြည်နယ် ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

■ R-21



Photo - zayar ko

# တောင်ငူတွင် တရားမျှတမှုစင်တာ ဖွင့်

**တောင်ငူ၊ အောက်တိုဘာ ၁၈**

ဗြိတိသျှကောင်စီနှင့် ဥရောပသမဂ္ဂတို့လက်တွဲဆောင်ရွက်လျက်ရှိသည့် တရားမျှတမှုစင်တာ (Justic Centre) ကို အောက်တိုဘာလ ၁၈ရက်နေ့၊ နံနက် ၈ နာရီခွဲခန့်က တောင်ငူမြို့နယ်၊ အမှတ် ၉ ရပ်ကွက်၊ အုတ်ကျွတ်တန်းရပ် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်တွင် ဖွင့်လှစ်ခဲ့ကြောင်း အဆိုပါစင်တာ Communication မန်နေဂျာ ဒေါ်မြတ်မေဇင်က ပြောကြားသည်။

အဆိုပါ စင်တာကို ရန်ကုန်နှင့် မော်လမြိုင်မြို့တို့တွင်စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်အထိ ခြောက်ခုဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"ဆင်းရဲနွမ်းပါးပြီး ခွဲခြားဆက်ဆံခံနေရပြီး တရားရင်ဆိုင်နေရတဲ့ ပြည်သူတွေအနေနဲ့ ရှေ့နေမငှားနိုင်တဲ့အခါမှာ ဥပဒေအတိုင်း ခုခံကာကွယ်ခွင့် ရရှိဖို့ကူညီဆောင်ရွက်နေခြင်းဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

တောင်ငူရုံးတွင် ယခုအချိန်အထိ အမှုပေါင်း ၁၁ မှုကိုကူညီဆောင်ရွက်ပေးလျက်ရှိပြီး နောက်ပိုင်းတွင် မြို့နယ်များတိုးချဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း ယင်းစင်တာဝန်ရှိသူများထံမှ စုံစမ်းသိရှိရသည်။

"အရေးကြီးတဲ့လုပ်ငန်းစဉ်ကတရားဥပဒေစိုးမိုးရေးလုပ်ငန်းဖြစ်ပါတယ်။ လက်ရှိတရားဥပဒေစိုးမိုးရေးမှာလည်း အရေးကြီးတာက ယုံကြည်ဖို့ဖြစ်ပြီး ကျင့်ဝတ်တွေလိုက်နာစောင့်ထိန်းရင် အများက ယုံကြည်လာမှာဖြစ်ပါတယ်။ အခုလို တရားမျှတမှုစင်တာ ဖြစ်ပေါ်လာတာဟာလည်း တရားစီရင်ရေးနဲ့တရားဥပဒေမှာ အကျိုးရှိပါတယ်"ဟု ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုရင်က ပြောဆိုသည်။

■ R-15

# NEWS IN BRIEF

## တောထွက်ဘုန်းကြီးက ငါးတန်းကျောင်းသူကို အဓမ္မပြုကျင့်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ် ၁၉ ရပ်ကွက် မြင်းဖြူအင်းဘုန်းတော်ကြီးကျောင်းတွင် အောက်တိုဘာလ ၁၆ ရက်နေ့ ညနေ ၃ နာရီခန့်က လာရောက်ဆော့ကစားသည့် အသက် ၁၂ နှစ်အရွယ် မိန်းကလေးကို အဆိုပါကျောင်းတိုက်တွင် သီတင်းသုံးနေသည့် တောထွက်ဘုန်းကြီးတစ်ပါးက အဓမ္မပြုကျင့်ခဲ့ကြောင်း တောင်ငူမြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အသက် ၅၉ နှစ်အရွယ် ဦးကုသလ(ခ) ဦးစိုးနိုင်ကို လူဝတ်လဲကာ တောင်ငူမြို့မရဲစခန်းက (ပ)၉၂၅/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်ဖမ်းဆီးစစ်ဆေးနေကြောင်း ယင်းစခန်းမှ သိရသည်။

■ R-15

# ကူကီးတိုင်းရင်းသားပွဲတော် ဟုမ္မလင်းတွင် ကျင်းပမည်

**ကလေး၊ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့တွင် ကူကီး(ခေါင်ဆိုင်)တိုင်းရင်းသားများ၏ ၂ နှစ်တစ်ကြိမ် ကျင်းပသည့် ရိုးရာ Chavang Kut ကြာဝိုင်းကွတ်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီ၏ ပြန်ကြားရေးတာဝန်ခံ ဦးလွန်ခိုဆေးက ပြောကြားသည်။

အဆိုပါ ပွဲတော်ကို နိုဝင်ဘာလ ၁ ရက်နေ့ နံနက် ၈ နာရီမှ နေ့လယ် ၁၂ နာရီအထိ နောင်ပကျစ်ရပ်ကွက် မြေနီကုန်းရပ်ရှိ ဘောလုံးကွင်းအတွင်း ကျင်းပမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"အမျိုးသားရေး စည်းလုံးညီညွတ်ရေးဆိုတာကို ရိုးရာပွဲတော်ကနေတန်ဖိုးထားတတ်လာအောင်။ ရိုးရာပွဲတွေ မလုပ်တဲ့အခါမှာ လူတွေက ရိုးရာပွဲအကြောင်း ရိုးရာဓလေ့ထုံးတမ်းအကြောင်းကို သိပ်ပြီးတော့ အလေးအနက်မထားသလိုဖြစ်သွားတယ်" ဟု ဦးလွန်ခိုဆေးက ဆိုသည်။

ယင်းပွဲတော်ကို ၂ နှစ်တစ်ကြိမ် ကျင်းပခဲ့ရာ ကူကီးတိုင်းရင်းသားများနေထိုင်သည့် မိုဝိုင်းလွတ်မြို့နှင့် တမူးမြို့နယ် ဖိုင်လင်းကျေးရွာတို့တွင် အလှည့်ကျ ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်က နောက်ဆုံးကြိမ်အဖြစ် တမူးမြို့နယ်၊ ကျွန်းပင်သာကျေးရွာတွင် ကျင်းပခဲ့သည်။

■R-20

# ကိုယ်ပိုင်ကားတစ်စီးပေါ်၌ အမျိုးသားတစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံး

**လားရှိုး၊ အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းပေါ်တွင် အောက်တိုဘာလ ၁၇ ရက်နေ့ညက ကိုယ်ပိုင်ယာဉ်တစ်စီးပေါ်တွင် အမျိုးသားတစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရကြောင်း ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

ပြည်ထောင်စုလမ်း၊ နမ့်ဖတ်ကာနှင့် မူဆယ်အကြား မိုင်တိုင် ၂၅၄/၅ နဲ့ ၂၅၄/၆ အကြားတွင် လမ်းဘေးချရပ်ထားသည့်ကားပေါ်တွင် ယင်းအမျိုးသား၏ ဦးခေါင်း၌ သေနတ်ပစ်ခံရသည့် အနေအထားဖြင့် သေဆုံးနေသည်ကိုတွေ့ရခြင်းဖြစ်ပြီး ၎င်းမှာ ကွတ်ခိုင်မြို့တွင် နေထိုင်သူဖြစ်ကြောင်း လားရှိုးမြို့ရှိ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိ တစ်ဦးက ပြောကြားသည်။

အဆိုပါဖြစ်စဉ်ကို ကွတ်ခိုင်မြို့မရဲစခန်းက ပထမသတင်းပေးချက်အမှတ် ၂၄/၂၀၁၇ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အရ အမှုဖွင့်စစ်ဆေးနေပြီး မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ကို ပြောဆိုနိုင်ခြင်းမရှိသေးကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

■ R-07

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# အေစီမီလန်နဲ့ နိုက်စ်တို့ကို ရွေးချယ်ရင်း ယူရိုပါလီဂ်ညကို ဖြတ်သန်းလိုက်ကြပါစို့

## ယူရိုပါလီဂ် ပထမအကျော့ အုပ်စုပွဲစဉ်(၃) ပွဲကြိုသုံးသပ်ချက်

ဒီနေ့ည ယူရိုပါလီဂ်ပွဲစဉ်တွေမှာ ပရိသတ်အကြိုက်တွေ့မယ့်ပွဲစဉ်ကောင်းတွေ အများကြီးပါဝင်လို့နေပါတယ်။ အုပ်စုအဖွင့်ပွဲစဉ်နှစ်ပွဲလုံး အနိုင်ရထားတဲ့ နိုက်စ်နဲ့ လာဇီယိုတို့ရဲ့ထိပ်တိုက်တွေ့ဆုံမှုက ပရိသတ်အကြိုက်တွေ့စေမယ့် ရသမြောက်ပွဲကောင်းတစ်ပွဲကို ဖြစ်ပေါ်လာစေမှာပါ။ ပရီးမီးယားလိဂ်မှာ ဝက်ဖို့ဒ်ကို ရှုံးနိမ့်ခဲ့ရတဲ့ အာဆင်နယ်ကလည်း ယူရိုပါလီဂ်ဘက်မှာ နိုင်ပွဲတစ်ပွဲရယူပြီး ဖိအားတွေအောက်ကနေ ရုန်းထွက်ဖို့ကြိုးပမ်းလာမယ့် အရိပ်အယောင်တွေကို မြင်တွေ့နေရပါတယ်။ ရလဒ်ဆိုးတွေနဲ့ဆက်တိုက်ရင်ဆိုင်နေရတဲ့ အဲဗာတန်ကတော့ လိုင်ယွန်နဲ့ကစားရမှာကြောင့် ပွဲကျပ်နွံထဲမှာ ရုန်းကန်ရဦးမှာပါ။

### နိုက်စ် - လာဇီယို

အုပ်စုအဖွင့်ပွဲစဉ် နှစ်ပွဲလုံးကို ကိုယ်စီကိုယ်ငှ အနိုင်ရထားတဲ့ အသင်းတွေဖြစ်ကြတဲ့အတွက် ဒီပွဲကို ဆက်ပြီး အနိုင်ရတဲ့အသင်းဟာ နောက်တစ်ဆင့်တက်ရောက်ခွင့်ရနိုင်ဖို့အတွက် အရမ်းပဲ နီးစပ်သွားတော့မှာပါ။ လာဇီယိုက အဝေးကွင်းပွဲစဉ်တွေဆိုရင် ခံစစ်ကြောင်း အမှားများလွန်းတာမို့ မရွေးချယ်သင့်ပါဘူး။ နိုက်စ်နဲ့ စွန့်စားခန်းဖွင့်လိုက်ပါ။

### အဲဗာတန် - လိုင်ယွန်

နှစ်သင်းလုံးဟာ နောက်တစ်ဆင့် တက်ရောက်ခွင့်ရနိုင်ရေးအတွက် ခြေကုန်ထုတ်ပြီး အားကုန်ကစားကြရတော့မှာပါ။ ဒီပွဲမှာ ရလဒ်မကောင်းခဲ့ရင် အဲဗာတန်နည်းပြ ရော်နယ်ကိုးမန်းရဲ့အနာဂတ်က မသေချာ မရေရာမှုတွေနဲ့ အရမ်းကို ပြည့်နှက်သွားတော့မှာပဲ ဖြစ်ပါတယ်။ အဲဗာတန် ကပ်နိုင်သွားပါလိမ့်မယ်။

### အက်စ်တာနာ - မက္ကာဘီတဲလ်အဗစ်

အက်စ်တာနာက အဝေးကွင်းရလဒ်တွေ အရမ်းညံ့ဖျင်းလွန်းပေမယ့် အိမ်ကွင်းမှာတော့ အသင်းကြီးတွေကိုတောင် သူတင်ကိုယ်တင် ယှဉ်ကစားနိုင်စွမ်း ရှိပါတယ်။ အက်စ်တာနာဟာ ပွဲစကတည်းက တိုက်စစ်ဖွင့်ပြီး မက္ကာဘီတဲလ်အဗစ်ကို ဖိအားပေးသွားပါလိမ့်မယ်။ အက်စ်တာနာ ကပ်နိုင်သွားမယ့်ပွဲစဉ်ပါ။

### မာဆေး - ဂွီမာရေ့စ်

မာဆေးဟာ ယူရိုပါလီဂ်ပွဲစဉ်တွေကို သတိကြီးကြီးထားပြီး ထိန်းကစားတတ်တာကြောင့် သူတို့ရဲ့အနိုင်ရလဒ်က နှစ်ဂိုးအကွာပြတ်သားမှုမျိုးဖြစ်နိုင်ဖို့ ခက်လှပါတယ်။ ဂွီမာရေ့စ်က ခံစစ်ကို ပိတ်ဆို့ပြီး သရေတစ်မှတ်အတွက်ပဲ ဦးတည်သွားမှာပါ။ ဂွီမာရေ့စ်ကို ရွေးချယ်သင့်တယ်။

### ဇင်းနစ် - ရိုစင်ဘော့

ဇင်းနစ်ဟာ အုပ်စုအဆင့်ပွဲစဉ်တွေမှာ တိုက်စစ်ကို ရဲရဲတင်းတင်းဖွင့်ပြီး ပြိုင်ဘက်ကို ဖိအားပေးတတ်တာကြောင့် ရိုစင်ဘော့ မလွယ်လောက်ပါဘူး။ ရိုစင်ဘော့ဟာ အုပ်စုဒုတိယပွဲစဉ်မှာ ဗာဒါကို အနိုင်ရလိုက်ပေမယ့် ခြေစွမ်းက သာမန်လောက်ပဲ ရှိပါတယ်။ ဇင်းနစ်ရဲ့အနိုင်ရလဒ်ဟာ အနိမ့်ဆုံးအဖြစ် နှစ်ဂိုးပြတ်မှာပါ။

### အော့စ်တာဆန်းဒ် - ဘီလ်ဘာအို

အော့စ်တာဆန်းဒ်ရဲ့အားသာချက်က ခံစစ်ကြောင်း မာကျောတောင့်တင်းခြင်းပါပဲ။ ကစားခဲ့ပြီးတဲ့ ပွဲစဉ်နှစ်ပွဲလုံးကို အနိုင်ရရှိခဲ့တာကြောင့် အော့စ်တာဆန်းဒ်ဟာ စိတ်ဓာတ်ပိုင်းဆိုင်ရာယုံကြည်ချက်လည်း အတိုင်းအတာတစ်ရပ်အထိ ရရှိလို့နေပါပြီ။ သရေဟာ နှစ်သင်းလုံးအတွက် အမျှတဆုံးသော ရလဒ်တစ်ခုပါပဲ။ အော့စ်တာဆန်းဒ်နဲ့ လက်တွဲလိုက်သင့်တယ်။

### ဗာဒါ - ဆိုစီဒက်

ဒီပွဲမှာသာ တလွဲတချော်တွေဖြစ်ခဲ့ရင် ဆိုစီဒက်ရဲ့နောက်တစ်ဆင့်တက်ရောက်ခွင့်ရနိုင်ရေး မျှော်လင့်ချက်က မရေရာမှုတွေနဲ့ ပြည့်နှက်သွားပါလိမ့်မယ်။ ကစားသမားစုဖွဲ့မှုနဲ့ ပြိုင်ပွဲကြီးအတွေ့အကြုံအပါအဝင် အဘက်ဘက်သော အခန်းကဏ္ဍတွေမှာ ဆိုစီဒက်က အပြတ်သာလွန်နေပြီးသားပါ။ ဆိုစီဒက်ကို အားပေးသင့်တယ်။

### ဘိုရီဆော့ဗ် - ကိုလုံး

ကိုလုံးဟာ ဘွန်ဒက်စ်လီဂါနဲ့ ယူရိုပါလီဂ်အကြား ဟန်ချက်ညီညီ ထိန်းညှိနိုင်စွမ်း မရှိတော့ပါဘူး။ အသင်းကစားပုံ ယိုယွင်းကျဆင်းနေတဲ့ ကိုလုံးဟာ အိမ်ကွင်းမာတဲ့ ဘိုရီဆော့ဗ်ကို ဖိအားပေးနိုင်ဖို့ ခက်လှပါတယ်။ ကိုလုံးဟာ ကံအရမ်းကောင်းလွန်းမှသာ သရေတစ်မှတ်ကို ရယူနိုင်မှာပါ။ ဘိုရီဆော့ဗ်ကို သဘောကျမိတယ်။



Getty Images

### ဇဗက်ဇဒါ - အာဆင်နယ်

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးဟာ ယူရိုပါလီဂ်ပွဲစဉ်တွေမှာ အရန်ကစားသမားတွေနဲ့ လူငယ်ကစားသမားတွေကို နေရာပေး ပွဲထုတ်နေပါတယ်။ ဇဗက်ဇဒါကလည်း နောက်တစ်ဆင့်တက်ရောက်ခွင့်ရနိုင်ဖို့အတွက် အခြေအနေကောင်းမွန်နေလို့ အာဆင်နယ်ကို အလျှော့မပေးစတမ်း တုံ့ပြန်ကစားသွားမှာပါ။ သရေကျဖို့ ရာခိုင်နှုန်းများပါတယ်။ ဇဗက်ဇဒါကို ရွေးပါ။

### အေစီမီလန် - အေအီးကေအေသင်

အေစီမီလန်ဟာ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ပြိုင်ပွဲအရပ်ရပ် ပွဲစဉ်လေးပွဲမှာ တစ်ပွဲတည်းသာ အနိုင်ရပြီး သုံးပွဲအထိ ရှုံးနိမ့်ထားပါတယ်။ ဒီပွဲမှာသာ ရလဒ်ထပ်ဆိုးခဲ့ရင် နည်းပြမွန်တဲလားကို ရာထူးထုတ်ပယ်ပြီး နည်းပြသစ်တစ်ဦး ခေါ်ယူခန့်အပ်ဖို့ကို အေစီမီလန်အသင်းတာဝန်ရှိသူတွေ အလေးအနက်ထား စဉ်းစားလာတော့မှာပါ။ အေစီမီလန်ကို အားပေးသင့်တဲ့ပွဲလို့ ယူဆမိပါတယ်။

### ဟော့ဖ်ဖန်ဟိမ်း - ဘာဆက်ခ်ဆီဟာ

နှစ်သင်းလုံးဟာ အုပ်စုပွဲစဉ်နှစ်ပွဲ ပြီးဆုံးသွားတဲ့အထိ နိုင်ပွဲရှာဖွေတွေ့ရှိခြင်း မရှိသေးပါဘူး။ ဒီပွဲမှာ အနိုင်ရရှိတဲ့အသင်းက နောက်တစ်ဆင့်တက်ရောက်ခွင့်အတွက် မျှော်လင့်ချက်ရောင်ခြည်တစ်စကိုပြန်လည်ဖမ်းဆုပ်ရယူနိုင်ပါလိမ့်မယ်။ ဟော့ဖ်ဖန်ဟိမ်းကို သဘောကျမိတယ်။

### ဗီလာရီးရဲလ် - စပါတာပရပ်

နှစ်သင်းလုံးက အုပ်စုအဖွင့်ပွဲစဉ်နှစ်ပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်တွေကို ကိုယ်စီကိုယ်ငှ ရှာဖွေရယူနိုင်ခဲ့ကြပါတယ်။ ဗီလာရီးရဲလ်ရဲ့ အားနည်းချက်က ဂိုးသွင်းအား အတက်အကျ မမှန်တာပဲ။ ဒါပေမဲ့ ဒီပွဲဟာ နောက်တစ်ဆင့်တက်ရောက်ခွင့်ကို အဆုံးအဖြတ်ပေးလာမယ့်ပွဲမျိုးဖြစ်နေလို့ ဗီလာရီးရဲလ် အင်တိုက်အားတိုက် ကစားသွားပါလိမ့်မယ်။ ဗီလာရီးရဲလ်ကို အားပေးပါ။

### ဇော်ယာ - ဟာသာဘာလင်

ယူကရိန်းကလပ် ဇော်ယာဟာ အိမ်ကွင်းပွဲစဉ်တွေဆိုရင် အသင်းလိုက် ကစားအားကောင်းကောင်းနဲ့ အစွမ်းပြတတ်လေ့ရှိပါတယ်။ ဟာသာဘာလင်က ဘွန်ဒက်စ်လီဂါမှာ အစွမ်းပြကစားသလိုမျိုး ယူရိုပါလီဂ်မှာ ကစားပြနိုင်ခြင်း မရှိသေးပါဘူး။ နှစ်သင်းလုံးအတွက် သရေရလဒ်ဟာ အမျှတဆုံးပါပဲ။ ဇော်ယာကို သဘောကျမိတယ်။

### ရှီရစ်ဖ် - လိုကိုမိုးတစ်မော်စကို

ရှီရစ်ဖ်ရဲ့အားသာချက်က ခံစစ်ကစားပုံ တည်ငြိမ်ခြင်းပါပဲ။ ဒါပေမဲ့ အဓိကတိုက်စစ်မှူးတွေ အဆုံးသတ် မသေချာတာကြောင့် ကစားခဲ့ပြီးတဲ့ အုပ်စုပွဲစဉ်နှစ်ပွဲလုံးကို ဂိုးမရှိသရေရလဒ်တွေနဲ့ချည်း ရှီရစ်ဖ်က ကျေနပ်ခဲ့ရပါတယ်။ ဒီပွဲကိုလည်း ရှီရစ်ဖ်က အနိမ့်ဆုံးအဖြစ် သရေတော့ ကစားသွားနိုင်မှာပါ။ ရှီရစ်ဖ်နဲ့ပဲ စွန့်စားခန်းဖွင့်သင့်တယ်။

### အတ္တလန်တာ - အပိုလွန်

အီတလီကလပ်အသင်းတွေရဲ့ထုံးစံအတိုင်း အတ္တလန်တာက အိမ်ကွင်းမှာ ကစားရပြီဆိုရင် ပုံစံကောင်းတစ်ခု အမြဲရနေတတ်လေ့ရှိပါတယ်။ အပိုလွန်က တိုက်စစ်ကိုအားပြုလိုက်ရင် ခံစစ်ပွင့်ထွက်သွားတတ်သလို ခံစစ်ကို အားပြုလိုက်ပြန်တော့ တိုက်စစ်က ဂိုးရဖို့ ခက်သွားတတ်လေ့ရှိတာကို သတိပြုရမှာပါ။ အတ္တလန်တာနဲ့ စွန့်စားသင့်တယ်။

■ E-11

### ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

၁၉-၁၀-၂၀၁၇(ကြာသပတေးနေ့)ယူရိုပါလီဂ် အုပ်စုပွဲစဉ်(၃)

| | |
|---|---|
| ည ၉း၃၀ နာရီ | အက်စ်တာနာ(ကာဇက်စတန်) - မက္ကာဘီတဲလ်အဗစ်(အစ္စရေး) |
| ည ၁၁း၃၀ နာရီ | ကွန်ယာစပေါ(တူရကီ) - ဆဲလ်ဘတ်(ဩစတြီးယား) |
| ည ၁၁း၃၀ နာရီ | မာဆေး(ပြင်သစ်) - ဂွီမာရေ့စ်(ပေါ်တူဂီ) |
| ည ၁၁း၃၀ နာရီ | ဇင်းနစ်(ရုရှား) - ရိုစင်ဘော့(နော်ဝေ) |
| ည ၁၁း၃၀ နာရီ | ဗာဒါ(မက်ဆီဒိုးနီးယား) - ဆိုစီဒက်(စပိန်) |
| ည ၁၁း၃၀ နာရီ | နိုက်စ်(ပြင်သစ်) - လာဇီယို(အီတလီ) |
| ည ၁၁း၃၀ နာရီ | ဇဗက်ဇဒါ(ဆားဘီးယား) - အာဆင်နယ်(အင်္ဂလန်) |
| ည ၁၁း၃၀ နာရီ | ဘိုရီဆော့ဗ်(ဘီလာရုစ်) - ကိုလုံး(ဂျာမနီ) |
| ည ၁၁း၃၀ နာရီ | ဟာပိုးလ်ဘီယာရှီဗာ(အစ္စရေး) - စတူအာဘူခါရက်(ရိုမေးနီးယား) |
| ည ၁၁း၃၀ နာရီ | လူဂါနို(ဆွစ်ဇာလန်) - ပလာဇန်(ချက်) |
| ည ၁၁း၃၀ နာရီ | ဇော်ယာ(ယူကရိန်း) - ဟာသာဘာလင်(ဂျာမနီ) |
| ည ၁၁း၃၀ နာရီ | အော့စ်တာဆန်းဒ်(ဆွီဒင်) - ဘီလ်ဘာအို(စပိန်) |
| ည ၁၁း၃၀ နာရီ | ဝါရီဂျမ်း(ဘယ်လ်ဂျီယံ) - ဗီတက်ဆေး(နယ်သာလန်) |

၂၀-၁၀-၂၀၁၇(သောကြာနေ့)ယူရိုပါလီဂ် အုပ်စုပွဲစဉ်(၃)

| | |
|---|---|
| နံနက် ၁း၃၅ နာရီ | ဗီလာရီးရဲလ်(စပိန်) - ဆလားဗီးယားပရပ်(ချက်) |
| နံနက် ၁း၃၅ နာရီ | ရှီရစ်ဖ်(မော်လ်ဒိုဗာ) - လိုကိုမိုးတစ်မော်စကို(ရုရှား) |
| နံနက် ၁း၃၅ နာရီ | ဇလင်းမ်(ချက်) - ကိုပင်ဟေဂင်(ဒိန်းမတ်) |
| နံနက် ၁း၃၅ နာရီ | အေစီမီလန်(အီတလီ) - အေအီးကေအေသင်(ဂရိ) |
| နံနက် ၁း၃၅ နာရီ | ဩစတြီးယားဗီယင်နာ(ဩစတြီးယား) - ရီဂျီကာ(ခရိုအေးရှား) |
| နံနက် ၁း၃၅ နာရီ | စပို့တင်းဘရာဂါ(ပေါ်တူဂီ) - လူဒိုဂိုရက်စ်(ဘူဂေးရီးယား) |
| နံနက် ၁း၃၅ နာရီ | ဟော့ဖ်ဖန်ဟိမ်း(ဂျာမနီ) - ဘာဆက်ခ်ဆီဟာ(တူရကီ) |
| နံနက် ၁း၃၅ နာရီ | အဲဗာတန်(အင်္ဂလန်) - လိုင်ယွန်(ပြင်သစ်) |
| နံနက် ၁း၃၅ နာရီ | အတ္တလန်တာ(အီတလီ) - အပိုလွန်(ဆိုက်ပရပ်စ်) |
| နံနက် ၁း၃၅ နာရီ | စကင်ဒါဗျူး(အယ်လ်ဘေးနီးယား) - အက်ဖ်ကေပါတီဇန်(ဆားဘီးယား) |
| နံနက် ၁း၃၅ နာရီ | ဒိုင်နမိုကိဗ်(ယူကရိန်း) - ယန်းဘွိုင်းစ်(ဆွစ်ဇာလန်) |





## မေ့ပစ်လိုက်ပြီပြောသော်လည်း လုကာကုနှင့်ကိစ္စကို ၁၀ မိနစ်ခန့် လော့ဗ်ရန် မည်သည့်အတွက် ရှင်းပြခဲ့သည်ဆိုခြင်းကို နားမလည်ကြောင်း မော်ရင်ညို အသိပေး

**လစ္စဘွန်း၊ အောက်တိုဘာ ၁၈**

မန်ယူနည်းပြ မော်ရင်ညိုသည် လီဗာပူးနောက်ခံလူ လော့ဗ်ရန်က လုကာကုနှင့် ထိပ်တိုက်တွေ့ခဲ့သည်ဖြစ်ရပ် အကြောင်းကို ၎င်းအနေနှင့် မေ့ပစ်လိုက်ပြီဟုပြောကာ မည့်သည့်အတွက် ၁၀ မိနစ်ခန့် ရှင်းလင်းချက်များ ပေးသွားသည်ဆိုခြင်းကို နားမလည်နိုင်ဖြစ်ရပါကြောင်း မှတ်ချက်ပေးသွားခဲ့သည်ဟု Daily Star က ဖော်ပြထားသည်။

လီဗာပူးနှင့် မန်ယူတို့ တစ်ဖက်နှင့်တစ်ဖက် ဂိုးမရှိသရေကျခဲ့သည့် ယင်းပရီးမီးယားလိဂ်ပွဲစဉ်တွင် ပထမပိုင်း ပွဲကစားချိန် ၄၅ မိနစ်အတွင်း၌ လော့ဗ်ရန် ဘောလုံးသယ်ယူလာသည်ကို လုကာကုက လျှောထိုးဖျက်ထုတ်ခဲ့ပြီး လော့ဗ်ရန် လဲကျချိန်နှင့် လုကာကု ပြန်ထချိန် တိုက်ဆိုင်သွားရာတွင် လုကာကု၏ခြေထောက်က လော့ဗ်ရန်၏ မျက်နှာကို ချိတ်မိသကဲ့သို့ ဖြစ်သွားခဲ့သည်။

လီဗာပူးနှင့် မန်ယူတို့၏ပွဲစဉ်ကို တာဝန်ယူပွဲကြီးကြပ်ခဲ့သည့် ကွင်းလယ်ဒိုင်လူကြီး မာတင်အက်ကင်ဆန်သည် ယင်းဖြစ်စဉ်တွင် လုကာကုကို ခေါ်ယူသတိပေးရုံမျှသာ လုပ်ဆောင်ခဲ့ပြီး အက်ဖ်အေ စည်းကမ်းထိန်းသိမ်းရေးကော်မတီကလည်း ရုပ်သံမှတ်တမ်းများကို ပြန်လည်ကြည့်ရှုစစ်ဆေး၍ လုကာကုကိုစွဲချက်မတင်ခဲ့ခြင်းကို လော့ဗ်ရန်က ဘဝင်မကျဖြစ်ခဲ့ခြင်းဖြစ်သည်။

လော့ဗ်ရန်သည် လုကာကုမှာ ၎င်း၏မျက်နှာကို တက်နင်းရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုးပမ်းခဲ့သည်ဟု စွပ်စွဲထားပြီး လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်ကလည်း ယင်းလုပ်ရပ်အတွက် လုကာကုမှာ ထုတ်ပယ်ခံခဲ့ရသင့်ကြောင်း မှတ်ချက်ပေးသွားခဲ့သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "လော့ဗ်ရန်က လုကာကုနဲ့ကိစ္စကို ကျွန်တော်မေ့ပစ်လိုက်ပါပြီလို့ ပြောပြီး အဲ့ဒီကိစ္စကို သူဆက်ပြောနေလိုက်တာဟာ ၁၀ မိနစ်တောင် ကြာပါတယ်။ မေ့လိုက်ပြီဆိုရင် ပြီးပြီပေါ့။ ဒီကိစ္စကိုဘာများ ဆက်ပြောစရာ လိုနေသေးလို့လဲ။ လော့ဗ်ရန်ရဲ့ပြောစကားဟာ ကျွန်တော့်အတွက်တော့ ဘာအဓိပ္ပါယ်မှ မရှိပါဘူး။ အက်ဖ်အေ စည်းကမ်းထိန်းသိမ်းရေးကော်မတီဟာ ဖြစ်စဉ်ကို အသေအချာ လေ့လာပြီး အရေးမယူသင့်လို့ မယူခဲ့တာပါ"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

## အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲဝင် မြန်မာအသင်း ကစားသမားစာရင်းထုတ်ပြန်

**ရန်ကုန်၊ စက်တင်ဘာ ၂၃**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် အောက်တိုဘာလ ၂၆ ရက်မှ နိုဝင်ဘာလ ၄ ရက်နေ့အထိ လက်ခံကျင်းပမည့် ၂၀၁၇ ခုနှစ် အာဆီယံ ဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲဝင်မည့် မြန်မာအသင်း၏ အပြီးသတ်ကစားသမားစာရင်းကို ထုတ်ပြန်လိုက်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲကို ကစားသမား ၁၆ ဦးဖြင့် သွားရောက်မည်ဖြစ်ပြီး ထိုင်းလေ့ကျင့်ရေးခရီးစဉ်မှ ကစားသမားလေးဦးကို လျှော့ချလိုက်သည်ဟု ယင်းအသင်းမန်နေဂျာ ဦးအောင်မော်သိန်းက ပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က) တွင်ပါဝင်နေပြီး အိမ်ရှင်ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းအသင်းတို့နှင့်ယှဉ်ပြိုင်ရမည်ဖြစ်ကာ အုပ်စု (ခ) တွင် ထိုင်း၊ မလေးရှား၊ တီမော၊ လာအိုအသင်းတို့ယှဉ်ပြိုင်ရမည်ဟု အာဆီယံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

ယင်းပြိုင်ပွဲ အုပ်စုများကို အစောပိုင်းက မဲခွဲထားခဲ့သော်လည်း ဩစတြေးလျအသင်း နုတ်ထွက်သွားခဲ့သည့် အတွက် အုပ်စုများကို ပြန်လည်မဲခွဲခဲ့ရခြင်းဖြစ်သည်။

ပြိုင်ပွဲကို အောက်တိုဘာလ ၂၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဘရူနိုင်းအသင်းနှင့် ပွဲဦးထွက် ထွက်ယှဉ်ပြိုင်ရမည်ဖြစ်ကာ အောက်တိုဘာလ ၂၈ ရက်တွင် ဖိလစ်ပိုင်၊ အောက်တိုဘာလ ၂၉ ရက်တွင် အင်ဒိုနီးရှား၊ အောက်တိုဘာလ ၃၀ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ဆက်တိုက်ယှဉ်ပြိုင်ရမည် ဖြစ်ကာ အကြိုဗိုလ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့သည့်အသင်းများသာ ၂၀၁၈ ခုနှစ် အာရှဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

မြန်မာအသင်းကို နည်းပြချုပ် ဦးဌေးမြင့်က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိပြီး ထိုင်းလေ့ကျင့်ရေးခရီးစဉ် အပြီးတွင် ဂိုးသမား ဇွဲပြည့်စုံ၊ ကစားသမားများဖြစ်သည့် ကောင်းဇော်ထက်၊ ကောင်းချစ်သူ၊ သန့်ဇင်တို့ကို လျှော့ချခဲ့သည်။

မြန်မာဖူဆယ်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ၂၀၁၆ ခုနှစ် အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဦးဌေးမြင့်၏ ဦးဆောင်မှုဖြင့်ပင် သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်ကာ ဒုတိယနေရာ ရရှိခဲ့သည်။

အပြီးသတ်ကစားသမားစာရင်းမှာ ဂိုး-ကျော်ထက်အောင်၊ ရန်ပိုင်ဟိန်း၊ ကစားသမားများမှာ- ကျော်စိုးမိုး၊ နိုင်ရဲကျော်၊ ပြည့်ဖြိုးမောင်(၁)၊ ခင်ဇော်လင်း၊ ကျော်ကျော်ထွန်း၊ ဟိန်းမင်းစိုး၊ စိုင်းပြုံးအောင်၊ ပြည့်ဖြိုးမောင်(၂)၊ ငြိမ်းမင်းစိုး၊ မျိုးမြင့်စိုး၊ အောင်ဇင်ဦး၊ အောင်အောင်၊ ကိုကိုလွင်၊ လှိုင်မင်းထွန်း တို့ဖြစ်သည်။ ■ J-04

## မျိုးဆက်သစ်ကစားသမားရွေးမည့် တောင်ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်က စီစဉ်ကျင်းပပြီး မျိုးဆက်သစ်ကစားသမားရွေးမည့် တောင်ကိုရီးယား သံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ထံမှ သိရှိရသည်။

အဆိုပါပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏ မိုးလုံလေလုံအားကစားရုံတွင် အောက်တိုဘာလ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာတိုက်ကွမ်ဒိုပြိုင်ပွဲများမှ စည်းမျဉ်းဥပဒေများအတိုင်း ကျင်းပမည်ဟု ယင်းအဖွဲ့ချုပ်၏ နည်းပြချုပ် ဦးကျော်သန်းဦးက ပြောကြားသည်။

"ဒီပြိုင်ပွဲကို မနှစ်ကဝင်ပြိုင်တဲ့ အရေအတွက်ထက် များနိုင်တယ်။ အခုလည်း နယ်တွေကနေလာပြိုင်ဖို့ စာရင်းပေးထားတဲ့အဖွဲ့တွေရှိနေပါတယ်။ အတိအကျကိုတော့ ဆေးစစ်၊ ဝိတ်ချိန်တဲ့နေ့မှပဲ သိရမယ်။ ဒီပွဲကနေ မျိုးဆက်သစ် လူငယ်ကစားသမားတွေ ရွေးချယ်ဖို့ရှိတယ်"ဟု ၎င်းကဆိုသည်။

ပြိုင်ပွဲတွင် အတိုက်၊ ကကွက်အမျိုးအစားနှစ်မျိုးလုံး ကျင်းပမည်ဖြစ်ပြီး အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ အသင်းလိုက်နှင့် အတွဲလိုက်ပြိုင်ပွဲများ ထည့်သွင်းထားသည်ဟု ထုတ်ပြန်ထားသည်။

ပြိုင်ပွဲအမျိုးအစားများအနေနှင့် သက်ငယ်တန်း အမျိုးသား၊ အမျိုးသမီး ၁၄ နှစ်အောက် အတိုက်၊ မျိုးဆက်သစ် အမျိုးသား၊ အမျိုးသမီး ၁၈ နှစ်အောက် ပြိုင်ပွဲ၊ လက်ရွေးစင်အဆင့် အမျိုးသား၊ အမျိုးသမီး ၁၈ နှစ်အထက် အလွတ်တန်း အတိုက်ပြိုင်ပွဲ၊ အသင်းလိုက် အမျိုးသား၊ အမျိုးသမီး အသက် ၁၄ နှစ်အောက် ကကွက်၊ အသက် ၁၈ နှစ်အောက်ကကွက်နှင့် လက်ရွေးစင်အဆင့် အမျိုးသား၊ အမျိုးသမီး ၁၈ နှစ်အောက် ကကွက်ပြိုင်ပွဲတို့ ပါဝင်မည်ဟု သိရှိရသည်။ ■ J-04

## မော်ရင်ညိုကိုခေါ်ယူရန် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် ပီအက်စ်ဂျီ စတင်ကြိုးပမ်းမည်

**မန်ချက်စတာ၊ အောက်တိုဘာ ၁၈**

ပီအက်စ်ဂျီအသင်း တာဝန်ရှိသူများသည် မန်ယူနည်းပြ မော်ရင်ညိုကိုခေါ်ယူရန်အတွက် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် ဆက်သွယ်ကမ်းလှမ်းရန် အစီအစဉ်များ ရေးဆွဲနေပြီဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။

ပီအက်စ်ဂျီသည် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်ကတည်းကပင် မော်ရင်ညိုကိုခေါ်ယူရန်အတွက် မန်ယူနှင့်ယှဉ်ပြိုင်ကြိုးပမ်းခဲ့ဖူးပြီး အဆုံးသတ်တွင် မော်ရင်ညိုက မန်ယူကို ရွေးချယ်သွားခဲ့သည့်အတွက် ပီအက်စ်ဂျီက လက်လျှော့လိုက်ရခြင်းဖြစ်သည်။

မော်ရင်ညိုသည် လွန်ခဲ့သည့်ရက်အနည်းငယ်ခန့်က ၎င်းအနေနှင့် နည်းပြဘဝဖြတ်သန်းမှုကို မန်ယူထံတွင် အဆုံးသတ်မည်မဟုတ်ဟု အတိအလင်း ဖွင့်ဟပြောကြားလိုက်ကာ ကလပ်အသင်းသုံးသင်းကို ချန်ပီယံလိဂ်ချန်ပီယံဖြစ်စေရန် စွမ်းဆောင်ပေးနိုင်သည့် ပထမဆုံးနည်းပြဟူသော မှတ်တမ်းတစ်ခုကို ရေးထိုးနိုင်ရန်မှာ မန်ယူထက် ပီအက်စ်ဂျီနှင့် ပိုမိုဖြစ်နိုင်ခြေရှိသည်ဟုလည်း မော်ရင်ညိုက ယူဆမှုများရှိနေပြီဖြစ်သည်။

မန်ယူနှင့် မော်ရင်ညိုအကြားတွင် ချုပ်ဆိုထားသောစာချုပ်သည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် သက်တမ်းအားဖြင့် တစ်နှစ်တည်းသာ ကျန်ရှိတော့မည်ဖြစ်ပြီး ယင်းအတွက် ၎င်းကို ကာလရှည်စာချုပ်သစ်တစ်ရပ် လက်မှတ်ရေးထိုးရန် မန်ယူအသင်း တာဝန်ရှိသူများကလည်း စီစဉ်နေကြပြီဖြစ်သည်။

မန်ယူအသင်းတာဝန်ရှိသူများသည် မော်ရင်ညိုကို ငါးနှစ်သက်တမ်းစာချုပ်သစ် လက်မှတ်ရေးထိုးရန် ပြင်ဆင်နေခြင်းဖြစ်ပြီး လာမည့်ဒီဇင်ဘာလအတွင်း၌ အသင်းနှင့် မော်ရင်ညိုအကြားတွင် အပြီးသတ်သဘောတူညီမှုတစ်ရပ် ရရှိနိုင်ရန် မန်ယူအသင်းတာဝန်ရှိသူများက မျှော်လင့်ထားလျက်ရှိသည်။

ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများသည် လက်ရှိဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အသင်းအနေနှင့် ရလဒ်ဆိုးများဖြင့် ရင်ဆိုင်ခဲ့ရမည်ဆိုပါက နည်းပြ ယူနိုင်းအမ်မရီကို ရာထူးက ထုတ်ပယ်လိုက်ရန် စိတ်ပိုင်းဖြတ်ထားပြီဖြစ်ပြီး မော်ရင်ညိုနှင့် ပေါ်တိုထံတွင် လက်တွဲအလုပ်လုပ်ခဲ့သော အားကစားဒါရိုက်တာ အန်တီရိုဟင်ရီကွေးကို ခေါ်ယူထားနိုင်ခြင်းကလည်း မော်ရင်ညိုကိုခေါ်ယူရန် ကြိုးပမ်းရာတွင် အထောက်အပံ့တစ်ရပ်ဖြစ်လာလိမ့်မည်ဟု ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများက မျှော်လင့်ယူဆနေကြသည်။ ■ E-11



## အနိုင်ရလဒ်ကို ဖမ်းဆီးခံ ကတ်တလန်ခေါင်းဆောင်များအတွက်ဟု ဂွါဒီယိုလာ ရည်ညွှန်း

**မန်ချက်စတာ၊ အောက်တိုဘာ ၁၈**

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် မန်စီးတီးက နာပိုလီကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်၏အနိုင်ရလဒ်ကို စပိန်အစိုးရအာဏာပိုင်များ၏ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရသော ကတ်တလန်ဒေသခေါင်းဆောင်များအတွက်ဟု ရည်ညွှန်းလိုက်ကြောင်း Goal က ဖော်ပြထားသည်။

စပိန်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသည် ကတ်တလန်လွတ်လပ်နယ်မြေခွဲထွက်ထူထောင်ရေးအတွက် လူထုဆန္ဒခံယူပွဲကျင်းပသည့်လုပ်ရပ်ကို တရားမဝင်ကြောင်း ကြေညာချက် ထုတ်ပြန်ထားပြီဖြစ်ပြီး ယင်းလူထုဆန္ဒခံယူပွဲက ထွက်ပေါ်လာသည့် မဲရလဒ်ကို ၎င်းတို့အနေနှင့် လက်ခံပေးမည်မဟုတ်ကြောင်း စပိန်အစိုးရအာဏာပိုင်များနှင့် ဥရောပကော်မရှင်တို့ကလည်း အသိပေးထားကြသည်။

စပိန်အစိုးရအာဏာပိုင်များသည် ကတ်တလန်လွတ်လပ်နယ်မြေခွဲထွက်ထူထောင်ရေးအတွက် လူထုဆန္ဒခံယူပွဲတစ်ရပ် ဖြစ်ပေါ်လာစေရန် ဦးစီးဦးရွက်ပြု လှုပ်ရှားခဲ့သည့် ကတ်တလန်နိုင်ငံရေးခေါင်းဆောင် နှစ်ဦးဖြစ်သော ဂျော်ဒီကွီဇတ်နှင့် ဂျော်ဒီ ဆန်းချက်ဇ်တို့ကို ဖမ်းဆီးထိန်းသိမ်းလိုက်ခြင်းဖြစ်ကာ ယင်းကတ်တလန်နိုင်ငံရေး ခေါင်းဆောင်နှစ်ဦးကို လက်ရှိအချိန်တိုင်သည်အထိ အာမခံမပေးဘဲ အချုပ်သားများအဖြစ် ထားရှိခြင်းကို ကတ်တလန်ဒေသခံများက ပြင်းပြင်းထန်ထန် ဒေါသပေါက်ကွဲနေကြပြီလည်းဖြစ်သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဂွါဒီယိုလာက "ဒီနေ့ပွဲစဉ်ရဲ့အနိုင်ရလဒ်ကို ကွီဇတ်နဲ့ဆန်းချက်ဇ်တို့အတွက် ကျွန်တော် ရည်ညွှန်းလိုက်ပါတယ်။ ကျွန်တော်တို့ ကတ်တလန်ပြည်သူတွေကို ဒီလိုနည်းနဲ့ ဖိနှိပ်ပေမယ့် ကျွန်တော်တို့ရဲ့ယုံကြည်ချက်တွေက ပျက်ပြယ်သွားဖို့ မရှိပါဘူး။ သူတို့နှစ်ယောက် အမြန်ဆုံး ပြန်လည်လွတ်မြောက်လာဖို့ကို ကျွန်တော်တို့ အလိုရှိပါတယ်။ စပိန်အစိုးရရဲ့ပြုမူပုံတွေဟာ အခြေအနေတွေကို ပိုဆိုးသထက်ဆိုးအောင် လုပ်နေသလိုပါပဲ"ဟု ပြောကြားသွားခဲ့သည်။

ဘာစီလိုနာမြို့တွင်နေထိုင်သော ကတ်တလန်ပြည်သူ ထောင်ပေါင်းများစွာသည် လွန်ခဲ့သည့်အင်္ဂါနေ့၌ စပိန်အစိုးရအာဏာပိုင်များကို ဆန္ဒပြဆန့်ကျင်ခဲ့ကြပြီး ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသော ကတ်တလန်နိုင်ငံရေးခေါင်းဆောင်များကို ချက်ချင်းပြန်လွှတ်ပေးပါရန်လည်း ၎င်းတို့က တောင်းဆိုခဲ့ကြကာ ကတ်တလန်အရေးမှာ လက်ရှိတွင် စပိန်အစိုးရအာဏာပိုင်များအတွက် ကြီးစွာသော နိုင်ငံရေးအကျပ်အတည်းတစ်ရပ် ဖြစ်နေပြီလည်းဖြစ်သည်။ ■ E-11

# စာချုပ်သစ်အတွက် နေမာကဲ့သို့ လုပ်ခလစာမျိုးရရှိရန် တောင်းဆိုသွားမည်ဟု ဒီဘရိုင်နေး၏အေးဂျင့် အသိပေး

**မန်ချက်စတာ၊ အောက်တိုဘာ ၁၈**

မန်စီးတီးကွင်းလယ်ကစားသမား ဒီဘရိုင်နေး၏အေးဂျင့်ဖြစ်သူသည် မန်စီးတီးနှင့် ၎င်း၏ကစားသမားအကြားတွင် စာချုပ်သစ်ချုပ်ရန် ဆွေးနွေးမှုများ စတင်တော့မည်ဖြစ်ကြောင်း အတည်ပြုလိုက်ပြီဖြစ်ကာ ယင်းစာချုပ်သစ်၌ ဒီဘရိုင်နေး၏ တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့်ကို ပီအက်စ်ဂျီထံ၌ နေမာရရှိနေသည့် လုပ်ခလစာ အကျိုးခံစားခွင့်နီးပါး ရရှိစေရန် တောင်းဆိုသွားမည်ဟုလည်း ၎င်းက အသိပေးသွားသေးကြောင်း The Mirror က ဖော်ပြထားသည်။

နေမာ၏တစ်ပတ်လုပ်ခလစာအကျိုးခံစားခွင့်သည် ဘာစီလိုနာမှနေ၍ ပီအက်စ်ဂျီထံသို့ ပြောင်းရွှေ့ခဲ့အပြီးတွင် ပေါင်ငါးသိန်းသို့ မြင့်တက်ရောက်ရှိသွားခဲ့ပြီး ဒီဘရိုင်နေးမှာ အနာဂတ်တွင် ဆက်လက်ထွန်းတောက်လာမည့် စွမ်းဆောင်ရည်များကို ပိုင်ဆိုင်ထားသူဖြစ်သည့်အတွက် ယင်းသို့သော လုပ်ခလစာမျိုးကို အကျိုးခံစားခွင့် ရရှိသင့်ကြောင်း အေးဂျင့် ပက်ထရစ် ဒီကော်စတာက ပြောကြားသွားခဲ့သည်။

မန်စီးတီးနှင့် ဒီဘရိုင်နေးအကြားတွင် ချုပ်ဆိုထားသော လက်ရှိစာချုပ်သည် ၂၀၂၁ ခုနှစ်တိုင်သည်အထိ သက်တမ်းကျန်ရှိနေဆဲဖြစ်ကာ လက်ရှိဘောလုံးရာသီ စွမ်းဆောင်ရည်များအရ ဒီဘရိုင်နေးကို ခေါ်ယူရန် ဥရောပထိပ်သီးပြိုင်ဘက်များက စိတ်ဝင်စားမှုများ ရှိလာသည့်အတွက် ၎င်းကို စာချုပ်သစ်လက်မှတ်ရေးထိုးရန် မန်စီးတီးအသင်းတာဝန်ရှိသူများက စီမံစိုင်းပြင်းလာခဲ့ကြခြင်းဖြစ်သည်။

ဒီဘရိုင်နေးသည် လက်ရှိတွင် မန်စီးတီးထံ၌ တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့်အဖြစ် ပေါင် ၁၁၅,၀၀၀ ရရှိနေပြီး စာချုပ်သစ် လက်မှတ်ရေးထိုးပြီးချိန်တွင် ဒီဘရိုင်နေးမှာ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ လုပ်ခလစာအများဆုံးရ ကစားသမားအဖြစ် ရပ်တည်သည်ကို ၎င်းအနေနှင့် မြင်တွေ့လိုကြောင်းလည်း အေးဂျင့် ဒီကော်စတာက ဆက်လက် အသိပေးသွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဒီဘရိုင်နေးက "နေမာက ပီအက်စ်ဂျီဆီမှာ တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့်အဖြစ် ပေါင်ငါးသိန်းဝန်းကျင် ရရှိလို့နေပါတယ်။ အမ်ဘတ်ပေလို တက်သစ်စလူငယ်လေးတစ်ယောက်ရဲ့တစ်ပတ်လုပ်ခလစာရရှိမှုက ပေါင်သုံးသိန်းပါ။ ဒီဘရိုင်နေးဟာ လက်ရှိစွမ်းဆောင်ရည်တွေအရ နေမာနဲ့ တန်းတူနီးပါး လုပ်ခလစာမျိုးကို ရရှိသင့်နေပါပြီ။ လာမယ့် လအနည်းငယ်အတွင်းမှာ စာချုပ်သစ်အတွက် ကျွန်တော်တို့နဲ့ မန်စီးတီးအသင်း တာဝန်ရှိသူတွေအကြားမှာ ဆွေးနွေးမှုတွေ စတင်သွားတော့မှာပါ။ ဒီစာချုပ်ကို လက်မှတ်ရေးထိုးပြီးရင် ဒီဘရိုင်နေးက ပရီးမီးယားလိဂ်ရဲ့ လုပ်ခလစာအများဆုံးရ ကစားသမား ဖြစ်လာပါလိမ့်မယ်"ဟု ပြောကြားသွားခဲ့သည်။

■ E-11



# ဘောလုံးလောက၏နောက်ဆုံးသက်တော်ရှည်နည်းပြမှာ အာစင်ဝင်းဂါးသာဖြစ်မည်ဟု မော်ရင်ညို ပြောကြား

Daily Mail

**လစ္စဘွန်း၊ အောက်တိုဘာ ၁၈**

မန်ယူနည်းပြ မော်ရင်ညိုသည် မော်ဒန်ခေတ်ဘောလုံးလောကတွင် အသင်းတစ်သင်းကို ကာလရှည် တာဝန်ယူခွင့်ရသည့် နည်းပြဟူ၍ အနာဂတ်ကာလ၌ ထပ်မံထွက်ပေါ်လာရန် မရှိတော့ကြောင်း မှတ်ချက်ပေးအပ်လိုက်ပြီး အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးမှာ ဘောလုံးလောက၏နောက်ဆုံးသော သက်တော်ရှည်နည်းပြဖြစ်လိမ့်မည်ဟုလည်း မော်ရင်ညိုက ဆက်လက်ပြောကြားသွားခဲ့သေးကြောင်း Daily Mail က ဖော်ပြထားသည်။

မော်ရင်ညိုသည် လာမည့် လေးနှစ်သို့မဟုတ် ငါးနှစ်တာကာလအတွင်းတွင် ၎င်းရည်မှန်းထားသည့် အောင်မြင်မှုများအားလုံးကို မန်ယူနှင့်အတူ ဆွတ်ခူးရယူနိုင်ခဲ့မည်ဆိုပါက နည်းပြဘဝက အနားယူသည့်ဆုံးဖြတ်ချက်မျိုးကို ချမှတ်ကောင်း ချမှတ်လိုက်နိုင်သည်ဟု အသိပေးထားပြီး ၎င်း၏မူလရည်မှန်းချက်အရမူ လုပ်ငန်းခွင်အတွင်း ၁၅ နှစ်ခန့် ဆက်ရှိနေနိုင်ကြောင်းလည်း မော်ရင်ညိုက ရှင်းပြထားသည်။

မော်ရင်ညိုသည် လက်ရှိမော်ဒန်ခေတ်ဘောလုံးလောက၌ နည်းပြတစ်ဦးက အသင်းတစ်သင်းကို ကာလရှည်ကြာ တာဝန်ယူစိတ်ရှိသည့်တိုင် ယင်းသို့ဖြစ်နိုင်ရန်မှာ အခြေအနေအရပ်ရပ်အရ မလွယ်ကူနိုင်တော့ကြောင်း မှတ်ချက်ပေးသွားခဲ့ပြီး ၎င်း၏အနာဂတ်နှင့်ပတ်သက်၍ ခန့်မှန်းသတင်းများ ထွက်ပေါ်နေသော်လည်း ယတိပြတ်ဆုံးဖြတ်ချက်တစ်ရပ်ကိုမူ ၎င်းအနေနှင့် ချမှတ်ရခြင်း မရှိသေးကြောင်း မော်ရင်ညိုက ဆက်လက် အသိပေးသွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "မော်ဒန်ခေတ်ဘောလုံးလောကမှာ အသင်းတစ်သင်းကို ကာလရှည် တာဝန်ယူခွင့်ရဖို့ဆိုတာက နည်းပြတစ်ယောက်အတွက် ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ အာစင်ဝင်းဂါးဟာ အသင်းတစ်သင်းကို နှစ်ပေါင်းများစွာ တာဝန်ယူခွင့်ရတဲ့ နည်းပြတွေထဲက နောက်ဆုံးပြယုဂ်ဖြစ်လာပါလိမ့်မယ်။ ကျွန်တော့်အနာဂတ်နဲ့ပတ်သက်ပြီးတော့လည်း သတင်းမီဒီယာတွေက ခန့်မှန်းနေကြပါပြီ။ သေချာတာက ကျွန်တော်နဲ့မန်ယူအကြားမှာ စာချုပ်သစ်ကိစ္စ ဆွေးနွေးတာမျိုး မရှိသေးသလို အသင်းကနေ ထွက်ခွာသွားဖို့ကိုလည်း ကျွန်တော့်ဘက်က ပြင်ဆင်တာမျိုး မရှိသေးပါဘူး။ နည်းပြလောကထဲမှာ နောက်ထပ် ၁၅ နှစ်လောက် ဆက်ပြီးဖြတ်သန်းသွားဖို့ကျွန်တော့်ဘက်က စိတ်ပိုင်းဖြတ်ထားဆဲပါပဲ"ဟု ပြောကြားသွားခဲ့သည်။

■ E-11



# ကမ္ဘာ့နိုင်ငံပေါင်းစုံ နဂါးလှေလှော်ပြိုင်ပွဲဝင် မြန်မာအဖွဲ့ ရွှေတံဆိပ် စတင်ဆွတ်ခူး

**ရန်ကုန်၊ အောက်တိုဘာ ၁၈**

အပြည်ပြည်ဆိုင်ရာ နဂါးလှေလှော်အဖွဲ့ချုပ်က ကျင်းပနေသည့် ၁၃ ကြိမ်မြောက် ကမ္ဘာ့နိုင်ငံပေါင်းစုံတံခွန်စိုက် နဂါးလှေလှော်ပြိုင်ပွဲကို ယှဉ်ပြိုင်နေသည့် မြန်မာအဖွဲ့သည် အဖွင့်ပွဲစဉ်တွင်ပင် ရွှေတံဆိပ်တစ်ခု ဆွတ်ခူးနိုင်ခဲ့သည်။

တရုတ်နိုင်ငံ၊ ကူမင်းမြို့၌ အောက်တိုဘာလ ၁၇ ရက်မှ ၂၀ ရက်အထိကျင်းပမည့် ယင်းပြိုင်ပွဲ၏ မီတာ ၂၀၀၀ အမျိုးသား ၁၀ တက်လှော်အဖွင့်ပွဲစဉ်ကို အောက်တိုဘာလ ၁၈ ရက်နေ့က စတင်ကျင်းပခဲ့ရာ မြန်မာအသင်းက ရွှေတံဆိပ်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအဖွဲ့က ရွှေတံဆိပ်၊ တရုတ်အသင်းက ငွေတံဆိပ်၊ ကနေဒါအသင်းက ကြေးတံဆိပ် ရရှိခဲ့သည်။

ယင်းပြိုင်ပွဲသို့ အရှေ့တောင်အာရှနှင့် အာရှနိုင်ငံများအပြင် ဥရောပနိုင်ငံများ ပါဝင်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၂၃ နိုင်ငံ ယှဉ်ပြိုင်နေခြင်းဖြစ်ရာ မြန်မာနိုင်ငံအနေနှင့် အမျိုးသားပြိုင်ပွဲတွင် ကစားသမား ၁၁ ဦး၊ အမျိုးသမီးပြိုင်ပွဲတွင် ကစားသမား ၁၃ ဦးဖြင့် ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာလှေလှော်အဖွဲ့အနေနှင့် အမျိုးသား ၁၀ တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ၁၀ တက်လှော် မီတာ ၁၀၀၀ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ၁၀ တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသမီး ၁၀ တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲတို့ ယှဉ်ပြိုင်မည်ဟု မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

■ J-04

# ဘလွန်းဒီအော်ဆု တစ်ကြိမ်ရရှိပါက အပိုဆုကြေးအဖြစ် ပေါင် ၂ ဒသမ ၅ သန်း နေမာ ရရှိမည်

**ပဲရစ်၊ အောက်တိုဘာ ၁၈**

ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများသည် တိုက်စစ်မှူး နေမာကို ဘလွန်းဒီအော်ဆု တစ်ကြိမ်ရရှိပါက အပိုဆုကြေး အကျိုးခံစားခွင့်အဖြစ် ပေါင် ၂ ဒသမ ၅ သန်း ပေးချေသွားရန် သဘောတူညီထားပြီး ယင်းအတွက် လက်ရှိချုပ်ဆိုထားသော စာချုပ်သက်တမ်း ငါးနှစ်တာကာလအတွင်း ဘလွန်းဒီအော်ဆုကို ဆက်တိုက်ဆွတ်ခူးရရှိနိုင်ခဲ့မည်ဆိုပါက နေမာမှာ စုစုပေါင်း အပိုဆုကြေးအကျိုးခံစားခွင့်အဖြစ် ပေါင် ၁၃ ဒသမ ၃၂ သန်းအထိ ရရှိသွားလိမ့်မည်ဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။



Getty Images

ပြင်သစ်လီဂူးပြိုင်ပွဲကို ကိုယ်စားပြုကစားခဲ့သော ကစားသမားများ အနက်မှနေ၍ ဘလွန်းဒီအော်ဆုကို နောက်ဆုံးဆွတ်ခူးရရှိခဲ့သူမှာ တိုက်စစ်မှူး ဂျင်းန်ပီယာရီပါပင်ဖြစ်ပြီး မာဆေးအသင်းကို ကိုယ်စားပြု၍ ကစားသမားဘဝဖြတ်သန်းခဲ့စဉ်ကာလအတွင်း ၁၉၉၁ ခုနှစ်၌ ပါပင်က ယင်းဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

နေမာသည် ဘာစီလိုနာထံတွင် ကစားသမားဘဝ ဆက်လက်ဖြတ်သန်းပါက မက်ဆီနှင့် စီရော်နယ်ဒိုတို့၏လောင်းရိပ်အောက်က ရုန်းထွက်၍ ဘလွန်းဒီအော်ဆုကို ၎င်းဆွတ်ခူးရယူနိုင်ရန်ဟူသည်မှာ မည်သို့မျှဖြစ်နိုင်လိမ့်မည်မဟုတ်ဟု ထင်မြင်ယူဆသည့်အတွက် ဘာစီလိုနာကို စွန့်ခွာ၍ ပီအက်စ်ဂျီထံသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကာ ဘရာဇီးဂန္ထဝင်ကစားသမားကြီး ပီလီကလည်း နေမာ၏ဆုံးဖြတ်ချက်မှာ အပြည့်အဝမှန်ကန်ကြောင်း ထောက်ခံထားပြီးဖြစ်သည်။

ဘောလုံးရာသီ အစောပိုင်းကာလတွင် နေမာနှင့် ပုဂ္ဂိုလ်ရေးအဆင်မပြေမှုများရှိခဲ့သော တွဲဖက်တိုက်စစ်မှူး ကာဗာနီကလည်း လက်ရှိအချိန်တွင် ဘလွန်းဒီအော်ဆုကို နေမာ ဆွတ်ခူးရရှိနိုင်စေရန် ၎င်းတို့အနေနှင့် အကောင်းဆုံး ပံ့ပိုးကူညီပေးသွားမည်ဟု သဘောထားပြောင်းလဲသွားခဲ့ပြီဖြစ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပီအက်စ်ဂျီအသင်း ချန်ပီယံဖြစ်ခဲ့မည်ဆိုပါက ဘလွန်းဒီအော်ဆုကို ရရှိနိုင်ရန် ၎င်းအတွက် အခွင့်အလမ်းများ ထွက်ပေါ်လာလိမ့်မည်ဟု နေမာက ယုံကြည်ထားလျက်ရှိသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် နေမာက "အသင်းအောင်မြင်မှုနဲ့ ကျွန်တော့်ရဲ့အောင်မြင်မှုဟာ ဆက်စပ်နေပါတယ်။ ပထမဦးစားပေးရမှာက အသင်းအောင်မြင်မှု ရရှိနိုင်ဖို့ပါပဲ။ ကျွန်တော့်ရဲ့ တစ်ကိုယ်တော်အောင်မြင်မှုအတွက် ရည်ရွယ်ပြီး ပီအက်စ်ဂျီကို ရွေးချယ်ခဲ့တာ မဟုတ်ပါဘူး။ ဒီအသင်းဟာ အလားအလာကောင်းတွေကို ပိုင်ဆိုင်ထားတဲ့အသင်းတစ်သင်းဖြစ်တယ်ဆိုတာကို သိရှိတာကြောင့် သူတို့အတွက် ကစားပေးဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တာပါ။ ပီအက်စ်ဂျီအတွက် ကျွန်တော် ကစားပေးနေစဉ်ကာလအတွင်းမှာ ချန်ပီယံလိဂ် အောင်မြင်မှုကို ဒီအသင်းပိုင်ဆိုင်ရရှိအောင် ကျွန်တော် ကြိုးပမ်းပေးသွားပါမယ်"ဟု ပြောကြားသွားခဲ့သည်။

■ E-11

# FOREIGN AFFAIRS



Reuters

# ဆယ်စုနှစ်တစ်ခုအတွင်း နှစ်ကြိမ်သာပြုလုပ်သည့် တရုတ်ကွန်မြူနစ်ပါတီကွန်ဂရက် စတင်၊ ခေတ်မီသည့် ဆိုရှယ်လစ်နိုင်ငံတော်ထူထောင်မည်ဟု ရှီကျင့်ဖျင်ကတိပြု

**ဘေဂျင်း၊ အောက်တိုဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကြီးမားဆုံးနိုင်ငံရေးပွဲအဖြစ် သတ်မှတ်ခံရသောကွန်မြူနစ်ပါတီကွန်ဂရက်ကို ဗုဒ္ဓဟူးနေ့က စတင်ဖွင့်လှစ်လိုက်ပြီး ဖွင့်ပွဲတွင် သမ္မတရှီကျင့်ဖျင်က ခေတ်သစ်တစ်ခုအတွက် ခေတ်မီသော ဆိုရှယ်လစ်နိုင်ငံတော်တစ်ရပ်ထူထောင်မည်ဟု ကတိကဝတ်ပြုပြောကြားလိုက်ကြောင်း Reuters သတင်းဌာနက ရေးသားဖော်ပြသည်။



Reuters

ဖွင့်ပွဲမိန့်ခွန်းပြောကြားရာတွင် သမ္မတရှီကျင့်ဖျင်က ပို၍ကြွယ်ဝချမ်းသာသောတရုတ်ပြည် ပေါ်ထွန်းရေးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအကြား တရုတ်နိုင်ငံ၏ရပ်တည်မှုနှင့်ပတ်သက်၍ ယုံကြည်ခိုင်မာမှုရှိကြောင်း ပြောကြားပြီး အဂတိလိုက်စားမှု၊ စက်မှုလုပ်ငန်းများအဆမတန်မနိုင်ဝန်ထမ်းရမှု၊ ဝင်ငွေမညီမျှမှုနှင့်လေထုညစ်ညမ်းမှုများကို တိုက်ဖျက်ရန်အရေးကြီးသည်ဟုလည်း ဆိုသည်။

တရုတ်နိုင်ငံအတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် အစီအစဉ်မရှိသေးသည်ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် သမ္မတရှီကျင့်ဖျင်က အသိပေးပြောဆိုသည်။ သို့သော် တရုတ်ပြည်၏ဖွံ့ဖြိုးမှုသည် ခေတ်ကာလသစ်တစ်ခုထဲသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ထောက်ပြပြောဆိုသည်။

ရှီကျင့်ဖျင်သည် သုံးနာရီခွဲနီးပါးကြာမြင့်သည့် မိန့်ခွန်းပြောဆိုရာ၌ ခေတ်သစ်တစ်ခုဟူသည့် အသုံးအနှုန်းကို ၃၆ ကြိမ်တိတိ ထည့်သွင်းပြောဆိုသွားသည်။

"ဆယ်စုနှစ်ပေါင်းများစွာ ပင်ပင်ပန်းပန်းလုပ်ခိုင်းထားခဲ့တဲ့အတွက် တရုတ်နည်းတရုတ်ဟန် ဆိုရှယ်လစ်စနစ်သည် ခေတ်သစ်တစ်ခုထဲကို ဝင်ရောက်နေပြီဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။

အသက် ၆၄ နှစ်အရွယ်ရှိ ရှီကျင့်ဖျင်သည် မော်စီတုန်းခေတ်နောက်ပိုင်း တရုတ်ပြည်တွင် ဩဇာအာဏာအကြီးမားဆုံး ခေါင်းဆောင်အဖြစ် သတ်မှတ်ခံရသည်။ အဆိုပါ ကွန်မြူနစ်ပါတီကွန်ဂရက်ကို ဘေဂျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီးအတွင်း ကျင်းပခြင်းဖြစ်ပြီး ယင်းကွန်ဂရက်သို့ ကိုယ်စားလှယ်တော် ၂၀၀၀ ကျော် တက်ရောက်ခဲ့သည်။

အဆိုပါကွန်ဂရက်ကြီးကို တစ်ပတ်တိတိကျင်းပမည်ဖြစ်ပြီး အများစုမှာ တံခါးပိတ် ဆွေးနွေးပွဲများဖြစ်သည်။

ယင်းကွန်ဂရက်တွင် တရုတ်ပြည်ရှိ ပြည်သူ ၁ ဒသမ ၄ ဘီလီယံကို နောင်ငါးနှစ်တာ အုပ်ချုပ်မည့် ပေါလစ်ဗျူရိုကော်မတီသစ်တစ်ရပ်ကိုလည်း ဖွဲ့စည်းမည်ဖြစ်သည်။

စီးပွားရေးနှင့်ပတ်သက်၍ပြောကြားရာတွင် တရုတ်နိုင်ငံအနေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် စျေးကွက်ကို ဖြေလျှော့ပေးမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုကဏ္ဍများကြီးမားလာရေး၊ စျေးကွက်ဗဟိုပြုသော ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရေး စသည်တို့ လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားသည်။ သို့သော် တစ်ဖက်တွင် နိုင်ငံပိုင်လုပ်ငန်းကြီးများ အင်အားကောင်းမွန်လာရေးအတွက်လည်း လုပ်ဆောင်သွားမည်ဟု ဆိုသည်။

■ E-01

## ALSO IN NEWS

### သီလရှင်ပုံစံဝတ်ပြီး ဘဏ်ကို စားပြဝင်တိုက်သွားတဲ့ အမျိုးသမီးတွေ

အမေရိကန်ပြည်ထောင်စုမှာ အမျိုးသမီးနှစ်ဦးဟာ ခရစ်ယာန်မယ်သီလရှင်ပုံစံဝတ်ဆင်ပြီးတော့ ဘဏ်ကိုဓားပြဝင်တိုက်မှုဖြစ်ခဲ့ပါတယ်။ အဆိုပါ အမျိုးသမီးငယ်နှစ်ဦးကို ဖမ်းမိထားပြီဖြစ်လို့ တရားရုံးတင်နေပြီဖြစ်ပါတယ်။ တရားခံလို့သတ်မှတ်ခံထားရတဲ့ အမျိုးသမီးနှစ်ဦးဟာ အသက် ၁၉ နှစ်အရွယ် ဆွာဟီလီစ်ပီဒရာဇာရှိဒရီဂွက်ဇ်နဲ့ ၂၃ နှစ်အရွယ် မယ်လီဆာအကွီနိုအေရီရက်စ် တို့ ဖြစ်ကြပါတယ်။ နယူးဂျာစီပြည်နယ်မှာ ကျူးလွန်ထားတဲ့ ဘဏ်ဓားပြမှုတွေနဲ့ သူတို့ကိုအရေးယူထားတာဖြစ်ပါတယ်။ ခရစ်ယာန်သီလရှင်ကြီးတွေဝတ်စုံနဲ့ ဘဏ်ထဲကိုဝင်လာခဲ့ပြီးတော့ သေနတ်တွေ ထုတ်ချိန်ကာ ငွေတွေကိုယူသွားဖို့ ကြိုးစားတာဖြစ်ပါတယ်။ ခုတော့ သူတို့ကိုမိပါပြီ။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က သူတို့နောက်ကိုထောက်လှမ်းဖမ်းမိခဲ့တာဖြစ်ပါတယ်။ ဘဏ်ကိုဝင်ရောက်တဲ့အချိန်မှာ အချက်ပေးခေါင်းလောင်းသံ ညံခဲ့တာမို့ ပိုက်ဆံမှမရဘဲ ထွက်ပြေးသွားခဲ့ရပါတယ်။ ■ F-02



### တိုင်ပတ် sexy အကဟာ အိုလံပစ်အားကစား ဖြစ်တော့မှာလား

တစ်ချိန်တုန်းက ပိုက်ဆံဝါလားတွေက ငွေပေးပြီး ကြည့်ရှုခံစားကြတဲ့ မိန်းမပျိုလေးတွေကခုန်ကြတဲ့ တိုင်ပတ်အကကို သိကြမှာပါ။ အခုတော့ အဲဒီအကကို နိုင်ငံတကာအားကစားအဖွဲ့တစ်ခုက အားကစားအဖြစ် စတင်လက်ခံလိုက်ပြီဖြစ်ပါတယ်။ အိုလံပစ်မှာအဆိုပါအားကစားပါဝင်နိုင်စေဖို့ တိုင်ပတ်အက ဝါသနာရှင်တွေက အရေးဆိုနေကြတာလည်းဖြစ်ပါတယ်။ အခုအခါမှာ နိုင်ငံတကာအားကစားနည်းတွေအဖွဲ့ ကမ္ဘာလုံးဆိုင်ရာအသင်း (GAISF) က အဲဒီအက လှုပ်ရှားမှုများကို ကြည့်ရှုလေ့လာသူများအဖြစ် ဗြိတိန်က ပြိုင်ပွဲကိုတက်ရောက်ခဲ့ကြပါတယ်။ အဆိုပါအဓိပ္ပာယ်ဟာ အားကစားအဖွဲ့တစ်ဖွဲ့က ယင်းအကပြိုင်ပွဲကို အသိအမှတ်ပြုတဲ့သဘောဖြစ်ပါတယ်။ နောင်ဆိုရင်တော့ တိုင်ပတ် sexy အကဆိုင်ရာ အိုလံပစ်ရွှေတံဆိပ်ဆုနဲ့ သတင်းတွေ မြင်ရဖွယ်ရှိနေပါပြီ။ ■F-02

